
www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်။

# ကလျာ

ဝိဇ္ဇာ/သိပ္ပံ

## ချစ်လမ်းဆုံးတော့အမုန်းရွာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ချစ်လမ်းဆုံးတော့ အမုန်းရှာ

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)


ပထမအကြိမ် - ၁၉၈၀ ခုနှစ်၊ ဇွန်လ

ဒုတိယအကြိမ် - ၂၀၀၅ ခုနှစ်၊ ဇွန်လ


www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော

နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး

တိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊

အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

**စာမူခွင့်ပြုချက်အမှတ်**

၁၄၃၀/၂၀၀၄ (၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၀၄၉၄၀၅၀၅

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ် ဇွန်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

နွေမဟုတ်ဘဲလည်း
သစ်ရွက်ကလေးတွေ... ကြွေတတ်ပါတယ်...
နွေမဟုတ်ဘဲလည်း
စမ်းကလေးတွေ ခန်းတတ်ပါတယ်...
ဝမ်းနည်းစရာ...မရှိပါဘူး...
ကိုယ့်ထိုက်နဲ့...ကိုယ့်ကံပါ...

x x x x x

ကံညှိုးတဲ့ အပြစ်ဒဏ်...
အားတင်းလို့ခံ...
မာန်ဆယ်ဖြာမိုး...
ဘယ်သူ့ကိုမှ အပြိုးမထားပါ...
...

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်ခါနီးမို့ ကာကီဆက်ခလုတ်ကို ပိတ်လိုက်ရသော်လည်း "မခင်နွေ"၏ ရင်ထဲတွင်...

*ကံညှဉ်းတဲ့...အပြစ်ဒဏ်...*
*အားတင်းလို့ခံ...*
*မာန်ဆယ်ဖြာမိုး...ဘယ်သူ့ကိုမှ...*
*အငြိုး...မထားပါ...*
*ကံညှဉ်းတဲ့...အပြစ်ဒဏ်...*
*အားတင်းလို့ခံ...*
*ကံညှဉ်းတဲ့...အပြစ်ဒဏ်...*

ကံ့ကော်တောမျိုးအောင်၏ တေးသံစဉ်၊ ဆရာပုဏ္ဏက၏ တေးကဗျာ စာသားလေးများက မခင်နွေ၏ ရင်ထဲမှာ ထပ်ကျော့နေသည်။

သီချင်းဆိုနေသော နှလုံးသားသည် ပျော်ရွှင်ချမ်းမြေ့ခြင်းများဖြင့် ဖွဲ့စည်းမနေပါဘဲ...

ကံညှဉ်းတဲ့ အပြစ်ဒဏ်...အားတင်းလို့ ခံနေရသော နှလုံးသားသည် နာကျင်ကြေကွဲမှုများကြားတွင် ဆတ်ဆတ်ခုန်နေရသည့်အဖြစ်ပါလား။

"ကားအဆင်သင့်ဖြစ်ပါပြီ မမ"

လက်နှောက်ပစ်လျက် ကိုယ်ကို ကိုင်းညွတ်ပြီး တိုးညှင်းစွာ





ပြောလာသော 'ဒရိုင်ဘာ ကိုဖေအေး'ကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်ရသည်။

ပေါ်တီကိုအောက်တွင် မက်တလက်(က)ဗလူး ခေါ် ငွေပြာရောင် ပြင်သစ်ကား ပိုးသျှုးဖိုက်အိုဖိုး (Peugeot 504) ကားကြီးက ခင်နွေမကို စောင့်ကြိုနေသည်။ ကိုဖေအေး၏ လက်ရာစွမ်းကြောင့်ကားမှာ အရောင်များ ဖိတ်ယိုကျနေလောက်အောင် လက်လက်ပြောင်နေပါ၏။

နီညိုရောင် ရှမိုင်းစလင်းဘက်ကို ပခုံးမှာ ချိတ်လွယ်ပြီး နောက်ဆုံးအကြိမ်အဖြစ် မှန်ကို တစ်ချက်ကြည့်လိုက်သည်။

နီညိုရောင် အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်၊ လည်ပတ်အကျီအောက်မှ ဝင်းမွတ်နေသော ရင်ခွင်အထက်ပိုင်းပေါ်မှာ စိန် လော့ကက်သီးလေးက ပြေးနေသည်။ နားမှ စိန်နားကပ်ကလည်း ရောင်ပြိုးပြက်အောင် ဖြိုးဖြိုးဖျတ်ဖျတ် လက်နေပါ၏။ အနာမဲ့ စိန်သားပွင့်ဖွေးတို့၏ ရောင်စဉ်များက မခင်နွေ၏ မျက်နှာကို ပိုမို ဝင့်ထည်စေသည်။ အလှရှိန်တက်စေသည်။

"ညနေစာ ဘာလုပ်ထားရပါမလဲ မမ"

မီးဖိုချောင်တာဝန်ခံ အိမ်ဖော် 'မစိန်လှ'က မဝံ့မရဲ ကပ်လာရင်းမေးပါ၏။ သူ့မျက်ဝန်းများက လှလွန်းသော မခင်နွေကို ကြာမြင့်စွာငေးကြည့်နေချင်ပါသေးသော်လည်း မျက်လွှာကို ချလိုက်ရပါ၏။ ပြေပြစ်မြတ်လွန်းသော မခင်နွေ၏ အရှိန်အဝါကို အနီးကပ်မရင်ဆိုင်ရဲ



www.burmeseclassic.com

"ဪ...နေပစေ မစိန်လှ။ ညနေထိအောင်လည်း မနေ့ မနေပါဘူး။ ပြန်လာမှပဲ ကြည့်စီစဉ်လေ...နော်"

"ဟုတ်ကဲ့ပါ...မမ"

မစိန်လှက သူ့သခင်မကို လေးစားချစ်မြတ်နိုးစွာ ကြည့်လိုက်ပြီး ပြုံးပြုံးလေး ခေါင်းငုံ့ပြီး နောက်ဖေးဘက်သို့ ဝင်သွားတော့သည်။

"မတူး ဖိနပ်တိုက်ပြီးပြီ"

"ဟင်"

"အဲဒါ ကြိုက်ရဲ့လားဟင်။ အဲဒီအိတ်ကလေးနဲ့ လိုက်လို့ မတူးထုတ်ထားတာ"

ဆယ်နှစ်ရွယ် 'မတူးလေး'က မခင်နွေ၏ ပခုံးထက်မှ သွယ်ကျနေသော စလင်းဘက်အိတ်ကလေးကို ညွှန်ပြရင်း ပြောလိုက်သည်။ ဖိနပ်မှာလည်း ခုံမြင့်ကွင်းစွပ် နီညိုရောင် ရှမ်မိုင်းသား မွမွလေး။

"အေးကွယ်...ကျေးဇူးပဲ။ မတူးက သိပ်လိမ္မာတယ်။ ဒီဖိနပ်ကလေးပဲ စီးသွားပါ့မယ်။ ရှော့ မုန့်ဖိုး၊ မစိန်လှနဲ့ပဲ နောက်ဖေးမှာသွားနေနော်"

"ဟုတ်ကဲ့ရှင့်"

ကျပ်တန်အသစ်ကလေးကို ဝမ်းပန်းတသာကိုင်ရင်း မတူးလေး ပြေးဝင်သွားရှာသည်။

မတူးမှာ အိမ်ဖော်မစိန်လှ၏ ခိုကိုးရာမဲ့ တူမလေး ဖြစ်ပေသည်။ မတူးက လိမ္မာသည်။ ယခုလို အသေးစား အလုပ်လေးများကို သူလုပ်တတ်ပြီး လူကြီးချစ်အောင် နေတတ်သော ကလေးပါ။





မတူးချပေးထားသော ဖိနပ်ကို စီးရင်း မိမိသည်အရွယ် သာသာ၊ သည်အိမ်ရောက်စ၊ သည်နေရာတွင် ဖိနပ်များ ဖုန်သုတ်နေစဉ် ဘုံမြက်စည်းနှင့် အရိုက်ခံခဲ့ရသည့်များကို ရုတ်တရက် မြင်ယောင်လာမိသည်။

အိမ်ဖော်မ ခင်နွေ။

အခိုင်းအစေမ ခင်နွေ။

ခိုကိုးရာမဲ့မလေး ခင်နွေ

မှသည်...ယခုလို...

"အို"

အတွေးများ ဝင်မလာဖြစ်ရန် ခေါင်းရမ်းပစ်လိုက်ရသည်။

အတိတ်သည် ပြန်လည်မရောက်ရှိလာသော်လည်း... တစ်နေ ာရာက သူ့ အခိုင်အမာ ရပ်စောင့်နေလျက်ပါ။

ဝင်ခွင့်ရသည်နှင့် မခင်နွေ၏ နှလုံးသား အတွေးကမ္ဘာ သို့ သုတ်ပြေးလာ မင်းမူလေရှာမည်။

တွန်းလှန်နိုင်ခြင်းအင်အားမဲ့နေချိန်များတွင် အတိတ်သည် စိတ်ကို မကြာခဏ စိုးမိုးခဲ့ဖူးပြီ...

ယခုဖြင့် မခင်နွေက လက်မခံနိုင်သေးပါ၍ သူဝင်ရောက်ခွင့် ာရှိခဲ့ပေ။

အရိပ်ထင်နေသော လျှာထိုးကွက် လက်လက်များပေါ်မှ ဖိနပ် း‌လျက် တိုက်ပြင်သို့ ထွက်ခဲ့ရသည်။ သံတံခါးချပ်ကြီးနှင့် မှန် ဘုံခါးကြီးများကို တွန်းပိတ်ပြီး သော့ခတ်လျက် သော့ကို အိတ်ထွင်း

www.burmeseclassic.com



ဖို့ ထည့်နေဆဲတွင် ဒရိုင်ဘာ ကိုဖေအေးက နောက်ခန်း ကားတံခါးကို ဖွင့်ကိုင်ထားပါ၏။

မခင်နွေ ဝင်ထိုင်ပြီးလေမှ သူက ညင်သာစွာ တံခါးကို ပိတ်ပေးသည်။ ငြိမ့်ငြိမ့်လေး လိမ့်ထွက်ပါသော်လည်း အိလွန်းသော ကူရှင်ဆိုဖာကြောင့် မခင်နွေ၏ ကိုယ်လေးမှာ သိမ့်သိမ့်လေး ငြိမ့်သွားရပါသည်။

ခြံဝင်းတံခါးကို ခြံစောင့်လည်းဖြစ်၊ မာလီလည်း ဖြစ်သော အဘဘိုး'က ဖွင့်ပြီး တံခါးနားမှာ ရပ်စောင့်နေပါ၏။ မခင်နွေ၏ ကားထွက်သွားပြီးလျှင် ခြံတံခါးကို လုံခြုံစွာပြန်၍ ပိတ်ဆီးရမည်က သူ့တာဝန်...

"ဘယ်ကို မောင်းရမလဲ မမ"

ပြည်လမ်းဘက်သို့ ဦးတည်ရင်း ဒရိုင်ဘာက မေးလိုက်သည်။

"ရှိန်းဆီကို"

"ခင်ဗျာ"

မခင်နွေ၏အသံက တိုးညင်းလွန်း၍များ သူ မကြားလေသလား။

သို့မဟုတ်...

အံ့ဩလွန်း၍ ထပ်မေးလေသလားမသိပါ။ ဘာပဲဖြစ်ဖြစ် မခင်နွေ ထပ်၍ ဖြေရလေမည်သာ...

"ရှိန်း...ဆီကိုပါ ကိုဖေအေး"

ကိုဖေအေးက ဘာမှ မမေးရဲတော့ပါဘဲ ကားကိုသာ ညင်သာစွာ ဆက်လက်မောင်းနေပါ၏။





ကျယ်ပြန့်သော ပြည်လမ်းပေါ်အရောက်တွင် ကားရှိန်က မြင့်လာသည်။ မြင်ကွင်းများသည် ပီသခြင်း မရှိတော့။ ရိပ်ခနဲ ဖြတ်ခနဲ ပျောက်ကွယ်ကျန်ရစ်သည်။

တွေ့ရသော အရာများ မပီပြင်၍ တွေးစရာအရာများက မခင်နွေ၏ အသိအာရုံကို ပိုင်စိုးပိုင်နင်း ဝင်ရောက် နားခိုလာတော့သည်။

အတိတ်သည် ကျန်ရစ်ခဲ့ခြင်း မရှိပါဘဲ မခင်နွေ၏ အတွေးကမ္ဘာမှာ ပစ္စုပ္ပန်ဖြစ်လာသည်။

တစ်ချိန်က ဖြစ်ပျက်ခဲ့ခြင်းများသည်၊ ယခု ပြန်လည်၍ အသစ်ဖြစ်နေသည်သို့ပင်၊ ရှင်သန်လှုပ်ရှားလာကြသည်။

"ဩော်...ရှိန်းရယ်..."

ရှိန်းဆိုတဲ့ မမနွေရဲ့ အချစ်ဆုံးရယ်"

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ခင်နွေ...ညည်းအစ်မ ခင်မေက ဘာလာလုပ်တာလဲ"

"မနွေနဲ့ တွေ့ရအောင် လာတာပါ အန့်တီမြ"

"ညည်းက ဘာတွေ ပေးလိုက်သေးလဲ"

"ဘာမှ မပေးရပါဘူးရှင်...သူ...သူကတောင်"

"ပြောလေ၊ သူက ဘာဖြစ်လဲ"

"သူက ထဘီတစ်ထည် ပေးသွားပါတယ်"

"အောင်မယ်...ငါ့အိမ်မှာ နေတာများ သူကလာပြီး အညှ တင်ရသေးတယ်၊ နမ်းဖြူးရသေးတယ်"

'ဒေါ်မြမြခင်'၏ မာန်မာနမျက်ဝန်းက မခင်နွေ၏ တစ်ကိုယ် လုံးကို စူးရှစွာ ထိုးနှက်လာသည်။

"ညည်းအမေက ငါ့အိမ်ပို့ထားတာပဲ၊ ငါကျွေးမယ်၊ ငါဆ မှာပေါ့။ ဒီမှာ ခင်နွေ..."

"ဟုတ်ကဲ့"





"နောက်ကို ရှုပ်ရှုပ်ယှက်ယှက်မလုပ်နဲ့၊ ငါမကြိုက်ဘူး"

"မလုပ်ပါဘူး၊ အန့်တီမြရယ်"

"အေး သွား၊ ငါ့ဖိနပ်ထုတ်ထားစမ်း၊ ငါအပြင်သွားမလို့"

ဒေါ်မြမြခင်၏ အိပ်ခန်းဝမှ အသာလေး လှည့်ထွက်လာရ ည်။ ဖိနပ်စင်မှ သူ့မန္တလေးကတ္တီပါဖိနပ်ကို ဘရပ်(ရှ်)နှင့် တိုက်နေ မျက်ရည်တစ်စက် ကတ္တီပါဖိနပ်ပေါ်သို့ ကြွေကျလာသည်။

နုးညံ့ပါးလွှာသော ကတ္တီပါခြေနင်းပေါ်တွင် မျက်ရည်စက်က ပြီး အကွက်ကြီးတစ်ကွက် စွန်းထင်သွားပါတော့သည်။

"အောင်မယ်၊ ဒါလေးပြောတာများ ငိုစရာလား ကြည့်စမ်း"

မခင်နွေ၏ မျက်ရည်မျက်နှာကို ဖုံးကွယ်ချိန်မရလိုက်တော့...

"ငါ့မှာ ပြဿနာပေါင်းစုံနဲ့ စိတ်ညစ်ရတဲ့အထဲမှာ၊ ဟင်... လေးပြောတာများ ငိုစရာလား။ ဒီလောက်ငိုချင်တဲ့ကောင်မလေး ယ်...ငိုစမ်း"

ဖိနပ်စင်အောက်မှ ကြက်မွေးတံမြက်စည်းနှင့် နှစ်ချက်ဆင့်ရိုက် တံမြက်စည်းကို ဆောင့်လွှင့်ပစ်လိုက်သည်။

ကြက်မွေးရိုးတံ၏ ရိုက်ချက်က မခင်နွေ၏ ကျောမှာတစ်ချက် မောင်းမှာ တစ်ချက်...

"ငါ့ဆီမှာမို့ ဒီလိုနေ ဒီလိုစားနေရတာ၊ ညည်းအမေနဲ့သာ နေရင် က...ဟင်း...ငါ မပြောလိုက်ချင်ပါဘူး။ ငိုမနေစမ်းနဲ့၊ စိတ်ညစ် အထဲ ဟော့...တင်မောင်"

"ကျွန်တော်က အဆင်သင့်ပါ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြခင်က ဆူပူပြီး ဆောင့်ကြီးအောင့်ကြီးနှင့် ဒရိုင်ဘာ
လှမ်းခေါ်လိုက်သည်။ ဒရိုင်ဘာ ကိုတင်မောင်က ပြုံးစစနှင့် ပြန်ဖြေ
လိုက်ပြီး ကားတံခါးကို အဆင်သင့် ဖွင့်ကြိုနေသည်။ ပြီးတော့
ကားထွက်သွားသံ ကြားရပါ၏။

"ဩော်… အမေရယ်… အမေနောက်ယောက်ျားယူချင်
အန်တီမြတို့အိမ် ပို့ထားခဲ့တဲ့ သမီးရဲ့ အဖြစ်ကို မြင်လှည့်ပါဦး"

မွေးမိခင်ကို နာကြည်းကြေကွဲစိတ်များဖြင့် တမ်းတမိသည်

အစ်မ ခင်မေက အိမ်ထောင်ကျသွားပြီမို့ အမေ့တွင် တာဝ
မရှိ။ ဆယ့်လေးနှစ်ကျော်ရွယ် သမီးအပျိုဖြန်းလေး၏ ပြည့်ဖြိုး တင်
တစ်သော ကိုယ်ခန္ဓာအလှ၊ ဖူးဖူးနုနုလေးနှင့် လှလွန်းသော မျက်နှာ
လေးကို ပထွေးဖြစ်သူ မျက်စိကျသွားမည်စိုး၍…

အမေ ဒေါ်လှမြင့်က သူ့အစ်မ နှစ်ဝမ်းကွဲ တော်စပ်သော
ဒေါ်မြမြခင်ထံသို့ ပို့ထားပေးခြင်းပါ။

သွေးကလည်း ဝေးသည့်အပြင် ကြွယ်ဝမှုအရှိန်နှင့် ညီမျှ
မာန်မာနတရား ကြီးမားလှပါသော ဒေါ်မြမြခင်သည် မခင်
အပေါ်တွင် ကြင်နာခြင်းများဖြင့် ဘယ်သောအခါမျှ မဆက်ဆံခဲ့
"စိတ်ညစ်ရတဲ့အထဲ"

ဟူသော သူ့သောကများကိုသာ ထာဝရ ရှေ့တန်းတင်က
မှီခိုသူ အစေအပါးများကို အမြဲလို ဆူမာန်နေတတ်ခဲ့သည်မှာ သူ့ထ
ပါ။

ယခုလို ရိုက်နှက်ခြင်းမျိုးဖြင့် ဖြစ်တောင့်ဖြစ်ခဲပါ။ မခင်





သည်အိမ်ရောက်စကတစ်ခါ၊ ယခုတစ်ခါသာ အရိုက်ခံရဖူးသည်။

ဆူပူရုံမျှဖြင့်ပင် အားငယ် ရွံ့ကြောက်စိတ်ဖြင့် တုန်လှုပ်နေ
တတ်ပါသော မခင်နွေမှာ ယခုလို ရိုက်နှက်ခံရပြန်တော့ လှိုက်လှဲ
စွာ ငိုကြွေးမိရပါပြီ။

"ဟာ…မမနွေ မီးဖိုထဲမှာ မှတ်လို့ဗျ"

"ဩော်…မောင်လေးတောင် ကျောင်းက ပြန်လာပြီ"

"ရှိန်း. ထမင်းဆာပြီ မမနွေ"

"အင်း…အင်း"

"ဟာ…မမနွေ…မမနွေ ဘာဖြစ်လို့ ငိုနေတာလဲ ဟင်"

"ဘာမှ မဖြစ်ပါဘူး ရှိန်းရယ်"

"ဘာမှမဖြစ်ဘဲ ဘယ်ငိုမလဲ၊ ပြောစမ်းပါ မမနွေရဲ့"

ခုနစ်တန်းကျောင်းသားလေး ရှိန်းမှာ မခင်နွေ၏ လက်မောင်း
ကို ကိုင်လှုပ်ရင်း မေးလာသည်။

"ပြောပါ မမနွေရဲ့"

"ဟို…ဟိုလေ"

ရှိန်းမေမေက ရိုက်လို့ဟု ကိုယ့်မောင်လေးလိုပင် အားကိုး
တကြီးနှင့် ပြောပြလိုက်ချင်မိပါသော်လည်း နှုတ်က ထွက်မလာဖြစ်
ပါ။

"မမနွေ…မမနွေ မေမေ့ကို အောက်မေ့လို့ ငိုနေတာလားဟင်"

ကလေးစကား… ကလေးတွေးလေးများဖြင့် ပြောကြားလာ
သော ရှိန်း၏ စကားအတိုင်းပင်…



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရှိန်းရယ်...အမေနဲ့ မတွေ့ရတာ ကြာလို့ အောက်မေ့လို့ပါ။ မမနွေ မငိုတော့ပါဘူး။ လာ...မောင်လေး ထမင်းစားရအောင်နော်"

ရှိန်း... လမ်းကြောင်းပေးလေမှ မခင်နွေ ထွက်ပေါက်ရသွားခဲ့သည်။

လက်ဆွဲလာခဲ့စဉ်က မခင်နွေက၊ ယခု သူ့ရှေ့မှ ကျော်တက်ပြီး မခင်နွေ၏ လက်ကို ပခုံးထက်မှာ ထမ်း၍ ပြေးလေသည်။ မခင်နွေ အမီလိုက်ရပါ၏။

သည်အိမ်တွင် ရှိန်းသည်သာ မခင်နွေ၏ အားထားရာ ချစ်မြတ်နိုးရာ တစ်ယောက်တည်းသော အဖော်မွန် မောင်လေးပါ။

မခင်နွေ သည်အိမ်ရောက်စက ရှိန်းမှာ ခုနစ်နှစ်သားလေးသာ ရှိသေးသည်။

အပျိုလေး ဖြစ်နေပြီဖြစ်သော ဆယ့်ငါးနှစ်ပြည့်ခါနီး မခင်နွေမှာ လူကြီးတစ်ယောက်လို ဖြစ်နေရသည်။ ခုနစ်နှစ်ကျော်မျှ ကွာခြားသော်လည်း ဤအသက်အပိုင်းအခြားအရွယ်များသည် လူကြီးနှင့် ကလေး ဟူသော သဏ္ဌာန်များဖြင့် များစွာ ကွာဟမှု ရှိတတ်ခဲ့ကြသည်။

ညနေခင်းဆိုဖာပေါ်တွင် အိပ်ပျော်နေသော ရှိန်းကို မနိုးစေရအောင် ယုယုယယလေး ပွေ့ချီပြီး အပေါ်ထပ် သူ့အိပ်ခန်းသို့ ပို့ပေးခဲ့ရသည်မှာလည်း ညစဉ်လိုပါပင်။

ချစ်စရာ ကောင်းလွန်းသော၊ မောင်ငယ်လေး၏ အိပ်ပျော်နေ





သော မျက်နှာလေးကို ငုံ့ကြည့်ပြီး နဖူးလေးကို မွှေးပြီးမှ ခြင်ထောင်ချပေးခဲ့ရသည်များကလည်း ပွေ့သိပ်ရသော ညတိုင်းလိုပါ။

'သွေး'ဆိုသော စိတ်ဖြင့် ရင်မှလွယ်၍ မွေးဖွားအပ်သော 'သား' တစ်ယောက်ပေါ်သို့ ချစ်မြတ်နိုးသော မိခင်တို့၏ အေးမြသော ချစ်ခြင်းမေတ္တာမျိုးဖြင့်...

မခင်နွေ...ရှိန်းကို ချစ်ပါသည်။

မခင်နွေမှာ ထမင်းပွဲ ပြင်ရင်း ရှိန်း၏ အကြောင်းလေးများကို တွေးနေမိသည်။ ရှိန်းက ခါးရှပ်ပြကာတွန်းစာအုပ်တစ်အုပ်ကို ဖတ်နေပါ၏။

"ဟင်းကလည်း ဒါပဲလား"

ငါးမြင်းဆီပြန်၊ ချဉ်ပေါင်ရွက် ဟင်းချိုနှင့် ငါးခူ ငါးပိကောင်ကို ရေတက်သီးနှင့် ကြော်ထားသော ဟင်းခွက်များကို ကြည့်ပြီး ရှိန်းက ဖြုံ့ဖြုံ့ရှုရှု ပြောလိုက်သည်။

"ငါးမြင်း ဝမ်းပျဉ်းသား ချက်တာ၊ မောင်လေးဖို့ အသားတုံးလေးတွေ ရွေးထားတယ်၊ အရေခွံလည်း မကြိုက်လို့ မမနွေ ခွာပေးထားတယ်လေ"

"ဟာ...ငါးမှ မကြိုက်တာ။ ဒီငါးတွေပဲ မမနွေက ချက်နေဘာပဲ၊ မစားချင်ပါဘူး"

ရှိန်းက ဆိုးသည်။ သူ့အလိုမကျလျှင် တစ်ဖက်လူကို ရန်မူတတ်သောအကျင့် သူ့မှာ ရှိပါ၏။ ယခုလည်း ထမင်းစားခန်းဘေးမှ တိုက်၏ ပြင်ပသို့ ထွက်သော တံခါးပေါက်ကြမ်းပြင်မှာ သူ သွားထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစူစူကြီးနှင့် ကာတွန်းကို ဆက်ဖတ်နေပါ၏။

မခင်နွေလည်း အရိုက်ခံရသော ဒဏ်ရာများနှင့် မျက်ရည်စများကိုမေ့လျော့ပြီး ရှိန်း၏ အနားတွင် ငုတ်တုတ်လေး သွားထိုင်၍...

"ငါးက မမနွေ ချက်ချင်လို့ ချက်ရတာ မဟုတ်ပါဘူး ရှိန်းရာ၊ အန်တီမြက ဒါချက်ဆိုတာ ချက်ရတာပါ။ ဒီမှာ မောင်လေး..."

"ဘာလဲ"

ရှိန်းက စာအုပ်နှင့် မျက်နှာ မခွာဘဲ ထူးလိုက်သည်။

"ရေခဲသေတ္တာထဲမှာ ဝက်အူချောင်းတွေ ရှိတယ်။ အဲဒါနဲ့ ထမင်းနဲ့ ကြော်ပေးမယ်၊ စားမလားဟင်"

"ဟိုအရင် ညဘက်ကြီး ရှိန်းဆာတုန်းက မမနွေ ကြော်ကျွေးတာမျိုးလား"

"အေးပေါ့"

"ဟာ...သိပ်မိပေါ့၊ မြန်မြန်လုပ်နော်...ဆာလှပြီ"

"အေးပါ"

ဝက်အူချောင်းကို ပါးပါးလှီး၍ ကြော်၊ ကြက်သွန်နီများများကို နွမ်းအောင် ကြော်ပြီး ကြက်ဥတစ်လုံးကို ကြေနေအောင် ရောမွှေကြော်လိုက်ရသည်။ ပန်းကန်တွင်းမှာ သီးသန့် ခပ်ထားလိုက်ရသည်။ ထမင်းကို အရောင်လှရုံ ပဲငံပြာရည်နည်းနည်းနှင့် ဆားပါရော၍ အားရပါးရနယ်ပြီးမှ ဆီမကျွံရန် ချင့်ချိန်ထည့်ပြီး ဆီသတော့ ထမင်း ထည့်မွှေရပါ၏။

ရှိန်းလေး ရင်ပြည့်မှာစိုးပါ၍ ထမင်းကို မာအောင်မကြော်ဘဲ





ပျော့ရုံလေးသာ လှိမ့်ပြီး စောစောက ဝက်အူချောင်း၊ ကြက်သွန်နှင့် ကြက်ဥကြော်များကို ပြန်ထည့်ပြီး ရောမွှေလိုက်ရသည်။

ထမင်းကြော် ပူပူနှင့် ချဉ်ပေါင်ဟင်းချို အချဉ်ဖြုန်းဖြုန်းလေး သောက်စားလိုက်ရသော ရှိန်း၏မျက်နှာလေးမှာ ပြုံးလာသည်။

"စားကောင်းလား မောင်လေး"

"သိပ်ကောင်း"

"ဝမ်းသာလိုက်တာကွာ၊ ဒီငါးဟင်းတွေ သိမ်းလိုက်တော့မယ်နော်"

"အင်း"

ငါးဟင်းယူသွားသော လက်ကို ရှိန်း သတိထားလိုက်မိသည် ထင်ပါ၏။

"ဟာ...မမနွေ လက်မှာ ဘာဖြစ်တာလဲ"

ဖြူဖွေးတင်းပြည့်နေသော လက်မောင်းပေါ်မှာ လက်ညှိုးလုံးခန့် နီရဲနေသော အရှိုးကြီးက ထင်းနေသည်။

မောင်လေး ထမင်းစားကောင်းသည်ဆို၍ စောစောဆီက ဝမ်းသာနေသော စိတ်ကလေးများ လွင့်ပြေးပါလေပြီ။

လူသားချင်း ရက်စက်သွားခဲ့သော ဒဏ်ရာကို ကြည့်ပြီး မခင်နွေ မျက်ရည်ဝိုင်းရပြန်ပါပြီ။

"ဘာဖြစ်တာလဲ မမနွေရဲ့"

"ဟို...မီး...မီးပူသွားတာပါ"

"ဟာ...အများကြီးပဲ၊ ဆေးလိမ်းဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း…လိမ်းပါမယ် ရှိန်းရယ်”

ဒဏ်ရာကို ကြည့်ပြီး ဘယ်က ရခဲ့သည်ဆိုသော အခြေအမြစ်ကို ရှိန်း မဆန်းစစ်တတ်ရှာသေး၊ မခင်နွေ၏ စကားကို သူယုံသွားခဲ့သည်။ အကြင်နာကြည့်လေးများဖြင့် ကလေးဆန်စွာသာ သူ ငေး ကြည့်နေရှာပါ၏။

“ကဲ…ရှိန်းစားပြီးရင် အခန်းထဲမှာ သွားနားနေဦးလေ၊ တစ်ရေးလောက် အိပ်လိုက်ပါလား”

“ဟိုကောင်တွေနဲ့ ချိန်းထားတယ်”

ရှိန်းက ဇွန်း ခက်ရင်းကို ချပြီး ကာတွန်းစာအုပ်ဆက်ဖတ်ရင်း ပြောပါ၏။

“ဘောလုံးကန်ဖို့ မဟုတ်လား”

“အင်း…”

“အို…အဲဒါက ညနေမှ ကန်ပေါ့။ အခု နေ့လယ်ထမင်းစားပြီးစ ကြီး…”

“ဘာဖြစ်လဲ ရပါတယ်”

“ကဲ… ဒါဖြင့် ကျော်ကြီးတို့ လာရင် မမနွေ လာခေါ်မယ်၊ အပေါ်တက်တော့…လာ လွယ်အိတ်လိုက်ပို့မယ်”

ရှိန်း၏ လက်ကို ဆွဲလျက် အိမ်ရှေ့သို့ ထွက်ခဲ့ရသည်။ ဆိုဖာဆက်တီပေါ်တွင် ပစ်တင်ထားသော လွယ်အိတ်ကို ကောက်ယူပြီး မခင်နွေက လွယ်လိုက်ရသည်။ ရှိန်း လက်ကို ဆွဲ၍ အပေါ်ထပ် ရှိန်း၏ အခန်းသို့တိုင် လိုက်ပို့ပေးရပါ၏။





ရှိန်းက အခန်းထဲရောက်သည်နှင့် ခုတင်ပေါ် ခုန်တက်ပြီး လှဲအိပ်ချလိုက်သည်။ ဆက်လက်ပြီး ကာတွန်းစာအုပ်ကိုသာ သဲကြီး မဲကြီး ဖတ်နေပါ၏။

“အကျီလုံချည် လဲဦးလေ မောင်လေး”

“ဟာ…မလဲချင်ဘူး”

“လဲလိုက်ပါဦး၊ ပူနေမယ်”

“မလဲချင်ပါဘူးဆိုမှ”

ပြော၍ ရတော့မည် မဟုတ်ပါ၍ နေပစေတော့ ဟူသောစိတ်နှင့် မခင်နွေ ပြန်၍ ဆင်းခဲ့ရသည်။

တစ်ခြံကျော်မှ သူ့သူငယ်ချင်း ကျော်ကြီးတို့ လာလျှင်လည်း ရှိန်းအိပ်နေကြောင်း ပြောပြီး ကလေးများကို တိုးတိုးတိတ်တိတ် ပြန်၍ လွှတ်လိုက်ရပါမည်။

ရှိန်းသည်လည်း မကြာမီတွင် တကယ်ပင် အိပ်ပျော်သွားပါ လိမ့်မည်သာ။

အားလုံး စားပြီးကြပြီမို့ မခင်နွေမှာ ငါးအရိုးလေးတစ်တုံးနှင့် ဟင်းချိုခွက်ကို ရှေ့ချပြီး နောက်ဖေးခန်းမှာ ထမင်းထိုင်စားရပါ၏။ ဖော်မိုက်ကာစားပွဲမှာ မခင်နွေစားခွင့်မရှိပါ။

မိမိဘဝက အိမ်စေ၊ အခိုင်းအစေဟူသည်ကို ထာဝရ သတိရှိရ ပါမည်။ ထမင်းကိုလည်း ဇိမ်နှင့် စားနေ၍ မဖြစ်။ အန်တီမြဲပြန် လာလျှင် သူခိုင်းတာလုပ်ရန် အသင့်ရှိနေရပါမည်။ လျှော်ရန် အဝတ် တစ်ဇလုံကြီးကလည်း ရေချိုးဘိုင်အောက်မှာ အဆင်သင့်ပါ။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းတိုက်ရပါဦးမည်။ သိမ်းရဆည်းရနှင့်၊ ညနေစာ ထမင်းချက်ဖို့နှင့် ဆက်သွားပါတော့မည်။

"သြော်...ကိုယ့်ကိုယ်ပေါ်မှ ဒဏ်ရာများကိုပင် ဆေးထည့်ရန် အချိန်မှ မရနိုင်လောက်အောင်ပါလား"

*



အခန်း (၃)

"ဖြစ်ကြပြန်ပြီဟေ့"

"ဘယ်မှာလဲ"

"အပေါ်ထပ်မှာ"

"အင်း...ဒါကြောင့် ခုန တဝုန်းဝုန်းနဲ့ အသံကြားရတာကိုး"

"မရွှေမြ သူ့ကိုယ်သူ ထုရိုက်ပြီး ခုန်နေတယ်လေ"

"ကလေးရော"

"ကျူရှင်သွားတယ်"

မခင်နွေ သက်ပြင်းချလိုက်ရသည်။ တော်ပါသေးရဲ့ဟုလည်း ရင်ငြိမ်းသွားရပါသေးသည်။

အန်တီမြတို့ လင်မယား၏ ရန်ပွဲက ဖြစ်နေကျဖြစ်ပါသော်လည်း ယင်းအချိန်ပိုင်းအတွင်းမှာ ရှိန်းရှိမနေစေချင်ပါ။ မိခင်နှင့်ဖခင် ရန်ဖြစ်လျှင် ကလေးများမှာ အဖေဘက်က သနားရ၊ အမေဘက်က သနားရနှင့် စိတ်ဒုက္ခ ခံစားရတတ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ရှိန်းမရှိပါ ဆိုခြင်းအတွက် ဝမ်းသာရခြင်းနှင့်အတူ သူ ပြန်မလာဖြစ်ပါစေနှင့်ဦးဟူ၍လည်း တစ်ဆက်တည်း ဆုတောင်းမိရပါသည်။

"ကြားလား ခင်နွေ။ ဟာစ်အော်ပြီး ကလော်တုတ်နေပြန်ပြီ"

ခင်နွေထက် တစ်ဆင့်မြင့်သော အိမ်အုပ်ထိန်းသူ 'ဒေါ်စော'က ရယ်ကျဲကျဲဖြင့် ကြက်သွန်များ ရွေးနေရင်းက သတင်းပေးပါ၏။

ကိုယ့်အဒေါ်ဆိုသော်လည်း ကိုယ့်အပေါ်တွင် မကောင်းသည့်ဘက်က များသော ဒေါ်မြမြခင်ပေါ်တွင် မခင်နွေ ချစ်၍ မရသည့်တိုင် မုန်းတီးစိတ်ဖြင့် မရှိခဲ့ပါ။

ယခုလို ပူလောင်ခြင်းများဖြင့် အော်ဟစ်ငိုယိုရင်း သူ့ကိုယ်သူ ထုရိုက်ခုန်ပေါက်နေသည်ဆိုပြန်တော့လည်း သူ့ခံစားမှုများကို မခင်နွေ သနားလာမိပါသည်။

"ဒီတစ်ခါတော့ ပြဿနာက ပိုကြီးတယ်"

"ဘာဖြစ်တာတဲ့လဲ ကြီးစော"

"ကိုသက်ထွန်းက သူ့မယားငယ်ကို ၂၈လမ်းမှာ တိုက်ခန်းဝယ်ပေးတယ်တဲ့"

"ဩော်..."

"ဒါဆိုတော့ ရွှေဘုံသာလမ်းက ကိုသက်ထွန်းရဲ့ စိန်ရွှေရတနာဆိုင်နဲ့က ကပ်လျက်ဖြစ်သွားတယ်လေ၊ ဒါကြောင့် ခွေ့ခွေ့ခုန်နေတာ"

"သူ့မှာလည်း ဒီလောက် ချမ်းသာနေလျက်သားနဲ့၊ တိုက်ခန်းတစ်ခန်းက ဘယ်လောက် ပေးရမှာမို့လဲ ကြီးစောရယ်"





"ဟဲ့...ငွေပေးရတာထက် မေတ္တာဖွဲ့ပေးရလို့ မြမြတို့ ဒီလောက် ဆတ်ဆတ်လူးနေတာပေါ့"

"ရှင်..."

"ခင်နွေရယ်...၊ ညည်းနားမလည်ပါဘူးအေ။ ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံးလို့ သတ်မှတ်ထားတဲ့ ကင်ဆာရောဂါထက် ဆိုးတဲ့ရောဂါရှိတယ်၊ သိရဲ့လား"

"ဟင်..."

"ယောကျ်ား မယားငယ်ယူလို့ မယားကြီးမှာရတဲ့ ရောဂါက ကမ္ဘာပေါ်မှာ အဆိုးဆုံးရောဂါဟဲ့"

မခင်နွေ နားမလည်ပါ။ နားလည်း မလည်ချင်ပါ။ အန်တီမြတို့ ဘာဖြစ်ဖြစ် ကိုယ်နှင့် မဆိုင်ပါ။ မိမိလုပ်ရမည့် တာဝန်ကို ကျေပွန်အောင် နေရပါမည်။

ချစ်လှစွာသော မောင်လေးရှိန်းကိုသာ မိဘများ၏ သောကပရိဒေဝများကြားတွင် ရော၍ မနစ်မျောစေလိုသော စေတနာရှိနေမိပါသည်။

"ကိုသက်ထွန်းကလည်း မကောင်းဘူး"

ဒေါ်စောက ဆေးလိပ်ကို တစ်ရှိုက် ရှိုက်လိုက်ပြီး...

"မြမြကလည်း မကောင်းဘူး"

"ဟင်...ကြီးစောဟာကလည်း"

"အေးလေ...ကောင်းမှ မကောင်းကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ကိုသက်ထွန်းကလည်း မယားငယ်တစ်ယောက်မှ မရှိရင် မနေတတ်တဲ့ လူစားမျိုး၊ မြမြကလည်း ပစ္စည်းဥစ္စာ ကုပ်ကုပ်စ လောဘဒေါသကလည်း ကြီးလွန်းတယ်"

"ကြီးစော"

"ဟော..."

"ခင်နွေတို့က တောမှာ ဆင်းရဲတယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်လဲ"

"ဒီတုန်းက ထင်မိတယ်၊ သူဌေးဆိုတာ ငွေတွေ အများကြီး ရှိတော့ လူလည်းချမ်းသာ၊ စိတ်လည်း ချမ်းသာမှာပဲလို့။ လူစင်စစ်က နတ်စည်းစိမ်လို ခံစားနေရမယ့် လူတွေ။ ငွေနဲ့ လမ်းခင်းပြီး လိုရာဆီကို လျှောက်သွားနိုင်မယ့် တန်ခိုး ဣဒ္ဓိပါဒ်ရှင်ကြီးတွေ အဖြစ်နဲ့ ခင်နွေ ထင်ခဲ့မိတာ"

"ခုရော"

"အမယ်လေး...သူဌေးလုပ်ရတာလည်း မလွယ်ပါလားလို့ ခုမှ ကိုယ်တွေ့ ကြုံရတော့တယ်"

"အေး...မှတ်ထား၊ လောကမှာ ပစ္စည်းဥစ္စာနည်းနည်းရှိရင် နည်းနည်း ပူရတယ်။ များများရှိရင် အများကြီး ပူရတယ်"

"ဟင်..."

"ငွေလေးဂုဏ်လေးရှိလာတာနဲ့ အသိုင်းအဝိုင်းက ကျယ်ပြန့်လာရော၊ ပြဿနာတွေက လာပြီး စုစည်းရောသာမှတ်"





"အင်း...ဟုတ်မှာပဲ၊ အန်တီမြ ကြည့်ရတာ ပူလောင်လိုက်တာ"

"အေး...ညည်းတို့ ငါတို့ကမှ တစ်နေကုန်အလုပ်လုပ်ရပါစေ၊ ခေါင်းချလိုက်တာနဲ့ တုံးခနဲ အိပ်ပျော်သွားတာပဲ မဟုတ်လား"

"အင်း...ဟုတ်တယ်။ ခင်နွေဖြင့် အလုပ်ပင်ပန်းလေ အိပ်လို့ကောင်းလေပဲ"

"အေး...တို့မှာသာ အိပ်နိုင်တာ။ မြမြဆိုရင် ညညအိပ်မပျော်လွန်းလို့ ဗေလီယမ်ဆိုလား...အဲဒီဆေးသောက်မှ အိပ်ပျော်သတဲ့ရှင့်"

"ဒုက္ခပါပဲ။ ခင်နွေတို့ဖြင့် မိုးချုပ်တာနဲ့ မျက်လုံးက စင်းနေပြီ"

"ညည်းတို့ ငါတို့က သောကမှမရှိဘဲ။ အိပ်နိုင်တာပေါ့။ မြမြကတော့ သူ့သားအတွက် ပူရ၊ စိန်တွေ ရွှေတွေအတွက် ပူရ၊ လင်မယားငယ်နေလို့ ပူရနဲ့"

"အန်တီမြကလည်း လောဘကြီးလွန်း၊ ဒေါသကြီးလွန်းပါတယ်။ ဘုရားတရားဆိုတာလည်း လုံးဝမေ့ပြီး တစ်နေ့တစ်နေ့ မနွေတို့ကို ဆူလိုက်၊ ယောက်ျားနဲ့ ရန်ဖြစ်လိုက်၊ မိတ်ဆွေတွေနဲ့ ပြဿနာ ရှာလိုက်နဲ့ပဲ အချိန်ကုန်နေတာ"

"အင်း...မြမြ ငြိမ်းငြိမ်း အေးအေးလေးနေတာ တစ်နေ့မှကို မတွေ့ရဖူးဘူး၊ အမြဲတမ်း ငိုယိုအော်ဟစ်ဆူပူနေတာပဲ"

"ဦးလေးက သူ့မိန်းမကို ဘာလို့ ငြိမ်အောင် ကြောက်အောင် ထိန်းမထားနိုင်ရတာလဲ မသိဘူးနော်။ ယောက်ျားဆိုတာ ဩဇာရှိတယ်ဆို"

"သြော်...ဒါပေမယ့် ဒီတိုက်နဲ့ ပစ္စည်းဥစ္စာအားလုံးဟာ မြမြ ပိုင်တွေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား

"သွားမပြောနဲ့နော်"

"မပြောပါဘူး ကြီးစောရဲ့...ဘာကိုလဲ"

"မြမြငယ်ငယ်က မြမြမိဘတွေ သဘောမတူတဲ့လူနဲ့ လိုက်ပြေးဖူးတယ်ဆိုလား။ အဲဒါကို အတင်းခွဲပစ်ပြီး မြမြကို ကြိုက်တဲ့သူတို့အိမ်မှာ အလုပ်လုပ်တဲ့ သိပ်ပြီးတော်တဲ့ ကိုသက်ထွန်းနဲ့ ပေးစားတာ၊ ကိုသက်ထွန်းကလည်း အခုမှ ဦးသက်ထွန်း ဖြစ်လာတာ၊ ဟိုတုန်းက မောင်ထွန်းပါ"

"ဩော်..."

"အဲ...မြမြက သူမကြိုက်တဲ့လူလည်း ဖြစ်ပြန်၊ ငယ်နိုင်လည်း ဖြစ်ပြန်၊ ပြီးတော့ ရှိသမျှ စည်းစိမ်ဥစ္စာတွေကလည်း သူ့ဘက်က ပါလာတာချည်းပဲဆိုတော့ သူက လင်သားအပေါ်မှာ မောက်မာတာပေါ့လေ"

"ဘယ်လိုပဲ အန်တီမြပိုင်ပစ္စည်းတွေ ဆိုပေမယ့် ဦးလေးကပဲ အခုအချိန်မှာ ဖန်တီးရှာဖွေနေတာပဲ မဟုတ်လား။ ဟင်... ကြီးစော"

"အေးပေါ့၊ မြမြမိဘတွေ ကြိုတင်မှန်းဆတဲ့အတိုင်း ကိုသက်ထွန်းကလည်း စီးပွားထိန်းသိမ်းရေးမှာ တကယ်တော်ပါပေတယ်"

"အင်းလေ၊ ဒါဆိုလည်း ဦးလေး ဖောက်ပြန်တယ်ဆိုတဲ့ ကိစ္စတွေ အန်တီမြက မေ့ထားလိုက်နိုင်ရင် ကောင်းမှာပဲနော်"

"ခင်နွေ့ရယ် ညည်း အန်တီမြအကြောင်းလည်း သိသားနဲ့၊ ပြဿနာလေးတစ်ခု ရရင် ဆူလို့ ပူလို့ မပြီးနိုင်တော့တဲ့ မိန်းမ၊ ထာဝရ ပူလောင်တဲ့ မိန်းမစားမျိုးပဲဟာ"

"ခင်နွေ့တော့ ကလေးကိုပဲ သနားတယ်ကြီးစောရယ်"

အပေါ်ထပ်ဆီမှ တိုက်ပွဲသံများက မခင်နွေ့တို့၏ နောက်ဖေးချောင်အထိ ပျံ့လွင့်ရောက်ရှိလာသည်။

တိုက်ခိုက်မှုက တစ်ဖက်သတ်လိုပါပင်။ ဒေါ်မြမြခင်၏ အော်သံ ငိုသံ ဆူပူသံများကိုသာ ကြားနေသည်။ ဦးသက်ထွန်း၏ စကားသံများကို ရံဖန်ရံခါသာ တိုးညင်းစွာ ကြားရပါ၏။

"ဩော်...သူတို့ရန်ပွဲပြီးမှပဲ ငါ့မောင်လေး ကျူရှင်က ပြန်ရောက်လာပါစေတော့ကွယ်"

*







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အခန်းထဲတွင် ဒေါ်မြမြခင် အလှပြင်နေသည်။

အသက်လေးဆယ်စွန်းစအရွယ်၊ ဝဝပုပု၊ မျက်နှာဝိုင်းဝိုင်းနှင့် ဒေါ်မြမြခင်မှာ ရုပ်မလှသော်လည်း အသားက ဆွတ်ဆွတ်ဖြူနေပါ၍ အဝတ်အစားအရောင်မျိုးစုံနှင့် လိုက်ဖက်သည်။ ယခုတလော တွင် သစ်လွင်သော အဝတ်အစားများကို ပိုမိုဝတ်ဆင်၍ အလှပိုပြင် သည်ဟု မခင်နွေ ထင်မိသည်။

"အန်တီမြ၊ ခင်နွေ ဝင်ခဲ့ပါရစေ"

အခန်းဝမှ ခေါင်းငုံ့ရင်း ပြောရသည်။ သူခွင့်မပြုဘဲ အခန်းထဲသို့ မဝင်ခဲ့ရဟူသော အမိန့်ကို ထုတ်ပြန်ထားသည်မို့ပါ။

"ဘာပြောမလို့လဲ ခင်နွေ"

ဆံပင်ကို ဆံညှပ်ထိုးရင်း မှန်ထဲမှပင် မခင်နွေကို ဒေါ်မြမြခင် ကြည့်လိုက်သည်။ လူက နောက်ကို လှည့်မလာသေး။

"ကို...ကိုတင်မောင်က ပန်းပို့ပေးပါဆိုလို့"





မခင်နွေ မဝံ့မရဲ ပြောလိုက်ရသည်။ ကိုတင်မောင် အတင်း ခိုင်း၍သာ အပေါ်တက်လာရသည်။ ဤအပြုအမူကို သူမကြိုက် လျှင် ပထမဆုံး အဟောက်ခံရမည့်သူက မခင်နွေပါ။

"ဟယ်...ယုဇနခက်လေးတွေ လှလိုက်တာ"

မြင်ရခဲလှသော အပြုံးများဖြင့် ဒေါ်မြမြခင်၊ ကြည်ကြည် ရွှင်ရွှင်ပင် လှည့်လာသည်။

မခင်နွေ၏ လက်မှ ပွင့်ဖတ်ကလေးများ ကော့လန်နေသော ဖြူဖြူသွယ်သွယ်နှင့် ယုဇနခက်များကို ဒေါ်မြမြခင်က လှမ်းယူ လိုက်သည်။ ပွင့်ဖတ်တချို့ ကြွေကျသွားပါ၏။

"တို့ခြံမှာ ယုဇနပင် မစိုက်ရသေးဘူး၊ ဟိုနေ့က ဒီပန်းအကြောင်း ဘကားစပ်မိသွားတယ်။ သိပ်အလိုက်သိတဲ့ ကောင်လေး"

ဆယ်ကျော်သက်ရွယ် ပန်းကြိုက်မလေးလို ဒေါ်မြမြခင် ရွှင် မြူးသွားသည်။ မှန်ရှေ့သို့ ချက်ချင်း ပြန်သွားပြီး မှန်တင်ခုံပေါ်သို့ ပန်းခက်များကို တင်လိုက်ပါ၏။ ပြီးမှ တစ်ခက်ကို ယူပြီး အရွက် များကို ခြွေချနေသည်

"ခင်နွေ သွားရတော့မလား အန်တီမြ"

"ဪ...အေး...သွားတော့၊ မောင်တင်မောင့်ကို ပြောလိုက်၊ ဘားထုတ်ထားလိုက်တော့လို့"

"ဟုတ်ကဲ့ပါ အန်တီမြ"

"သားလေးကို သူ့အဖေ ကြိုလာလိမ့်မယ်၊ ကလေးစားချင်တာ သုပ်ပေးလိုက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ညည်း ဦးလေးတော့ ချက်ထားတာတွေပဲ ထည့်ကျွေးလိုက်၊ မကြိုက်လည်း မစားနဲ့၊ သူမယားငယ် အိမ်မှာပဲ သွားစားချည်လို့ ပြောလိုက်၊ သွားတော့"

မခင်နွေ အခန်းထဲမှ ထွက်ပြီး အောက်ထပ်သို့ ဆင်းခဲ့ရပါသည်။

ကလေးကိုတော့ ဂရုတစိုက် ကျွေးမွေးပါမည်။ သူစားချင်တာ လုပ်ပေးပါမည်။

ဦးလေးသို့ မှာသော စကားကိုမူ မခင်နွေ ဘယ်မှာ ပြောဝံ့ပါမလဲ။ မခင်နွေ ပြန်မပြောရဲကြောင်းကိုလည်း ဒေါ်မြမြခင် မသိမရှိပါ။ သိပါလိမ့်မည်သာ။

လင်သားအပေါ်တွင် မကျေနပ်လေတိုင်း ကြုံကြိုက်ရာလူကို သူ့ဝသီအတိုင်း လျှောက်ပြောနေခြင်းသာပါ။

"ဟော့...ခင်နွေ။ မမက ဘာပြောလိုက်လဲဟင်"

အောက်ထပ် အရောက်တွင် ဒရိုင်ဘာ ကိုတင်မောင်က ဆီးမေးသည်။

"ယူထားလိုက်တယ်"

"ဘာမှ မပြောဘူးလား၊ တစ်ခုခုတော့ ပြောမှာပါဟာ"

ကိုတင်မောင်၏ စပ်ဖြီးဖြီးအပြုံးတွင် တစ်ခုခုကို မျှော်လင့်နားစွင့်နေပုံရပါ၏။

"ရှင့်ကို အလိုက်သိတတ်တဲ့ ကောင်လေးတဲ့"





"ဟာ...တကယ်...တကယ်လား ခင်နွေ၊ ပြီးတော့ရော"

"ကားထုတ်ထားလိုက်တော့တဲ့၊ ဒါပဲ"

မခင်နွေမှာ ကိုတင်မောင့်ကို ကျောခိုင်းပြီး မီးဖိုခန်းတွင်းသို့ အပြေးအလွှားပင် ဝင်လာရပါတော့သည်။

"ဘာပြောလိုက်လဲ၊ အဆူခံခဲ့ရသေးလား ခင်နွေ"

"ကြီးစော"ဟု မခင်နွေ အတိုကောက် ခေါ်နေသော ကြီးကြီးခေါ်စောက ပန်းပို့ခြင်းသတင်းကို မေးလာသည်။

"အဆူမခံရတဲ့အပြင် သဘောတောင် ကျသွားသေး"

"ဟုတ်လား...တင်မောင်ဆိုတဲ့ကောင်က လူလည်"

"အန်တီမြကို သူတည့်အောင် ပေါင်းနိုင်တာ၊ တော်တာပေါ့ ကြီးစောရဲ့။ ခင်နွေတို့ဖြင့် ဘာလုပ်ပေးလို့မှ မျက်နှာကောင်း မရဘူး"

"တို့နဲ့ မတူဘူးလေ... ဒီကောင် အရောဝင်ပုံက တစ်မျိုး၊ ...င်း... ခက်တယ်"

ကြီးစောထံမှ ထပ်မံ၍ ဝေဖန်စကားများ ကြားရလိမ့်မည်ဟု ထင်နေမိပါသော်လည်း ကြီးစောက ဘာမှ မပြောတော့ပါ။ ဖန်ခွက်များကို ဂရုတစိုက် စိစစ်ပြီး သိမ်းဆည်းနေပါတော့သည်။

မခင်နွေ နားမလည်နိုင်သော တစ်စုံတစ်ရာတို့သည် ကြီးစော ရင်ထဲတွင် နားလည်နှင့်လေပြီတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညတွင်...

"မစော...အိမ်ရှေ့မှာ ဟိုဗိုလ်မှူးလင်မယား ကားရောက်နေပြီ ငါ ခုပဲ တံခါးဖွင့်ပေးခဲ့ရတယ်။ နင် တက်ပြောလိုက်ဦး"

"သူတို့ ရန်ဖြစ်နေကြတယ် ဦးတိုးရဲ့"

"ဖြစ်ဖြစ်ပေါ့၊ မောင်ထွန်းက ဟန်ကောင်းပါတယ်၊ ညည်းသည် ကို သူပြေလည်အောင် ကြည့်စီစဉ်ပါလိမ့်မယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ကျွန်မ သွားပြောလိုက်ပါမယ်"

ဒေါ်စောမှာ အန္တရာယ်တစ်ခုနှင့် သွား၍ ရင်ဆိုင်ရတော့မည့် သူလို ကြောက်ရွံ့စိုးထိတ် စိတ်ပျက်စွာဖြင့် ထွက်သွားပါ၏။

"ဘာချက်လဲ ခင်နွဲ့"

"ငါးသလောက် ပေါင်းတယ် အဘတိုး"

"ပြီးတော့ရော"

"သမီးတို့အတွက်က ပဲဟင်းနဲ့ ငါးပိတို့စရာပေါ့၊ သူတို့မိသားစု အတွက်က ငါးသလောက်ပေါင်းလေ...ဒါပဲ"

"အင်း...မောင်ထွန်းကတော့ တို့မှီခိုသူတွေအတွက်ပါ ကောင်း ကောင်းမွန်မွန် ကျွေးစေချင်ပါတယ်၊ ဒါပေမယ့်...ခင်နွဲ့အဒေါ်ပါ လေ၊ ပြောရမှာ မကောင်းပါဘူး၊ မမြက တယ်ပြီး စေတနာနည်းတ ပဲ"

"ဟုတ်ပါတယ် အဘဘိုးရယ်။ မနွဲ့ကိုလည်း တူမသာ ဆိုတ သိတဲ့အတိုင်းပဲ"

"အေးပါ။ အဘအကုန်သိပါတယ်"





"မနွဲ့တို့က လူငယ်ဆိုတော့ ဘာနဲ့ဖြစ်ဖြစ် စားနိုင်ပါတယ်။ အဘက လူကြီးမဟုတ်လား"

"အဘတို့က ဆင်းရဲသားပဲကွယ်...။ ဘာဖြစ်ဖြစ် စားနိုင်ပါ ဘယ်။ ကဲ...ကဲ...ညည်းသည်ကို ဘာကျွေးမလဲ၊ မေးပြီး လုပ်ပေး လိုက်ဦး"

"ဟုတ်ကဲ့...အဘတိုး"

ခြံစောင့် ဦးတိုး ထွက်သွားသည်။ အဘတိုးမှာ အသက်ခြောက် ဆယ်ကျော်နေပြီ ဖြစ်သော်လည်း တောင့်တင်းသန်မာဆဲပါပင်။ ခြံ ဘစ်ခုလုံး၏ တာဝန်မှာ အဘတိုး၏ တာဝန်သာ။

တစ်ပတ်တစ်ခါမှသာ မာလီ လာပါ၏။ မာလီ စိုက်ပျိုးပြုပြင် သွားပြီးသော သစ်ပင်ပန်းပင်များကို တစ်နေ့နှစ်ခါ ရေလောင်းရ သည်။ ခြံတစ်ခုလုံးကို သန့်ရှင်းရေး လုပ်ရသည်။ တံခါးများ စောင့် ကြပ် ပိတ်ဆီးရပြီး နေတော့ ကားဂိုဒေါင်ဘေးမှ အခန်းလေးထဲတွင် နေရသည်။ အဘတိုးက အအိပ်ဆတ်ပြီး ဝီရိယရှိသူမို့ ညရေးညတာ ဘိတ်ချရပါ၏။

ပြီးတော့ အဘတိုးသည် ဦးသက်ထွန်း၏ အမျိုးပါ။ သွေးသား ရင်းပါ။ ဦးသက်ထွန်း အဘိုး၏ ညီအငယ်ဆုံးမို့ အဘတိုးက ဦးသက် ထွန်းကို မြေးတော်ပြီး ဦးသက်ထွန်းက အဘတိုးကို 'အဘိုးလေး' ခေါ်စပ်ပါသည်။

ဦးသက်ထွန်းမှာ သူ့ဟာသူ မယားငယ်ယူ၍ အိမ်ထောင်ရေး ဖောက်ပြန်နေသည်က တစ်ပိုင်း လူမှုရေးမှာဖြင့် သိတတ်လှပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘတိုးအပေါ်တွင် ထာဝရသက်ညှာရှာသည်။ သူ့လခ တစ်လ တစ်ရာအပြင် ဒေါ်မြမြခင် မသိစေရဘဲ အမြဲ အဘတိုးကို ငွေပို့ပေးခဲ့သည်။

အဘတိုးကလည်း သူတော်ကောင်းစစ်စစ်ဖြစ်ပါ၏။ သားသမီး မရှိသော မုဆိုးဖိုကြီးမို့ ရသမျှငွေကို သူ လှူဒါန်းသည်။ မနက် တံမြက်စည်း လှည်းရင်း ပရိတ်ပေါင်းစုံကို ရွတ်ဖတ်နေရှာသည်။ အားသည်နှင့် ပုတီးစိပ်၊ ည တိုင်း ဘုရားရှိခိုး၊ ကိုးပါးသီလခံယူပြီး သတ္တဝါအပေါင်းအား မေတ္တာပို့ဝေသည့်အချိန်ကို အကြာကြီး ယူ တတ်သည်။

ဦးသက်ထွန်း ဒေါ်မြမြခင်နှင့် သားလေး ရှိန်းတို့အတွက် ဤအိမ်တွင် အစေအပါး လေးယောက်ရှိပါသည်။

ကြီးစောက နဂိုကတည်းက ရောက်နှင့်နေသော ထမင်းချက် အမျိုးသမီးကြီး။ ဘယ်သူနှင့်မှ ဘာမှ မတော်ပါ။ အသက်ငါးဆယ် ကျော်သည့်တိုင် လုပ်နိုင်ကိုင်နိုင်ဆဲ၊ ဘုရားတရားတော့ သူမမြဲ။ အလုပ်မှာတော့ ဝီရိယရှိပါ၏။

ဒုတိယက အဘတိုး။

တတိယက ဒရိုင်ဘာ ကိုတင်မောင်။ သူကလည်း ဘယ်သူနှင့်မှ သွေးမစပ်ပါ။ ပါးရည်နပ်ရည်ရှိပြီး ဖျတ်ဖျတ်လတ်လတ်နှင့် ခိုင်း၍ ကောင်းသော ဒရိုင်ဘာတစ်ယောက် လိုချင်သည်ဆို၍ ဦးသက်ထွန်း ၏ မိတ်ဆွေတစ်ဦးက ပို့ပေးခဲ့သည့်သူ

နောက်ဆုံး စတုတ္ထ အစေအပါးမှာ မခင်နွေသာ။





ဒေါ်မြမြခင်၏ တူမနှစ်ဝမ်းကွဲဟူသော ဘွဲ့ထူးကြောင့် လစဉ် လခလည်း မရ။ တစ်ခါတစ်ရံ ငါးကျပ်၊ တစ်ဆယ်၊ သဒ္ဓါလျှင် ပေး သည်။ အဝတ်ကို သင့်ရုံလေးတော့ ဆင်ပါ၏။ စားတော့ အစေခံစား စားရသည်။

"ဟဲ့...ဘာတွေ စဉ်းစားနေတာလဲ။ ညှို့သည်အတွက် လီမွန် ဘာလီ ယူခဲ့တဲ့"

"ဟုတ်...ဟုတ်ကဲ့...ကြီးစော၊ ဘယ်နှခွက်လဲ"

"နှစ်ခွက်"

ကြီးစောက သည်မျှပြောပြီး သူ့ငါးသလောက်ပေါင်းအိုးနား သွားထိုင်သည်။

မခင်နွေမှာလည်း ကျိုပြီးသား သကြားရည်နည်းနည်းနှင့် ဘီမွန်ဘာလီနှင့် ရေကို ရောစပ်ပြီး ရေခဲသေတ္တာ၏ ရေခဲခွက်ထဲမှ ရေခဲတုံးလေးများကို ထုတ်ယူ၍ တစ်ဖန်ခွက်လျှင် သုံးတုံးစီ ထည့်ပြီး အိမ်ရှေ့ဘက်သို့ ကသုတ်ကရက် ထွက်ခဲ့ရသည်။

ဦးသက်ထွန်းမှာ စောစောဆီက ဘာမှ မဖြစ်ခဲ့သလို ဧည့်သည် နှစ်ဦးနှင့် ပြုံးပြုံးရွှင်ရွှင် ပြောဆိုနေသည်။

မီးဖိုချောင်တွင်း ပြန်ဝင်လာသော မခင်နွေမှာ ထဘီကို တိုတို ဘတ်လိုက်ရသည်။ ယနေ့ မီးဖိုဆောင်၏ ကြမ်းပြင်ကို တိုက်ချွတ် ဆေးကြောရမည့်နေ့ပါ။ ဒေါ်မြမြခင် ထုတ်ဆင့်ထားသည့် အမိန့် အတိုင်းပါ။

သြော်...ကိုယ့်ဘဝကို သူများလက်ထဲတွင် အပ်နှံထားရသော



www.burmeseclassic.com

www.burmeseclassic.com



အစေအပါးဆိုသူတို့၏ လှုပ်ရှားလုပ်ကိုင်မှုများ အားလုံးမှာ မိမိကို ပိုင်ဆိုင်နေသူတို့၏ ဆန္ဒအတိုင်းချည်းသာ ဖြစ်ရပါလေမည်။

အရှိန်အဝါကြီးမြင့်လှသူတို့၏ အောက်တွင် မခင်နွေတို့၏ ဘဝမှာ ထာဝရ နိမ့်ဝပ်နေရချေသည်တကား။

*



## အခန်း (၅)

"ဒီနေ့ ကလေးပြန်လာတာ စောလှချည်လား"

ရှိန်းက လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်လိုက်ပြီး မခင်နွေ၏ သက်ကို ဆွဲယူ၍ သူ့ချိုင်းကြားမှာ ညှပ်လိုက်ပြီး အားကြီးနှင့် ဆွဲသွားပါ၏။

မခင်နွေမှာ ဘာမှန်းမသိပါဘဲ ယက်ကန်ယက်ကန်နှင့် ပါသွားရသည်။ မှန်ချပ်ကြီးရှေ့ရောက်မှ ရှိန်းက ရပ်လိုက်လေသည်။

"ကြည့်စမ်း...ဘယ်သူကပိုရှည်လဲ"

"ဟုတ်ပါရဲ့ဟယ်...တစ်ခါမှ ယှဉ်မကြည့်မိဘူး။ ကြည့်ပါဦး မမနွေထက် ခေါင်းတစ်လုံးစာ ပိုမြင့်သွားပြီ"

"ဒါ...ကလေးလားဗျ"

"အို...ရှိန်းဟာရှိန်း အရပ်ကြီး မိုးထိအောင်ရှည်ရှည်၊ မမနွေ အတွက်တော့ ရှိန်းဟာ အမြဲကလေးပဲ"

လှုပ်ပို့ပေါက်စလေး ရှိန်းက အားပါးတရ ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနုနုလေးမှာ ကြည်လွှင်ရွှင်မြူးသော အပြုံးများ ဖုံးလွှမ်းလိုက်သည့်အခါ ရှိန်းမှာချစ်စရာလေး ဖြစ်သွားရသည်။

ကိုးတန်းနှစ်က မခင်နွေးနှင့် အရပ်ချင်းလိုက်လိုက်တိုင်းနေရာမှ ယခု ဆယ်တန်းနှစ်တွင် သူက ခေါင်းတစ်လုံးစာ ပို၍ မြင့်သွားခဲ့လေပြီ။

"ဒီနွေ ဘာဟင်းလဲ"

"ဒီနွေ မောင်လေးအကြိုက် ဟင်းတွေ ချက်ထားတယ်... လာကြည့်"

မခင်နွေးက မှန်ရှေ့မှ ခွာပြီး နောက်ဖေးဘက် ထွက်ခဲ့သည်။ ရှိန်းက နောက်မှနေ၍ မခင်နွေး၏ ပခုံးနှစ်ဖက်ကို ကိုင်၍ တွန်းရင်းပြေးလိုက်လာသည်။ မခင်နွေးက ပလပ်စတစ်ဆန်ခါအုပ်ဆောင်းကို ဖွင့်မလိုက်သည်။

ချဉ်ပေါင်ဟင်း၊ ပုစွန်ကြော်ထုပ် ဆီပြန်ချက်နှင့် သူ့အတွက် သီးသန့် ငါးသလောက်ဥကြော်တို့ကို မြင်သွားသည်နှင့်...

"ဟား...ဒါမှ တို့မမနွေးကွ"

"ဟဲ့...ဟဲ့၊ အို...ခွေးလေး၊ ကြည့်စမ်း"

မခင်နွေး၏ လက်ကို ဆွဲ၍ ရှိန်းက ကိုက်လိုက်သည်။ သူ ချစ်စနိုးနှင့် ကိုက်နေပါသော်လည်း တကယ်နာလာ၍ သူ့တင်ပါးကို ခပ်ဆတ်ဆတ်လေး ချတော့မှ လွှတ်ပေးသည်။ မခင်နွေး၏ လက်ဖျံမှာ သွားရာအကွင်းလိုက်ထင်သွားသလို သူ့တင်ပါးလေးလည်း စပ်သွားပေလိမ့်မည်။





ဒဏ်ရာကိုယ်စီနှင့်ဖြစ်သော်လည်း ကြည်နူး ကျေနပ်ခြင်း များဖြင့် ရယ်မောမိကြပါသတည်း။

ယခုနောက်ပိုင်းတွင် မီးဖိုချောင်ကိစ္စ၌ မခင်နွေး နေရာရလာခဲ့သည်။ ဒေါ်မြမြခင်က တစ်ခါတစ်ရံမှသာ ဈေးသွားတော့သည်။ မခင်နွေး သွားရသည်က များလာပါ၏။ ရေခဲသေတ္တာတွင်းမှာ သားငါးများ သုံးလေးရက်စာ အဆင်သင့် ရှိနေတတ်ပါသဖြင့် ယခုလို ကိုယ့်သဘောနှင့်ကိုယ် ကိုယ့်မောင်လေးအတွက် ငါးသလောက်ဥကြော်ပေးနိုင်သည့်အဆင့်ထိ ရောက်ရှိလာခဲ့ပါပြီ။

"ရှိန်း ဒီနှစ်ဆယ်တန်းနော် မပေါ့နဲ့ကွယ်"

"မပေါ့ပါဘူး၊ ရှိန်းကျလို့ မဖြစ်ဘူး။ သူက အောင်မှာ၊ စာသိပ်တော်တယ်"

"သူဆိုတာ ဘယ်သူလဲ"

"ရီဝေဦး"

"ရီဝေဦး...ဟုတ်လား"

"အင်း"

"နံမယ်လေးက လှတယ်၊ ဘယ်သူလဲ၊ ရှိန်းသူငယ်ချင်းလား၊ ရှိန်းတို့ အတန်းကလား"

"ဆယ်တန်းချင်းတော့ တူတယ်။ တန်းခွဲချင်းမတူဘူး။ သူငယ်ချင်းလည်း မဟုတ်ဘူး"

"အံမယ်...ဒါဖြင့် ဘာလဲ"

"သိပ်မိတယ် မမနွေးရဲ့။ ရှိန်းသူ့ကို သဘောကျနေတာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း...လူပျိုလေးဖြစ်မယ်မှ မကြာသေးဘူး ရည်းစား ထားတော့မယ်ပေါ့လေ"

"ရှိန်းက ထားချင်တာ။ ကောင်မလေးဘက်က မကြည့်သေး ဘာဗျ"

"မမနွေကတော့ ကိုယ့်မောင်လေးကို ကလေးလေးလို့ပဲ သဘောထားနေသေးတာ။ ကြည့်ပါဦး...သူက ရည်းစားထားချင် နေပြီ"

"အသည်းနှလုံးက ဆန္ဒပြလာပြီလေ"

"အမယ်လေးဟဲ့... ဒါတွေတောင် တတ်နေပါရောလား၊ ဒီမှာ ရှိန်း၊ ရည်းစားထားတာက အရေးမကြီးဘူး။ ဗီလင်တက်ပြီး စာ မကျက်နိုင်မှ ခက်မယ်နော်"

"ကျက်ကို ကျက်ရမယ်၊ ကျန်ခဲ့လို့ မဖြစ်ပါဘူးဆိုမှ"

"ဒါဖြင့် စာမေးပွဲအောင်ချင်တာ ရီဝေဦးနဲ့ ခွဲရမှာစိုးလို့ပေါ့လေ"

"ဒါပေါ့...အသည်းနှလုံးက ဆန္ဒပြလာပြီလေ"

"ပညာရေးရည်မှန်းချက် အတော်လည်း ကြီးပါလား ရှိန်းရယ်"

"အသည်းနှလုံးက ဆန္ဒပြလာပြီလေ"

"နောက်မနေနဲ့ ထမင်းဝင်အောင် စားဦး၊ အဲဒီအကြောင်း အန်တီမြသိရင်တော့ ပွက်လောရိုက်တော့မှာပဲ"

"အသည်းနှလုံးက ဆန္ဒပြလာပြီလေ"

"ရှိန်းနော်...ဒါနဲ့ အဲဒီ ရီဝေဦးက ဘယ်ကလဲ။ ဘယ်သူ့ သားသမီးလဲ။ အန်တီမြက သဘောတူမှာလား"





"အသည်းနှလုံးက ဆန္ဒပြလာပြီလေ"

"ဒီကောင်လေးနဲ့တော့ စကားဆက်ပြောလို့ မဖြစ်တော့ပါဘူး"

"အသည်းနှလုံးက ဆန္ဒပြလာပြီလေ"

အလေးအနက်ပြောနေသော မခင်နွေပင် မနေနိုင်တော့။ သူ နှင့်အတူ ရောၡ ရယ်ရပါလေပြီ။

ရှိန်းမှာ ချစ်သူရှိနေပြီဆိုခြင်းအတွက် အသည်းနှလုံးဆီသို့ နေခြည်တစ်ပြောက်စာမျှ ပူလောင်စွာ ကျရောက်မလာပါ။

မေတ္တာစိမ့်စမ်းတွင်းမှ အေးမြသော နှလုံးသားဖြင့်ပင် ကြည် ဖြူကျေနပ်နေမိပါသော်လည်း...

ရီဝေဦးဆိုတာ မိကောင်းဖခင်သားသမီးမှ ဟုတ်ရဲ့လား၊ ခေတ် ပေါ် ဂေါ်လီမလေးမျိုး မဖြစ်ပါစေနဲ့၊ ရှိန်းအတွက် အဘက်ဘက်က ကောင်းမြတ်သော ချစ်သူတစ်ယောက်ဖြစ်လာနိုင်ပါစေ...

ဆိုသော မိခင်မေတ္တာဆန်သော အစ်မကြီးတစ်ယောက်၏ ချစ်ခြင်းမေတ္တာမျိုးဖြင့် ရှိန်းအတွက် ကြိုတင်ပူပန်ရုံမျှသာပါ။

ဆယ်ကျော်သက်တို့၏ ရင်မှာ အချစ်ဝင်လာလျှင် မဖြစ်သင့် ဖြစ်ဆိုက်သည်များ ဖြစ်တတ်ပါ၍ ရှိန်းကို ကြိုကြိုတင်ကင် ကြည့်ရှု စောင့်ထိန်းရပေတော့မည်ဟုသာ မခင်နွေ၏ စိတ်မှကျိတ်၍သန္နိဋ္ဌာန် ချလိုက်ရပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မနွေ ခဏလာပါဦး"

အပေါ်ထပ်ရှိ ဘုရားပန်းအိုးများလဲအပြီးတွင် အောက်သို့ ပြန်ဆင်းရန် လှေကားထိပ်အရောက် နောက်မှ ခေါ်သံကြားလိုက်ရသည်။

ဦးသက်ထွန်း၏ အသံပါ...

ဦးသက်ထွန်းမှာ ဒေါ်မြမြခင်ခေါ်သလို 'ခင်နွေ'ဟု ဘယ်သောအခါမျှ မခေါ်ပါ။ မနွေ သူ့ကိုယ်သူ တင်စားလေ့လေ့သည့်အတိုင်း 'မနွေ'ဟုသာ သူခေါ်ပါ၏။

ဦးသက်ထွန်းထိုင်နေသည့် အပေါ်ထပ် ဧည့်ခန်းဆိုဖာစုံရှေ့မှာ မခင်နွေ ရိုကျိုးစွာ ရပ်နေရသည်။

"ထိုင်ဦး မနွေ၊ ဦးလေးမေးစရာရှိလို့"

မခင်နွေမှာ ကြမ်းပြင်ပေါ်သို့ အသာလေး ထိုင်ချခါနီးတွင်...

"အပေါ်မှာ ထိုင်စမ်းပါ၊ မြကြောင့် ဒီအိမ်မှာ အဆင့်အတန်း ခွဲနေရတာ"





"နေပါစေ ဦးလေးရယ်...မနွေ ဒီမှာပဲ ထိုင်ပါ့မယ်၊ ဒူးနေရာဒူး၊ ဘော်နေရာတော်ပါ"

"လုပ်မနေစမ်းနဲ့၊ အပေါ်မှာထိုင်စမ်း၊ နင်ထိုင်လို့လည်း ဆိုဖာ ပွဲကျသွားမှာ မဟုတ်ဘူး"

ဦးသက်ထွန်းကို မလွန်ဆန်ရဲပါ၍သာ ဆိုဖာပေါ်မှာ ရှရှလေး ထိုင်လိုက်ရသည်။ အနေကျဉ်းကျပ်ရပါဘိခြင်း။

ဦးသက်ထွန်းက ငါးသုံးလုံး စီးကရက်ဘူးကို ဖွင့်ဖောက်၍ တစ်လိပ်ထုတ်ပြီး ခတ်ငွေ့မီးခြစ်နှင့် ခြစ်၍ သူရှိုက်ဖွာပြီးသည်အထိ မခင်နွေကို တစ်ချက်မျှ မကြည့်ပါဘဲနှင့် စကားစပြောသည်။

"ဒီအိမ်မှာ မြမြနဲ့ ပတ်သက်လို့ ပြောဖို့ အသင့်ဆုံးလူဟာ မနွေ ငဲ"

မခင်နွေ ဦးသက်ထွန်းကိုသာ ငေးကြည့်နေမိသည်။

"ခုတလော မြမြ ဘာတွေ ထူးခြားနေလဲဆိုတာ ဦးလေးကို အမှန်အတိုင်း ပြောပြစမ်းပါကွယ်"

"ရှင်"

"ဦးလေးပြောတာ မနွေ နားလည်မှာပါ"

"မနွေမှာလည်း ကိုယ့်အလုပ်နဲ့ကိုယ်ပါ၊ ပြီးတော့ အန်တီမြက သခိုင်းစရာရှိမှ သူ့အနားကပ်ခွင့်ရတာပါ။ အန်တီမြ ဘာတွေ ထူးခြားနေသလဲဆိုတာ မနွေ အကဲမခတ်တတ်ပါဘူး ဦးလေးရယ်၊ အကဲခတ် ခွင့်လည်း မရဘူး"

"အင်း...မနွေပြောတာ သင့်မြတ်ပါတယ်။ ဒါပေမယ့် မနွေ့ကို



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းလူတွေဆိုတော့ အို...ဦးလေး တည့်တည့်ပဲ ပြောတော့ ယ်"

"ဟုတ်...ဟုတ်ကဲ့"

"မြမြနဲ့ မောင်တင်မောင်နဲ့ နေကြထိုင်ကြပုံတွေကို ဦးလေး မကြိုက်ဘူး။ သူတို့နှစ်ယောက် ဖောက်ပြန်နေတယ်လို့ ထင်မိတယ်"

"အို..."

မခင်နွေ လန့်သွားမိပါသည်။ ဒေါ်မြမြခင်၏ လောဘဒေါသ သတင်းများသာ စပ်စုမေးမြန်းပေလိမ့်မည်ဟု အထင်ရှိနေမိရာက မမျှော်လင့်အပ်သော မထင်မြင်ထိုက်သော မေးခွန်းမျိုးကို ကြားလာ ရပါ၍ မခင်နွေ အံ့ဩခြင်းနှင့်အတူ ရှက်ကြောက်စိတ်များကြောင့် တစ်ကိုယ်လုံး ရှိန်းမြပူနွေးလာရသည်။

"ဦးလေးမှာ မတရား ရိုးစွပ်တတ်တဲ့ သိမ်ဖျင်းတဲ့စိတ်မျိုး မရှိ ပါဘူး မနွေ"

မခင်နွေက ငြိမ်၍သာ နားထောင်နေရပါ၏။

"ဦးလေးလည်း လုံးဝ မရိပ်မိခဲ့ပါဘူး၊ ဒီလိုဖြစ်လိမ့်မယ်လို့လည်း တွေးတောင် မတွေးမိခဲ့ပါဘူး။ ဒါပေမယ့် တွေ့ကြမြင်ကြတဲ့ မိတ်ဆွေ တွေက ပြန်ပြောကြတယ်"

ဦးသက်ထွန်း၏ အသံများ တုန်နေသည်။ ကိုင်ထားသော စီးကရက်လေးမှာ လှုပ်ခါနေပါ၏။

"တစ်လောကလုံး မြင်ကြပါစေ၊ သိကြပါစေ၊ ဦးလေး ဂရု မစိုက် ပါဘူး။ ဒါပေမယ့်..."





ဦးသက်ထွန်းက စကားကို ရပ်နားပြီး ဆေးလိပ်ကို ဖွာရှိုက် သည်။ သူ့စိတ်တည်ငြိမ်အောင် ကြိုးစားနေပုံရပါ၏။ ပြီးမှ...

"သား...သားလေးသိရင် ရှက်ရှာမယ်"

မခင်နွေလည်း ဦးသက်ထွန်း မပြောဖြစ်မီကပင် ရှိန်းအတွက် ပူပန်နှင့်ရှိပြီးသားပါ။ သားလူပျိုရွယ်ရောက်မှ အမေတစ်ယောက် ဖောက်ပြန်နေသည်။ ပြီးတော့ အိမ်က ဒရိုင်ဘာနှင့် ဆိုပါလျှင် ရှိန်း လေး မည်သို့ ခံစားရရှာလေမည်လဲ။ ရှက်စိတ်ကြောင့် ပေါက်ကွဲ သည်အထိ ဖြစ်သွားနိုင်ပါ၏။ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ခံက်မဲစွာ မှားယွင်းသွားမှာလည်း စိုးရိမ်ရပါသေးသည်။

"မနွေ"

"ဟုတ်ကဲ့...ဦးလေး"

"သူတို့နှစ်ယောက်နဲ့ ပတ်သက်ပြီး ဘာများ ထူးခြားတာ တွေ့ သလဲကွယ်"

မခင်နွေ ငြိမ်နေရပါသည်။ ပြောသင့်သည်လား မပြောသင့် သည်လား ခွဲခြား၍ မရပါ။

ကိုတင်မောင်ကို အနုတ်ိမြ အရေးပေးလွန်းကြောင်းကိုလည်း မခင်နွေတို့ သိကြမြင်ကြပြီးပါပြီ။ ယခုနောက်ပိုင်းတွင် အတူသွားကြ လာကြပြီး ထမင်းတစ်ဝိုင်းတည်းမှာ လက်ဆုံအတူစားသည့် အဆင့် အထိ ရောက်ရှိနေပါပြီ။

အထူးသဖြင့် ရှိန်း မရှိချိန်များတွင် ဖြစ်ပါ၏။

ဤသည်များကို မြင်ရတွေ့ရသည်မှာ ကြာပြီဖြစ်ပါသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အပျိုစင် အပျိုစစ်ကလေး မခင်နွေအဖို့ ဤသည်မှတစ်ဆင့် အိမ်ထောင်ရေး ဖောက်ပြန်မှုကြီးများ ဖြစ်ထွန်းနိုင်ကြောင်းကိုလည်း မသိနားမလည်ရှိး အမှန်ပါ။

အိမ်ထောင်ရှင်မတစ်ယောက်၏ စည်းဘောင်ဆိုသည်မှာ အဘယ်မျှလောက် ကျယ်ဝန်းနက်ရှိုင်းစွာ ဆီးတားထားသည်ဆိုသည်ကိုလည်း မခင်နွေ မသိရှိပါ။

"မနွေ"

"ဟင်...ရှင်"

"ဦးလေးကို ပြန်ပြောပြရ ခက်နေပြီလား။ ဦးလေးအနေနဲ့ မီးကို မလောင်ခင်က မတားလိုက်နိုင်တဲ့တိုင်အောင် လောင်နေတဲ့ မီးကိုပဲ မကြီးမပြန့်ခင် ငြိမ်းသတ်နိုင်မလားလို့ပါမနွေ၊ ၊ သားလေးရှိန်းအတွက် ဒီအိမ်ထောင်ရေးကြီးကို မပြိုကွဲမပျက်စီးသွားစေချင်ဘူးလေ"

မခင်နွေမှာ လှုပ်ရှားမှုများကြားတွင် နစ်မြုပ်လျက် မှုပျက်နေသော ဦးသက်ထွန်း၏ မျက်နှာကို မော့ကြည့်လိုက်မိပါသည်။

၂၈ လမ်းတွင် တိုက်ခန်းတစ်ခန်းဝယ်၍ လူသိရှင်ကြား ထားရှိနေသော ဦးသက်ထွန်း၏ မယားငယ် ပြဿနာသည် အိမ်ထောင်ရေး၏ ဖောက်ပြန်ခြင်း လောင်မီး မဟုတ်လေရော့သလား။

အန်တီမြ၏ ပြဿနာကတော့ အမှန်တကယ်ဖြစ်ခဲ့လျှင် အိမ်ထောင်ရေး ဖောက်ပြန်မှု၏ အကြီးဆုံး သာဓကဖြစ်ရုံမက လူလောကအလယ် သားစဉ်မြေးဆက်အထိ အရှက်ကွဲလို့ပင် မဆုံး





နိုင်တော့မည့် ပြဿနာကြီးပါလား။

တူညီသော ဖောက်ပြန်မှုပင် ဖြစ်လင့်ကစား ယောကျ်ားနှင့်မိန်းမတို့၏ အရှက်ရပုံချင်းက ဝေးကွာခြားနားလွန်းလှသည်သာ။

"မနွေ ဦးလေးကို ဘာမှ မပြောပြနိုင်ဘူးလား"

ဦးသက်ထွန်း၏ အသံက ပြန်လည် တည်ငြိမ်လာသည်။

"မပြောနိုင်တာ မဟုတ်ပါဘူး ဦးလေး၊ မနွေ မသိတာပါ"

"လမ်းထွက်ရင်ရော မြမြက ကားကို ရှေ့က စီးသလား၊ နောက်ခန်းက စီးသလား"

"ရှေ့...ရှေ့က စီးပါတယ်"

"ဟိုကောင်ကို ဘာတွေ ပေးတာ တွေ့သလဲ"

မခင်နွေမှာ ဝိုင်းဝိုင်းလည်သော မျက်ဝန်းများဖြင့် ဦးသက်ထွန်းကို မော့ကြည့်နေမိသည်။

"ရဲရဲသာ ပြောစမ်းပါ မနွေ၊ မင်းတို့ သိသမျှ ဦးလေးသိပါရစေ၊ ဒါမှသာ ဒီပြဿနာကို အကောင်းဆုံးနည်းနဲ့ ညင်ညင်သာသာ ဖြေရှင်းနိုင်မှာမို့ပါ"

"ဟိုးတစ်ပတ်က ကိုတင်မောင်အတွက် ပုဆိုးနှစ်ထည် ပို့ခိုင်းလို့ သွားပေးရပါတယ်။ အန်တီမြကိုယ်တိုင် ချုပ်ပေးပါတယ်"

"တောက်"

ဦးသက်ထွန်း၏ တက်ခေါက်သံကြောင့် မခင်နွေပင် တုန်လှုပ်သွားမိပါသော်လည်း ဆက်လက်၍သာ ပြောရပါ၏။

"ပြီးတော့ အိမ်မှာ ထမင်းစားရင် အန်တီမြနဲ့ ကိုတင်မောင်



www.burmeseclassic.com

www.burmeseclassic.com



တုတ္တူစားကြပါတယ်"

"ဟင်..."

"အဲဒါဟာ မနွေးသိတာ အကုန်ပါပဲရှင်၊ ဦးလေးက ပြေပြီ အောင် ဖြေရှင်းမယ်ဆိုလို့ မနွေးသိသမျှ မြင်သမျှ ပြောပြရတာ မနွေး ဒီလိုပြန်ပြောကြောင်း အန်တီမြသာ သိသွားရင် မနွေး ဘယ်လို နှိပ်စက်မယ်ဆိုတာ ဦးလေးသိမှာပါ"

ကြောက်ရွံ့လှုပ်ရှားစိတ်များဖြင့် မခင်နွေး၏ နောက်ဆုံး စကား လုံးများမှာ တုန်လှိုက်စွာ ထွက်လာရပါ၏။

"စိတ်ချမနွေး၊ စိတ်ချ၊ ဒီကိစ္စမြမြ ဘယ်တော့မှ မသိစေရပါဘူး"

မခင်နွေး သည်သို့ ပြောဖြစ်ရသည်ကလည်း အကယ်၍ မလောင်သေးသော မီးဆိုလျှင် တားဆီးနိုင်ရန်နှင့် လောင်ပြီးပါ လည်း ငြိမ်းသတ်နိုင်ရန် ဟူသော စေတနာ ရည်ရွယ်ချက်နှင့်ပါ။

"အင်း...ကိုယ့်အသက်အရွယ်နဲ့ ကိုယ့်ရဲ့ ဂုဏ်သိမ်စည်းစိမ် မှ မထောက်ထားတဲ့ မိန်းမရိုင်း၊ ငါ့ပေါ်မှာ ပြန်ပြီး ကလဲ့စား ချင်တယ်ပဲ ထားပါဦး။ သား...သားလေး မျက်နှာကိုမှ မထော တော့ဘူးတဲ့လား မြမြရယ်...ဟင်း"

ဦးသက်ထွန်း၏ ဟန်ပန်နှင့် စကားသံက ယခုပင် မေ့မြော လဲကျ သွားတော့မလို မျက်ရည်ကြည်များနှင့်၊ သူ့နှုတ်ခမ်းများ စီးကရက်လေးမှာ ဆတ်ဆတ်ခုန်လျက်နှင့်ပါ။

အတန်ကြာသည့်တိုင်အောင် နောက်ထပ် ဘာစကားမှ ဆ မလာပါ၍...





"မနွေး သွားရတော့မလား ဦးလေး၊ အောက်မှာ အလုပ်တွေ ရှိသေးလို့ပါ"

သည်တော့မှ သူ မခင်နွေးကို သတိရသွားသလို။

"ဪ...အေး...အေး...သွား...သွား။ ကျေးဇူးတင်ပါတယ် မရယ်။ ဒီနေ့ ကြားခဲ့ရတဲ့ သတင်းတွေ အားလုံးဟာ ဦးလေး အတွက် သိပ်ပြီး စိတ်လှုပ်ရှားစရာတွေချည်းပါပဲလေ"

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

မျက်စိလေးမှိတ်လိုက် တဖွတ်ဖွတ် ရွတ်လိုက်နှင့် မူလတာ
ကျောင်းသားလေးတစ်ယောက်ပမာ ရှိန်းစာကျက်နေပါ၏။

အောင်ချင်လို့ပဲ ကျက်ကျက်။

ရှိဝေဦးအတွက်ပဲ ကျက်ကျက်။ ဒီနှစ် ရှိန်းဆယ်တန်းအောင
သည်သာ အဓိကပါ။

ပြတင်းပေါက်မှ ခန်းဆီးစများက ရှိန်း၏ မျက်နှာနားသို့
ပျံ့ဝဲလွန့်လူးနေပါ၍ မခင်နွေ ပြတင်းတံခါးကို သွား၍ ပိတ်ပေးရပါ

"မမနွေ မပိတ်ပါနဲ့၊ ထားလိုက်ပါ"

"အေးနေပြီ မောင်လေးရဲ့၊ အိပ်ချိန်မှာ အအေးမိရင် ဖျားတ
တယ်"

"သဘောပဲဗျာ၊ ရှိန်းသာ ဘဝပြောင်းလာတယ်။ မမနွေ
တော့ မူမပြောင်းဘူး"

သူ့ ပြုံးပြုံးရွှရွှ ပြောပုံကလေးကပင် ချစ်စရာပါ။ သူ 'အ





ပြောင်း'သည် ဆိုခြင်းမှာ သူကိုယ်သူ လူကြီးဖြစ်လာပြီဟု ဝင့်ကြွား
င်းပါ။

မခင်နွေ၏ 'မူ'ဆိုသည်ကလည်း အအေးမခံရ၊ အအိပ်အစား
ျက်ရ၊ အားဆေးမှန်မှန် သောက်ရမည်။ ကြက်ဥတစ်လုံး နို့
စ်ခွက် မသောက်မနေရ စသော စည်းကမ်းချက်များကို သူ ရည်
န်းပါသည်။

ရှိန်းစကားကြောင့် လက်ထဲမှ အနွေးထည်ကိုပင် မပေးရဲတော့
တဲ့ သူ့ပါးနှင့် လက်ဖျားလေးများကို စမ်းကြည့်ရသည်။ ပူနွေး
ျက်ပါ။ ချမ်းအေးသည့် လက္ခဏာ မရှိပါ၍ ဆွယ်တာကို အသာ
ိမ်းလိုက်ရပါသည်။

"ရှိန်း ဒီည ဘယ်အချိန်အိပ်မလဲ"

"မပြောတတ်သေးဘူး၊ ဘာဖြစ်လို့လဲ"

"ဩော်...ကော်ဖီ ဖျော်ပေးမလို့ပါ၊ အစောကြီး ဖျော်ထားရင်
အေးကုန်မှာစိုးလို့"

"ရှိန်းက ဆာနေပြီ"

"ဟင်...စောစောကပဲ ထမင်းတစ်ထပ်စားပြီးပြီ"

"ဘယ်လိုဖြစ်နေလဲ မသိဘူး၊ ခဏခဏ ဆာနေတယ်"

ကိုယ်ခန္ဓာဖွံ့ဖြိုးချိန်မို့ အစာကြေညက်လွယ်နေသည်။ လှုပ်ရှား
ဘုကစားခြင်းများကြောင့်လည်း ရှိန်းမှာ ပြည့်ပြည့်ဖြိုးဖြိုး ထွား
ား ကျိုင်းကျိုင်းကြီးဖြစ်လာသည်။

"ဘာစားမလဲ၊ ဟင်းရှိသေးတယ်၊ ထမင်းပဲ စားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းကလည်း ညနေစာပဲ နှစ်ထပ် စားပြီးပြီ၊ ဒါပေမယ့် စားရင်လည်း ဝင်မှာပါ"

"ဩော်...အိမ်မှာ ခေါက်ဆွဲစည်း ရှိတယ်၊ သုပ်ပေးမယ်လေ"

"ဟာ...ကောင်းတယ်...ကောင်းတယ်၊ အာလူးလည်း ထည့် နော်..."

"ဘယ်လောက်ဖိုးလဲ"

"တစ်ကျပ်ဖိုး"

"ခေါက်ဆွဲက ဈေးကြီးတယ်ရှင့်။ တစ်ကျပ်ဖိုး မရောင်းဘူး"

"ဒါဖြင့် ငါးကျပ်ဖိုးဗျာ။ မကောင်းရင် ပိုက်ဆံ ပြန်အမ်းရမယ် နော် ခေါက်ဆွဲသည် အဒေါ်ကြီး"

ရယ်မောကြရပါသည်။

"ကဲ...စာကျက်...စာကျက်။ မမနွေ့ အိမ်ပေါ်ပဲ လာပို့မယ် နော်"

ရှိန်းက စာကျက်နေရာက ခေါင်းညိတ်၍သာ ပြရှာ၏။ သူစာထဲ တွင် စိတ်ဝင်စားနေလေပြီ။

ယခု ဆယ်တန်းနှစ်ကို သူ အထူးကြိုးစားရှာပါ၏။ အနည်းဆုံး ဂုဏ်ထူးနှစ်ခုနှင့် အောင်ရမည်ဟုလည်း ကြုံးဝါးထားသူပါ။

မခင်နွေ့မှာ မီးဖိုဆောင်သို့ ကူးရသည့် ဆောင်ကူး လမ်းကြား လေးကို မီးမဖွင့်ဘဲ ကူးလာသည်။ သည်နေရာမှာ နေနေကျ သူကျွမ်းပြီးသား။ မီးမရှိလည်း မီးဖိုထဲတွင် လိုရာကို ရှာနိုင်လောက် အောင် ပိုင်ပါသည်။





"ဟင်း...ဟင်း...ဟီး...တော်ပြီကွယ်၊ သွားတော့မယ်"

တိုးညင်းသော ရယ်မောသံကြောင့် မခင်နွေ့ တုန်သွားအောင် ...နိမ်သည်။

"အဘိုးကြီး ပြန်မရောက်သေးတာ သေချာတယ်နော် မမမြ"

"သူ့မယားငယ်နဲ့ ပျော်ကောင်းတုန်းနေမှာပေါ့"

"သိသွားလို့ ကျွန်တော့်ကို အလုပ်ထုတ်ပစ်ရင်တော့..."

"ပြောပြန်ပြီ ဒီစကား။ ဒီပစ္စည်းတွေ အားလုံးဟာ မမမြပိုင် ...တွေချည်းပဲ။ သူမကျေနပ်ရင် သူအိပ်ပေါ်က ဆင်းသွားရုံပဲ။ သူသစ္စာ ...ဖောက်လို့ မမမြက အချစ်သစ်ရှာပြီး သူ့ကို ကလဲ့စားချေတာ"

"ဒါဆို ကျွန်တော့်ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား မမမြ ...ယ်"

"ဟင်း သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာလည်း သိလျက် ...သားနဲ့၊ ပိုကိုပိုတယ်။ ဟင်း...ဟင်း...အို...ကဲ သွားတော့။ မမမြ ...မ်ရှေ့က သွားခေါ်မယ်"

မခင်နွေ့၏ခေါင်းမှာ လက်ရှိထက်သုံးဆမျှ ကျယ်ပြန့်ကြီးမား ...သွားပြီး ကြက်သီးမွေးညင်းများ တစ်ကိုယ်လုံးထလာသည်။

ရက်စက်ကြမ်းကြုတ်လွန်းသော လူသတ်မှုမြင်ကွင်းကို မြင်ရ ...သောင်ပင် သည်လောက် လန့်မိလိမ့်မည်မထင်။ ရင်ခုန်နှုန်းက မြန် ...လွန်းလာသည်။ ဘာဆက်လုပ်ရမှန်း မသိပါဘဲ နေရာတွင် ရပ်မြဲ ...ခဲနေမိစဉ်...

"ခင်နွေ့...ခင်နွေ့"



www.burmeseclassic.com

www.burmeseclassic.com



အသံခပ်အုပ်အုပ်နှင့် အိမ်ရှေ့ဆီမှ ဒေါ်မြမြခင်က ခေါ်လိုက်သည်။ သူ မထူးမိ။

“ခင်နွေ အိပ်ပြီလားဟဲ့။ တံခါး လာဖွင့်စမ်းပါ”

အပေါ်ထပ်ရှိ ရှိန်း၏အခန်း မီးလင်းနေသည်ကို သူမြင်မိပါလိမ့်မည်။ သားငယ် စာကျက်မပျက်ရန်နှင့် မှုမမှန်သော သူ့အဖြစ်ကို ဖုံးအုပ်ရန် သူ တိုးတိုးသာ ခေါ်နေခြင်းပါ။ ခါတိုင်းလိုဆိုပါလျှင် တိုက်ပြိုမတတ် သံတံခါးကို သူ တဂျုင်းဂျုင်း ဆွဲရမ်းလှုပ်ခါ၍ ဒေါသသံနှင့် ကြုံး၍ အော်လေမည်။

“ခင်နွေ”

“ရှင်...လာပြီ...လာပါပြီ အန်တီမြ”

မခင်နွေ ပြေးထွက်ခဲ့ရသည်။ အောက်ထပ်တစ်ခုလုံး မီးများ ပိတ်ထားပြီ ဖြစ်သော်လည်း ကြမ်းပြင်ကို မြင်သာရန် နံရံ၏ အောက်ဆုံးနေရာမှ မီးနီလေးများကမူ တစ်အိမ်လုံးအနှံ့ လင်းနေဆဲပါ။

“ညည်းအိပ်ပြီလား”

“မအိပ်သေးပါဘူး အန်တီမြ”

တံခါးဖွင့်ပြီးသည်နှင့် ဒေါ်မြမြခင်က မခင်နွေကို စူးစမ်းသလို ကြည့်ရင်း မေးလာသည်။ တကယ်အပြစ်ရှိသူက ဒေါ်မြမြခင် ဖြစ်ပါသော်လည်း မလုံသလို အောက်ငုံ့နေရသူက မခင်နွေပါ။

“ငါခေါ်နေတာ တော်တော်နဲ့ မကြားဘူး၊ ခုန ညည်း ဘယ်မှာလဲ”

“အ...အခန်းထဲမှာ...မနွေ အခန်းထဲမှာပါ”





ဒေါ်မြမြခင်က စိတ်ချသွားသလို ခေါင်းညိတ်လိုက်သည်။ မခင်နွေနှင့် ဒေါ်စောတို့မှာ အောက်ထပ် လှေကားရင်းရှိ အခန်းကျဉ်းလေးထဲတွင် နှစ်ယောက် အိပ်ကြရသည်။ ဤအခန်းထဲမှာ ဆိုပါလျှင် သူတို့နှစ်ဦးကို မမြင်သာ၊ မကြားသာပါ။

ဒေါ်မြမြခင်က ဆိုဖာပေါ်တွင် နွမ်းလျစွာ ထိုင် လိုက်သည်။

ပွဲလမ်းသဘင်မရှိပါဘဲနှင့် ဆံပင်ကို ဆိုင်တွင် သူပြင်ထားသည်။ လက်တိုလည်ပင်းဟိုက် ဖော့အပြာရောင်ကို အထက်အောက် ဆင်တူ ဝတ်ထားပါ၏။ မျက်နှာမှ မိတ်ကပ်နှင့် နှုတ်ခမ်းနီများက ဟောင်းနေလေပြီ။

ဒေါ်မြမြခင်၏ ဇရာကို ဖုံးအုပ်ကာကွယ်ပေးနိုင်ခြင်း မရှိတော့ပါ။

“အန်တီမြ ဘာခိုင်းစရာ ရှိပါသေးလဲ”

“မရှိဘူး”

“နွားနို့ နွေးရတော့မလား”

“ငါစားခဲ့ပြီ၊ ဘာမှ မစားတော့ဘူး”

သည်မျှသာ ပြောပြီး သူ ဆက်၍ ထိုင်နေသည်။

ခါတိုင်း အပြင်က ပြန်လာလျှင်...

“ဘယ်သူ လာသေးလဲ၊ ဘယ်က တယ်လီဖုန်းဆက်သေးလဲ၊ ပစ္စည်းက ဘာကို့ ဒီနေရာ ရောက်နေရတာလဲ။ ကြမ်းတိုက်တာလည်း မပြောင်ဘူး”

စသော အပြစ်တင်စကားများ တတွတ်တွတ်ပြောကြားရင်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စကို အသေးစိတ် လိုက်လံ စစ်ဆေးတတ်သော ဒေါ်မြမြခင်။

ဖောက်ပြန်မှုဟုပင်ခေါ်ခေါ် ဒေါ်မြမြခင်၏ရင်တွင် ဝင်နေပြီဖြစ်သော အချစ်ဆိုသည့်အရာသည် အားလုံးကိုများ ပိတ်ဆီးထားလေပြီလား။

အချစ်ထက် ကြီးမားကျော်လွှားနိုင်သောအရာ၊ အချစ်ထက် အရေးကြီးသော အရာသည် မရှိတော့လေပြီလား။

မခင်နွေမှာ ယင်းအတွေးများဖြင့် မောင်လေးရှိန်းအတွက် ခေါက်ဆွဲသုပ်လုပ်နေရပါသည်။

မခင်နွေ၏ တာဝန်မှာ အိမ်ရှင်များ အိပ်ခါနီး စားဖို့လုပ်ပေးပြီး သူတို့အိပ်မှ ဆေးကြောသိမ်းဆည်းရပြီး...

မနက် သူတို့တွေ မနိုးခင်က ထနှင့်ရပြီး စားသောက်ဖို့ အဆင်သင့် လုပ်ထားရပါ၏။

နေ့ခင်းဘက်တွင်လည်း နာရီဝက်ပြည့်အောင် နားရသည့်အချိန်မရှိပါ။ မခင်နွေ အလုပ်လုပ်ရသည်ကို မကြောက်ပါ။ လုပ်ချင်ပါသည်။ အဆူခံရမှာကိုဖြင့် ကြောက်ရွံ့အားငယ်လှပါသည်။ စိတ်ဆင်းရဲရပါသည်။ သည်အတွက် ကိုယ့်ဘက်က အမှားမရှိရလေအောင်၊ ထာဝရအလုပ်နှင့် လက်နှင့် မပြတ်အောင် နေခဲ့သော မခင်နွေပါ။

ယခုညအဖြစ်ကိုဖြင့် မခင်နွေ၏ အသက်နှစ်ဆယ်ကျော်အတွင်း အချောက်ချားဆုံး ကြုံတွေ့ရသည့် အဖြစ်ပါ။

ကာယကံရှင်များက ခံစားမှုကိုယ်စီနှင့် ကြည်နူးနေကြမည်





ဖြစ်သော်လည်း မခင်နွေမှာဖြင့် တုန်တုန်ရီရီ ဖြစ်နေရသည်။

"ဦးလေးကို ပြန်ပြောရရင် ကောင်းမလား"

"အို...မကောင်းဘူး...မကောင်းဘူး"

"ငါ မပြောရဲဘူး...ငါ့ကြောင့် ပေါက်ကွဲကုန်ကြလိမ့်မယ်"

"ဒါဖြင့် ဒီတိုင်း နေရမလား"

"သည့်ထက်ဆိုးမှ ဦးလေးနဲ့ ရှိန်းတို့ သိရင်တော့ ဒုက္ခပဲ"

"ငါ ဘာလုပ်ရမလဲ"

"အို...ငါ့ဟာငါ...မသိသလိုနေတာပဲ အကောင်းဆုံး ပါပဲလေ"

ညနေက ကျန်သော ဟင်းခါးကို နွေးပြီး နယ်ပြီးသား ခေါက်ဆွဲခေါက်နှင့် ... ဖန်းနှင့် ထည့်၍ အပေါ်ထပ်သို့ တက်ခဲ့ရပါသည်။

"ခုန ကားသံ ကြားတယ်။ ဖေဖေပြန်လာတာလား... မေမေ ပြန်လာတာလားဟင်...မမနွေ"

"အန်တီမြ"

"မေမေက ရှိန်းဆီတောင် တက်မလာဘူး"

မခင်နွေ၏ ရင်မှာ ဆို့ကျဉ်သွားပါသည်။ တစ်ဦးတည်းသော သားလေးကို ဒေါ်မြမြခင် ယခင်က သိပ်ချစ်ရှာပါသည်။ လူကောင်ကြီးထွားလာသည့်တိုင် မိခင်ပေါင်ပေါ်မှာ ထိုင်ဆော့တုန်းပါ။ ရှိန်းကို မနိုင်မှသာ မချီတော့တာပါ။

ရှိန်းကလည်း အမေကို သုံးနှစ်သားလေးလို ချွဲတုန်းနွဲ့တုန်း ငဆာတုန်းပါ။

ခါတိုင်း သူ့အပြင်က ပြန်လာသည့်အခါ၊ သို့မဟုတ် ရှိန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်လာသည့်အခါများတွင် သားအမိနှစ်ယောက် တပူးတွဲတွဲနှင့် စကားတွေ တတွတ်တွတ်နှင့် နေကြပါသော်လည်း...

ယခု ဒေါ်မြမြခင်သည် ကိုယ့်ရင်မှ မွေးဖွားထားသော သားလေးကိုပင် မေ့လျော့သွားလေပြီလား။

"စားလို့ကောင်းလိုက်တာ"

"ယူဦးမလား ရှိန်း"

"ဗိုက်ကတော့ ဝပါပြီ။ ပါးစပ်က စားချင်သေးတာ သိပ်ကောင်းလို့၊ မမနွေ ဘာပဲ ချက်ချက်...ဘာပဲ လုပ်ပေးပေး ရှိန်းတော့ သိပ်စားလို့ ကောင်းတာပဲ"

"ဝမ်းသာပါတယ်မောင်လေးရယ်"

စောစောဆီက ပူလောင်နေသော ရင်ဆီသို့ ရှိန်း၏ စကားကြောင့် ကြည်နူးမှု လေပြည်ညင်းလေး တိုက်ခတ်လာရသည်။

ရှိန်းစားပြီး ပန်းကန်များကို သိမ်းဆည်းပြီး အောက်ဆင်းခါနီးတွင်...

"မမနွေ"

"ဟေ..."

"မမနွေကို ပြစရာ ရှိတယ်"

"ဘာလဲ"

"မေမေတို့ကို ပြန်မပြောဘူးဆိုမှ ပြမယ်"

"သိပါတယ်၊ ရည်းစား ဓာတ်ပုံ မဟုတ်လား"

"ဟာ...မမနွေ။ ဘယ်လိုလုပ်သိလဲ"





"ငယ်ငယ်လေးကတည်းက အတူနေလာကြတာ ရှိန်းရယ်၊ ရှိန်းမျက်နှာမှာ ဘာဆိုရင် ရင်ထဲမှာ ဘယ်လိုဆိုတာ မမနွေက သိပြီးသားပါ"

"သိတာက ဟုတ်ပါပြီ။ ပြန်မပြောဘူးဆိုမှ ပြမှာဗျ"

"စိတ်ချ...စိတ်ချ...မပြောပြဘူး၊ ပြစမ်းပါ"

ပန်းကန်များ ထည့်ထားသည့် ဗန်းကို စားပွဲပေါ်သို့ ပြန်ချလိုက်ရသည်။ ရှိန်းက သူ့စားပွဲ အံဆွဲထဲတွင် လုံလုံခြုံခြုံနှင့် တရိုတသေ သိမ်းဆည်းထားသော စက္ကူအိတ်လေးကို ထုတ်လိုက်သည်။ ပြီးတော့ ပို့စကတ်ရွယ် ဓာတ်ပုံတစ်ပုံကို ထုတ်ပြပါ၏။

ပန်းခြံတွင်း တစ်နေရာမှာ ပြုံးပြုံးလေး ရပ်နေကြသော ကောင်မလေးနှစ်ယောက်။

တစ်ယောက်က အရောင်နုလေး ဝတ်ထားသည် ထင်ပါ၏။ ဖြူဖြူနုနု ရိုးရိုးယဉ်ယဉ်လေးနှင့် ဆံပင်ရှည်ကို ခါးကျော်သည်အထိ သည်အတိုင်း ဖြန့်ချထားသည်။ အပြစ်မဲ့မျက်နှာနုနုလေးက ချစ်စရာလေးပါ။

နောက်တစ်ယောက်က Hot ဟော့(တ်) ဖြစ်သည်။ ဘလောက်(စ်) အနက်ခံပေါ်တွင် ရင်ဘတ်၌ ဂစ်တာတီးနေသော ဟစ်ပီတစ်ယောက်၏ ပုံကြီးပါသော ဒီဇိုင်းနှင့် ပုံစံခပ်ဆန်းဆန်း၊ ဆံပင်ကနားရွက်အောက် ရောက်ရုံ တိုတိုလေးနှင့် မျက်နှာက ခပ်ညှုညှု၊ မျက်ဝန်းတောက်တောက်၊ နှုတ်ခမ်းလေးကို တမင်စူထားပြီး ခပ်စောင်းစောင်းလေး စိုက်ကြည့်နေသည့် မိန်းကလေးတစ်ယောက်၏ပုံ...



www.burmeseclassic.com

www.burmeseclassic.com



"ရီဝေဦးဆိုတာ ဒါ မဟုတ်လား"

မခင်နွေက ရိုးရိုးယဉ်ယဉ်နှင့် ပထမ မြင်ရသော ကောင်မလေး ပုံကို လက်ညှိုးညွှန်လိုက်သည်။ ရှိန်းက မခင်နွေ၏ လက်ညှိုးနေရာကို ကြည့်လိုက်ပြီး...

"မဟုတ်ဘူး...ဒီဘက်က ဘလောက်(စ်)နဲ့ဟာ"

"ဟင်..."

"ဘာဖြစ်လို့လဲဗျ။ ရှိန်းရဲ့ ရီဝေဦးက ဘယ်လောက်မိလဲ တွေ့တယ်မဟုတ်လား"

"ရှိန်းရဲ့ ရီဝေဦး"

ဆိုသော မိန်းကလေးကို နှစ်ခြိုက် ကျေနပ်လှခြင်း မရှိမိ သော်လည်း...

'ဓာတ်ပုံတစ်ပုံကို မြင်ရရုံနဲ့ သူ့ရဲ့ စရိုက်ကို အကဲခတ်နိုင် မလွယ်ပါဘူးလေ'

'ဘာပဲဖြစ်ဖြစ် ငါ့မောင်လေး ချစ်သူဟာ သူ့ပေါ်မှာ စိတ်ချမ်း သာမှုကို ပေးစွမ်းနိုင်တဲ့၊ ချစ်တတ်တဲ့၊ သစ္စာရှိတဲ့၊ အိမ်ထောင်မှု စိတ်ဝင်စားတဲ့၊ မိသားစုကို ချစ်မြတ်နိုးတဲ့ အမျိုးကောင်း သမီး လေးသား ဖြစ်ပါစေတော့'

"လှလား...ဟင်"

"အြော်...အေး...လှပါတယ်"

"မမနွေ...ဘာတွေ စဉ်းစားနေတာလဲ"

"အြော်... ငါ့မောင်လေးအပေါ်မှာ အိမ်ရှင်မကောင်း တစ် ယောက် ဖြစ်လာနိုင်..."

"ဟာ...မမနွေကလည်း အိမ်ရှင်မအဆင့် အသာထားဦး၊ အခုတောင် သေသေချာချာ ကြည့်သေးတာ မဟုတ်ဘူး"

"အင်း...ဟင်း...ဟင်း...ဟုတ်ပါရဲ့။ မမနွေကလည်း ဆန္ဒစောသွားတယ်"

"ကြည့်မလိုလို မကြည့်မလိုလိုနဲ့။ ဗိုလ်မှူးသားတစ်ယောက်ကလည်း လိုက်နေတယ်။ သူ့အစ်ကို သင်္ဘောကပ္ပတိန် ပါလာတဲ့ကား ကီ(ဖ်)ကို ကျောင်းယူယူလာတဲ့ ကောင်နဲ့လည်း စကားတွေ ပြောကဆိုကြနဲ့"

"ဟင်...ရှိန်းနဲ့ရော"

"ရှိန်းကိုတော့ သူ အရေးအပေးဆုံးပါ"

"ဒီဓာတ်ပုံက သူပေးတာလား"

"ဟုတ်တယ်...ချစ်သူအဖြစ်ရောက်မှ သူ့တစ်ယောက်တည်းပုံ ပေးမယ်တဲ့။ ဒီဘက်ကလည်း သူ့ သူငယ်ချင်း၊ ရှိန်း သူငယ်ချင်းပါပဲ"

"အြော်..."

"ရှိန်း သူ့ကို သိပ်ချစ်တယ်ဗျာ"

"အြော်...ရှိန်းရယ်။ မမနွေတို့ စိတ်ထဲမှာတော့ ကလေးလို့ပဲ ထင်နေမိသေးတယ်။ ဒါပေမယ့် အရွယ်က ချစ်ချင်၊ ကြိုက်ချင်တဲ့ အရွယ်ရောက်လာပြီပဲလေ။ နေပါဦး ရီဝေဦးက ဘယ်တော့ အဖြေ ပေးမှာလဲ"

"ဆယ်တန်းဖြေပြီးမှတဲ့"







www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကြိုးစားနော်...တော်ကြာ ရှိန်းက ကျကျန်ရစ်ရင် ဖ
ကောင်လေးတွေနဲ့ ချစ်သွားဖြစ်လိမ့်မယ်"

"ဒါကြောင့် အပြတ်ကြိုးနေရတာပေါ့"

မခင်နွေ ပြုံးမိရပါသည်။ ဘာပဲဖြစ်ဖြစ် ရှိန်း စာကျက်ပြ
သည့်အတွက်တော့ ဝမ်းသာရပါမည်။ ဆယ်တန်းကို တစ်နှစ်တည
နှင့် အောင်စေချင်သော ဆန္ဒမှာ မခင်နွေ၏ အကြီးမားဆုံးသေ
ရှိန်းအတွက် ဆန္ဒပါ။

"ရီဝေဦးက ဘယ်မှာနေလဲ"

"ရန်ကင်းမှာ"

"မိဘတွေကရော"

"သူ့အဖေက အာမခံရုံးမှာ ဘီစီ"

"အမေကလည်း အဲဒီရုံးမှာပဲ ယူဒီ"

"ညီကိုမောင်နှမရော"

"အများကြီးပဲ၊ ၇ ယောက်တောင်"

"အလုပ်ရှိကြပြီလား"

"ဘယ်ရှိမလဲ၊ ရီဝေဦးက ဒုတိယသမီး။ သူ့ထက် အကြီး
အခုမှ စယ်ကဲန်းရီးယား"

"ဩော်..."

ရီဝေဦးတို့ မိသားစု ကိုးယောက်နှင့်၊ ရရှိသည့် ဝင်ငွေနှင့် ဆို
လျှင် ချို့ချို့တဲ့တဲ့သာ ဖြစ်စရာရှိပါ၏။

ရှိန်း ချစ်နေသော ရီဝေဦးဘက်မှ တင့်တင့်တယ်တယ် ထော





ထောက်ခံခံ မရှိနိုင်ပါလား။

ဩော်... ဒါပေမယ့် ရှိန်းက ယောကျ်ားလေးပဲ။ သူ့မှာ သူ့
ဘစ်သက်စာ စားမကုန်နိုင်တဲ့ အမွေတွေ ရရှိမှာပဲလေ။ မိန်းကလေး
ဆိုတာ ယောကျ်ားလေး ရှာကျွေးရာ ဦးဆောင်ရာကို လိုက်ရမှာပဲ။

ငွေကြေး ဓနဂုဏ်ရှိန်က မလိုပါဘူး၊ ငါ့မောင်လေးပေါ်မှာ
သစ္စာရှိရှိနဲ့ ချစ်မြတ်နိုးတတ်တဲ့ ရီဝေဦးသာ ဖြစ်ပါစေတော့ကွယ်။

"ရီဝေဦးနဲ့ အမြန်ကြည်ပါစေလို့ မမနွေ ဆုတောင်းပါတယ်။
ဲ...စာဆက်ကျက်လိုက်ဦး ဟုတ်လား။ မမနွေအောက်ဆင်းတော့
ယ်"

"အဟား...ဒါမှ တို့မမနွေ"

ရှိန်းက မခင်နွေ၏ လက်မောင်းတစ်တစ် ပြည့်ပြည့်ကြီးကို
ဲမ်ဆွဲ ိုက်သည်။ နာကျင်လှပါသော်လည်း ကျေနပ်လွန်းရသည်ပါ။

မခင်နွေ အောက်သို့ ပြန်လည် ဆင်းလာပြီးသည်အထိ ဒေါ်မြ
မြခင်မှာ စောစောက ပုံစံအတိုင်း ထိုင်လျက် နေပေသည်။

သူ့ဘေးမှ မခင်နွေ ဖြတ်လျှောက်သွားသည်ကိုပင် သူလှည့်
ကြည့်ပါ။

ဒေါ်မြမြခင်မှာ နက်နဲရှုပ်ထွေးလွန်းသော ပြဿနာရပ်များကို
ွေးတောနေလေသလား။

မခင်နွေ ပန်းကန်များကို ဆေးကြောနေစဉ်၊ ခြံတွင်းသို့
ဘက်(စ်)ဝက်ဂန်းကား ဝင်လာသည်။

ဦးလေးက ကိုယ်တိုင်မောင်းသည်။ အန်တီမြက ကရိုလာ ထဲ့ခါး



www.burmeseclassic.com

www.burmeseclassic.com



လေးပေါက်ကားကို ကိုတင်မောင်နှင့် စီးလာ၏။

"ဦးလေး ဦးသက်ထွန်း ပြန်လာပြီ"

ဟူသော အသိကြောင့် ဆေးပြီးသော ပန်းကန်များကို အမြ
သိမ်းရသည်။ အုပ်ဆိုင်း သိမ်းဆည်းစရာများကို အမြန်ဆုံး သိ
ဆည်းပြီး မီးပိတ်၍ အခန်းတွင်းသို့ အမြန် ပြေးဝင်လိုက်ရပါသည်
ကြီးစောကဖြင့် တခေါခေါနှင့် နှစ်ခြိုက်စွာ အိပ်ပျော်လျက်ပါ။

မခင်နွေ အမြန်ပုန်းအောင်း ရှောင်ရှားခဲ့သည်မှာ မှန်နေပါ
ထင်သည့်အတိုင်းပင် ဦးသက်ထွန်းနှင့် ဒေါ်မြမြခင်တို့ ပြဿနာစ
လေသည်။

"မင်း ဘယ်က ပြန်လာတာလဲ"

"ဘယ်ကပြန်ပြန် ရှင့်အလုပ်မဟုတ်ဘူး။ ရှင့်ကို မေးစရာရှိ
တမင်စောင့်နေတာ"

"ဘာလဲမြရယ်...အပေါ်မှာ သားလေး စာကျက်နေတယ်
ပြဿနာမတက်ချင်ပါနဲ့ကွာ"

"အံမယ်... ရှင်က ကျုပ်ထက် ပိုသဲနေစရာမလိုပါဘူး။ စကာ
မလွှဲပါနဲ့"

"ကဲ...ကွာ ဘာပြောမလဲ ပြော"

"ဗိုလ်ဆွန်ပက်လမ်းက ဒေါ်ခင်စိုးပိုင် ရောင်းပေးပါဆိုပြီး
လက်ကောက် အပ်ထားတယ် မဟုတ်လား"

"ဟုတ်တယ်"

"အဲဒါ ဘယ်မှာလဲ"





"ပြန်ပေးလိုက်ပြီလေ"

"ဒီကောင်မကို ဒါမျိုး လုပ်လို့ မရဘူး၊ ကျုပ် ဒေါ်ခင်စိုးပိုင်နဲ့
...ခဲ့ပြီးပြီ"

ဦးသက်ထွန်း ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ပြီးမှ...

"အေးလေ ရောင်းရလို့ သူ့ကို ငွေပြန်ပေးလိုက်ပြီပဲ"

"ဘယ်လောက်ပေးလဲ"

"နှစ်သောင်း"

"လက်ကောက်က လေးသောင်းနှစ်ထောင်နဲ့ ဖြတ်တယ်ဆို"

"အင်း"

"ကျန်တဲ့ ငွေရော"

"ရွှေတွေ အဝင်များလို့ ခဏလှည့်ထားတာပါ။ ဒေါ်ခင်စိုးပိုင်
...ည်း ကျေနပ်ပြီးသားပါ။ နှစ်ပတ်အတွင်း ပြန်ပေးမှာပါ"

"ရှင်မညာနဲ့၊ အဲဒီလက်ကောက် ရှင့်မယားငယ်ကို ဝယ်ပေး
...ပြီမဟုတ်လားဟင်"

"ဟာ...မဟုတ်ရပါဘူးကွာ၊ တကယ်ပါ။ ဒီလောက် အဖိုးတန်
...ကြီး မပေးရဲပါဘူး၊ ရွှေဆိုင်က စာရင်းတွေ မြပဲ အမြဲ စစ်နေ
...ပဲ"

"ရှင့်ကောင်မကို တိုက်ခန်းဝယ်ပေးတာရော"

"အဲဒါလည်း ရှင်းပြပြီးပြီပဲ။ မြပဲ စာရင်းစစ်တာပဲ။ ဘယ်မှာ
...ာလို့လဲကွာ"

"ရှင် ယောကျ်ားတန်မဲ့နဲ့ အရှက်မရှိ လိမ်ညာပြောတိုင်း ဒီ
...င်မက ယုံမယ်ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ…ကဲ ကိုယ်ဘာလုပ်ရမလဲ"

"ဒီနေ့ လက်ကောက်ကိစ္စ ကြားလာရလို့ ရှင့်ကို သတ်ချင် တာ"

"သတ်ချင်လည်း သတ်လိုက်ကွာ၊ သေလည်း အေးတာပဲ

"ဟင်း…ရှင်ကများ ဒီဘဝကနေ သေချင်ရသေးတယ်လား ဘယ်လိုဘဝက လာခဲ့တဲ့ကောင်ဆိုတာရော ပြန်တွေးသေးရဲ့လ သူဌေးကြီး ဦးသက်ထွန်းဆိုပြီး ရှင့်ကိုယ်ရှင် ဘဝင်မြင့်မနေ ဒီမှာ…"

"ငါ အတတ်နိုင်ဆုံး သည်းခံနေတယ်နော် မြမြ"

"သည်းမခံလို့ရော ရှင်က ဘာလုပ်ချင်သေးလို့လဲ"

"တော်…မြမြ"

"မတော်ဘူး…ကျုပ် စိတ်ညစ်သလို ရှင် စိတ်ညစ်ရမယ်။ အသည်းနှလုံး ကွဲကြေသလို ရှင့်ကို ပြန်ကလဲ့စားချေပြမယ်၊ ရှင်ဒီအိမ်ပေါ်က ခွေးလိုဆင်းရမယ်။

"တောက်"

တက်ခေါက်သံနှင့်အတူ ဝုန်းဆိုသော အသံတစ်ချက်ကို လိုက်ရသည်။ ဒေါ်မြမြခင်ထံမှ ဘာသံမှ ထွက်မလာ၊ အမာခံ ထုနှက်သံမျိုး ဖြစ်ပါ၍ စားပွဲကို ဦးသက်ထွန်း လက်သီးနှင့် လိုက်သည် ထင်ပါ၏။

သည့်နောက်မှာဖြင့် ဦးသက်ထွန်းထံမှ ဘာသံမှ ထွက် တော့ဘဲ အိမ်ပေါ်ထပ်သို့ တက်သွားပြီဖြစ်ကြောင်း မ အသံကြားလိုက်ရပါ၏။





'သြော်…ဒီလောက် ပက်ပက်စက်စက် ပြောတာတောင် ဒေါသ ထိန်းချုပ်နိုင်ရှာတယ်။ ဦးလေးဟာ သူ့သားလေးကို အတော်ပဲ ချစ်မှုရှိပါတယ်'

အကယ်၍ ဦးသက်ထွန်းသည်သာ မိမိ၏ ဦးလေးအရင်း ဆို လျှင် မခင်နွေ ဝင်၍ ရန်တွေ့လိုက်မိမည်ထင်ပါသည်။ ယခုပင် မှာ တဒိတ်ဒိတ်ခုန်နေသည်။

ဒေါ်မြမြခင်မှာ မောက်မာလွန်း၊ ကြမ်းကြုတ်ရက်စက်လွန်းပြီး သားပေါ်တွင် မိုက်ရိုင်းစော်ကားလွန်းသော စကားများကို ပြော ရုံမက…

အသက်အရွယ်နှင့် မလိုက်ဖက်အောင် အိမ်ထောင်ရှင်မ တစ် ယောက်၏ အထွတ်ထိပ်ဆုံးသော ဖောက်ပြားမှုကြီးကို မိုက်မိုက်မဲမဲ ကျူးလွန်ရဲသော မိန်းမကြီးပါတကား။

✽



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"စာသွားကျက်ပါ့မယ်ဆိုမှ မင်းဂစ်တာကြီးက ဘာလုပ်ဖို့လဲ

"မင်းတို့ခေါ်လို့ လိုက်တာ။ ငါက စာကျက်မှာမှ မဟုတ်ဘ

ဘာလဲ...မလိုက်ရဘူးလား"

"တက်စမ်းကွာ၊ မင်းပါမှ ဟိုဟာလေး ဒီဟာလေး ခိုင်းရမှာ

"ခွေးတိရစ္ဆာန်၊ မောင်းစမ်း"

ပြည်ထောင်စုရိပ်သာမှ ဒုဗိုလ်မှူးကြီး၏သား "သီဟမင်း"

ရှိန်းကိုဆွဲပြီး သူ့ဂစ်တာကြီးကို နောက်ခန်းထဲ ပစ်ထည့်လိုက်သည်

သီဟမင်း ကားတံခါးမပိတ်ရသေးမီ ရှိန်းက ကားကို တရကြမ်

မောင်းထွက်ခဲ့တော့သည်။

သူတို့ ဒုတိယခေါ်ရမှာက စမ်းချောင်းမြင့်မိုရ်လမ်းမှ "ကျော

ဆန်း"

ကျော်ဆန်းကို တင်ပြီးသည့်အခါ ရန်ကင်းရှိ ရီဝေဦးထံသို့သ

ဦးတည်ရပါပြီ။





ရီဝေဦးတို့ တိုက်ခန်းတွင် "ပပလွင်" သန္တာထွန်း" နှင့် "မိုးမိုးမြင့်"တို့ စောင့်နေကြပေလိမ့်မည်။

ကျော်ဆန်းက မတက်လို၊ ကားစောင့်နေမည်ဆိုပါ၍ ရှိန်းနှင့် သီဟမင်းတို့ နှစ်ယောက်မှာ ရန်ကင်းရှိ ရီဝေဦးတို့၏ လေးထပ်တိုက် အပေါ်ဆုံးထပ်သို့ တက်ခဲ့ရပါ၏။

"ဟေး...ရှိန်း"

"ဟယ်...သီဟပါ"

ရီဝေဦးက အံ့သြဝမ်းသာဟန်ကို လှလှပပလေး ပြလိုက်သည်။

ကြိမ်ပေါက်နေပြီ ဖြစ်သော ဆက်တီကုလားထိုင် ဟောင်းဟောင်းပေါ်မှ ညစ်ပေနေသော အဝတ်ဟောင်းကို စုကျုံးလိုက်ပြီး နောက်ဘက် ဝရန်တာတွင် သည်တိုင်း ပစ်ပုံထားလိုက်သည်။

ကလေးငယ်များက မျက်စိနောက်အောင် ဆော့နေပြီး ရီဝေဦး၏ ညီမအငယ်ဆုံး သုံးနှစ်သမီးရွယ်လေးက ထမင်းဇလုံတစ်ခုကို ခြေဆင်းထားသော သူ့ပေါင်ပေါ်တွင် တင်ထားသည်။ သူ့ပတ်ဝန်းကျင်တွင် ထမင်းလုံးများ ပေပွနေပါ၏။ သူ့အထက်ကောင်လေးက သူ့ကို စနေသည်။ ကလေးက ထမင်းကို ဆုပ်ပြီး လှမ်းပေါက်ရင်း ငိုမဲ့မဲ့လေး ဖြစ်နေပါ၏။

"ပပလွင်နဲ့ မိုးမိုးမြင့်တော့ ရောက်နေပြီ။ သန္တာထွန်းက ကြွမလာသေးဘူး"

ရီဝေဦး ပြောနေစဉ် ပပလွင်က ထဘီကို ပြင်ဝတ်ရင် အခန်းထဲမှ ထွက်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"သွားခေါ်ကြမလားဟေ့"

"ဟင်...သူ့အိမ်က မြို့ထဲမှာ။ ကားမောင်းရမယ့် လူကို အားနာပါတယ် ဟေ့ကောင်ရာ"

ရီဝေဦးက ထုံးစံအတိုင်း သူ့နှုတ်ခမ်းလေးကို စု၍ စူလိုက်ပြီး ရှိန်းကို ဝင့်ကြည့်လိုက်သည်။

"ရပါတယ်၊ ခေါ်ချင်သွားခေါ်လေ"

"ဒီကပဲ ခဏစောင့်ကြည့်ရအောင်ပါ"

ရှိန်း၏ စကားကို သီဟမင်းက ပယ်ချလိုက်သည်။

"တို့မှာတော့ ဘာမှ ညှော့ခံစရာ မရှိဘူးနော်...ရှင်းရှင်းပဲ"

သည်တစ်ခါတော့ ရီဝေဦး၏မျက်ဝန်းက သီဟမင်းထံမှာ ခပ်ကြာကြာ ဝေ့ဝဲကြည့်လိုက်သည်။

ရီဝေဦးမည်သော ငှက်ပျိုမလေးသည် သီဟမင်းထံမှာ နားရလေမလား၊ ရှိန်း ရင်ခွင်တွင်းသို့ သက်ဆင်းရလေမလား ဆိုသည့် အဖြေကို သူကိုယ်တိုင် တွေဝေနေဆဲပါ။

ပွရှုပ်နေသော ရီဝေဦးတို့အိမ်မှာ အနံ့အသက်ကလည်း မသန့်ပြန့်တော့ အောက်သိုးသိုး ချဉ်စုတ်စုတ်နှင့်ပါ။

မမနွေသာဆိုရင် အရှုပ်တွေရှင်း၊ ကြမ်းတွေတိုက်၊ ဖုန်တွေသုတ်နှင့် မနားတမ်း အလုပ်ရှုပ်အောင် လုပ်နေမှာပဲဟူ၍ ရှိန်းက သန့်သန့်ရှင်းရှင်း နေတတ်သော သူ့မမနွေကို သွား၍ သတိရနေမိသည်။

"ဘာစားစရာ ပါကြလဲ"





ရီဝေဦးက ထိုင်စရာမရှိ၍ ဆက်တီခုံပေါ်တွင် တင်ပါးလွှဲထိုင်ရင်း လိုက်သည်။

"ငါ့မှာ ဂစ်တာပဲ ပါတယ်"

"မုန့်ဝယ်မကျွေးရင်တော့ ယူ့ဂစ်တာကြီးပဲ ကိုက်စားပစ်မှာ ဉ်"

"ဒီစိတ်တွေတောင် ပေါက်နေပြီလား၊ ဖိနပ်တွေလည်း ရှိသေးပဲ"

"ဘာလဲ...သီဟက တို့ကို ခွေးလို့ ပြောတာလား"

"နင်ပြောလို့ ပြောတာပါ"

"ဟေ့...ရှိန်း၊ တို့ကို ဘာကျွေးမှာလဲ"

"ကြိုက်တာ"

"တကယ်နော်"

"အင်းပါ"

သီဟမင်းက ကလေးကို သွားစ၊ ရေထသောက်၊ ဝရန်တာ က်နှင့် သူကြီးခေါ်အိမ်ပမာ နေနေပါသော်လည်း...

ရှိန်းမှာဖြင့် ရီဝေဦး၏ ဝန်းကျင်ဝယ် မလှုပ်ရဲ၊ မရှားရဲ၊ စကား ပြာရဲလောက်အောင် ရီဝေဦး၏ အရှိန်က ကြီးမြင့်စွာ အုပ်မိုးနေ သည်။

ရီဝေဦးမှာ အသားညိုညို မျက်နှာလုံးလုံး၊ နှာတံပေါ်ပေါ် င်ခုံးကောင်းကောင်းလေးနှင့် ကိုယ်ခန္ဓာက ကျစ်ကျစ် သွယ်သွယ် းဖြစ်သည်။ လှပလွန်းခြင်း မရှိပါသော်လည်း ရီဝေဦး၏ ဝတ်စား



www.burmeseclassic.com

www.burmeseclassic.com



ပုံနှင့် ဟန်ပန်က ဟော့(တ်)ဖြစ်လွန်းပါ၍ ရိဝေဦးကို မြင်သူတိုင်း စိတ်ဝင်စားကြရသည်။

ရိဝေဦးကလည်း သူ့ကိုယ်သူ 'လှသည်'ဆိုသော ဂုဏ်ပုဒ်ထ ဆွဲဆောင်နိုင်သည် (Attraction) အတွက်(က)ရှင်ဆိုသော အဖြစ် ပိုမိုလိုလားနှစ်သက်သည့် မိန်းကလေးပါ။

ရိဝေဦးနှင့် ရှိန်း၊ သီဟာမင်းတို့မှာ အထက်တန်းကျောင်း သူငယ်ချင်းများ မဟုတ်ကြ။ ကျူရှင်တွင် တွေ့ပြီး ရင်းနှီးသွား သူများသာ ဖြစ်ပါ၏။

ရှိန်းက မိန်းကလေးများနှင့် ရင်းနှီးလွယ်အောင် မပေါင်းတတ် သော်လည်း ရိဝေဦးက အမျိုးသားငယ်များနှင့် ဘော်ဒါဖြစ်လွ အောင် ပေါင်းတတ်သင်းတတ်သည်။

"တို့ကတော့ ဘာမှ ကျွေးစရာ မရှိဘူးနော်။ သူများကျွေးတာ ကပ်စားမှာ"

ရှိန်းသို့ မျက်ခုံးလေး ပင့်ပြီး ပြောလိုက်သည်။

"ရပါတယ်။ စားချင်တာ တစ်ခါတည်း ဝယ်သွားတာပေါ့။ ကာ ပါသွားပဲ"

"သူ့ကားလား"

သီဟာမင်းသို့ မေးလေးဆတ်၍ မေးပြန်သည်။

"မဟုတ်ဘူး၊ အဘိုးကြီး အစည်းအဝေးရှိလို့ ကားယူသွားတ ဒီကောင့်ကားနဲ့"

"သူ ဘာကားယူခဲ့လဲ"





ရှိန်းတို့အိမ်တွင် ဗောက်(စ်)ဝက်ဂွန်းနှင့် (Corolla 78 Model) ကရိုလာ ဆဲဗင်န်တီး အိတ် မော်ဒယ်(လ်)နှစ်စင်း ရှိကြောင်း ရိဝေဦး က သိထားသည်။

"ကော်ရိုလာ..."

ရိဝေဦးက အခန်းထဲ တစ်ခေါက်ဝင်သွားပြီး ဆံပင်တိုတိုလေးကို ခေါ်ပွပွလေးဖြစ်အောင် ဘီးရောလက်ပါ ကူနေသည်။ ထဘီကို စွန် တောင်ဖြစ်အောင် တမင်ဝတ်သည်။ အနားက အောက်တိုက်နေ ပါ၏။ လုံချည်က နီဝါရောင်တောက်တောက် ဘလောက်(စ်)က အနက်နှင့် ရင်ဘတ်တွင် ဒီဇိုင်းကွက်ကြီးက အထင်းသား။ ခါတ်ပုံ သဲက အကျီပါပင်။ ရိဝေဦးတို့က နွမ်းပါးသော်လည်း ညှိုးနွမ်းမနေ။ ဟော့(တ်)ဖြစ်သည့် အဝတ်အစားနည်းနည်းကိုသာ ထပ်ကာတလဲလဲ ဝတ်ဆင်တတ်သည်။

"သူတို့ ပျင်းနေကြပြီလား"

"ရပါတယ်"

ရှိန်းက ရသော်လည်း သီဟာမင်းက...

"သွားမယ်၊ တို့က စောင့်ရတဲ့ အလုပ်ဆို ဘာမှ လုပ်ချင်တာ မဟုတ်ဘူး"

"ရည်းစားထားတာကော"

ပပလွင်က၂ မေးလိုက်သည်။

"စောင့်ရတဲ့ ရည်းစား မထားပါဘူး၊ လွယ်တာပဲ ထားမယ်၊ သာ...မိုးမိုးမြင့်၊ သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်၊ နင့်စကားက ဘာလဲ"

"ဆက်သွားလို့ပါဟ"

အားလုံး ဝိုင်းရယ်ကြသည်။ မိုးမိုးမြင့်က စိတ်မဆိုးပါဘဲ စိတ်ဆိုးဟန်နှင့် ရှေ့က ဆင်းသည်။ သီဟမင်းက ပြေးဆင်းပြီး မိုးမိုးမြင့်၏ ရှေ့မှ ဝိတ်၍ လှေကားကို ဖြည်းဖြည်းချင်း ဆင်းသည်။ မိုးမိုးမြင့် ကျော်ဆင်းမည်လုပ်တော့လည်း သူက ဘယ်ရွှေ့လိုက်၊ ညာရွှေ့လိုက်နှင့် လမ်းမပေး။

နောက်က ပပလွင်နှင့် ရီဝေဦးက တစ်တိုက်လုံး သူတို့ ပိုင်ဆိုင်သည့်ပမာ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘဲ အော်ကြီး ဟစ်ကျယ် ပြောလျက် ခိုးခိုးခစ်ခစ်ရယ်ရင်း လှေကားမှ ပြေးဆင်းလာကြသည်။

အောက်တွင် ကျော်ဆန်းရော ကားရော မရှိတော့။

"သူ ကားမပါဘဲနဲ့ တို့ကို ညာခေါ်တာ"

ရီဝေဦးက စူစူညှုညှုလေး ပြောလိုက်သည်။

"ဟာ...စာကယ်ပါတာပါ၊ သီဟ ဘယ်လိုလုပ်ကြမလဲ"

ရှိန်းက မျက်နှာပျက်နေသော်လည်း...

"ခွေးသတောင်းစား ကျော်ဆန်းက ဒီလို သူခိုးကျင့် သူခိုးကြံမျိုး အမြဲရှိတယ်။ ဒီကောင် ဒီနားမှာပဲ ရှိမှာပါ"

သီဟမင်းက ပြောလိုက်ပြီး ငါးယောက်သား ရန်ကင်း တိုက်ကြီးတိုက်ကြားမှာ ချွေးပြိုက်ပြိုက်ကျအောင် ရှာရပြီးလေမှ ကားကို မြေနီလမ်းချောင်တစ်ခုတွင် သွားတွေ့သည်။

"သေချင်းဆိုး၊ ရှာလိုက်ရတာ၊ ရေခဲတိုက်ကို တန်းသွားပါလားကွ"





"ဟား...ဟား...ဟား..."

သီဟမင်း ဆဲလေ ကျော်ဆန်းက အောင်မြင်မှု ကြီးမားလေမို့ သူက အားပါးတရ ရယ်နေသည်။

"မင်းကလည်း အူကိုအူတယ်။ ဘာလို့ ကားသော့ ထားခဲ့ရတာလဲ"

ရှိန်းကို လှည့်ပြောက်၍ ရှိန်းကလည်း...

"ဒီကောင် ဒီလို သူခိုးကျင့် သူခိုးကြံ ကြံလိမ့်မယ် မထင်လို့ပေါ့ကွ"

သူငယ်ချင်းသုံးယောက် အပုပ်ချနေကြဆဲ ပပလွင်၊ မိုးမိုးမြင့်နှင့် ရီဝေဦးတို့က ကားတံခါး ဆွဲဖွင့်လိုက်ကြသည်နှင့်...

"ဟာ..."

"ဟယ်...ကြည့်စမ်း"

"အောင်မယ်...နင်ပါ ကြံရာပါပေါ့လေ"

ကားနောက်ခန်းတွင် စတိုင်နှင့် ခွေခွေလေး လှဲပုန်းနေသော သန္တာလွင်ကို မြင်လိုက်ကြရ၍ အသံသေးအသံကြောင်နှင့် အော်ဟစ်လိုက်ကြသည်။

ကျော်ဆန်းက...

"အေး...ငါတို့ နှစ်ဦးသဘောတူ ခိုးပြေးလာကြတာ"

လှဲ၍ ပုန်းနေရာမှ သန္တာထွန်းက ဝုန်းဆို ထလာပြီး...

"ကျော်ဆန်းနော်၊ ငါ လက်ဝါးယားလာပြီ"

"လက်ဝါးယားရင် ငွေဝင်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပါးရိုက်ချင်လို့ဟော့…"

"ဟ…ငါ ဘာပြောလို့လဲ။ နင်နဲ့ ငါနဲ့ နှစ်ဦးသဘောတူ ဒီကားကို းလာပြီး ဒီမှာ ပုန်းနေတာ မဟုတ်ဘူးလား"

ကျော်ဆန်းက ပထမ တမင်ပြောခြင်းဖြစ်ပါသော်လည်း သူ့ အဖြေက သင့်မြတ်ပါ၍ သန္တာထွန်း ငြိမ်သွားရသည်။

အမှန်တော့…

ကားထဲတွင် ကျော်ဆန်းတစ်ယောက်တည်း စောင့်နေစဉ် သန္တာထွန်း ရောက်လာခြင်း ဖြစ်ပါ၏။ သန္တာထွန်းက တိုက်ပေါ်သို့ မတက်ဖြစ်မီ ကျော်ဆန်းနှင့် စကားပြောနေရာက သူတို့ ပုန်းနေဖို့ အကြံရခြင်း ဖြစ်ပါ၏။

"ကဲ…တက်ကြကွာ။ သွားမယ်"

ရှိန်း နှိုးဆော်လိုက်မှ နောက်ခန်းတွင် ပပလွင်၊ မိုးမိုးမြင့်၊ သန္တာထွန်းနှင့် ရီဝေဦး။

ရှေ့ခန်းတွင် ကျော်ဆန်းနှင့် သီဟမင်း။ ရှိန်းက ကားမောင်း လာရင်း…

"အင်းလျားပဲ သွားကြမယ်မဟုတ်လား"

"ဘာလဲ၊ ရီဝေတို့ကို ရေပဲ အဝတိုက်တော့မှာလား"

"သြော်…ဟုတ်ပါရဲ့၊ ဘာစားကြမလဲ"

"ခမေ့ကောင်းကြီးလေ"

"ကားမောင်းတဲ့ဆီပဲ စိတ်ရောက်သွားလို့ပါ။ ကဲ…ပြောကြ ဘာစားကြမှာလဲ"





"ရီဝေတော့ ဒံပေါက်ပဲ စားချင်တယ်"

"ကျန်တဲ့လူတွေကရော"

"ရီဝေဦး ပေါက်တော့လည်း လိုက်ပေါက်ကြတာပေါ့"

"ကျော်ဆန်းနော်"

ရီဝေဦး လက်သီးချက်က ကျော်ဆန်းပခုံးပေါ် ကျသွားသည်။

"အညောင်းပြေလိုက်တာ၊ ရှိန်းမင်းကားထဲမှာ အနှိပ်သယ် ည်း ပါတယ်ကိုး"

နောက်ထပ် ရီဝေဦး၏ လက်သီးချက်များကို ကျော်ဆန်းက နေအောင် ရှောင်လိုက်ရသည်။

ပပလွင်က တစ်စခန်း ထလာပြန်သည်။

"သီဟ နင့်ပစ္စည်းကြီး နင်ပဲ ယူထား၊ ငါ့ပေါင်ပေါ် တစ်ချိန်လုံး င်လာရတယ်"

"ဘာလဲဟ"

"နင့် ဂစ်တာကြီးပေါ့"

"ရှေ့မှာ နေရာမရှိဘူး"

"နောက်က လေးယောက်ထိုင်ရတာ ပိုပြီး ကျပ်သေးတယ်"

"ကဲပါ၊ လျှာမရှည်ကြပါနဲ့၊ မိုးမိုးကို ပေးစမ်းပါ"

မိုးမိုးမြင့်က Hollow ဂစ်တာမှ ညှပ်ထားသော တြိဂံပုံ ပက် ယ်ထရမ်(မ်)ကို ယူပြီး တစ်လမ်းလုံး တဂွမ်ဂွမ်နှင့် တီးလာတော့ သည်။

မြေနီကုန်းတွင် ဒံပေါက်ထုပ်နှင့် ကရင်(မ်)ဆော်ဒါပုလင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပြီး အင်းလျားကန်အတွင်းသို့ ဝင်လာခဲ့ကြသည်။ ဆယ်တ
ဖြေခါနီး စာစု၍ ကျက်ရန်ဟူသော ရည်ရွယ်ချက်နှင့် ထွက်ခဲ့ကြသေ
သူငယ်ချင်းတစ်သိုက်မှာ ထမင်းဝိုင်းဖွဲ့စားပြီးသည့်အခါတွင် နေ့
ကျော်ကျော် ရှိသွားခဲ့လေပြီ။

"တို့တော့ စာမကျက်ဘူးနော်၊ ဂစ်တာတီးမှာ။ ရီဝေဦး သီချ
ဆိုဟာ"

"ဖီလင် မလာရင် တို့ ဘာသီချင်းမှ မဆိုဘူး"

ရီဝေဦးက ထသွားပြီး သရက်ပင်မြစ်ပေါ်တွင် ထိုင်နေသည်

"သန္တာထွန်း ဆိုဟာ"

"ဘာဆိုရမလဲ"

"နင်ကြိုက်တာပေါ့"

"ငါက အင်္ဂလိပ်သီချင်းမှ ဆိုချင်တာ။ နင်...နင် ရစ်သမ်(ဂ
တီးမှာလား"

"ရစ်သမ်နဲ့ လိ(ဒ်) တွဲတီးမယ်"

"ဒါဖြင့် It's so easy! ပဲ ဆိုမယ်"

သန္တာထွန်းနှင့် သီဟမင်းတို့ ပြေလည်သွားကြသည်။

"ချစ်ပစ်လိုက်ဖို့ အလွယ်လေးပါ"ဟူသော အဓိပ္ပာယ်ရသည်
Linda Ronstadt ၏ It's so easy to fall in love' ဆိုသော သီချ
အပြီးတွင် သီဟမင်းက သူကိုယ်တိုင်တီးရင်း Santana အဖွဲ့၏ 'Bla
Magic Woman' ကို ဆိုသည်။ နားထောင်၍ ကောင်းပါ၏။

ကျော်ဆန်းကမူ အသံလေးသေးသေးနှင့် အစ်၍ ဆိုထားသော





Bee Gees ၏ 'Tragedy' ကို ဆိုသည်။ ဘာသံ ထွက်နေမှန်းကို မသိ။
းထောင်ရသူဟိုင်း စိတ်မချမ်းသာ။

သူတို့တီးဝိုင်းနှင့် ဝေးရာမှာ သွားထိုင်နေသော ရီဝေဦးထံသို့
ဒ်းက ထသွားသည်။ ရီဝေဦးရှေ့တွင် ထိုင်ပြီးသည်နှင့်...

*...ရှင်းနေပြီ၊*

*အောင်သွယ်တွေ မလိုတော့ပြီ...*

*ကြားစကားများ မယုံနဲ့...*

*ဘေးဖယ်ထား...*

*ခပ်မိုက်မိုက်...ချစ်ကြစို့...*

*ခပ်မိုက်မိုက်...ချစ်ကြစို့...*

ဆိုသော ဘိုဘိုဟန်နှင့် သျှား၏ သီချင်းကို တမင်ဆိုနေကြ
သည်။ ကျော်ဆန်းနှင့် သန္တာလွင်တို့ပါပဲ။

ရှိန်းက သူတို့ကို ဂရုမစိုက်တော့ပါဘဲနှင့် ရီဝေဦးသို့သာ။

"ရီဝေရယ်၊ ကိုယ့်ကို မမုန်းပါဘူးသာ ပြောတယ်။ ဘာလို့ အဖြေ
ပေးသေးတာလဲ ဟင်"

ရီဝေဦးက ရယ်သည်။ မြေခဲတစ်ခဲကို ကန်ရေပြင်ပေါ်သို့ ပစ်
ပေါက်လိုက်ပါ၏။ ငြိမ်နေသော ကန်ရေပြင်မှာ ကျလာသော ခဲရှိန်
ကြောင့် သွက်သွက်ခါ လှုပ်ရှားသွားရသည်။

"သူ...ရီဝေ့ကို လက်ထပ်နိုင်လို့လား"

"ဟင်..."

"ရီဝေမေးတာ ဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို...ဘာလို့ လက်မထပ်နိုင်ရမှာလဲ ရီဝေရဲ့ ရီဝေ့ကို ကိုယ် တကယ်ချစ်တာပဲဟာ"

"အခု လက်ထပ်နိုင်မှာလား"

"ဟာ...ဒါတော့"

"ပြောပါ...သူ့ရင်ထဲမှာ ရှိတာတွေ ရီဝေ သိချင်တယ်"

"ရီဝေကို ချစ်တယ်၊ လက်ထပ်မယ်၊ ဒါပေမယ့် ကိုယ်တို့ စာမေးပွဲ ဖြေကြမယ်လေ။ တက္ကသိုလ်မှာ အတူတက်ပြီး ဘွဲ့ရတော့ လက်ထပ်ကြတာပေါ့"

"ဒါဖြင့်လည်း သူဘွဲ့ရတဲ့ အချိန်ကျမှပဲ ရီဝေ့ကို ချစ်တဲ့စကား လာပြောပါလေ"

"အို...ရီဝေကလည်း...တက္ကသိုလ်ကို တူတူသွားကြရအောင်ပါလေ။ ရီဝေအောင်ပြီး ကိုယ်ကျခဲ့မှာစိုးလို့ အခု စာသိပ်ကျက်နေပါပြီ။ ရီဝေ့အတွက်ပါ"

ရီဝေဦးက ခေါင်းကို ခါရမ်းလိုက်သည်။

"ရီဝေ တက္ကသိုလ်ဆက်တက်ဖို့ဆိုတာ မသေချာ မရေရာသေးပါဘူး။ သူတို့လိုလည်း မချမ်းသာဘူး၊ မောင်နှမတွေကလည်း များတယ်လေ"

"ကျောင်းစရိတ်အတွက်လောက်တော့ ကိုယ်တာဝန်ယူနိုင်ပါတယ်။ ရီဝေ့ကို ကိုယ်သိပ်ချစ်ပါတယ် ရီဝေ"

ရီဝေဦးက တည်ငြိမ်စွာ ခေါင်းခါယမ်းလိုက်သည်။ ပြီးတော့ လေးလေးနက်နက် လေသံနှင့် ပြောသည်။





"သူ ရီဝေ့ကို တကယ်လက်ထပ်နိုင်မယ်ဆိုတဲ့အခါကျတော့မှပဲ ချစ်တယ်ဆိုတဲ့ စကားကို ပြောပါလေ"

သည်မျှသာ ပြောပြီး ရီဝေဦး ဂစ်တာဝိုင်းနား ထသွားသည်။

"လက်ထပ်နိုင်မယ့်နေ့"

ရှိန်းရင်မှာ ပဲ့တင်ထပ်လာလာသည်။

ကန်ရေပြင်မှ ဂယက်လေးများသည် ရှိန်း၏ နှလုံးသားသစ်ကလေးကို လာရောက်ရိုက်ခတ်နေသည်သို့ပါ။

ရီဝေဦးကို သူချစ်မိသည်တော့ အမှန်ပါ။ လက်ထပ်ဖို့အထိ စဉ်းစားမိသေးသည်ကလည်း အမှန်ပါ။

သူတို့အရွယ်၏ ချစ်ခြင်းမေတ္တာနှင့် လက်ထပ်သင့်ပြီဖြစ်သော အရွယ်အပိုင်းအခြားတို့ကြားမှာ ကာလများစွာ ဝေးကွာနေပေလိမ့်ဦးမည်ဟု ရှိန်းထင်ခဲ့မိသည်။

ရှိန်းက ချစ်သည်။ ရီဝေဦးက ပြန်ချစ်လာလျှင် တူမျှသော ချစ်ခြင်းမေတ္တာများဖြင့် ချစ်သူဘဝတွင် ပျော်ရွှင်ကြမည်။

ယခုနှစ် ဆယ်တန်းကို ကြိုးစားဖြေကြမည်။ အောင်ကြလျှင်...

ကံ့ကော်ရိပ် အင်းလျားမြေ ရေတမာပင်၏ ခုံတန်းများကြားမှာ ခြားသော တက္ကသိုလ်ကျောင်းမှ ချစ်သူစုံတွဲများလို တတွဲတွဲ ခွဲမခွာ ပျော်ရွှင်ကြမည်ဟုလည်း ရည်မှန်းထားခဲ့သည်။

လက်ထပ်ကြမည်။ အိမ်ထောင်ရှင်အဖြစ်နှင့် ဘဝကို ဘယ်လို ရင်ဆိုင်ကြမည် ဆိုသည့်အဆင့်ထိ ရှိန်း မတွေးမိသေး။ တွေးစရာလည်း မလိုအပ်ဟု ရှိန်းထင်ပါသည်။ ယခုတော့...



www.burmeseclassic.com

www.burmeseclassic.com



"သူ ရီဝေ့ကို တကယ်လက်ထပ်နိုင်မယ်ဆိုတဲ့အခါကျမှပဲ ချစ်တယ်ဆိုတဲ့ စကားကို ပြောပါလေ..."

ဟူသော ရီဝေဦး၏ စကားသည် ဘဝဆန်လွန်းသည်။ အဘိ မွှော နှယ်သည်။ သူတို့အရွယ်နှင့်၊ ရင့်ရော်လွန်းနေသေးသည်ဟု လည်း ထင်မြင်ပါလျက်...

"ငါ ရီဝေဦးကို ချစ်နေပါပြီ...ငါ့ချစ်သူကို ငါဘာလို့ လက်ထပ် မယူနိုင်ရမှာလဲ"

"လက်ထပ်ယူနိုင်ပါတယ်လို့ သူ့ကို ပြန်ခေါ်ပြောပြီး သူ့အချစ် ကို ငါ တစ်ခါတည်း တောင်းခံလိုက်ရကောင်းမလား"

"ဒါဖြင့် ငါ သူ့ကို လက်ထပ်လိုက်ရတော့မလား"

"ငါ့အရွယ်နဲ့ မိန်းမယူရတော့မလား"

"ရီဝေဦးကိုလည်း ငါချစ်ပါတယ်"

တွေဝေသော အတွေးများဖြင့် ရီဝေဦးကို လှမ်း၍ ကြည့်လိုက် မိသည်။

ဂစ်တာတီးနေသော သီဟမင်း၏ အနီးတွင် ကပ်ထိုင်ပြီး မေချို ၏ နေသာတုန်း အဝတ်လှန်းပါ သီချင်းကို သူဆိုနေသည်။ ရီဝေဦး က အသံလည်း ကောင်းသည်။

မြူးမြူးဆတ်ဆတ်လေး ဆိုနေ သည်။

"သြော်...သူကတော့ ဘာမှ မဖြစ်သလိုပါပဲလား"

"အေးလေ...သူက ငါ့ကို ပုစ္ဆာပေးထားခဲ့ပြီပဲ"

တွက်ချက်ရမှာက ငါ...





ဖြေဆိုရမှာက ငါ...ပဲ။

သူတို့ ဂစ်တာသံများ ရပ်သွားသည်။

သန္တာထွန်းက သူယူလာခဲ့သော အထုပ်ကို ဖွင့်သည်။ ဇီး ဆလာများ ဖြစ်ပါ၏။ စက္ကူထဲသို့ တစ်ထုပ်ပြီးတစ်ထုပ် ဖောက် သွန်၍ ရောက်သီးမှုန့် ငံပြာရည်များ ရောပြီး ပယ်ပယ်နယ်နယ် နယ် နေသည်။ ငံပြာရည် အစိုဓာတ်ကြောင့် စက္ကူပေါက်ပြီး အောက်က များ ရောလာသည်။

သူတို့ ဝိုင်းကြပြီး စက္ကူ၏ ထောင့်တစ်နေရာမှာ အပုံလိုက် နယ်၍ တရှုံးရှုံးတရှဲရှဲနှင့် စားကြသည်။

"ဟော့ ရှိန်း ဘာငေါင်နေတာလဲ လာစားလေ"

ကျော်ဆန်းက ခေါ်သည်။

"အေးလေ သူကြည့်ရတာ တိရစ္ဆာန်ရုံထဲက အစာမစားရသေး မျောက်နှာလေး ကျနေတာပဲ"

ပပလွင်က ချတ်တော့မှ ရှိန်းထလာပြီး သူတို့နှင့်အတူ ဝိုင်း စားရသည်။ အင်းလျားရေစပ်က ညစ်ညစ်ပတ်ပတ် ခပ်လာ သော မိုးမိုးမြင့်၏ ရေဖလားမှ ရေများကို တစ်ယောက်တစ်ငုံစီ သောက်ကြပါ၏။

ရီဝေဦးက သီဟမင်း၏ လက်ထဲမှ ဆီးသီးသုပ်ကို လုစား ၊ ရေဖလားကို ကမ်းပေးပြီးမှ သူပြန်ယူသောက်သည်။ သူက တော့ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးပင် သီဟမင်းနားတွင် ထိုင်၍ ကော်ပြောင်နေ၏။ ရှိန်းမှာသာ...



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အင်းလျားကန်သို့ စာစုကျက်ရန် အကြောင်းပြချက်ဖြင့် သူငယ်ချင်း ခုနစ်ယောက် ထွက်လာခဲ့ကြပါသော်လည်း...

စာအုပ်ပင် မထုတ်ဖြစ်ကြပါချေ။

သူတို့၏ ဆယ်တန်း စာမေးပွဲကြီးလည်း နီးကပ်လာပြီတည်း။

*



## အခန်း (၅)

"ကိုယ်လိုက်ပို့ပေးမယ်လေ...မြ"

"အို...မလိုပါဘူး"

"အကောင်းပြောတာပါ။ ကိုယ်အားနေပါတယ်၊ လိုက်ပို့ပါရစေ။ ကိုယ်နဲ့ပဲ သွားပါမြရယ်"

"ဒီမှာ ကိုထွန်း၊ ကျုပ်ပိုက်ဆံနဲ့ ကားနှစ်စင်း ဝယ်ထားတာပါနော်၊ တစ်စင်းကို ရှင်ကြိုက်သလိုသုံး၊ ကျန်တဲ့တစ်စင်းက ကျုပ်စီးမယ်။ သွားချင်ရာ သွားမယ်"

"ဟုတ်ပါတယ် သွားချင်ရာသွားပါ။ ဒါပေမယ့် ကိုယ်ပဲ လိုက်မောင်းပို့ပါရစေလို့ မင်းကို ကိုယ်တောင်းပန်နေပါတယ်မြ"

"မလိုဘူး...မလိုဘူး၊ ရှင်လည်း ရှင့်မယားငယ်အိမ်သွား၊ ၂၈ လမ်းမှာ သွားအိပ်ချည်။ ကျုပ်လည်း တင်မောင်နဲ့ သွားချင်ရာ သွားမယ်။ ဘာစကားမှ ထပ်မရှည်နဲ့"

ဒေါ်မြမြခင်က လက်ပွေ့အိတ်ကို လက်မှာ ချိတ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခြေသံပြင်းပြင်း နင်း၍ ဆင်းသွားသည်။ ရင့်သီးလွန်းသော သူ့စကားများနှင့် လိုက်ဖက်အောင်ပင် သူ့ဒေါသ မျက်နှာက ကြောက်စရာကောင်းလွန်းလှသည်။

ကိုတင်မောင်က ကားတံခါး ဖွင့်ကြိုရင်း အောင်နိုင်သူ၏ မျက်နှာမျိုးဖြင့် မထီလေးစား ပြုံးပြီး ဦးသက်ထွန်းကို ကြည့်နေသည်။

ပြီးတော့ ကားတံခါးကို တမင်မြည်အောင် ဆောင့်ပိတ်ပြီး ရှေ့ခန်းမှာ နီးနီးကပ်ကပ် ထိုင်လျက်နှင့် ပြောင်ပြောင်တင်းတင်းပင် ထွက်သွားတော့သည်။

"ဟင်း..."

ဦးသက်ထွန်းထံမှ အံကြိတ်ရင်း ကျယ်လောင်သော သက်ပြင်းချသံကို ကြားလိုက်ရသည်။ သံတံခါးတိုင်များပင် ကြေသွားမတတ် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အပြင်သို့ ကြာမြင့်စွာ ငေးကြည့်နေသည်။

ပြီးတော့ သူ ဆိုဖာပေါ်တွင် ဖြည်းနေးလေးကန်စွာ ထိုင်ချပြီး မျက်နှာကို လက်ဝါးနှင့် အုပ်လျက် ခေါင်းငုံ့နေသည်။ ကြာမြင့်စွာ နေပြီး သူပြန်မော့လာသည့်အခါ...

"အို...ဦးလေး မျက်နှာမှာ မျက်ရည်တွေနဲ့ပါလား"

ယောကျ်ားကြီးတစ်ယောက်၏ ခံစားမှု လွန်ကဲသော မျက်နှာနှင့် မျက်ရည်များကို မြင်ရသူ မခင်နွေပင်လျှင် စိတ်မကောင်းနိုင်တော့။

ဒေါ်မြမြခင်က ကြော့နေအောင် ပြင်ပြီး ကိုယ့်လင်သားကို





တ်ပက်စက်စက် ပြော၍ ကိုတင်မောင်နှင့် ပြောင်ပြောင်တင်းတင်း က်သွားခြင်းမှာ...အိမ်ထောင်သည်တစ်ယောက်၏ စည်းဘောင် ခုန်လွှားကျော်လွန်ပြီး သူ့ဖောက်ပြန်မှုကို ရဲရဲတင်းတင်းပင် မြင်အောင် ပြနေသည်သို့ ရှိပါ၏။

"ဦးလေး ငိုနေတာ ရှိန်း မမြင်ပါစေနဲ့ ရှိန်းအပေါ်က ဆင်း ပါစေနဲ့ဦး"

မခင်နွေမှာ ရှိုးကေ့(စ်)စင်လေးကို ဖုန်သုတ်နေရာမှ ဆုတောင်း ိသည်။

ရှိန်းတော့ ဆင်းမလာ။

ဦးသက်ထွန်း အိမ်ပေါ်သို့ တက်သွားသည်။

ရှိန်းကိုများ ရင်ဖွင့်စကား တစ်ခုခု ပြောလေမလားဟု မခင်နွေ ည်း မယောင်မလည်ပင် လိုက်တက်သွားသည်။ လှေကား လက် ိဘန်းများကို ဖုန်သုတ်ရင်းပါ။

ဦးသက်ထွန်းက ဘာမှ မပြောရှာ။ သူ့အိပ်ခန်းတွင်းသို့သာ း၀င်သွားပြီး တစောင်းလှဲအိပ်ချလိုက်သည်။ အခန်းတံခါးကို ည်း သူမပိတ်...

ဦးသက်ထွန်း သည်မျှ မျက်နှာပျက်ပုံမျိုးကို မခင်နွေ သည် ရောက်မှ သည်တစ်ခါသာ မြင်ဖူးပါသည်။

သူ့ရင်မှာ ခံပြင်းလွန်းသော စိတ်နှင့် ... ဘ်မနိုင်ခဲမရ မရိုမဆန့် းနေရရှာပါကြောင်း၊ မခင်နွေ သိမြင် သလို ရှိန်း မသိပါစေ



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းမှာ လသာဆောင်နား ဘုရားစင်ရှေ့မှ စားပွဲတွင် အေးငြိမ်စွာ စာကျက်နေရှာပါ၏။

မခင်နွေလည်း သူတို့သားအဖ အနှောင့်အယှက် မဖြစ်ကြပါစေ ရန် ဖွဖွလေး နင်းလျက် ပြန်ဆင်းလာခဲ့ရသည်။ အိမ်ရှေ့ သန့်ရှင်းရေး ပြီးပြီမို့ နောက်ဖေးချောင်သို့ ဝင်ခဲ့ရပါသည်။ ညနေစာအတွက် ချက်ပြုတ်ရန်ပါ…

"တရားတော့ နည်းနည်း မဟုတ်ဘူး၊ များများ လွန်နေပြီ"

"ဟင်…ဘာလဲ ကြီးစော"

တွေ့တွေ့ချင်း ဒေါသနှောသလို ပြောလိုက်သော ဒေါ်စော၏ စကားကြောင့် မခင်နွေ လန့်သွားရသည်။

"မြမြပေါ့"

"သြော်…"

"ခုန လုပ်သွားတာများ တရားမလွန်လွန်းဘူးလား"

"ဟုတ်တယ် ကြီးစောရယ်၊ ဦးလေးဖြင့် ငိုတောင် ငိုတယ်"

"ဟုတ်လား။ ငိုတယ်လား"

"အင်း…မျက်ရည်ကျပြီး အိမ်ပေါ်မှာ သွားအိပ်နေတယ်လေ"

"ဟုတ်လား"

"ကလေးသိမှာ စိုးလို့ သွားကြည့်သေးတယ်။ သိပုံမရပါဘူး။ စာကျက်နေပါတယ်"

"အင်း…ဒီပြဿနာ ခက်ဦးမယ်"

"မနွေဖြင့် နေရတာတောင် မျက်နှာပူသလိုပါပဲ။ ကိုယ့်အဒေါ် မဟုတ်လား"





"အောင်မယ်လေး…ပူမနေစမ်းပါနဲ့အေ၊ ညည်းကသာ ကိုယ့်အဒေါ်လို့ သံယောဇဉ်ရှိတာ ဟိုကဖြင့် ကိုယ့်တူမလို့တောင် ထင်တာမဟုတ်ဘူး"

မခင်နွေ ရင်မှာ ဆို့နင့်လာရသည်။

"ဒီခေတ်မှာ အိမ်ဖော်တစ်ယောက် ငှားရင်တောင် ငါးဆယ်ဝက်ရာ ပေးရတာ။ ညည်းကို ဘယ်မှာများ လခရယ်လို့ ပေးလို့လဲ။ အဝတ်ဆိုလို့လည်း တစ်လ အစိတ်ဖိုးတောင် ဝယ်ပေးတာ မဟုတ်ဘူး။ အစားဆိုလည်း ညည်းတို့ငါတို့က ကျွန်စား စားတာပါအေ"

ခိုကိုးရာမဲ့ဘဝမို့သာ ကြီးစောက သည်အိမ်တွင် ကပ်နေပါသော်လည်း မောက်မာလွန်း၊ စေတနာ နည်းလွန်းသော ဒေါ်မြမြခင်ပေါ်တွင် သူ စိတ်နာနေပုံ ရပါ၏။

မခင်နွေကိုဖြင့် သူ ချစ်ရှာသည်။

တူမ ဝမ်းကွဲလေးပေါ်တွင် အခိုင်းအစေတစ်ယောက်ထက် အခွင့်အရေး နိမ့်ကျနေသေးသည်ကို သူ ခံပြင်းနေပုံရပါ၏။

မခင်နွေအဖြစ်ကလည်း မုဆိုးမမိခင် ဒေါ်လှမြင့်မှာ အရှယ်ကောင်းဆဲ ရုပ်ချောဆဲမို့ နောက်အိမ်ထောင် ပြုလိုက်သည်။

ပထွေးနှင့် လှပသော သမီးပျိုမဖြစ် ဆို၍ သည်အိမ်သို့ လာ ဘားသဖြင့် သူများ ခိုင်းတာလုပ်၊ သူများ သဒ္ဓါမှ စားရသည့်ဘဝပါ။

သြော်…ကိုယ့်မိခင်ကပင် စွန့်ပစ်ထားမှတော့ ယခု အရိပ်ကောင်းတစ်ခုတွင် ခိုလှုံခွင့်ရနေသည်ကိုပင တော်သေးရဲ့ဟု ကိုယ့်ဘဝကိုယ် ဖြေသိမ့်ရပါတော့မည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်နေ ခင်နွေ၊ ဒီပြဿနာ မအေးဘူး"

"ရှင်...ဘာလဲ ကြီးစော"

"တင်မောင်နဲ့ မြမြဖြစ်နေတာ ကိုသက်ထွန်း သိပြီလေ"

"ဟုတ်တယ်၊ အန်တီမြကလည်း တမင်လုပ်ပြနေသလိုပဲ။ စောစောက ပြောသွားတာတွေ ကြီးစော ကြားတယ်မဟုတ်လား"

"အေး...ကြားတယ်လေ"

"စိတ်ညစ်စရာကြီးနော်"

"မြမြက ဒီလိုလေ၊ သူက သမီးလေးတစ်ယောက်တည်း၊ မိဘက သိပ်ချမ်းသာ၊ သိပ်အလိုလိုက်တော့ ငယ်ငယ်ကတည်းက ခပ်မိုက်မိုက်တဲ့"

"ဟုတ်တယ်၊ မနွေလည်း ကြားဖူးတယ်"

"ပြီးတော့ ကိုသက်ထွန်းကလည်း သူတို့အိမ်က အလုပ်သမားဆိုတော့ သူက ငယ်နိုင်လေ"

"အန်တီမြ ဘာပြောပြော ဦးလေးက ခံရှာပါတယ်"

"အေး...ယောက်ျားဆိုတော့ အိမ်မှာလည်း စိတ်ညစ်၊ ငွေကလည်း ပေါတော့ မယားငယ် သားငယ် ထားတတ်ကြတာ သဘာဝပဲ"

"မိန်းမလုပ်ရတဲ့ လူတွေက စိတ်ညစ်မှာပဲနော်"

"အေး...ညစ်လို့ပဲသေသေ၊ သူတို့ မယားငယ်ထားတိုင်း ကိုယ်က လင်ငယ်လိုက်ထားလို့ ဖြစ်မလား"

"ကြီးစောကလည်း..."





"ယောက်ျားကောင်း မောင်းမတစ်ထောင်တဲ့။ သူတို့ ဘယ်လိုသွားထား၊ အပြစ်မရှိဘူး။ မိန်းမဖောက်ပြန်ရင် သိပ်အပြစ်ကြီးတယ်"

"တရားပါ့မလား"

"ဘာပဲဖြစ်ဖြစ် မြန်မာမိန်းမတစ်ယောက်ဟာ အိမ်ထောင်ရေးသည်းဘောင်က ကျော်ရင် ဒုက္ခလှလှကြီး တွေ့တတ်တယ်"

"အင်း..."

"တင်မောင်လိုကောင်ကို သူ တွဲနေတာ ကိုသက်ထွန်းကို သက်သက် အရွဲ့တိုက်နေတာ၊ သက်သက် ညှဉ်းဆဲနေတာ"

"ဒုက္ခပါပဲ"

"တင်မောင်ဆိုတဲ့ ကောင်ကလည်း သူတို့ လင်မယားကြားက ခမြဲဇာပင်အဖြစ်မျိုး၊ သားကောင်အဖြစ်မျိုးလောက်ထားလို့ ဘယ်နေမလဲ၊ ဟိုကောင်က လူလည်ပဲ။ မြမြကျအောင် ချွဲမှာပေါ့၊ ချူမှာပေါ့"

"အို...အဲဒီလို အိမ်ထောင်ရေးကိစ္စကို မနွေ နားမလည်ပါဘူး ကြီးစောရယ်၊ သိလည်း မသိချင်ပါဘူး၊ ကြားရတာတောင် နားရှက်ပါတယ်"

"ညည်းက အပျိုရွယ်လေးကို အေ့"

"မနွေတော့ ရှိန်းလေးကိုပဲ သနားတယ်။ သူတို့ ရန်ထဖြစ်ကြင် ကလေးစာကျက်ပျက်မှာပဲ စိုးတယ်"

မခင်နွေသည် ရှိန်းအတွက်သာ ပူပန်စိုးရိမ်စိတ်များဖြင့် ရှိန်းညနေစာ စားရန်အတွက် ကြက်သားလေးများကို တုံးပြီး ကြက်ဆွန်



www.burmeseclassic.com

www.burmeseclassic.com



ဖြူ–နီ၊ ရေတ်သီးတောင့်၊ ပဲငံပြာရည်တို့ ရောစပ်ပြီး ကုန်းဘောင်ကြီးကြော် ကြော်ပါမည်။

စာကျက်ရလွန်း၍ ပင်ပန်းနေရှာသော မောင်လေး ရှိန်း ဒီနေ့ညနေစာ စားကောင်းပါစေဟူသော စေတနာများ ပေါင်းစပ်လျက် ချက်သော ဟင်းများပါတည်း။

✱



အခန်း (၁၀)

"အမယ်လေး ရှိန်းရယ်၊ ဟား…ဟား…လာစမ်း…လာစမ်း"

"ဘာလဲဗျ။ ချမ်းလှပြီ"

ရေချိုးခန်းတွင်းမှ ထွက်လာသော ရှိန်းကို မခင်နွေက ရယ်မောရင်း ရေချိုးခန်းတွင်းသို့ ပြန်ဆွဲသွင်းခေါ်ဆောင်သွားသည်။ မျက်နှာသစ် ကြွေဇလုံပေါ်မှ မှန်ချပ်ရှေ့တွင် ရပ်ခိုင်းပြီး သူ့မေးစေ့လေးကို ဆွဲလှည့်၍ မှန်ထဲမှာ သူ့မျက်နှာကို တစောင်း မြင်စေသည်။

"ဟ…ာ…ဆပ်ပြာမြှုပ်တွေ"

"ကုပ်မှာလည်း အများကြီး၊ သွားပြန်ချိုးစမ်း"

"မမနွေနဲ့မှ သွားတွေ့တယ်ကွာ။ မျက်နှာသုတ်ပဝါနဲ့ သုတ်လိုက်မိ အကောင်းသား"

"ဆပ်ပြာမစင်ရင် ချွဲကျိုကြီးနေမှာပေါ့။ ဒီကောင်လေး အင်တော်ပျင်းတယ်၊ ကုပ်က ဂျီးတွေလည်း တွန်းစမ်း၊ အရင်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးတို့ပေါင်တို့မှာ ကြီးတွေ ကျောက်ဖြစ်နေတုန်းက အသားတွေ နီရဲလာအောင် တွန်းပေးတာ မမှတ်သေးဘူးလား။ ကြိုးမစင်ရင် မမနွေ ဝင်ခဲ့မှာနော်"

"ကျောက်ဖြစ်မယ့် ကြီးတွေ ထားလိုက် ပြီးရော၊ တော်ကြာ "ကြီးကျောက်'ဆိုပြီး သိန်းချီတန်ချင် တန်လာမှာ"

"ကောင်လေးနော်၊ ကဲ...မြန်မြန်လုပ်ပါ၊ အအေးမိနေဦးမယ်"

ရှိန်းက လူကောင်သာ ကြီးထွားလာသည်။ ကလေးစိတ်က မကုန်ချင်သေး၊ မခင်နွေက ရေချိုးသည်မှအစ စားချိန်၊ အိပ်ချိန် မျှတသော အဝတ် စသည်များကိုပါ စီစဉ်ပေးနေရဆဲ ဖြစ်ပါ၏။

"ကဲ...စင်ပြီလား ကြည့်"

ကုပ်ကလေး ငုံ၍ ပြသည်။ ဖြူဖွေးသော အသားနီရဲအောင် သူ ကြီးတွန်းလာသည်။

"စင်ပြီ...စင်ပြီ...သွားတော့"

"မမနွေ၊ ရှိန်းထမင်းဆာပြီနော်"

"အေး...အေး...ပြင်ထားမယ်"

မခင်နွေ ထမင်းပွဲ ပြင်မပြီးမီ ရှိန်း ဆင်းလာသည်။ စွပ်ကျယ် လက်ပြတ်လေးနှင့်။

မခင်နွေက သူ့အကြိုက် ကြက်သားအသားတုံးလေးများ ရွေး ခပ်ပေးပြီး လက်မောင်းကို စမ်းကြည့်သည်။ ပါးလေးကို လက်ခုံနှင့် ကပ်ကြည့်သည်။ အေးလို့ စက်လို့၊

မခင်နွေက ရှိန်းအခန်းသို့ တက်သွားရသည်။ ရှိန်းအခန်းတွင်





မှာ ဘာပစ္စည်း ဘယ်နေရာထားသည်ဆိုသည်ကို ရှိန်းထက် မခင်နွေက ပိုသိသည်။ အမြဲ ရှင်းပေးနေကျ။

နိုင်လွန်ဆွယ်တာ မီးခိုးရောင် ရင်ကွဲအင်္ကျီတစ်ထည်ကို ဆွဲချ သာရသည်။ ဇွန်း ခက်ရင်းနှင့် ထမင်းစားနေသော ရှိန်း၏ နောက်မှ လှမ်းလျက်...

"ဝတ်စမ်း...ရှိန်း"

"မဝတ်ချင်ပါဘူး၊ ရှုပ်က ရှုပ်နဲ့"

"မရဘူး၊ ဝတ်ရမယ်။ တော်ကြာ အအေးမိပြီးပြီး ဖျားနေဦးမယ်။ စာမေးပွဲ နီးနေပြီ"

မခင်နွေက ပြောပြောဆိုဆို ရှိန်းလက်ကို ယူ မ၍ ဝတ်ပေးလိုက်ရသည်။ ကျောနောက်မှ လက်ကို သိုင်း၍ ကြယ်သီးများ တပ်ပေးရပါ၏။ မောင်လေး ရင်အအေးမမိစေရန်ပါ။

"မမနွေရော ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမလဲ၊ ဦးလေးတို့ အန်တီမြတို့တောင် မစားရသေးဘူး"

"ဟာ...ခုပဲ တစ်နာရီ ထိုးတော့မယ်၊ မမနွေ ဆာရောပေါ့"

"သြော်...ဆာပေမယ့် လူကြီးတွေမှ မစားရသေးဘဲ ရှိန်းရဲ့"

"လာလေ မမနွေ၊ ရှိန်းနဲ့ တူတူ တစ်ခါတည်း စားလိုက်ပါလား"

"နေပစေ ရှိန်း"

အမှန်တော့ တစ်မနက်လုံး မနားတမ်း အလုပ်ဆက်တိုက် လုပ်နေရသော မခင်နွေ ဆာလှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ မမနွေ။ လာစားဗျာ"

"သြော်...ဘယ်ဖြစ်မလဲ ရှိန်းရယ်"

"ဘာလို့ မဖြစ်ရမှာလဲ"

"မောင်လေး မသိပါဘူးကွယ်၊ စားမှာသာ စားစမ်းပါ"

"ဘာကို မသိတာလဲ"

"ဘာမှ မဟုတ်ပါဘူး"

"ဟာ...အဲဒီလို မလုပ်နဲ့၊ ပြောဗျာ...ပြော"

"သြော်...ရှိန်းရယ်...၊ ဒီအိမ်ရဲ့ အရှင်သခင်တွေ မစားသေးခင် မမနွေမှာ စားခွင့်မရှိဘူးလေ၊ ပြီးတော့လည်း..."

"ဟင်..."

"ဒီထမင်းစားဝိုင်းမှာလည်း စားခွင့်မရှိပါဘူး၊ ဟင်းကျန်နဲ့ ဟို နောက်ဖေးက စားပွဲဝိုင်းလေးမှာပဲ မမနွေ စားနေကျပါ"

ရှိန်းက ယခုမှ နားလည်သွားသလို မခင်နွေကို ငေးကြည့်နေရှာသည်။

မခင်နွေနှင့် ကြီးတော်တို့ ဤထမင်းစားခန်းတွင် ဘယ်သော အခါမှ မစားကြပါဘဲ မီးဖိုချောင်ထဲက ထမင်းဝိုင်းတွင်သာ စားနေတတ်သည်ကို ရှိန်းမြင်ပေမယ့် သည်လိုကြောင့်ပါလားဟု မသိ၊ မတွေးမိ။

"ဘာပဲဖြစ်ဖြစ် မမနွေရယ်၊ မေမေလည်း မရှိပါဘူး၊ လာပါ၊ လာစားပါ"

"နေပစေ ရှိန်း"

"ရှိန်း စိတ်မကောင်းဘူးဗျာ"

"စိတ်မကောင်း မရှိပါနဲ့ ရှိန်းရာ၊ မမနွေက အခိုင်းအစေပဲဟာ"

"အို...မဟုတ်တာ။ မမနွေက ရှိန်းအစ်မပဲ။ မေမေ့တူမပဲ"

"ဒါပေမယ့် ရှိန်းကသာ အစ်မရယ်လို့ မမနွေကို ချစ်တာပါ။ ...တီမြကြ တူမတော်တယ်လို့တောင် ဘယ်သူ့မှ မပြောပါဘူးလေ"

"မေမေ မကောင်းဘူး"

"အမေကိုတော့ ဒီလို မပြောကောင်းဘူး မောင်လေး မမနွေ ...တွက် စိတ်မကောင်း မဖြစ်ပါနဲ့ ကလေးရယ်။ မမနွေရဲ့ အမေက ဘာင် သူ့ နောက်အိမ်ထောင်ပြုချင်လို့ ဒီအိမ်မှာ မမနွေကို လာ ...နဲ့ပစ်ထားတာပဲ"

"ဟာဗျာ..."

"မမနွေ ခုလို နေထိုင်ခိုလှုံခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ ...မောင်လေးရယ်၊ ကဲ...ကဲ...စား...စား...မမနွေအတွက် ဘာမှ တွေး ...မနေနဲ့"

မျက်ရည်ဝဲလာသော မျက်နှာကို ရှိန်းမမြင်ပါစေရန် မခင်နွေ ...စ်ဖက်သို့ လှည့်လိုက်ရသည်။ ရေဘုံဘိုင်အောက်မှ အိုးများကို ...ပြာနှင့် တိုက်နေမိသည်။

ဆာနေပါလျက် စားခွင့်မရှိသော၊ ထမင်းအိုး ဟင်းအိုး ကိုင် ...နေပါလျက် ယူမစားရဲသော ကိုယ့်ဘဝအတွက် ယခုလို စကားစပ်မိမှ ...ခင်နွေ ပိုမိုဝမ်းနည်းလာရသည်။

ရှိန်းသည်လည်း...







www.burmeseclassic.com

www.burmeseclassic.com



သူက ကျောင်းတက်၊ ဖေဖေက စီးပွားရှာ၊ မေမေက အိမ်မှု စီမံ၊ မခင်နွေတို့က ချက်ကြပြုတ်ကြ...

ဟူသော တာဝန်အသီးသီးနှင့် နေကြရသူများဟုသာ အားလုံး ကို ရောရောက် တွေးနေခဲ့မိသည်။

သည်တိုက်ကြီးတွင် လူတန်းစားနှစ်ရပ် ရှိနေကြောင်း ယခုမှ ရှိန်းသိလာရသည်။

မမနွေ၏ ဘဝသည် စားချင်ချိန်မှာ စားခွင့်မရှိ၊ သည်နေရာတွင် ထမင်းမစားရ၊ ဆိုဟာပေါ်တွင် မမနွေ ထိုင်နေသည်ကို တစ်ခါမှ မမြင်ဖူးခဲ့။

ကလေးအတွေး၊ ကလေးအမြင်၊ ကလေးအသိဖြင့်သာ သူ ၏ မမနွေအပေါ်တွင် ကြည့်မြင်နေခဲ့မိရာမှ...။

မမနွေသည် အစေခံတစ်ယောက်အဖြစ်နှင့် နေနေရရှာပါလား

ဟူသော အသိကို ယခု ရှိန်း ဆယ့်ခုနစ်နှစ်ပြည့်ခါနီးမှ သိမြင် တွေ့ရှိလာရလေသည်။

"သြော်...ရှိန်းကို မောင်အရင်းလေးလို ချစ်တဲ့ မမနွေ၊ အစ်မ ရင်းလို ရှိန်းက ချစ်ရတဲ့ မမနွေရဲ့ဘဝဟာ နိမ့်ကျလှပါလားဗျာ မေမေရဲ့ စိတ်နဲ့ မေမေခိုင်းသမျှ၊ စီစဉ်သမျှ၊ လိုက်နာနေ၊ လုပ် ဆောင်ပေးနေရရှာတဲ့ မမနွေရယ်...။ ရှိန်း သနားလိုက်တာဗျာ"

❋

အခန်း (၁၁)

"ထမင်းပြင်ရတော့မလား ဦးလေး"

"နေပါစေ မနွေ"

"မနက်ကလည်း လက်ဖက်ရည်လေးတစ်ခွက်ပဲသောက်တယ်။ နည်းနည်းဖြစ်ဖြစ်တော့ စားလိုက်ပါဦးလား ဦးလေးရယ်"

"ဦးလေး မဆာဘူး၊ စားချင်စိတ်လည်း မရှိဘူးကွယ်။ ဆာ တော့ ပြောမယ်၊ ဟုတ်လား"

ဦးသက်ထွန်းက သည်မျှသာပြောပြီး သူရပ်နေမြဲအတိုင်း ပြ တင်းပေါက်၏ အပြင်ဘက်သို့ ပြန်လည်ငေးမောနေသည်။

ကျောခိုင်းနေသော ဦးသက်ထွန်းကို ကြည့်ပြီး မခင်နွေ သက် ပြင်းချမိသည်။

ဦးသက်ထွန်းမှာ ရုပ်ပြောင်းသွားလောက်အောင်ပင် မှုပျက်နေ ပါ၏

သူ့ဆိုင်လည်း မထွက်တော့။ စိတ်ချရလွန်းသော သူ့ မန်နေ



ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဂျာနှင့်သာ လွဲထားဟန် တူပါ၏။

မနက်က…

ဒေါ်မြမြခင် ခါတိုင်းလိုပင် ကြော့နေအောင် ပြင်ဆင်ပြီး ဦးသက်ထွန်း၏ ရှေ့မှာပင် ဒေါက်ဖိနပ်ကို အသံမြည်အောင် ဆောင့်နင်းပြီး မျက်နှာတင်းတင်းနှင့်ပင် ကိုတင်မောင်နှင့် ထွက်သွားတော့သည်။

ကိုတင်မောင်ဆိုသည့် ဒရိုင်ဘာကလည်း စပို့ရှပ်နှင့် ဘောင်းဘီနှင့် အိပ်စပို့ဒူးယားသောက်လျက် မထေမဲ့မြင် အမူအရာ လုပ်ပြနေသည်။

ဒေါ်မြမြခင်က တမင် ဦးသက်ထွန်း မြင်အောင်ပြပြီး ကားနှင့် နှစ်ယောက်အတူ ထွက်သွားခဲ့ကြသည်။ ခံပြင်းစရာကောင်းလွန်းလှအောင် ရယ်ကြ ပြုံးကြ အနီးကပ်ထိုင်ကြနှင့်ပါ။

မနက် ရှစ်နာရီမထိုးမီမှ ထွက်သွားလိုက်ကြသည်မှာ ယခု နေ့လယ်နှစ်နာရီကျော်သည်အထိ သူတို့ ပြန်မလာကြသေးပါ။

"ဒေါ်မြမြခင် ကလဲ့စား ချေနေပါသည်"

ဆိုခြင်းမှာ အောင်မြင်လွန်းလှပါချေသည်။

ဦးသက်ထွန်းမှာ ပုံမလဲရုံသာ ကျန်တော့သည်။ မစားနိုင်ရှာ၊ မအိပ်နိုင်ပါ။ စီးကရက်ကို တွင်တွင်သောက်ရင်းသာ ပြတင်းဝမှာ ရပ်လိုက်၊ ဆိုဖာပေါ်တွင် ခေါင်းငိုက်စိုက်ချ၍ ထိုင်လိုက်နှင့်။

ဒရိုင်ဘာက အိမ်အတွက် သုံးရန် မဟုတ်တော့၍ ရှိန်း၏ ကျူရှင်နှင့် ကျောင်းကို ဦးသက်ထွန်းကိုယ်တိုင် လိုက်ပို့ရ ကြိုရရှာပါ၏။

၂၈လမ်းမှ ဒုတိယဇနီးဆိုသော အိမ်သို့လည်း လုံးဝ သွားဟန်မတူတော့။ အိမ်တွင်သာ သူ အမြဲရှိနေသည်။

တစ်ခါတစ်ရံတွင် မေးကြောကြီးများ ထောင်၍ မျက်ဝန်းများ နီရဲပြီး ပေါက်ကွဲတော့မည့် ဒေါသအသွင်မျိုးကို မြင်ရသည်။

တစ်ခါတစ်ရံတွင်လည်း မျက်ရည်အဝိုင်းသားနှင့် ညှိုးငယ် ခံပြင်းလွန်းစွာ ဖျော့ခွေနေသည်များကိုပါ မြင်ရပါ၏။

မခင်နွေမှာ စိတ်ညစ်ညစ်နှင့် ပြန်ဆင်းလာခဲ့ရတော့သည်။ မနက်က သားငါးခုတ်၍ ဆေးထားသော သွေးစွန်းနေသည့် ရေဇလုံ မလျက် စံပယ်ရုံသို့ သွားလောင်းသည်။ အပွင့်သန်၍ အပွင့်ထွားရန်ပါ။

"မနွေ…"

"ဪ…အဘတိုး"

ခြံတွင်း အုတ်ကန်တွင်းမှ ရေများကို ဖောက်ထုတ်ဆေးကြောပြီး ရေသန့်ရေသစ်များကို ပြန်ဖြည့်ရန် လုပ်နေဆဲ အဘတိုးက သူ့အလုပ်ကို ရပ်ပြီး မခင်နွေနားသို့ ရောက်လာသည်။

"ဘာတွေ ဖြစ်နေကြတာလဲ ဟယ်"

"ဘာကိုလဲ အဘတိုး"

"ဪ…တစ်ယောက်ကလည်း အပြင်ချည်းထွက်နေ၊ တစ်ယောက်ကလည်း ဘယ်မှ မသွားတော့ဘဲ အိမ်ထဲမှာပဲ စိတ်ဆင်းရဲနေပုံမျိုး မြင်ရတာ စိတ်မချမ်းသာဘူးကွယ်"

အဘတိုးမှာ သံယောဇဉ်ကင်းသော မုဆိုးဖိုကြီး ဖြစ်သည်။ သူ့ အစ်ကိုအကြီးဆုံး၏ မြေး ဦးသက်ထွန်းကို သူသိပ်ပြီး သံယော







www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရှိရာသည်။

ဦးသက်ထွန်းအတွက်သာမက သူတာဝန်ကျရာ ခြံစောင့်ခြင်း စိုက်ပျိုးခြင်းနှင့် တစ်ခြံလုံး၏ သန့်ရှင်းရေးတာဝန်ကို သူကြိုးစား ပမ်းစား လုပ်နေတတ်သည်။

ဘယ်သောအခါမှ ဘယ်သူနှင့်မှ ဝင်မရောပါချေ။ စကား နည်းသော အဘတိုးမှာ သစ္စာရှိလွန်းကြောင်း မခင်နွေတို့ အားလုံး အသိပင် ဖြစ်ပါ၏။

ယခု သူစိတ်မကောင်းလွန်း၍သာ မခင်နွေကို လာပြီး မေးမြန်းခြင်းဖြစ်ပါ၍...

"ဟုတ်တယ် အဘတိုးရယ်... မနွေတို့လည်း ခုတလော နေရတာ သိပ်စိတ်ညစ်တာပဲ"

"အေးကွယ်...အဘက ကိုယ့်မြေးလေးဘက်က လိုက်ပြောတာ မဟုတ်ပါဘူး။ မမြက နည်းနည်းဆင်ခြင်ဖို့ ကောင်းတယ်"

"ဟုတ်တယ်၊ ကလေးကလည်း မသိသေးဘူး။ သူ ဒီအထိ နားမလည်သေးဘူး၊ ရှိန်းသိမှာ သိပ်စိုးရိမ်တာပဲ။ စာမေးပွဲကလည်း နီးပြီလေ"

"မနွေလည်း ကိုယ့်အဒေါ်ကိုပဲ နည်းနည်းပါးပါးလေး သတိပေးကြည့်ပါဦးလားကွယ်"

"သြော်...အဘတိုးရယ်...အန်တီမြအကြောင်းလည်း သိသားနဲ့ မနွေက မော်တောင်မှ ကြည့်ရဲတာ မဟုတ်ပါဘူး"

"ဒါလည်း ဟုတ်တာပဲ"





"အဒေါ်ရယ်၊ တူမရယ်လို့များ ဘယ်တုန်းက ဆက်ဆံဖူးလို့လဲ။ မနွေနေရတာ လခတောင်မရတဲ့ အစေခံမတစ်ယောက်အဖြစ်နဲ့ပါ အဘတိုးရယ်"

"အင်း...မမြက အကြင်နာတရား ခေါင်းပါးလွန်းတယ်"

"သူက ပိုက်ဆံချမ်းသာတာကို အဘတိုးရဲ့"

"သူချမ်းသာတာ ဟုတ်ပါတယ်၊ ငါ့မြေး မောင်သက်ထွန်းက အရင်တုန်းက သူတို့မိဘလက်ထက်က အလုပ်သမားတစ်ယောက် လည်း ဟုတ်ပါတယ်"

"အဲဒါတွေ မနွေသိပါတယ်"

"ဒါပေမယ့် ဒီပစ္စည်းတွေ မကုန်ရုံမက တိုးပွားအောင်ပါ လုပ်နေနိုင်တာပဲ၊ ဒီအရည်အချင်းတွေသိလို့သာ မမြမိဘလက်ထက်က လက်ဆက်ပေးခဲ့တာပေါ့"

"အန်တီမြက မကြိုက်ဘူးတဲ့"

"ဟုတ်တယ်၊ သူကြိုက်တဲ့လူနဲ့ လိုက်ပြေးဖူးသေးတယ်။ အဲဒီကောင်ကလည်း ကလေကချေပါ။ ခုတော့ သေသွားပါပြီ။ အဲဒါကို မိဘက ခွဲပြီး မောင်ထွန်းနဲ့ ပေးစားရမလားဆိုပြီး မောင်ထွန်းပေါ်မှာ တစ်သက်လုံး နိုင်နေခဲ့တာ"

"ဒါနဲ့ မယားငယ်ယူလို့ဆို"

"ယောက်ျားဆိုတာ ဒါမျိုး ကင်းခဲသာ ကွယ်။ ဒါပေမယ့် ဒါကို ဝိဘ်ဆိုးပါ။ ပြောချင်သလို ပြောပါ၊ ယောက်ျားနဲ့ လိုက်တုပြီး ကင်မောင်နဲ့၊ အို...မိန်းကလေးကို ပြောလို့ မကောင်းပါဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မနွေ့သိပါတယ် အဘတိုး"

"အေး...မနေ့ညကလည်း အဘ အခန်းမှာ မောင်ထွန်း လာပြီး ပြောရင်း မျက်ရည်တောင် ကျရှာတယ်ကွယ်"

"ဟုတ်တယ်၊ ဦးလေး ဒီနေ့လည်း ထမင်းမစားဘူး"

"သူက ပြောတယ်။ မောင်ထွန်းက ပြောတယ် မနွေ့"

"ဘာပြောလဲဟင်၊ အဘတိုး"

"ဒီလို တအုံနွေးနွေးကြီးနေလို့တော့ မဖြစ်တော့ဘူးတဲ့"

"ဟင်..."

"မမြနဲ့ ပြတ်ပြတ်သားသားရှင်းရတော့မှာပဲတဲ့"

"အဲဒါ ဦးလေးက ပြောတာပါ၊ ဦးလေးက နည်းနည်းစလိုက်ရင် ဟိုက တိုက်ကွဲမတတ် အော်ဟစ်ဆဲဆိုမှာ"

"ဒါပေမယ့် မောင်ထွန်းလည်း ယောကျ်ားပဲကွယ်။ တခြား ကိစ္စတွေ သည်းခံနိုင်ပေမယ့် ဒီကိစ္စမျိုးမှာတော့ ဘယ်ယောကျ်ားမှ သည်းမခံနိုင်တာမျိုး မဟုတ်ဘူးလေ"

သူ့မြေးဘက်က ခံပြင်းနာကြည်းနေသော အသွင်အပြင်များသည် နူးညံ့သိမ်မွေ့သော အဘတိုး၏ မျက်နှာပြင်မှာ လွှမ်းမိုးလာသည်။

"မောင်ထွန်းပြောသွားတာ ဖြစ်သင့်တယ် မနွေ့"

"ဘာပြောသွားလို့လဲ အဘတိုး"

"မြမြကပဲ ဖြစ်ဖြစ်၊ သူကိုယ်တိုင် ကပဲဖြစ်ဖြစ်၊ အမြန်ဆုံး တစ်ခုခု ဆုံးဖြတ်မှ ဖြစ်တော့မယ်...တဲ့"

❋



## အခန်း (၁၂)

"မမနွေ့ကလည်းဗျာ၊ မမနွေ့ကို စကားပြောချင်လို့ စောင့်နေ တာ၊ အလုပ်တွေက ပြီးတယ်ကို မရှိဘူး၊ တစ်ခုပြီးတစ်ခု ဆက်နေ တာပဲ"

ခြံတွင်းမှာ လျှော်ပြီး အဝတ်များ လှန်းပြီးသောအခါ ကြမ်း တိုက်ရန် ပြင်ဆင်နေဆဲ၊ ရှိန်းက ပြုံးပြုံးစူစူ ပြောလာသည်။

"ပြောလေ ရှိန်း...ဘာပြောမှာလဲ"

"ဟာ...ဒီလို ခဏတစ်ဖြုတ်ပြောလို့ရမယ့် ကိစ္စမဟုတ်ဘူးဗျ"

"အံမယ် တယ်ကြီးကျယ်ပါလား၊ ဘာများ ပြောမှာမို့လဲရှင်"

ရယ်ပြုံးလျက် ပြောလိုက်ရပါသော်လည်း မခင်နွေ့၏ ရင်မှာ သိတ်ဖြာရပါပြီ...

ဦးသက်ထွန်း၊ ဒေါ်မြမြခင်နှင့် ဉတင်မောင်တို့ သုံးဦး၏ ပြဿနာကိုများ မောင်လေးရှိန်း သိသွားလေပြီလား။

"တကယ်ပြောတာ။ အေးအေးဆေးဆေး မမနွေ့ကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



စရာ ရှိန်းမှာ ရှိနေတယ်"

"ဟင်..."

"ကဲပါ ကြမ်းတိုက်မနေပါနဲ့တော့"

"အင်း...အင်း...ကြမ်းမတိုက်ပေမယ့် ဖုန်လေးတော့ သုတ်ဦးမှာ အန်တီမြ ပြန်လာရင် အဆူခံနေရမှာစိုးလို့ပါ ရှိန်း"

မခင်နွေမှာ စတိုခန်းမှ ဘု(ရှ်)ဖုန်သုတ်စက်ကို ယူလာပြီး ကြမ်းပြင်ပေါ်တွင် စက်ဖွင့်၍ လျှောက်တွန်းရသည်။ ရှိုးကေ့(စ်)နှင့် ဒဗိုက်ဒါကို ဖုန်သုတ်ရသည်။ စတီရီယို၊ စောင်းဘောက်(က်စ်)များကို ဖုန်ခါရသည်။ ပြီးတော့ နောက်ဖေး ပြေးရပါသေးသည်။ ညနေစာ ဟင်းများကို ကြီးတောက နွေးပြီးနေလေပြီ။

မခင်နွေမှာ ကိုယ့်ဘွားအေနီးပါးအရွယ် ကြီးတောကို အမြဲညာခဲ့ပါသည်။ ပင်ပန်းစရာ မှန်သမျှ သူကိုယ်တိုင်လုပ်သည်ချည်းပါ။

"ကဲ...ကိစ္စအားလုံး ပြီးပါပြီ သမီးရယ်၊ ရေချိုးတော့လေ"

ကြီးတောကလည်း မခင်နွေကို သမီးလေးလို ချစ်စိတ်နှင့် ညာတာရှာပါသည်။ အဖိနှိပ်ခံချင်းမို့လည်း ရိုင်းပင်းကြရသည်။

"အားလုံးပြီးပြီနော်"

"အေး... ကိုသက်ထွန်းကတော့ စားဦးမှာ မဟုတ်သေးဘူး။ သူ့အဘိုး အခန်းမှာ စကားပြောနေတယ်။ ဟိုနှစ်ယောက်ကသာ ပြန်လာရင် လက်ဆုံစားတော်မူကြမလား မသိဘူး"

ဒေါ်စောက မလိုတမာစိတ်နှင့် ပြောလိုက်သည်။

မခင်နွေမှာ နောက်ဖေးချောင်ကိစ္စနှင့် ကြီးတော၏ စကားများ





ကို စိတ်မဝင်စားအားတော့။ ရှိန်းရှိရာသို့ ထွက်လာခဲ့သည်။

ရှိန်းက ဆိုဖာပေါ်တွင် ညှိုးငယ်စွာ ထိုင်နေရာမှ သူ့မမနွေကို မော့ကြည့်လာသည်။

ညှိုးဟောင်းသော အဝတ်အစားများနှင့် ချွေးများ စို့လျက်နွမ်းနယ်နေသော မျက်နှာလေးနှင့်လည်း မမနွေသည် ရက်ရက်စက်စက်လှနေပါလားဟု ရှိန်းက သူ့အစ်မ၏ အလှကို မြင်တတ်လာသည်။

"ထိုင်လေ မမနွေ"

"နေပစေ ရှိန်း။ ပြော...မမနွေ နားထောင်နေပါတယ်"

"ဟာ...မမနွေကလည်းဗျာ။ ထိုင်စမ်းပါဆိုမှ"

"ခက်ပါလား ရှိန်းရယ်။ မမနွေ ဒီဆိုဖာပေါ်မှာ ထိုင်ခွင့်မရှိဘူးဆိုတာ သိသားနဲ့ မောင်လေးရယ်"

ရှိန်းမျက်နှာ ညှိုးကျသွားသည်။

သူသည်လည်း အတင်းမထိုင်ခိုင်းရဲရှာ။ ဗြုန်းစားကြီး သူ့မေမေရောက်လာလျှင် မမနွေသာလျှင် အပြောအဆိုခံရရှာမည့်အကြောင်းကို သူလည်း သိသည်။

"ဒါဖြင့် လာ...မမနွေ"

ရှိန်းက ဦးဆောင်သွားသည်။ တိုက်ကြီး၏ ဘေးဘက်မှ မှန်တံခါးကြီးကို တွန်းဖွင့်လိုက်သည်။ ယခင် ကြက်တူရွေး မွေးသောလှောင်အိမ်အောက်မှ ကြိမ်ကုလားထိုင်ဟောင်းလေး နှစ်လုံးပေါ်တွင် ထိုင်မိကြသည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဘာများလဲ ရှိန်းရယ်။ မမနွေ့ သိချင်လှပြီ"

"ရှိန်းမှာလည်း မမနွေ့ကိုပဲ တိုင်ပင်စရာရှိတယ် မဟုတ်လား"

"အေးပါ။ နိဒါန်းတွေ ခံမနေစမ်းပါနဲ့၊ ဘာအကြောင်းလဲ ဆို တာသာ အရင်ပြောစမ်းပါ"

"ရှိန်း အကြောင်းပါ"

"ရှိန်းအကြောင်း"

"အင်း .."

"ဘာအကြောင်းလဲ"

"သြော်…ရှိန်းအကြောင်းပါဆိုမှ"

"အေးပါ။ ဒါတော့ သိတာပေါ့။ ဒါပေမယ့် ရှိန်းရဲ့ ဘယ်ရှုထောင့် က အကြောင်းလဲ"

"အိုဗျာ…မမနွေ့ကလည်း၊ ရှိန်းက လူပျိုပဲ၊ အချစ်အကြောင်း က လွဲလို့ ဘာများ ရှိဦးမှာလဲ"

ရှိန်း၏ ရှက်ပြုံးမျက်နှာလေးနှင့် ရန်တွေ့သလို ပြောလိုက် ဒလမှ မခင်နွေ့ ရင်အေးသွားရသည်။ ကြည်လွင်သော ရင်ကြောင့် မျက်နှာပြင်မှာလည်း အပြုံးလေးများပင် ဝေခဲ့ရပါပြီ။

"ကဲ…ပြောစမ်း ရီဝေဦးအကြောင်း"

"အောင်မယ်…မမနွေ့ ဘယ်လိုလုပ်သိလဲ"

"ဟင်း…သူ့ပဲ ရီဝေဦးကို ချစ်နေပါတယ်ဆိုပြီး ဓာတ်ပုံပြဖူးပြီး တော့"

"သြော်…အဟင်း…ဟင်း…ဟုတ်သားပဲ"





"ကဲ…အခု ဘယ်လိုလဲ၊ ကြည်သွားကြပြီလား၊ မမနွေ့ကလည်း မောင်းမချောလေးကို ကြည့်ချင်လှပါပြီ"

"မကြည့်ချင်ပါနဲ့ဦး မမနွေ့ရာ၊ ကြည်တယ်လို့လည်း ပြောလို့ ရသေးပါဘူး"

"ဟင်…ရှိန်းဟာကလည်း ဘယ်လိုလဲ"

"အဲဒါပေါ့။ သူပြောတာကို မမနွေ့ကို ပြောပြပြီး တိုင်ပင်မလို့"

"ကဲ…ဆိုစမ်းပါဦး၊ ရီဝေဦးက ဘယ်လိုပြောလဲ"

"သူ ရီဝေ့ကို ချစ်တယ်ဆိုတာ တကယ် လက်ထပ်နိုင်လို့လား တဲ့"

"ဟင်…."

"တကယ် လက်ထပ်နိုင်ပြီဆိုတဲ့ နေ့ကျမှ ချစ်တယ်ဆိုတဲ့ စကား ပြောပါလို့ ဒီနေ့လည်း ထပ်ပြောလိုက်တယ်။ နှစ်ခါ ရှိပြီ"

"ဘာ…လက်ထပ်ရမယ်၊ ဟုတ်လား"

"အင်း…သူ့ကို လက်မထပ်နိုင်ဘဲ မချစ်ပါနဲ့တဲ့"

"ဟယ်…"

"ရှိန်းက သူ့ကို လက်ထပ်နိုင်ပါတယ်ဆိုမှ သူက ပြန်ချစ်မယ် ပေါ့။ အဲဒါ ရှိန်း သူ့ကို လက်ထပ်လိုက်ရကောင်းမလား"

"အို…မဟုတ်တာ၊ မဟုတ်တာ မောင်လေးရယ်။ ဒီအရွယ်လေး နဲ့ လက်ထပ်ရမလား၊ မိန်းမယူရတော့မှာလား၊ ကြည့်ပါဦး၊ မမ မောင်လေးက ဆယ်ခုနှစ်နှစ်တောင် မပြည့်သေးဘူး။ ဆယ်တန်း တောင် မဖြေရသေးဘူး။ ဖြစ်မှဖြစ်ရလေရှိန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



မခင်နွေ၏ အေးငြိမ်းသွားသော ရင်မှာ လှုပ်ခတ်ရုံမက ဆူဝေ လာတော့သည်။ သည်အရွယ်မျိုးလေးနှင့် လက်ထပ်နိုင်းရဲသော ရီဝေဦးဆိုသည့် မိန်းကလေးကိုလည်း မခင်နွေပင် လန့်လာမိသည်

"ဒီလို မမနွေရယ်။ ရီဝေဟာ သနားစရာတော့ ကောင်း တယ်"

"ပြောစမ်းပါဦး၊ ရှိန်း...သူပြောတာတွေရော၊ ရှိန်းခံစားရ တာတွေ ...ာ မမနွေ အကုန်သိစမ်းပါရစေ"

"ရှိန်းရဲ့ ပြဿနာကို မမနွေ တကယ်စိတ်ဝင်စားတယ်နော်"

"သြော်...ပြောမှပြောရက်ပလေ မောင်လေးရယ်။ မမနွေ ဘဝမှာ ရှိန်းဆိုတဲ့ မောင်လေးဟာ အရင်းနှီးဆုံး၊ အချစ်ခင်ရဆုံး တစ်ယောက်တည်းသော လူသားပါ ရှိန်း"

"ဟုတ်တယ်နော်။ မမနွေ ဘဝဟာ အလုပ်ကလွဲလို့ ဘာ အဖော်မှ မရှိရှာဘူး"

"ဒါကြောင့် မောင်လေးရှိန်းကို မမနွေ အချစ်ရဆုံးပေါ့။ ကဲ... ပြောစမ်းပါဦး ရှိန်းရယ်။ ရှိန်းအကြောင်းကြားရတာ မမနွေ ရင်ခု လိုက်တာ"

"ပထမ ရီဝေဦးဘဝကို ပြောပြမယ်နော်"

"အင်း...အင်း"

"သူတို့က မောင်နှမ ခုနစ်ယောက်တောင်။ အငယ်ဆုံး ချွေ လေးက နှစ်နှစ် သုံးနှစ်လောက် ရှိသေးတယ်။ နို့ဘူးတိုက်ရတုန်းတဲ့"

"သြော်..."





"ကျန်တာအားလုံး ကျောင်းသားတွေချည်းပဲ"

"ရီဝေဦးက အကြီးဆုံးလား"

"ဒုတိယ။ သူ့အစ်မက ဒုတိယနှစ်ရောက်နေပြီ၊ အဲဒါတောင် နည်းထားရတာတဲ့။ သူ့အလှည့်ကျရင် ဆယ်တန်းအောင်တောင် ကျောင်းဆက်ထားမပေးနိုင်ဘူးဆိုတော့ ရီဝေလည်း အားပျက်ရှာ တာပေါ့လေ"

"မိဘတွေက ဘာလုပ်လို့လဲ"

"ရုံးမှာ သူ့အဖေက ဌာနခွဲစာရေးကြီးနဲ့ သူ့အမေက စာရေးမ"

"အင်း...ဒီဝင်ငွေနဲ့ ကလေး ခုနစ်ယောက်နဲ့ ဆိုတော့ ဟုတ်မှာ ပဲ"

"အဘွားကြီးတစ်ယောက်ကလည်း ရှိသေးတယ်။ အဲဒီ ရီဝေ ရဲ့ အဘွားကလည်း ဟိုဟာပြော ဒီဟာဆူနဲ့ ကလေးတွေကလည်း နိုင်းကြဲနေတာပဲ။ ဒါကြောင့် ရီဝေက သူ့အိမ်မှာကို သူက မနေ ချင်ရှာတာ"

"အင်းပေါ့...ဟုတ်မှာပဲ"

"ရီဝေ့ကို ရှိန်း သနားနေမိတယ်"

"ရီဝေဦးကို ရှိန်းက ချစ်နေတော့ သူ့ဘဝကို သနားနေတယ် ဆိုတာ၊ သဘာဝကျပါတယ်။ ဒါပေမယ့် သူ့ဘဝကို ကယ်တင် ကူညီ ပေးတဲ့နေရာမှာ ရှိန်းရဲ့ဘဝကို စွန့်လွှတ်ရမှာ အဆိုးခံရမှာ ရှိန်း"

"ဘယ်လို...မမနွေ"

"ဒီအရွယ်လေးနဲ့ အိမ်ထောင်သည်ဖြစ်သွားရင်သောကတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခတွေကို တူးယူလိုက်သလို နေမှာပေါ့ ရှိန်း"

"ဟင်..."

"ပြီးတော့ ရီဝေဦးအိမ်မှာ ရှိန်းလိုက်နေလို့ မဖြစ်ဘူးမဟုတ် လား"

"အင်းပေါ့ သူ့အိမ်မှာတောင် လူတွေ လျှံနေရတဲ့အထဲ"

"ဒီအိမ်မှာ လာနေလို့လည်း ရီဝေဦးလို ဘာမှ သိနားမလည် သေး၊ မလုပ်တတ်မကိုင်တတ်သေးတဲ့ ချွေးမကို အန်တီမြက ကြည် ဖြူမယ် မထင်ဘူးရှိန်း"

"ဟုတ်ပါတယ်၊ မေမေ့ဒေါသနဲ့တော့ ဘယ်သူမှ ဖြစ်မှာ မဟုတ် ပါဘူး"

"ဒီတော့ ရှိန်း စဉ်းစားကြည့်လေ၊ ရှိန်းတို့အရွယ်၊ ရှိန်းတို့ပည နဲ့ ဘယ်မှာ ကိုယ့်အိုးကိုယ့်အိမ်၊ ထူထောင်လို့ ဖြစ်ပါ့မလဲ မောင်လေ ရယ်"

"ဒါတွေလည်း ရှိန်းတွေးမိပါတယ်မမနွေ။ ဒါပေမယ့် ရီဝေဦး တစ်မျိုးပါပဲလေ။ ရှိန်းကို အရွဲ့တိုက်သလို လုပ်နေတော့ ရှိန်းလည် မခံချင်စိတ်နဲ့ သူ့ကို လက်ထပ်လိုက်ရကောင်းမလားလို့ တွေးပြီး ဒီ မမနွေကို တိုင်ပင်နေတာပါ" .

"ရှိန်းကို ဘယ်လိုအရွဲ့တိုက်လို့လဲ"

"သီဟမင်းနဲ့ သိပ်တွဲနေတယ်၊ သီဟမင်းအိမ်ကိုလည်း ခ ခဏသွားတယ်"

"ဟင်..."





"သီဟမင်းကတော့ ရှိန်း ချစ်နေသူမှန်းသိတော့ ရီဝေ့ကို မချစ် ရဲပါဘူး၊ ဒါပေမယ့် မမနွေရယ် သူတို့ သိပ်တွဲနေတော့ ရှိန်း ရင်ထဲမှာ တစ်မျိုးကြီးပဲ"

"ခက်ပါလား...ရှိန်းရယ်"

"ဒါကြောင့် သူ့ကို တကယ်ချစ်ကြောင်း ပြတဲ့အနေနဲ့ သူ့ဆန္ဒ အတိုင်း သူ့ကို လက်ထပ်လိုက်ရရင် ကောင်းမလားလို့"

"ရှိန်း..."

မခင်နွေ အလန့်တကြား ခေါ်လိုက်မိသည်။ သည်အရွယ်နှင့် ..န်းမယူတော့မည်ဆိုသော မောင်လေး ရှိန်းကို နှမြောလိုက်ပါဘိ။ မခင်နွေရင်မှာ နာကျင်ကြေကွဲလာအောင် စိုးရိမ်စိတ်များကလည်း လျှံကဲလာသည်။

သူ့မိဘနှစ်ပါး၏ လက်ရှိအရေးအခင်းကလည်း တစ်စုံတစ်ခု သော အတိုင်းအတာအထိ ပြီးပြတ်အောင် ဖြေရှင်းပြရတော့မည့် အခြေအနေကို ရှိန်းလေး မသိရှာသေး...

ဘယ်နည်းနှင့်ပင် ဖြစ်စေကာမူ ကောင်းသော အလားအလာ မရှိပါကြောင်း၊ မခင်နွေတို့ အဘတိုးတို့ ကြိုတင် သိရှိကြပြီးသားပါ။

"မမနွေ ရှိန်းမေးတာ ပြောလေ၊ ရီဝေကို ချစ်ကြောင်း လက် ထပ်ပြလိုက်ရမလားလို့"

ရှိန်းစကားကြောင့် လန့်ဖျပ်စွာဖြင့် လွင့်ပြေးနေသော အတွေး များကို ရပ်တန့်ပြီး...

"ဒီမှာ ရှိန်း ရှိန်းက ရီဝေဦးကို ချစ်ရဲ့ပဲ ချစ်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"လက်ထပ်ဖို့ ဆိုတာက ရီဝေဦးဆန္ဒကို လိုက်လျောရမှာ မဟုတ်လား"

"ဟုတ်တယ် မမနွေ၊ ရှိန်း*မိန်းမယူဖို့ စိတ်မကူးသေးပါဘူး ဒါပေမယ့် ရီဝေ့ဆန္ဒကို လိုက်လျောမှ၊ သူက ရှိန်း ချစ်တယ်ဆိုတာ ယုံမှာပေါ့"

"ဒီမှာ ရှိန်း"

"ဗျာ..."

"ရီဝေဦးနဲ့ ပတ်သက်ပြီး ရှိန်း သိပ်ခံစားနေရသလား"

"ရှိန်း မပြောတတ်ဘူး"

"ဒီမှာ မောင်လေးရယ်။ မမနွေရဲ့ စကားကို နားထောင်စမ်းပါ အလေးအနက် နားထောင်စမ်းပါ"

"ဘာကိုလဲ...မမနွေ"

"ရီဝေဦးကို မေ့ပစ်လိုက်စမ်းပါ"

"ဟင်..."

"ဟုတ်တယ်ရှိန်း၊ ရီဝေဦးဆိုတဲ့ မိန်းကလေးကို လုံးဝ မေ့ပစ် လိုက်စမ်းပါ မောင်လေးရယ်"

"ဟာဗျာ၊ မမနွေကလည်း"

"မမနွေဟာ ကိုယ့်မောင်လေးဘက်ကချည်း မတရားတွေး တယ်လို့ပဲ ပြောချင်ပြောပါ။ ရီဝေဦးဆိုတဲ့ မိန်းကလေးဟာ သူ့ဘဝ ထွက်ပေါက်အတွက် ရှိန်းရဲ့ဘဝကို ချိုးနှိမ်ပစ်မယ့် စတေးပစ်မယ့် မိန်းကလေးပဲ"





"ဘယ်လို မမနွေ"

"သူ့ဘဝ အမြင့်ရောက်ဖို့ ရှိန်းရဲ့ နုပျိုတဲ့ဘဝလေးကို နင်းပြီး တက်ချင်တဲ့ မိန်းကလေး"

"အဲဒီလို ဟုတ်လို့လား"

"အောင်မယ်လေး...သိပ်ဟုတ်တာပေါ့ရှိန်းရာ"

ရီဝေဦးဆိုသော မိန်းကလေးကို ယခုပင် မခင်နွေမှာ လက်ညှိုး ခေါက်ခေါက်ဆိုး၍ ရန်တွေ့ပစ်လိုက်ချင်မိသည်။

"သူ သီဟမင်းနဲ့ တွဲနေတာကို ရှိန်းရင်မှာ မခံချင်ဘူးဗျာ"

"အေး...အဲဒီလို မခံချင်အောင် သူတမင်လုပ်နေတာ သိရဲ့လား ရှိန်း။ ရီဝေဦးက ဒီဘက်မှာ ပညာသိပ်တတ်နေပြီ။ ကျွမ်းနေပြီ။ ရှိန်း ကသာ အ–အ"

"ဟာဗျာ...မမနွေကလည်း"

ကလေးအတွေး၊ ကလေးအပြောနှင့် ကလေးမျက်နှာလေးပင် ပျောက်သေးသော နုပျိုလွန်းလှသည့် မောင်လေးရှိန်းကို နှမြော သောစိတ်နှင့်အတူ ရီဝေဦးကိုပါ ခံပြင်းစိတ်နှင့် မခင်နွေ ရန်တွေ့သလို အော်ပြောလိုက်မိသည်။

ရှိန်းမှာ လက်ကလေးနှစ်ဖက်ကို ယှက်ပြီး ပေါင်ကြားထဲ ထည့် ခေါင်း ငုံ့ထားသော မျက်နှာက ညှိုးမှိုင်းနေသည်။

ရီဝေဦးဘက်က မှန်သလား၊ မခင်နွေ ပြောသည့်စကားများ မှန်သလားဆိုသော အတွေးနှစ်ခုကြောင့် ရှိန်းသည်လည်း ယိမ်းယိုင် လှုပ်ရှားနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး...ရှိန်းလေး"

မခင်နွေက သူ့ပခုံးလေးကို ဆုပ်ကိုင်ပြီး သူ့မျက်နှာလေးကို ကပ်ကြည့်ရင်း...

"သီဟာမင်းနဲ့ တွဲတယ်ဆိုပေမယ့် သူက ရီဝေဦးကို မချစ်ပါဘူး မဟုတ်လား ဟင်"

"ဒီကောင် ဒီလိုသစ္စာမဲ့မယ်မထင်ပါဘူး။ ရှိန်း ရီဝေဦးကို ချစ်နေတာ သူသိတာပဲ"

"ဒါဆိုရင် ရီဝေဦးအတွက် စိတ်ချပေတော့"

"ဗျာ..."

"ရှိန်း ချစ်သလို သူကလည်း ပြန်ချစ်မယ်ဆိုရင် သူနောက်တစ်ယောက် မရှာပါဘူးကွာ... ရှိန်း လက်ထပ်နိုင်တဲ့နေ့အထိ သူစောင့်မှာပါ"

"သူက စောင့်မှာလား မမနွေရဲ့"

"တကယ်ချစ်ရင် သစ္စာရှိရမှာပေါ့ရှိန်း... စောင့်ရမှာပေါ့။ ဘယ်နှယ့် ဒီအရွယ်လေးနဲ့ ကိုယ့်အိမ်မှာ မနေချင်တာနဲ့ သူများ ဘဝကိုပါ ဘာလို့ လိုက်ဖျက်ဆီးချင်ရတာလဲ"

"မမနွေ ရီဝေဦးကို မကြည်ဘူး မဟုတ်လား"

"မမမောင်လေး ချစ်တဲ့သူဆိုရင် မမနွေကလည်း လိုက်ပြီး ချစ်မှာပေါ့ ရှိန်း။ ဒါပေမယ့် ရီဝေဦးက လွန်လွန်းတယ်"

"ဘာလွန်တာလဲ"

"ဒီအရွယ်လေးနဲ့ ယောကျာ်းယူဖို့ စဉ်းစားတာ အံ့ပါရဲ့ကွာ၊ ဒီမှာ မောင်လေး"





"အင်း"

"မောင်လေးဟာ တစ်ဦးတည်းသော သူဌေးသားလေးမှန်း သိလို့ သူ့ဘဝ အာမခံချက်ရဖို့ ရှိန်းကို လက်ထပ်ခိုင်းတာပါ"

ဒီလောက်ထိတော့ ရှိန်း မတွေးမိ၊ ကျူရှင်တွင် ရီဝေဦးက စာအုပ်ငှားပြီး စတင်၍ ဆက်သွယ်လာသည့် အကြောင်းကိုပါ ရှိန်း သတိရလာသည်။

"ပြီးတော့ သီဟာမင်းဟာ ဒုဗိုလ်မှူးကြီးသား၊ သူ့အမေက ဆရာဝန်မ၊ ဒါကြောင့် သီဟာမင်းဆီလည်း သူသွားနေတာ၊ ရှိန်းက ငြင်းမယ်၊ သီဟာမင်းက သူငယ်ချင်းမျက်နှာကို မထောက်ဘဲ ရီဝေဦးကို ချစ်မယ်ဆိုရင်လည်း ရီဝေဦးဟာ ရှိန်းကို ပြောသလိုပဲ သီဟာမင်းကို လက်ထပ်ခိုင်းမှာပဲ"

မခင်နွေ၏ ပြတ်သားသော စကားများကြောင့် ရှိန်းကိုယ်တိုင် တွေဝေလာမိသည်။ သူ့ရှေ့မှာ သီဟာမင်းကို အရေးတယူ ဆက်ဆံနေသော ရီဝေဦး၏ သွင်ပြင်ကိုလည်း မြင်ယောင်လာမိသည်။

"ဒီတော့...မောင်လေးရယ် မမနွေရဲ့ စကားကို နားထောင်စမ်းပါ။ သူ့ဘဝမြင့်ဖို့ မောင်လေးရှိန်းရဲ့ ဘဝကို နင်းပြီး တက်မယ့် မိန်းကလေးကို မေ့ထားလိုက်စမ်းပါ"

"အင်း"

ရှိန်းက သက်ပြင်းချရင်း အင်း...လိုက်သည်။

"အခုအချိန်မှာ စာပဲကြိုးစား၊ ဆယ်တန်းကို တစ်နှစ်တည်း အောင်ဖို့သာ အဓိကထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းလည်း အောင်အောင်ကြိုးစားနေတာပါပဲ"

"အေး...ဆယ်တန်းအောင်ပြီးသွားတော့မှ ရီဝေဦးကိစ္စကို ဆက်ပြီး စဉ်းစားပေါ့ မောင်လေးရယ်နော်"

"ဟုတ်ပါတယ်လေ၊ ရီဝေဦးနဲ့ ပတ်သက်ပြီး ရှိန်းရင်ထဲမှာ မ ချင်တာလေးပဲ ရှိပါတယ်"

"အဲဒီလို မခံချင်ဖြစ်လာအောင် ရီဝေဦးက တမင်ဖန်တီးယူ တာ မောင်လေးရဲ့"

"အင်း...ဟုတ်ချင်လည်း ဟုတ်မှာပါပဲလေ"

"မမနွေ ထပ်ပြီး မေးမယ်...မောင်လေးရဲ့ စိတ်ထဲမှာ ရီဝေဦး ပတ်သက်ပြီး သိပ်များ ခံစားနေရသလားကွယ်...ဟင်"

"မခံချင်တာရယ်၊ သူ့ဆန္ဒကို လိုက်လျောပေးရမလားလို့ စဉ်း စားမိတာရယ်က လွဲလို့ ရှိန်းရင်ထဲမှာ ကြေကွဲလောက်အောင်အထိ တော့ မခံစားရပါဘူး မမနွေ"

"ဒါဆို မမနွေ သိပ်ဝမ်းသာသွားပြီ ကလေးရယ်"

"ရှိန်း စာပဲ ဆက်ကျက်ပါ့မယ်။ ဒီနှစ်ကျသွားမှာလည်း သိ စိုးရိမ်တယ်"

"ဟုတ်ပြီ...ဟုတ်ပြီ...မမနွေ ပြောသလို ရီဝေဦး ကိစ္စကို မေ့ ထားလိုက်စမ်းပါကွယ်နော်...စာမေးပွဲပြီးမှပဲ ထပ်စဉ်းစားကြသေး တာပေါ့နော်"

"ဟုတ်ကဲ့"

"စာပဲကြိုးစား၊ ကဲ...လာ ထမင်းစားတော့။ ညနေကျူရှင်သွား ရဦးမယ်လေ"





"ဟုတ်ကဲ့ မမနွေ"

"မမနွေ ပြောတာ သဘောပေါက်တယ်နော်"

"ပေါက်ပါပြီ"

"ဒါဖြင့် မမနွေ အကြံပေးတာကိုလည်း လက်ခံမယ်ပေါ့နော်၊ ရှိန်း..."

"ဟုတ်ကဲ့ပါ မမနွေ"

"အို...သိပ်လိမ်မာတဲ့ မောင်လေး။ မမနွေ သိပ်ချစ်တဲ့ ရှိန်း လေးရယ်"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အသျှင် ဦးသောဘိတ မျှော်လင့်ချက်မရှိတော့။
အမြန်လာပါ။

ဦးပဥ္စင်း ဦးရေဝတ
ဇီးကုန်းမြို့

ပေါင်းတည်မြို့မှ ရိုက်လိုက်သော ကြေးနန်းစာ ဖြစ်ပါ၏။

အသျှင် 'ဦးသောဘိတ'ဆိုသော ဆရာတော် ဘုန်းကြီးသည် ဦးသက်ထွန်း၏ ဖခင်ပါတည်း။

"ဘယ်လိုလုပ်မလဲဟင် ကိုထွန်း"

ကြေးနန်းစာဖတ်ပြီး မျက်နှာပျက်လွှန်းနေသော ဦးသက်ထွန်းကို ဒေါ်မြမြခင်က ညင်ညင်သာသာ မေးလိုက်သည်။

"လိုက်သွားရမှာပဲပေါ့"

"မြတော့ လိုက်ချင်ပါတယ်လေ။ ဒါပေမယ့်..."





ဒေါ်မြမြခင်က စကားကို ရပ်ပြီး ဖခင်အတွက် ပရိဒေဝမီး ...နေသော ခင်ပွန်းသည်၏ မျက်နှာကို ကြည့်လိုက်သည်။ ပြီးမှ သိမ်မွေ့စွာ ဆက်ပြောပါ၏။

"ကလေးကလည်း စာမေးပွဲနီးနေပြီမဟုတ်လား။ အိမ်မှာကလည်း တစ်ယောက်မရှိ တစ်ယောက်ရှိမှ ဖြစ်လို့ပါ"

မတည်ငြိမ်သော မျက်ဝန်းများဖြင့် စူးစမ်းသလို ကြည့်ပြီး ဒေါ်မြမြခင်က ပြောလိုက်သည်။

"ကိုယ်သိပါတယ်မြ၊ သွားရမှာလည်း ဘုန်းကြီးကျောင်း ဆိုတော့ မြလိုက်လို့ မတော်ပါဘူးလေ၊ နေခဲ့ပါ"

ဒေါ်မြမြခင်မှာ ဝမ်းသာစိတ်ကို သူ့မျက်နှာမှာ ထင်ဟပ်မလာအောင်စေရန် အနိုင်နိုင် ဖုံးအုပ်ထားရပါ၏။

"ကိုထွန်း ဘာနဲ့ သွားမှာလဲ"

ဦးသက်ထွန်းက လက်မှ နာရီကို ကြည့်လိုက်သည်။ နေ့လယ်တစ်နာရီမထိုးသေးဘူး၊ ရှိန်းလည်း ကျောင်းမှ ပြန်လာ၍ ထမင်းစားပြီးခါစ။

"ရထားချိန်လည်း မမီတော့ဘူး၊ ကိုယ့်အိမ်က မောက်(စ်)ဝက်ဂွန်းပဲ မောင်းသွားမယ်"

"ကောင်းပါတယ်"

"ကိုယ် သားကိုပါ ခေါ်သွားမယ်"

သူတို့ပြောနေသော စကားများကို ကြားနေရသော မခင်နွေ့မှာ ရှိန်းကို ခေါ်သွားမည် ဆိုခြင်းအတွက် ဒေါ်မြမြခင်က တားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



စေ၊ ရှိန်း လိုက်မသွားဖြစ်ပါစေနဲ့၊ ဒေါ်မသွားဖြစ်ပါစေနဲ့ဟူ၍ ကျိတ်ပြီး ဆုတောင်းနေမိသည်။

စာမေးပွဲကလည်း နီးပြီ၊ စာကျက်ပျက်မှာလည်း စိုးရိမ်သည်။ ခရီးပန်း၍ ဖျားနာနေမှုဖြင့် စာမေးပွဲကြီး နီးခါမှ...

မခင်နွေ၏ အတွေးများ မဆုံးသေးမီ ရှိန်း၏ မိခင်ရင်း ဒေါ်မြမြခင်က...

“အင်းပေါ့၊ ဒေါ်သွားပေါ့။ ဒါ သူ့ဘိုးအေကို နောက်ဆုံး တွေ့ရခြင်းဖြစ်မှာ မဟုတ်လား”

“ဟုတ်ပါတယ်မြ၊ ဟုတ်ပါတယ်။ ကဲ...သား ဖေဖေနဲ့ လိုက်ခဲ့။ မင်း မမနွေကို အဝတ်အစား သုံးလေးစုံ အထည့်ခိုင်း၊ အိပ်ရာလိပ်လည်း ပြင်ခိုင်းလိုက်၊ မြန်မြန်လုပ်လို့”

“ဟုတ်ကဲ့ ဖေဖေ”

ရှိန်းမှာ မိဘစီစဉ်ရာကို အမြဲနာခံတတ်ရှာသော သားလေးပါ။

မခင်နွေ၏ မြို့ပိတ်နေရသော ရင်တွင်းဆန္ဒများ မပြည့်ဝတော့ပါချေ။

“ကိုထွန်းက ဘယ်လောက်ကြာမှာလဲ”

ဗီရိုတွင်းမှ သူ့အဝတ်အစားများကို ကိုယ်တိုင်ထုတ်နေရှာသော ဦးသက်ထွန်း၏ နောက်တွင် ထိုင်လျက် ဒေါ်မြမြခင်က မေးလိုက်သည်။

“ကြေးနန်းစာအတိုင်း ဆိုရင်တော့ ကိစ္စတွေ စီစဉ်ပြီးမှ ပြန်လာလို့ ရမှာပဲ။ ဆိုင်တော့ ပိတ်ထားလိုက်မယ်လေ”





“ဆိုင်ကိစ္စတော့ မြ နားမလည်ဘူး၊ ကိုထွန်းသာ စီစဉ်ခဲ့”

“သားကိုတော့ သူ့အဘိုးနဲ့ တွေ့ပြီး တစ်ရက်နှစ်ရက်နေရင် ပြန်လွှတ်လိုက်မယ်လေ။ ကိုယ်ကတော့ တစ်ပတ်ထက်စောပြီး ပြန်လာနိုင်မယ် မထင်ဘူး”

“အင်းပါ၊ နေပါ”

ရှိန်းကို ပြန်လွှတ်လိုက်မည်ဆို၍ တော်ပါသေးရဲ့ဟု စိတ်အေးရသော်လည်း...

“ကလေးတစ်ယောက်တည်း ဘယ်မှ သွားဖူးသေးတာ မဟုတ်ဘူး။ တစ်ယောက်တည်း ပြန်လာမှာ ငါစိတ်ပူလိုက်တာ...”

အဝတ်အစားများ ထည့်ပေးရင်း တွေးနေမိသော မခင်နွေ၏ ဆန္ဒများသည် သမုဒ္ဒရာကြမ်းပြင်မှ ကျောက်ဆောင်များသည် ရေပြင်ပေါ်သို့ ဘယ်သောအခါမှ ပေါ်ထွက်လာနိုင်စရာ အကြောင်းမရှိသလိုပင် မခင်နွေ၏ ဆန္ဒများသည်လည်းထာဝရ တိမ်မြုပ်နေရသည်သာပါ။

ကသုတ်ကရက်ပြင်ဆင်ပြီး ရုတ်တရက်ပင် နှုတ်ဆက်ကာ သားအဖနှစ်ယောက် ကားတစ်စင်းနှင့် ထွက်ခွာသွားကြပါတော့သတည်း။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ညနေစာကို မိတ်ဆွေတစ်ယောက်အိမ်မှ ဖိတ်ကျွေးမည်ဟု ဆိုကာ ဒေါ်မြမြခင် ကြော့နေအောင် ပြင်ပြီး ထွက်သွားသည်။

"ဘယ်သူကမှ ဖိတ်ကျွေးမှာ မဟုတ်ပါဘူး။ သူတို့ဟာ သူ ဟိုတယ်မှာ သွားစားကြမှာ။ ဟိုကောင်ကလည်း တွေ့လိုက်တယ် မဟုတ်လား။ တက်ထွက်ဆိုလား၊ အဲဒီ ဘောင်းဘီခြေကားနဲ့ ဘွတ် ဖိနပ်နဲ့"

ကြီးစောက ဆေးလိပ်ဖွာရင်း အားပါးတရ ပြောနေသည် အိမ်ရှင်များ မရှိကြ၍ အိမ်စေများ စိတ်လွတ်ကိုယ်လွတ်နှင့် အသံ ကျယ်ကျယ် စကားပြောဝံ့နေကြသည်။

"အင်းလေ မနွေတို့က သူတို့အရိပ်မှာ ခိုလှုံနေကြရသူတွေပဲ ကြီးစောရယ်။ သူတို့ကိုယ်တိုင်က ပူလောင်နေတော့ မနွေတို့မှာ လည်း စိတ်ညစ်ရတာပေါ့"

"ညည်း နာမည်ကြီးကိုကလည်း မကောင်းပါဘူးအေ၊ 'နွေ





ဆိုတာ ဘယ်တော့များ အေးချမ်းတယ် ရှိဖူးလို့လဲ"

"ဘာရယ်လို့မဟုတ်ပါဘူး၊ အစ်မနာမည်က 'ခင်မေ'လို့ မှည့်ထားတော့ နောက်ရလာတဲ့ သမီးကို ခင်နွေလို့ လွယ်လွယ် မှည့်လိုက်တာ"

"ဪ..."

"ကြီးစော ပြောမှ တွေးမိတယ်။ မနွေရဲ့ ဘဝဟာ တစ်သက်လုံးများ ပူလောင်နေရမှာလား ကြီးစောရယ်"

"ညည်းအဖေဆုံးတာ ဘယ်လောက်ကြာပြီလဲ"

"မနွေ ဆယ့်သုံးနှစ်သမီးက"

"ဒါဆို ညည်းအဖေ ဆုံးပြီး နှစ်နှစ်လည်း ကြာရော ညည်းအမေကလည်း နောက်ယောက်ျားယူရော ဆိုပါတော့"

"ဟုတ်ပါတယ်၊ နှစ်နှစ်တောင် မကြာပါဘူး၊ မနွေ ဒီအိမ်ရောက်တော့ ဆယ့်ငါးနှစ်တောင် မပြည့်သေးဘူးလေ"

"အင်း...ဘာလိုလိုနဲ့ခင်နွေ ဒီအိမ်ရောက်တာတောင် ကိုးနှစ်ရှိပြီပဲ"

"ရှိန်းတောင် ကလေးလေး ရှိသေးတာ၊ သူအိပ်ပျော်နေရင် မနွေက ပွေ့ချီတင်ရတဲ့ အရွယ်လေးပဲ ရှိသေးတာပါ"

"အေး...ကောင်လေးကတော့ ညည်းကို အစ်မလိုပဲ သဘောထားပြီး ချစ်ရှာပါတယ်"

"မနွေကလည်း ရှိန်းကို သိပ်ချစ်တာပဲ၊ မနွေ ဒီအိမ်ရောက်မှ ရှိန်း ဒီလို တစ်ခါမှ ခရီးမထွက်ဖူးဘူး။ ခုတောင် အောက်မေ့နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခင်နွေ၊ ဒီညကြည့်နေ"

"ဘာလဲ ကြီးစော"

"ဒီည ဟိုကောင် အိမ်ပေါ် ရောက်လိမ့်မယ်"

"အို...ကြီးစောကလည်း"

"ညည်း နားမလည်ပါဘူးလေ၊ မြမြက တို့နှစ်ယောက်ကို နွေး လောက်မှ အရေးထားတာမှ မဟုတ်ပဲ။ သူ့လင် သူ့သား မရှိတဲ့ အချိန်မှာ ' ကောင်ကို တိုက်အပေါ်ထပ် ခေါ်မထားရင် ညည်း ငါ့ပါး ကို ချ"

"ဟာ...ကြီးစောကလည်း မဟုတ်တာ"

"ငါက လောင်းရဲတယ်လို့ အာမခံတာပါ။ မယုံကြည့်နေ"

"ဒုက္ခပါပဲ ကြီးစောရယ်"

"ကဲ...ကဲ... ဦးတိုးကို ထမင်းသွားပို့ပေးလိုက်ပြီးရင် တို့ နှစ်ယောက် ထမင်းစားကြစို့"

"ဟုတ်ကဲ့...ကြီးစော"

အဘတိုးသည် အလွန်အလိုက်သိတတ်သော အဘိုးကြီးပါ။

ဦးသက်ထွန်း၏ အဘိုးလေး အရင်းဟု ဆိုစေကာမူ ဘယ်သော အခါမှ တိုက်ထဲတွင် လာ၍ ထမင်းမစားရှာပါ။

သူ့ကို ပို့ပေးသမျှ ဟင်းနှင့်သာ စားသည်။ ချိုသည်၊ ခါးသည်၊ နည်းသည်၊ များသည် ဘယ်သောအခါမှ မပြောရှာ။

ဒေါ်မြမြခင်၏ စီစဉ်ချက်အရ သူတို့မိသားစုက သပ်သပ်၊ မခင်နွေတို့က သီးသန့်စားရသည်။





ဥပမာ ချဉ်ပေါင်ဟင်း၊ ကြက်သားကြော်၊ ငါးခူငါးပိကောင်နှင့် န့်ခြောက် ငရုတ်သီးများ ရောကြော်သည့် ဟင်းများ ဆိုပါလျှင် မခင်နွေတို့ အစေအပါးအုပ်စုက ချဉ်ပေါင်ဟင်းတစ်မျိုးသာ စားရသည်။ ငါးပိရည်ကျဲကျဲတော့ အမြဲစားခွင့်ရသည်။ တစ်ခါက ချဉ်ပေါင်ဟင်းနှင့် လိုက်ဖက်သော ငရုတ်သီးကြော်လေး ယူစားမိ၍...

"ငရုတ်သီး ဈေးဘယ်လောက်ကြီးတယ်ဆိုတာ သိရဲ့လားဟဲ့၊ ကြည့်ပါဦး ရဲနေတာပဲ၊ စားချင်ဦး"

ကျောကုန်း တစ်ချက်ထုရင်း အဆူခံရပြီးကတည်းက မခင်နွေ ကြိုက်သော ငရုတ်သီးကြော်ကို ဘယ်သောအခါမှ မစားရဲတော့။

ထိုနေ့က ထမင်းဆက်မစားနိုင်ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည့်အကြောင်းများကို မခင်နွေ ပြန်တွေးမိရင်း ချဉ်ပေါင်ဟင်းများ ကို ခပ်နေမိသည်။

မခင်နွေက အမှတ်သညာ ကြီးပါသည်။ တစ်ခါ အဆူခံ အရိုက်ခံပြီးသော ကိစ္စကို နောက်တစ်ကြိမ် ဘယ်သောအခါမှ ထပ်၍ မလုပ်ပါ။

သူမစားစေချင်သည့် အစာကို မိမိမစားဖြစ်ပါသော်လည်း ခြံဝင်းမှာ ပင်ပန်းလွန်းရှာသော အသက်ခြောက်ဆယ်ကျော် အဘတိုးအတွက်ဖြင့် မခင်နွေမှာ သားဟင်း၊ ငါးဟင်းများကို အမြဲခိုးထည့်၍ ပို့ပေးလေ့ ရှိပါ၏။

ယနေ့ ညစာတော့ မခင်နွေတို့ ထောနေသည်။ ငါးမြင်းနှင့် သရမ်းချဉ်သီး ဆီပြန်ချက်ထား၍ မနက် မခံတော့။ ယနေ့ည အိမ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



များ မစားကြ၍ ငါးပိကြော်များ အစုံအလင် ဇန်းလေးနှင့် ထည့်သွားပို့သည်။

“ဟော...အဘတိုးလည်း မရှိပါလား”

ထမင်းဟင်းဇန်းကို အဘတိုးအခန်းမှ ကြိမ်အုပ်ဆောင်းလေး ဖုံးအုပ်ခဲ့ပြီး ခြံတွင်းသို့ မခင်ရွှေ ထွက်လာခဲ့သည်။

“အဘတိုး အလုပ်မပြီးသေးဘူးလား”

“အေး... အလုပ်သမားတွေ ပြန်ခါနီးလို့ အဘ စောင့်ကြည့်နေတယ်။ ပြီးခါနီးပါပြီ”

“ကျင်းက အနက်ကြီး တူးရတယ်နော်”

“အေး...နွေရောက်လာပြီလေ။ အဘတို့ခြံက ကုန်းမြင့်မှာ ဆိုတော့ ရေမတက်ဘူး၊ ရေကန် အသစ်လုပ်ဖို့ မနှစ်ကတည်းက ပြောနေတာ။ ဒီနှစ်မှ မမြက လုပ်ခွင့်ပေးလိုက်တယ်”

“သြော်...”

“ဒီခြံက အဝီစိတွင်း တူးလို့လည်း မရဘူးသမီး၊ နွေဆို ရေက သိပ်လိုတယ်။ ရေရချိန်မှာ ကန်ကြီးကြီးနဲ့ ခံထားပြီး အိမ်အတွက်ရော အဘသစ်ပင်တွေအတွက်ပါ လုံလောက်အောင်ပေါ့”

“ကောင်းပါတယ် အဘ”

“ကန်ကျယ်ရင် နေရာ ရှုပ်သတဲ့ကွယ်...။ ဒါကြောင့်... အောက်မှာ နက်နက်တူးပြီး နဂိုကန်အတိုင်း ထားရမယ်တဲ့”

“အန်တီမြကလား”

“အင်း...”





“အဘတိုးကလည်း၊ သစ်ပင်တွေ စိုက်တာ တစ်ခြံလုံးပဲကိုး”

ဝိန်နဲ့တို့၊ အုန်းတို့ ချထားပေးတာက အဘသေသွားတောင်၊ ..င် သားစဉ်မြေးဆက် စားဖို့လေ၊ အခု လောလောဆယ်ပဲ ဒန့်..လွန်တို့၊ ကင်ပွန်းချဉ်တို့၊ သမီးတို့ ချက်စားနေရပြီ မဟုတ်လား”

“ဟုတ်ပါတယ်၊ အန်တီမြအကြိုက် ပန်းအလှတွေ စိုက်ပျိုးရတာ..ည်း အများကြီးပဲ”

ထိုစဉ် မြေတူးသည့် အလုပ်သမားနှင့် ပန်းရံသမားများ ပြန်သွားကြသည်။ အဘက သူတို့ တစ်နေ့လုပ်အားခကို ရှင်းပေးပြီး ..တံခါးသွားပိတ်လိုက်ပါ၏။

“အဘအတွက် ထမင်းပို့ခဲ့ပြီးပြီ”

“အေး...အေး သမီး”

“သြော်...ဒါနဲ့ ဦးလေးရဲ့ အဖေ ဘုန်းကြီးဟာ အဘရဲ့ တူ..ပါနော်”

“အေး...သူက မိန်းမဆုံးပြီးမှ မောင်ထွန်းကို မမြတို့ မိဘဆီမှာ အလုပ်သွင်းပြီး ဘုန်းကြီးဝတ်သွားတာ ကြာပြီ”

“ဒီတုန်းက အဘကရော”

“အဘက တောမှာ...ပေါင်းတည်ခရိုင်က ‘ညောင်ကန်သာရွာ’ မှာ လယ်လုပ်နေတယ်လေ”

“သြော်...ဟုတ်ကဲ့”

“နောက်တော့ မောင်ထွန်းကလည်း မမြနဲ့ ရပြီး ကြီးပွား၊ အဘ..ကလည်း ဇနီးဆုံးပြီး တစ်ယောက်တည်းဖြစ်နေတော့ မောင်ထွန်းက



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်ပြီး ကျွေးမွေးထားရတယ်"

"အဘ ပြန်လုပ်ပေးရတာက စားရတာထက် မကပါဘူး အဘ
တို့ရာ"

"ဒီလို သဘောမထားပါဘူး သမီးရယ်၊ ထမင်းရှင်ဆိုတာ
ကျေးဇူးရှိတယ်၊ ဒါပေမယ့် အိမ်ရှေ့ပူ၊ အိမ်နောက် မချမ်းသာပါ
ဘူးကွယ်"

"ဟုတ်ပါတယ် အဘရယ်၊ အန်တီမြအတွက် မနွေတို့လည်း
သိပ်စိတ်ညစ်တာပဲ"

"အေးလေ၊ ဘာပဲဖြစ်ဖြစ် ကိုယ်နေတတ်သလိုနေ၊ စားတတ်
သလိုစား၊ သူတို့ထဲမှာ ဝင်မရှုပ်နဲ့၊ ကဲ…အဘလည်း ထမင်းသွားစား
လိုက်ဦးမယ်"

အဘတို့က အန်တီမြတို့အကြောင်းကို ဝေဖန်ဆွေးနွေးခြင်း
ပြုချင်ပုံမရ။

စကားရှည်နေမိသော မခင်နွေသည်သာ ကြီးစော ထမင်းစား
မျှော်နေပေတော့မည်ဟု သတိရကာ၊ နောက်ဖေးဆောင်သို့ ပြေးဝင်
လာရသည်။

ကြီးစောက ထမင်းစားဝိုင်း အသင့်ပင် ပြင်ထားပြီးနေလေပြီ
နောက်ဖေး မီးဖိုဆောင်မှ မဲပေနေသော ထမင်းဝိုင်းလေးပေါ်မှာ
ယနေ့ညစာတော့ ဟင်းစုံလင်လှသည်။

ရှိန်းကို အောက်မေ့သတိရနေမိသည်မှလွဲလျှင် နေရထိုင်ရသည်
မှာ လွတ်လပ်နေပါ၏။ အုပ်ချုပ်သူ လွတ်သော ငယ်သားတိုင်း





သဘာဝအတိုင်းပါပင်။ မခင်နွေတို့ ငယ်စဉ်က ဆရာမ နေမကောင်း
၍ ကျောင်းမလာနိုင်လျှင် သိပ်ဝမ်းသာကြသည်။ ဆက်၍ ဖျားး
နေပါစေ ဦးဟု ဆုတောင်းမိကြဖူးသည်ကို ပျော်ရွှင်စွာ ထမင်းစားရင်း
သတိရနေမိပါ၏။

"ဟောတော့…ကားသံကြားပြီ၊ ကြီးစောရေ…"

"ဝအောင် စားပါအေ"

"ပြီးပါပြီ"

မခင်နွေမှာ ပန်းကန်တွင်းမှ တစ်လုတ်စာ ထမင်းကျန်လေး
ကို ကမန်းကတန်းစားပြီး လက်ဆေး၍ ပြေးထွက်ရသည်။

"ပြန်လာကြပါပြီ…အတန်တီမြနှင့် ကိုတင်မောင်"

မခင်နွေက တိုက်တံခါးဖွင့်ပြီး ကြိုရသည်။ ဒေါ်မြမြခင် ချွတ်
သားရစ်မည့် ဖိနပ်ကို ကောက်၍ ဖိနပ်စင်ပေါ် တင်ပေးရမည်။ သူ
ရေချပ်ခိုင်းမလား၊ ပန်ကာဖွင့်ခိုင်းမလား၊ လုပ်ပေးရန် အဆင်သင့်
စောင့်ကြိုရမြဲ။

"ဖိနပ်ချွတ်မနေနဲ့ မောင်မောင် သွားထိုင်ပါ"

ကိုတင်မောင်က ရှူးဖိနပ်ကို မရဲတရဲနင်းလျှက် အိမ်ထဲ ဝင်ပြီး
ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။

"မောင်မောင်…ဆိုပါလား"

မထိုက်တန်သော အဝတ်အစားများနှင့် ကိုတင်မောင်က ဆိုဖာ
ပေါ်တွင် စီးကရက်ကို ဟန်ပါပါဖွာနေပါ၏။

"လိမ္မော်ရည် နှစ်ခွက်ဖျော်ခဲ့ ခင်နွေ"



www.burmeseclassic.com

www.burmeseclassic.com


"မသောက်ချင်တော့ဘူး မမြရယ်၊ အင်းလျားလိတ်က ဒိုမိန္ဒိ ဂေါ်ဇလာဆိုတဲ့ နို့နဲ့ သစ်သီးစုံဖျော်ရည်ကလည်း အီဆိမ့်လာတာ"

"ဒါဖြင့် နေပစေခင်နွေ သွားတော့"

မခင်နွေမှာ ချုပ်နှောင်ထားရာမှ လွှတ်ဖြေပေးခြင်း ခံလိုက်ရသလို၊ ပေါ့ပါးလွတ်လပ်စွာ ပြေးဝင်လာမိသည်။

"မောင်မောင်တဲ့"

"မမြတဲ့"

မကြားရဲ မကြားချင်၊ မကြည့်ရဲ မကြည့်ချင်ပါ၍ နောက်ဖေးတွင် ပန်းကန်များကို ဆေးကြော သိမ်းဆည်းနေမိဆဲ။

ကိုတင်မောင်က သူ့အခန်းတွင်းသို့ ပြန်လာနေကြောင်းလှမ်းမြင်ရသည်။ သူနှင့် အဘတို့မှာ အစေခံတန်းလျားနှင့် ကားဂိုဒေါင်များထားသည့်နေရာမှာ တစ်ခန်းစီ နေကြရသည်။

မခင်နွေ သိမ်းဆည်း၍ မပြီးမီ အိမ်ရှေ့မှ လှမ်းအော်ခေါ်သံကြားရသည်။ ပြေးထွက်လာတော့...

"ငါ ဒီလောက် အော်ခေါ်နေတာ မကြားဘူးလား"

"မကြားလို့ပါ အန်တီမြ"

"ငါသောက်နေကျ ယူနီကက်အမ်(မ်)ဆိုတဲ့ အားဆေးရယ်၊ လိမ္မော်ရည်ကို ဂလူးကို့(စ်)ပါ နည်းနည်း ထည့်ဖျော်ပြီး အပေါ်ထပ်ငါ့အခန်းကို ယူလာခဲ့စမ်း၊ ရင်ထဲမှာ မောဟိုက်ဟိုက်နဲ့"

"ဟုတ်ကဲ့ပါ အန်တီမြ"

ကားလေးစီးပြီး ပြန်လာသူက မောသတဲ့။ မခင်နွေလို ငယ်ရွယ်



သူ မဆိုထားနှင့်။ ကြီးဒေါ်တို့၊ အဘတို့ပင် ဒေါ်မြမြခင်လို မမောဘတ်ကြ။ သူက အဆီအဆိမ့်တွေ စားပြီး ဘာလုပ်ရှားမှုမှ မရှိပါဘဲ နိမ်သက်သက်ယူနေသူမို့ ကြာလေ ဝလေ၊ ကြာလေ မောလေ ထင်ပါရဲ့။

ယင်းအတွေးများ ပြီးဆုံးသည်နှင့် လိမ္မော်ရည်လည်း ဖျော်၍ပြီးပါပြီ။ အပေါ်ထပ်သို့ တက်၍ ပေးရပါ၏။

ဒေါ်မြမြခင်မှာ ဘရိုကိတ် အပြာအပွင့်ဆုပ်ကြီးကို ချွတ်လဲပြီးပြီ။ ဖော့ရှုံအပြာကို ချွတ်လိုက်ပါ၏။ သူ့ရင်ဘတ်ပေါ်တွင် နီလာဆွဲကြိုးက အထင်းသား ဖြစ်နေသည်။

"ခင်နွေ"

"ရှင်..."

"ဒီလက်စွပ်ကို ကြည့်စမ်း"

ကြပ်နေသော သူ့လက်သူ့ကြွယ်မှ လက်စွပ်ကို ဒေါ်မြမြခင်က မနည်း ချွတ်ယူနေသည်။ ဆွဲကြိုးလိုပင် သူ့လက်နှစ်ဖက်တွင်လည်း အသွေးရောင် တောက်လှသော နီလာတာကွက် လက်ကောက်များကို ဝတ်ဆင်ထားပါ၏။

"ဟောဒီ လက်စွပ်ဟာ ဘယ်သူ့ဟာ မှတ်သလဲ"

"ရှင်..."

"ညည်းအဘွားလက်စွပ်၊ ညည်းအမေ လှမြင့်ရဲ့ အမေက ငါ့အမေကို လာပေါင်ရင်း အဆုံးခံသွားတဲ့ လက်စွပ်"

"ဪ..."


www.burmeseclassic.com

www.burmeseclassic.com



"တို့များ ဘွားအေ၊ ညည်းတို့ ဘွားအေ လက်ထက်က ညီအစ်မ တစ်တွေ ချမ်းသာကြတယ်လေ၊ ဒါပေမယ့် ညည်းတို့ မျိုးရိုးက မထိန်းတတ် မသိမ်းတတ်တော့ တစ်မျိုးလုံး ဆင်းရဲနေကြတာပေါ့"

သူ့အိမ်မှာ အခိုင်းအစေဖြစ်နေရသည့် ဘဝမှာပင် ဆက်လက်၍ အမျိုးနှင့်ချီပြီး နှိမ်နေချင်သေးသည့် ဒေါ်မြမြခင်ပါတကား။

"တွေ့လား။ လက်စွပ်ရဲ့ အတွင်းဘက် ရွှေသားနေရာမှာ 'M.N' ဆိုတဲ့။ မြနှစ်ပေါ့။ ညည်းအဘွားလေ"

"ဩော်..."

"ဒါရှေးစိန် အလုံးကြီး အလုံးသန့်တွေ။ ပြီးတော့ အဲဒီ နီလာကခုဆိုရင် တစ်လုံးတည်းတောင် လေးငါးထောင် တန်မယ် ထင်ပါရဲ့။ ဒီလက်စွပ်ဟာ ငါးသောင်း ခြောက်သောင်းထက် မအောက်ဘူး။ ငါ သိပ်ကြိုက်လို့ တစ်ခါတလေမှ ထုတ်ဝတ်တာ"

"ဟုတ်ကဲ့..."

"ညည်းအဘွား အဆုံးခံတုန်းက ငါးရာလား၊ တစ်ထောင်လား ပါ။ ဟင်း...ဟင်း...ဘယ့်လောက်များ မိုက်လုံးကြီးလိုက်သလဲလို့"

နီလာတစ်လုံးစီ စိန်တစ်လုံးကြားညှပ် စီခြယ်၍ လေးတန်းတန်းထားသော လက်စွပ်ကြီးကို ဒေါ်မြမြခင်သို့ ပြန်ပေးရင်း မခင်နွေ ခေါင်းငုံ့၍ နေမိပါသည်။ မိမိမှသည် မိမိ၏ မိခင်နှင့် အဘွားထိတိုင် အနှိမ်ခံရသော ဘဝမို့ ရင်ထဲတွင် မခံချင်စိတ် ဝင်လာရပါသော်လည်း ဘာမှ မပြောရဲသော ဘဝမို့ အားငယ် ဝမ်းနည်းစိတ်များသည်သာ ရင်မှာ လှိုက်ပြည့်လာရပါ၏။





"ရော့...ဖန်ခွက် ယူသွားတော့၊ အပေါ်ထပ်ကို ငါမခေါ်ဘဲ မတက်ခဲ့နဲ့၊ ကြားလား"

"ဟုတ်ကဲ့..."

"ညည်းတို့လည်း ဒီည စောစောတံခါးတွေ ပိတ်ပြီး အိပ်ကြ"

"ဟုတ်ကဲ့ အန်တီမြ"

"အေး...သွားတော့"

လိမ္မော်ရည်ဖန်ခွက်ကို ကိုင်လျက် ဝမ်းနည်းအားငယ်ခြင်းများကို ရင်ထဲတွင် အပြည့်သယ်ဆောင်ရင်း မခင်နွေ လှေကားပေါ်မှ ဖြည်းညင်းစွာ ဆင်းသက်ခဲ့ရပါသတည်း။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ကိုတင်မောင်၏အခန်း တံခါးပိတ်၍ မီးမှိတ်ထားသည်။

'ကြီးစောပြောသည့်အတိုင်း ကိုတင်မောင်တစ်ယောက်အဝေ ထပ်များ ရောက်နေလေပြီလား'

မခင်နွေ တွေးနေမိသည်။ အရပ်ခပ်ပုပု၊ အသားညိုညို၊ ဇလ ကောင်းကောင်းနှင့် အသက်သုံးဆယ်ရွယ် ကိုတင်မောင်မှာ မတည် ငြိမ်သော မျက်ဝန်းများနှင့်၊ အောင်မြင်သော အပြုံးများနှင့် မြူးကြ နေတတ်ပုံများကို မခင်နွေ မြင်ယောင်နေမိသည်။

"ကဲ…ခင်နွေ၊ အိုးတွေ ခွက်တွေ မြန်မြန်သိမ်းပြီး လာတော့"

"ဟုတ်ကဲ့…ကြီးစော"

မခင်နွေမှာ သိမ်းစရာများကို အမြန်သိမ်းပြီး မီးပိတ်လိုက်ရ သည်။

အိမ်တွင်းမှာ မှောင်သွားလေမှ အပြင်တွင် လင်းနေသည်ကို မြင်သာလာရသည်။





"အဘတိုး လမ်းလျှောက်နေပါလား"

ခါတိုင်း အဘတိုးကို သည်လို မတွေ့ရ။ တည်ငြိမ်စွာ ထိုင်၍ ဆေးပြင်းလိပ်ခဲနေတတ်သည်။ သို့မဟုတ် ဘုရားရှိခိုးပြီး ပရိတ်များ ရွတ်ဖတ်နေတတ်သည်။

"အင်း…အဘတိုးလည်း တို့လိုပဲ နေမှာပဲပေါ့"

"သူ့တူအတွက်လည်း ပူမယ်၊ မြေးနဲ့ မြစ်ကလေး ခရီးထွက် သွားတာလည်း စိုးရိမ်မယ်"

"ပြီးတော့ ကိုတင်မောင်မရှိတာလည်း အခန်းချင်း ကပ်နေတဲ့ အဘတိုး သိရှာမှာပဲ"

"ငါလည်း အခန်းထဲ အမြန်ဝင်မှပါပဲ"

အခန်းထဲ ရောက်သည့်အခါလည်း အသံမထွက်ရဲကြ။ ကြီးစော နှင့် တိုးတိုးလေးသာ အတင်းပြောပြီး မီးပိတ်လိုက်ရသည်။

မခင်နွေ အိပ်မပျော်နိုင်။

မိခင်တစ်ယောက်၏ ဖောက်ပြန်နေမှုအတွက် ရှိန်းလေးကို အလိုလိုနေရင်း သနားနေမိသည်။

တစ်ခါမှ ညအိပ်ညနေ မခွဲခွာဖူးသော မောင်လေး ရှိန်းကို လွမ်းဆွတ်နေမိသည်။ ရီဝေဦးလို မိန်းကလေးမျိုးကို မချစ်ဖြစ် ပါစေနှင့်။ သူ့မိခင်လို မိန်းမမျိုးနှင့် မတွေ့ပါစေနှင့်။

မောင်လေးရှိန်းရဲ့ ဘဝကို အေးငြိမ်း ာယာအောင် ထားနိုင် မယ့် ယုယပြုစုနိုင်မယ့် အိမ်ထောင်ရှင်မ ကောင်းတစ်ယောက် ဖြစ် မယ့် မိန်းကလေးမျိုးနဲ့သာ ငါ့မောင်လေး တွေ့ဆုံ လက်ထပ် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



စေဟူသော စိတ်အတွေးများသည် မခင်နွေ၏ အိပ်ချင်စိတ်များ
တွန်းဖယ်ထားပါ၏။

သန်းခေါင်ယံလောက် ရှိပြီထင်သည်။ စောစောဆီက ဆယ့်တ
နာရီ ထိုးသံ အပေါ်ထပ်မှ သဲ့သဲ့ကြားလိုက်ရသည်

"ချောက်"

ဟူသော အသံကို အိမ်ရှေ့ဆီမှ ကြားလိုက်ရ၍ မခင်နွေ ထိ
လန့်စွာ နားစွင့်လိုက်မိသည်။

"ကျွိ"

ဆိုသော သံဆွဲတံခါး တွန်းသံကိုပါ ဖြည်းဖြည်းချင်း ကြားလ
ရသည်။

"ကြီးစော"

တစ်ဖက်ခြင်ထောင်မှ ကြီးစောကို နှိုး၍ပြောရန် တိုးတိုးခေါ်
ပြီးမှ သတိရသည်။

"အို...ကိုတင်မောင် ခုမှ လာတာလားမသိဘူး။ အန်တီမြ
ရှိချင်ရှိနေမှာ"

"ဘာပဲဖြစ်ဖြစ် ငါငြိမ်နေတာက အကောင်းဆုံးပါ"

တံခါးပြန်ပိတ်သံ မကြားမိ၊ တိုးညင်းလွန်း၍လား မသိပါ။

အိမ်ရှေ့တံခါးမှ လှေကားရှိရာသို့ လျှောက်လာသည့် ခြေသံကို
လုံးဝမကြားရ၊ ဤအကွာအဝေးနေရာအတွက် အသံကွက်လပ် ဖြစ်
နေပါသော်လည်း...

"ဟော...လှေကားပေါ် တက်သွားပြီ"





"ဟာ...လူနှစ်ယောက်ရဲ့ ခြေသံပဲ"

မခင်နွေတို့ အခန်းမှာ လှေကားအောက်ထောင့်နားမှာ ဖြစ်ပါ၍
ခြေသံနှစ်စုံကို အသေအချာ ကြားလိုက်ရပါ၏။

"အန်တီမြနဲ့ ကိုတင်မောင်"

ဟူသော အသိဖြင့် မခင်နွေမှာ ကိုယ်နှင့် မဆိုင်ပါဘဲ အနေသာ
း ဖြစ်ပါလျက်နှင့် ရှက်ကြောက်စိတ်များကြောင့် စောင်ကို ခေါင်း
ခြုံပြီး ငြိမ်သက်စွာ ကွေးနေမိသည်။

ဆယ်မိနစ်မျှ ကြာမည်ထင်ပါသည်။ အပေါ်ထပ်ဆီမှ...

"အား"

"အမယ်လေး"

"ဟော့...မပြေးနဲ့ ငြိမ်ငြိမ်နေကြစမ်း"

ပြတ်သားကျယ်လောင်သော အသံများကြောင့် ကြီးစောပါ
နိုးလာသည်။ နှစ်ယောက်သား ငုတ်တုတ်ထထိုင်မိကြသည်။

"မစော...မစော...အပေါ်လာခဲ့စမ်းပါ။ မနွေပါ ခေါ်ခဲ့ဟေ့"

အဘတိုးအသံ၊ လှေကားဝမှ လှမ်းအော်ခေါ်နေသည်။

"လာကြစမ်းဟေ့ မြန်မြန် သူခိုးလာဖမ်းတာ၊ ဒီမှာ လက်ပူး
လက်ကြပ် မိနေပြီ"

"ဟင်...ကြီးစော ဒါ ဦးလေးအသံပဲ"

"အေးဟဲ့...ဒုက္ခပါပဲအေ၊ လာလာ အပေါ်သွားကြရအောင်"

မခင်နွေတို့ လှေကားထစ်များကို နင်းတက်နေစဉ်...

"မောင်ထွန်း...လူလေး၊ လက်လွန်ခြေလွန် မဖြစ်စေနဲ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နှစ်ယောက်ကလည်း ငြိမ်ငြိမ်နေကြကွယ်။ မတော် ပစ်ထည့် လိုက်ရင် ဒုက္ခလှလှကြီး တွေ့ကြတော့မယ်"

အဘတိုး၏ စကားများ မဆုံးမီ မခင်နွေတို့ အပေါ်ထပ်သို့ ရောက်လာကြသည်။

မြင်ကွင်းက မထူးဆန်းတော့ပါ။ ကြီးစော ကြိုတင် နိမိတ်ဖတ် သည့်အတိုင်း သူ့ကို ပါးရိုက်ကြေး လောင်းရဲခဲ့သည့်အတိုင်း...

ကို(တ)င်မောင်က အန်တီမြအခန်းထဲမှာ...

ဖရိုဖရဲဖြစ်နေသော အဝတ်အစားများနှင့် နှစ်ယောက်လုံး ကြောက်လန့်တကြီး ကြည့်နေကြသူကတော့ ဦးသက်ထွန်း...

ဦးသက်ထွန်းကို ကြောက်သည်ဆိုခြင်းထက် ဦးသက်ထွန်း၏ လက်မှ ချိန်ရွယ်ထားသော ပစ္စတိုသေနတ်ကို သူတို့နှစ်ယောက် ပိုကြောက်နေကြခြင်းဖြစ်ပါ၏။

ထာဝရ သူသာ အနိုင်ယူခဲ့သော အပေါ်စီးမှ ပက်ပက်စက်စက် ပြောတတ်ခဲ့သော ဒေါ်မြမြခင်မှာ ပက်ပင်းအမိခံလိုက်ရ၍ နှုတ်ဆွံ့ အ နေရုံမက ပိုင်းစက်ပြူးကျယ်သော မျက်ဝန်းများနှင့် ဦးသက်ထွန်း ကို ကြည့်ပြီး သူ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

ကိုတင်မောင်မှာလည်း ကြောက်ရွံ့လွန်းစိတ်ကြောင့်ပင် ထင်ပါ ၏။ သူ့တစ်ကိုယ်လုံး ချွေးများနှင့် နစ်နေ၏။

မခင်နွေမှာ ဤမြင်ကွင်းမှ လွှဲဖယ်၍ တစ်ခန်းလုံးသို့ ဝဲလှည့် ကြည့်မိသည်။

"ရှိန်းရော"





"မောင်လေးပါများ ရှိနေသလား"

ဤမြင်ကွင်းမျိုးသည် သားလူပျိုပေါက်လေးနှင့် မအပ်စပ် လွန်းပါ၍ ရှိန်းကို မတွေ့စေချင် မမြင်စေချင်...

သည်သို့ပင် ဦးသက်ထွန်းလည်း တွေးမိမည်ထင်ပါသည်။ ရှိန်းကို ခေါ်လာခဲ့ဟန်မတူ။

"ကဲ...လာကြစမ်း။ အိမ်ရှေ့ဧည့်ခန်းကို ထွက်ခဲ့ကြစမ်း"

ဦးသက်ထွန်း၏ အသံက မာကြောပြတ်တောင်းလှသည်။

"ဒေါ်စောနဲ့ မနွေလည်းလာ...ဧည့်ခန်းမှာ ထိုင်ကြစမ်း။ အဘ တိုးလည်း နေဦး။ တို့အိမ်တွင်းအရှုပ်ကို တို့အိမ်သားတွေ ရှေ့မှာပဲ ဖြေရှင်းကြရအောင်ပါ"

မခင်နွေက သူကြီးစောလက်ကို တွဲလျက် အပေါ်ထပ် ဧည့်ခန်း ရှိရာသို့ လာသည်။ အဘတိုးက ဦးသက်ထွန်းနှင့် မလှမ်းမကမ်း မှာ...

ဦးသက်ထွန်းက သေနတ်ကိုင်လျက် အခန်းဝမှ စောင့်နေသည်။

ပထမ ဒေါ်မြမြခင် ထွက်လာသည်။ သူ ငိုရှိုက်လို့ပါလား...

ဒုတိယ ကိုတင်မောင် ထွက်လာပြီး မတည်ငြိမ်သော မျက်လုံး များနှင့် ဟိုဟိုဒီဒီကြည့်ပြီး လှေကားဆီသို့ တစ်ရှိန်ထိုး ပြေးထွက် သွားတော့သည်။

"ဟေ့ကောင် မပြေးနဲ့"

ဦးသက်ထွန်းက လှမ်းအော်ရင်း လှမ်းပစ်ရန် ချိန်ရွယ်လိုက် ချိန်မှာ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး မလုပ်ပါနဲ့"

ဒေါ်မြမြခင်က အလန့်တကြား ကြုံးအော်လိုက်သည်။

တစ်ချိန်တည်းမှာပင် သန်မာ ဖျတ်လတ်ဆဲ အဘတိုးက ကိုတင်မောင်ကို ချုပ်ကိုင် ဖမ်းဆီးမိပြီး ဖြစ်သွားပါ၏။

ရုန်းကန်နေသော သူ့ကို အဘတိုးက ဧည့်ခန်းသို့ ခေါ်လာပြီး ဒေါ်မြမြခင်၏ ဘေးတွင်ပင် နေရာချပေးလိုက်သည်။

အဘတိုးက မတ်တတ်ရပ်နေသည်။ ကြီးစောက ဆိုဖာပေါ်မှာ။ မနွေမှာ ကြမ်းခုံပုလေးနှင့် ကြီးစောနားမှာ ကပ်၍ ထိုင်နေပါ၏။

ရုန်း ရှိမနေသည်ကို စိတ်သက်သာရာ ရပါသော်လည်း မခင်နွေမှာ သူကိုယ်တိုင်လည်း သည်အနားက ထွက်ပြေးသွားချင်လှပါပြီ။

ဤမြင်ကွင်းမျိုးမှာ သူနှင့် မအပ်စပ်။

ဤအိမ်ထောင်သည်လူကြီးတို့၏ ရှုပ်ထွေးသော ဖောက်ပြန်မှုကြီး အလယ်တွင် သူရှိမနေသင့်ဟု မခင်နွေယူဆနေမိသည်။

သူကိုယ်တိုင် ရုန်းထွက်သွားချင်သည်။ သို့မဟုတ် သူ့ကို ထွက်သွားခွင့် ပေးသင့်ကြပါသည်ဟု ထင်နေမိဆဲ ဦးသက်ထွန်း၏ အောင်မြင်ခံ့ညားသော အသံက ပေါ်လာသည်။ ကျယ်လောင်နေသော သူ့အသံများသည် ကြီးမားသော ခံစားမှုများကြောင့် တုန်ခါနေသည်ကိုပါ မခင်နွေ ဆက်လက် ကြားနာနေရပါ၏။

"ကြေးနန်းစာဆိုတာ ငါလိမ်ပြီး ရိုက်ခိုင်းခဲ့တာ"

"သား ရှိမနေစေချင်လို့လည်း တမင် အပြင်မှာ ထားခဲ့ပြီး မင်း..."





"မင်းတို့ကို ငါလာဖမ်းတာ"

တုန်လှုပ်လွန်းနေသော ဦးသက်ထွန်း၏ လက်မှ သေနတ်ကို အဘတိုးက ဆွဲယူထားလိုက်သည်။

ဒေါ်မြမြခင်က လက်ဝါးနှစ်ဖက်တွင်းသို့ မျက်နှာထည့်၍ ဟင့်ဟင့်နှင့် ငိုရှိုက်နေတော့သည်။

ကိုတင်မောင်မှာ ချောင်ပိတ်မိနေသော ကြွက်တစ်ကောင်၏ လှုပ်ရှားမှုလိုဖြစ်နေသည်။ မျက်လုံး အပြူးသားနှင့် ပြေးပေါက်ရှာနေသလို ဂနာမငြိမ်ဖြစ်နေပါ၏။

သူသည် ပြဿနာတစ်ခုခုကို ရင်ဆိုင် ဖြေရှင်းဝံ့သော ယောကျ်ားကောင်းမျိုးမဟုတ်။ အချောင်ရပြီး အစားရချောင်၍သာ သူတစ်ပါး သားမယားကို အပိုင်ကြံခဲ့သည်။ ခုနေ အခွင့် သာလျှင် သူထွက်သွားမည်သာ ဖြစ်ပါ၏။ အချစ်ဆိုသော ခံစားမှုများ သူ့တွင် လုံးဝ ရှိဟန်မတူပါ။

အရွယ်နှင့် မလိုက်အောင် ခံစားနေရသူက ဒေါ်မြမြခင်သာ။

"ကဲ...ဒီမှာ မြမြ၊ တင်မောင်"

ဦးသက်ထွန်းက သူ့ကိုယ်သူ မနည်းတည်ငြိမ်အောင် ကြိုးစားပြီးမှ လှမ်းခေါ်လိုက်သည်။

"မင်းတို့နှစ်ယောက် ဖောက်ပြန်နေတာကို မငြင်းနိုင်ဘူးမဟုတ်လား။ ငြင်းလို့ မရတော့ဘူးမဟုတ်လားဟင်"

ဒေါ်မြမြခင်၏ရှိုက်သံက ပိုမိုကျယ်လောင်လာသည်။ အိမ်မဲ့ခါးသော၊ အခန်းတံခါးသော့များကိုလည်း ကြမ်းပြင်တွင် မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးသက်ထွန်း ကြိုတင်ယူဆောင်သွားခြင်းသာ ဖြစ်ပါမည်
ခြံတံခါးကိုဖြင့် အဘတိုးနှင့် တိုးတိုးကြိတ်ကြိတ်ပြောထားပုံရပါ

"ကဲ...ဒီတော့ ဘာလုပ်ချင်သလဲ မြမြ ဟင်။ မင်း ဘာလုပ်
ချင်သလဲ"

ဦးသက်ထွန်းက သူတို့နှစ်ဦးနှင့် အလယ်တွင် ပိုင်းခြားထား
သော စားပွဲကို လက်သီးနှင့် ထုရင်း အော်ပေးလိုက်သည်။

ဦးသက်ထွန်း ဒေါသသံတွင် ငိုသံကြီးပါ ရောနှောလာ၍ မခင်
နွေ့ မှိုးကြည့်မိသည်။ အမှန်ပင် မျက်ရည်တို့က သူ့မျက်ဝန်းမှာ
အပြည့်။

"ပြောလေ...ငါမေးတာ ပြောလေ။ ဟော့ကောင်...တင်မောင်
မင်းလည်း ပြောလေ"

"ကျွန်တော်...ကျွန်တော် သွားပါ့မယ်"

"ဘာကွ"

"ဟော့...မြ။ မင်းကောင်က သွားမယ်ဆိုပါလား။ ငါလည်း မင်
ကို မပေါင်းချင်ဘူး...မပေါင်းချင်တော့ဘူး။ မသဒ္ဒါဘူးကွာ"

ဦးသက်ထွန်းက ကျလာသော မျက်ရည်များကို ဒေါနှင့် သုတ်
လိုက်သည်။ အောက်နှုတ်ခမ်းကိုလည်း ကိုက်ထားသည်။

ဒေါ်မြမြခင်က ကိုတင်မောင်၏ လက်ကို ဆွဲလိုက်သည်။

"မောင်မောင် မသွားရဘူး"

ဒေါ်မြမြခင်က မျက်ရည်မျက်နှာနှင့် ကိုတင်မောင်ကို ကြည့်
လက်မောင်းကို ဖက်တွယ်ထားသည်။





ချစ်ခြင်းမေတ္တာဖြင့် မဖြစ်နိုင်တော့။ ကိလေသာ ကာမန္တယ်
သော အပူချစ်များသည်သာ ဒေါ်မြမြခင်၏ အသိဉာဏ်နှင့် ဆင်ခြင်
ဘုံ တရားများအားလုံးကို ဖုံးအုပ်မှိုင်းတိုက်ထားချေပြီသာတည်း။

"တောက်"

သည်မြင်ကွင်းကြောင့် ဦးသက်ထွန်းက တောက်ခေါက်ရင်း
ဝှန်းဆိုထပြီး ကျောခိုင်းထားလိုက်သည်။

"ကဲ...မြမြ၊ နှစ်လမ်းပဲရှိတယ်။ ဒီအိမ်ပေါ်က မင်းဆင်းမလား၊
ငါဆင်းရမလား"

"ရှင်...အို...ဒါ မြ...မြအိမ်ပဲ"

"သြော်...မင်းအိမ်တဲ့လား။ ကဲ...ထားပါတော့ကွာ။ သားရော
ဟင့်...သားလေး ဒီကောင်နဲ့ ဆက်နေရမယ့်ကိစ္စကို မင်း မစဉ်းစား
တော့ဘူးလား"

"အို...သားကိစ္စက ဒီကကိစ္စဆိုတာ ရှင်သိတယ်မဟုတ်လား"

"သြော်...သားကို ငဲ့ပေလို့သာပေါ့ ဟင်း။ ဟော့...ဒီမှာ"

"ဟင်"

"မင်းက အပြစ်ရှိသူပဲ။ မင်းတို့နှစ်ယောက် ဒီအိမ်ပေါ်က ဆင်း"

"ရှင်...ဟင်...မ...မဆင်းနိုင်ဘူး"

မခင်နွေ့မှာ ကြီးစော၏ လက်ကို ဆုပ်ကိုင်ထားလိုက်ရသည်။
သူတို့လင်မယားချင်း ပြဿနာရှင်းနေသည်ကို ဘာကြောင့်များ ခေါ်
သားရပါလိမ့်ဟု တွေးမိရင်း ထွက်ပြေးချင်မိပါပြီ။

"ဒီမှာ...မြမြ"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

"ပစ္စည်းအားလုံး မင်းယူသွားပါ။ အကုန်ယူသွားပါ။ အတွင်း ပစ္စည်းတွေ ဘယ်လောက်ရှိတယ်ဆိုတာ မင်းအသိဆုံး"

"ဆိုင်က ပစ္စည်းတွေရောလား"

"ဟုတ်ပါတယ်။ မင်းလိုချင်ရင် ရွှေဆိုင်က စိန်ရွှေရတနာတွေ အားလုံး ယူသွားပါ"

ကိုတင်မောင်၏ မျက်ဝန်းများ ရွှန်းလက်လာသည်။ ဒေါ် မြမြခင်ကို ကြည့်ပြီး ခေါင်းဆတ်ပြသည်။

"သွားကြရအောင်ပါ"

ဆိုသည့်သဘောပါ။

"မင်းက အပြစ်ရှိသူ မင်းဆင်းမှ သဘာဝကျမှာပေါ့ မြမြရဲ့"

"မောင်မောင် ဘယ်လိုသဘောရလဲဟင်"

"မောင် ဒီမှာ မနေချင်ဘူး၊ သွားကြရအောင်ပါ"

ကြီးစောပင် မျက်စောင်းထိုးရင်း တစ်ဖက်သို့ လှည့်ပစ်လိုက် သည်။

"အေး...ငါ့အတွက် တိုက်နဲ့ ကားနှစ်စင်းပဲ ချန်ထားခဲ့ပါ။ အဲ လည်း အခြေမပျက်စေရအောင်ပါမြမြ။ သားအတွက် အခြေမပျက် ရအောင်ပါ"

"သားက ရှင်နဲ့နေမှာလား"

"မင်း လင်ငယ်နဲ့ လိုက်ပြေးသွားတဲ့နောက်ကို သားက လိုက် မတဲ့လား မြမြရဲ့ဟင်"





"အို...ရှင်...ရှင်နဲ့သားနဲ့ နေခဲ့လို့ မဖြစ်ပါဘူး"

"တော်...မြမြ သားကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိပါ"

အားလုံး ငြိမ်သွားကြပြီးမှ ဦးသက်ထွန်းက ပြန်ထိုင်ပြီး သက် ပြင်းရှိုက်လိုက်သည်။

"ဒီတိုက်နဲ့ ခြံဟာ မင်းနာမည်နဲ့ပါ မြမြ။ သားအတွက် အခြေ ...က်ရုံလေး ငါနေပေးမှာပါ"

"ဟုတ်ပါပြီ"

"ရှိသမျှ မင်း သယ်နိုင်သမျှ ပစ္စည်းအားလုံး ယူသွားပါ။ ငါ့ကို ...ားရယ် သားရယ် ပေးခဲ့ပြီး ဒီတိုက်မှာ ဆက်နေခွင့်ပြုပါ"

"ကောင်း...ကောင်းပါပြီ"

"ငါ့အတွက် တစ်ပြားမှ ချန်ခဲ့စရာ မလိုဘူး။ ငါ့သားအတွက် ...ွားရေး ထပ်လုပ်မယ်။ ဒီမှာ မြမြ"

"ရှင်..."

"နက်ဖြန် မင်းကို ငါကွာရှင်းပေးမယ်"

"ဟင်..."

"အေး...နက်ဖြန်ပဲ မင်းနဲ့ တင်မောင်တို့ တရားဝင် လက်ထပ် ...။ ငါခွင့်ပြုတယ်"

ဒေါ်မြမြခင်မှာ ကိုတင်မောင်ကို လှည့်ကြည့်လိုက်သည်။ ပြုံး၍ ...ကောင်းသော်လည်း သူ့မျက်ဝန်းများက ရွှန်းလက်၍ပါ။

ကိုတင်မောင်က ဟန်မဆောင်နိုင်တော့။ ဆယ်သိန်းထက်



www.burmeseclassic.com

www.burmeseclassic.com



မနည်း ပါရှိမည့် ပစ္စည်းများအတွက် သူ ဟန်မဆောင်နိုင်ဘဲ ပြုံးပြီး ဒေါ်မြမြခင်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

ဒါကိုပင် ဒေါ်မြမြခင်က အသည်းခိုက်အောင် ကြည်နူးသွား ထင်ပါ၏။

"ကဲ…မြမြ၊ ငါ့ကို မြန်မြန်ပြောစမ်း၊ ငါလူသတ်မိလိမ့်မယ်နော်"

"ဘာ….ဘာပြောရမှာလဲ"

"မနက်ဖြန် ရုံးမှာ ကွာရှင်းမယ်"

"ပြီးရင် မင်းနဲ့တင်မောင် လက်ထပ်ကြ"

"ပြီးတော့ ပစ္စည်းအားလုံး ယူပြီး မနက်ဖြန်ပဲ ဒီအိမ်ပေါ်က ဆင်း၊ ဒါပဲ"

ဒေါ်မြမြခင်က ဦးသက်ထွန်းကို ကြောက်စရာကောင်းလော အောင် ကြည့်လိုက်ပြီး…

"ကောင်းပြီ။ ရှင့်လက်ထဲက ကျွန်မအဖေရဲ့ လက်စွပ်ကအ ယူသွားမယ်"

"ရော့ကွာ"

ဦးသက်ထွန်းက သူ့လက်ထဲမှမြနှင့် စိန်လုံးကြီးများ ရံထား သော လေးထောင့်လက်စွပ်ကြီးကို ချွတ်၍ ပေါက်ပစ်လိုက်သည်။

ကိုတင်မောင်က ကောက်၍ ဒေါ်မြမြခင်လက်သို့ ပေးလိုက် ပါ၏။

မခင်နွေ၊ ကြီးစောနှင့် အဘတိုးတို့ပါ ရှင်ထဲတွင် လှိုင်းထလာ ကြရပါပြီ။





"မင်း သားကိုလည်း တွေ့ဖို့မလိုဘူး"

"ကောင်းပြီလေ၊ ကျုပ်သားပဲ၊ နောက်ကျတော့ တွေ့ရမှာပေါ့"

"ကဲ…အဘတိုး၊ ကြီးစော၊ မနွေတို့ အကုန်ကြားတယ်နော်"

"အေးပါကွယ်"

"ကဲ…မနက်ဖြန် ရုံးသွားကြမယ်၊ ကွာမယ်၊ မင်းတို့ လက်ထပ်၊ ပြန်လာပြီးရင် ပစ္စည်းတွေ ယူပြီး သွားကြတော့"

"ကောင်းပြီ…ကောင်းပြီ"

"ကဲ…ဒီညကတည်းက မင်း ကားကိုခေါင်ထဲ လိုက်သွားတော့ မြ၊ မင်းကို အခုချိန်က စပြီး ငါစွန့်လွှတ်လိုက်ပြီ"

"ကောင်းပြီလေ၊ လာမောင်မောင်"

ကိုတင်မောင်၏ လက်ကို ဆွဲလျက် သူတို့က မျက်နှာပြောင် က်ပြီး အရင်ဆင်းသွားနှင့်ကြသည်။

"ဒီမှာ ဒေါ်စောနဲ့ မနွေ၊ မနက်ဖြန် သူတို့ကို ဘာမှ မကူညီနဲ့ ကြားလား။ ဘာမှ လုပ်မပေးနဲ့"

"အေးပါကွယ်၊ တို့လည်း တစ်နေ့ရာရာဖြစ်ဖြစ် ရှောင်နေပါ့ ယ်။ စိတ်မကောင်းလိုက်တာ ကိုသက်ထွန်းရယ်"

"ကျွန်တော့်ကံပေါ့ဗျာ။ သားကို သနားတာ တစ်ခုပါပဲ။ ကဲ… ားကြ၊ သွားကြတော့"

❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

သတင်းစာကို ရန်သူကြီးတစ်ယောက်ပမာ ဆုပ်ကိုင် လုံးချေထားသော လက်သီးဆုပ်ကျစ်ကျစ်များပေါ်တွင် နဖူးတင်၍ ရှိန်းငိုရှိုက်နေရှာသည်။

"မောင်လေးရယ်"

မခင်နွဲ့မှာ ရှိန်း၏ ပခုံးလေးကို ဆွဲမသည်။ ရှိန်းက တင်းတောင့်ထားပြီး ဆက်လက်၍ ငိုငိုနေပါ၏။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

နှင့်

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ဟူသော ကြော်ငြာနှစ်စောင်က သတင်းစာ၏ မျက်နှာတစ်ခုတည်းတွင် ပါရှိလာသည်။





ကွာရှင်းခြင်းတွင် ပြည်လမ်းသွယ် ၇မိုင်ခွဲလိပ်စာနှင့်၊ မှတ်ပုံတင်...ဘ်များနှင့် ဦးသက်ထွန်းနှင့် ဒေါ်မြမြခင်တို့ မရမ်းကုန်းတရားရုံး...င် ကွာရှင်းပြီးစီးကြောင်း မိတ်ဆွေအားလုံး သိရှိရန် အတိအလင်း...သည်။

"လက်ထပ်ပြီးစီးခြင်း"တွင်မူ...

အင်းစိန်တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်ကြသူများမှာ...

မောင်တင်မောင်

နှင့်

မြမြခင်

ဟူ၍ ဖြစ်ပါသတည်း။

ရင်းနှီးသူများ မဟုတ်ကြပါလျှင် ဤသတင်းနှစ်ခုကို ဆက်စပ်မိကြမည်မထင်။ ရင်းနှီးသူများပင် အမှတ်တမဲ့နှင့် လျှံ၍ သွားကြပါလိမ့်မည်။

အရင်းနှီးဆုံးသော မိတ်ဆွေသင်္ဂဟများမှာဖြင့် "ဟာ..."ခနဲဖြစ်သွားကြရမည့်သတင်းပါ။

ရှိန်းကို ဒေါ်မြမြခင်တို့ ထွက်သွားပြီးသည့်ညနေတွင် အိမ်သို့ ...ခေါ်လာခဲ့သည်။ ထိုညက ဦးသက်ထွန်း ကြီးစောနှင့် မခင်နွဲ့ ...ပါ မပြောရက်၍ ပြောမထွက်ကြ။

လနေ့ မနက်မှ သတင်းစာပြပြီး ဦးသက်ထွန်း ကိုယ်တိုင် ရှင်း...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး တစ်ယောက်တည်း ဖြေရှင်းထားရင် သားက ဖခင်အပေါ် အပြစ်မြင်မှာစိုးလို့ အိမ်သားအားလုံးရှေ့မှာ သင်းတိ နှစ်ယောက်နဲ့ ရဆွေးနွေးခဲ့တာပါ မနွေ"

"ဟိုညက ကြားရသမျှ မြင်ရသမျှ သားလေးကို ပြောပြပေး ပါကွယ်။ သူက မနွေကို အင်မတန် ချစ်ရှာတာပါ။ မနွေပြောရင် သူ ယုံမှာပါ"

တစ်နေ့ညဆီက အိမ်ဖော်အုပ်စုများကို အနားခေါ်ထားသည့် အဓိပ္ပာယ်ကို ယခုမှ သဘောပေါက်ရပါပြီ။

အကြံဉာဏ်ကြီးသော၊ အမြော်မြင်ရှိသော၊ ရှေ့ကို ကြိုတင် မြင် တတ်သော ဦးသက်ထွန်းကို မခင်နွေ စိတ်ထဲမှ ချီးမွမ်းမိရပါပြီ။

ဦးသက်ထွန်း၏ စကားအတိုင်း မခင်နွေမှာ ရှိန်းနားမှာ ရောက် နေရခြင်း ဖြစ်ပါ၏။

"မောင်လေးရယ်...ထပါဦး။ မမနွေ ပြောပါရစေဦး ကလေး ရယ်"

ရှိန်းခမျာ ငိုနေရင်း ငိုနေရင်းက...

"အခုကိစ္စမှာ ဖေဖေ့အပြစ်လား၊ မေမေ့အပြစ်လား ဟင် မမနွေ"

"ဘာကိုလဲ မောင်လေးရယ်"

"ဖေဖေနှင်ချလို့ မေမေ ဆင်းရတာလား"

"အို မဟုတ်ဘူး...လုံးဝမဟုတ်ဘူး မောင်လေး၊ မမနွေဟာ အန်တီမြရဲ့ တူမပါ။ ဒါပေမယ့် ခုကိစ္စမှာ ဦးလေးမှာ ဘာအပြစ်မှ





ရှာပါဘူး ရှိန်း...။ အန်တီမြ လွန်တာပါ။ သူ့သဘော တူညီချက် ကိုတင်မောင်နဲ့ ထွက်သွား..."

"အို မမနွေရယ်...ရှိန်း ရှက်တယ်...ရှိန်း ရှက်တယ်ဗျာ"

ရှိန်းက သတင်းစာကို ပစ်ပေါက်လိုက်ပြီး မခင်နွေ၏ ခါးကို င်းဖက်လိုက်သည်။ ရင်ခွင်မှာ မျက်နှာအပ်၍ ရှိန်းမှာ လှိုက်လှိုက် လှဲ့ သည်းသည်းထန်ထန် ငိုကြွေးရှာပါတော့သည်။

ချော့တော့မည်...

ဖျောင်းဖျတော့မည်...

ဟူသော မခင်နွေမှာ ဘာမှ မပြောနိုင်တော့ပါဘဲ မျက်ဝန်း မှ မျက်ရည်များသည်သာ ရှိန်း၏ ဦးခေါင်းပေါ်သို့ တစ်ပေါက်ချင်း ဆက်မပြတ်ကျလာသည်သို့ပင်။

ရှိန်းလေး၏ မျက်ရည်များသည်လည်း မခင်နွေ၏ အပူရင်ခွင် တစ်ခုလုံးမှာ စိုလူး စိမ့်စီးကုန်ပါပြီတည်း။ ရှိန်း၏ မျက်ရည်စက်များ သည် ဆူပွက်နေသော ရေနွေးစက်များပမာ မခင်နွေ၏ အသည်း လုံးပေါ်သို့ ဖိတ်စဉ် ယိုစီးကျလာပါပြီ။

မခင်နွေမှာ ရှိန်း၏ ခွေလိမ်ပွယောင်းနေသော ဦးခေါင်းထက်မှ ဆံပင်နုလေးများပေါ်သို့ ပါးကို အပ်ချလိုက်ပြီး ရှိန်းကို တအားဖက် ထက်...

သူလည်း သည်းထန်လိုက်လွဲစွာ ငိုကြွေးမိပါသတည်း။

ဖက်၍ ငိုနေကြသော မောင်နှမနှစ်ယောက်၏ အဖြစ်ကို ဦး



www.burmeseclassic.com

www.burmeseclassic.com



သက်ထွန်းမှာ အခန်းဝမှနေ၍ ရင်နင့်သော မျက်နှာနှင့် လှမ်းကြည့်
နေသည်ကိုဖြင့်…

ပရိဒေဝတောမှ မျက်ရည်မြစ်ထဲ မြောနေကြသော ရှိန်းနှင့် သ
မမနွေ့တို့ မသိကြပါလေတကား။

✻



## အခန်း (၁၇)

"ခင်နွေ့"

"ရှင်…အဘတိုး"

"မောင်ထွန်း အပြင်ထွက်သွားတုန်း သူ့အခန်းထဲ ဝင်ရှင်းပေးလိုက်ပါကွယ်"

"ဘာဖြစ်လို့လဲဟင်…အဘတိုး"

"ဩော်…ဟိုဟာမ…ယူချသွားလိုက်တာတွေ မနည်းဘူးလေ"

"ဟုတ်လား"

"သူ မလိုချင်တာတွေ ကစဥ့်ကရဲထားပစ်ခဲ့တယ်။ မောင်ထွန်းကလည်း မမြပစ္စည်းတွေကို ကြည့်ချင်၊ သိမ်းချင်မယ် မဟုတ်ဘူးလေ"

"ဟုတ်တာပေါ့ အဘတိုးရယ်။ ဒါပေမယ့်…"

"ဒါပေမယ့်…ဘာဖြစ်လဲ"

"အပေါ်ထပ်မှာ ရှိန်းလည်း မရှိဘူး၊ မနွေ့ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



တက်ရှမ်းနေလို့ တော်ကြာ ပစ္စည်းတွေ ဘာတွေ ပျောက်နေရင်...

"အောင်မယ်လေး... ရွှေနဲ့တူတာဆိုလို့ မူးလို့တောင် ရှူ... မကျန်ရစ်ခဲ့ဘူး"

"ဟင်..."

"ကက်ဆက်ရော ငွေဖလားကြီးတစ်လုံးတောင် ပိုက်ချသွ... သေးဗျ"

"ဟ ဘာလား"

"အို... အိုးခွက်ပန်းကန်ပဲ ကျန်တယ်။ သေတ္တာတွေမှ ... လုံးတောင်၊ အထုပ်တွေကလည်း သုံးထုပ်"

"ဟင်"

"သူ့မိဘလက်ထက်က ကော်ဇောကြီးနှစ်ချပ် ဆိုပြီးလည်း ... သွားသေးတယ်"

"အကုန်ပဲဆိုပါတော့"

"အေး...သူမလိုချင်တဲ့ အစုတ်အနုတ်တို့၊ ထဘီဟောင်း အ... ဟောင်းတို့တော့ ကျန်ခဲ့တယ်။ အဲဒါတွေ မောင်ထွန်းက ကြည့်ချင်မှ... မဟုတ်ဘူး"

"ဟုတ်တာပေါ့ အဘတိုးရယ်"

"အေး...အဲဒါကြောင့် သမီး သူ့ပစ္စည်းအကျန်တွေ အားလုံ... သွားသိမ်းခဲ့။ ပစ်တန်လည်းပစ် နင်တို့ ဝတ်တန်လည်း ဝတ်ပေါ့"

"အမယ်လေး...အန်တီမြအဝတ်တော့ သူမပေးခဲ့ဘဲနဲ့ မဝတ်... ပါရစေရဲ့။ ကြောက်လွန်းလို့"





"ပြန်လမ်းမရှိဆိုတာလို ထွက်သွားတာတောင် ကြောက်တုန်းမဲ...သား ခင်နွေးရာ"

အဘတိုးက ပြုံးရင်း ပြောလိုက်သည်။

"ကြောက်တာရော၊ ရွံမုန်းတာရောပါ အဘတိုးရယ်။ ကိုယ့်...အခေါ်ပေမယ့် ကောင်းမှမကောင်းပဲ"

"အင်း...တကယ်တရားလွန်သကွယ်"

"ထွက်သွားတဲ့အချိန်က အဘတိုး တွေ့လိုက်ရလား"

"တွေ့ရုံဘယ်ကမလဲ။ ပစ္စည်းတွေပါ အဘ ပိုင်းချပေးခဲ့ရတာ"

"ဟာ...ဟုတ်လား၊ ကိုတင်မောင်ရော"

"သုံးဘီးသွားခေါ်တယ်လေ"

"သြော်..."

"မမြ ယူသွားချင်သမျှ ပစ္စည်းတွေကို အဘတိုး ထမ်းချပေးရတာ။ ပေါ်တီကိုအောက်မှာ ပုံထားပြီး ဟိုကောင် ကားခေါ်လာတော့ တင်သွားကြတာပဲ"

"အဲဒီအချိန်မှာ ဦးလေးကရော"

"အောက်မှာ ရှိနေတယ်လေ။ ပစ္စည်းတွေယူတာ သူဘာမှ တက်မကြည့်ရှာပါဘူး၊ မီးခံသေတ္တာထဲကလည်း အကုန်ယူသွားတာ ငွေတောင် တစ်ပြားချန် မထားခဲ့ဘူးဆိုပဲ"

"ဒုက္ခပါပဲ အဘတိုးရယ်"

"အရေးထဲ တင်မောင်ဆိုတဲ့ကောင်က ဆောင့်ကြွားကြွား မြူး...ကြွကြွ လုပ်နေသေးလို့ မောင်ထွန်း တစ်ခုခုထလုပ်မိမှာစိုးပြီး အဘ...



www.burmeseclassic.com

www.burmeseclassic.com



နှာလည်း မျက်ခြည်မပြတ် ကြည့်နေရသေးတယ်"

"အင်းပေါ့...ဟိုညကလည်း ကြည့်လေ"

"ဟိုကောင်က သေနတ်နဲ့ ပစ်သတ်တော့မလို့။ အဘက မနည်း ဖျောင်းဖျရတာ"

"ဒေါသထိန်းလိုက်တာ ကောင်းပါတယ်လေ။ ဒါနဲ့ အဲဒီ ည အဘနဲ့ ချိန်းထားတာလား"

"ဟေး ပေါ့။ ဆယ့်နှစ်နာရီမှာ တံခါးလာဖွင့်ပေးပါ ဆိုပြီး သူ အိမ်သော့ယူသွားတာ။ အဘလည်း စိတ်မချလို့ သူနဲ့ ထက်ကြ မကွာ လိုက်သွားလို့သာ မဖြစ်သင့်တာတွေ မဖြစ်တာပေါ့"

"ကလေးကို သူ့သူငယ်ချင်း စစ်ဗိုလ်အိမ်မှာ ထားခဲ့တာလည်း မောင်ထွန်း တော်တယ်။ သူတို့ မသွားဖြစ်တော့ဘူးလို့ ပြောပြီး မင်္ဂလာဒုံမှာ ထားခဲ့ပြီး သူတစ်ယောက်တည်း ပြန်လာတာ"

"အင်း...ရှိန်းလေး သနားစရာပါ"

"အဲဒီနေ့က ငါ့သမီးတို့ မရှိတာလည်း ကောင်းပါတယ်။ အဘ တောင် မောင်ထွန်းအစား ရင်ထဲနာလိုက်တာကွယ်။ ငါ့မြေးလေး သနားပါတယ်"

"ဟုတ်တယ် အဘတိုးရယ်၊ မနွေ့တို့လည်း ကြီးစောရဲ့ တူ တော်တဲ့ ကမာရွတ်မှာ တမင်သွားနေကြပြီး ညနေကျမှ ပြန်လာတာ အတော်ပါပဲ။ ကြီးစောကိုလည်း ကျေးဇူးတင်ပါတယ်"

"အင်း...မမြထွက်သွားပုံကို မမြင်လိုက်ရတာ အကောင်းဆုံး ပါလေ"

✻





အဘတိုးသည် သက်ပြင်းချလိုက်သည်။ အိုမင်းခြင်းနှင့် စိတ် ဒဏ်ခိုက်ခြင်း ကြီးစွာ ပေါင်းစပ်ထားသော အဘတိုး၏ မျက်နှာမှာ ပျက်လွှန်းနေပါ၏။ ကြည့်မြင်ရက်စရာ မရှိလောက်အောင်ပင် ထိ ခိုက်ခြင်းများဖြင့် တွေဝေသွားရာမှ အဘတိုးသည် ဘေးမှ မခင်နွေ့ ကို ပြန်လည်သတိရလာသလို...

"ကဲ...ကဲ သွားရှင်းပေးလိုက်ပါဦးကွယ်"

အဘတိုး ထွက်သွားနှင့်သည်။ မခင်နွေ့မှာ ဆန်ပြာနေသော ကြီးစောကို အဘတိုးပြောသည့်အကြောင်းများ ပြောပြလိုက်သည်။

"အေး...အေး...သွားလုပ်ပေးလိုက်လေ။ ဘာပဲပြောပြော မမြ ဘယ်လို ဒေါသကြီးတယ်ပဲဆိုဆို 'အိမ်ရှင်မ' ရှိတော့ တို့မှာ ဝယ်ရ ခြမ်းရတာကအစ တာဝန်မရှိဘူးပေါ့ ခင်နွေ့ရယ်"

"ခုတော့ ဘာဖြစ်လို့လဲဟင် ကြီးစော"

"ဘာမှတော့ မဖြစ်ပါဘူး၊ ကိုသက်ထွန်းက ငါ့ကို ဈေးဖိုး ငွေသုံးရာ ပေးသွားတယ်။ တစ်လစာ ဘယ်လောက်မလဲ။ ထပ် တောင်းရမှာလည်း အားနာစရာ"

"မတတ်နိုင်ဘူးပေါ့ ကြီးစောရာ၊ လိုလည်း ထပ်တောင်းရမှာ ပေါ့၊ ဦးလေးက ပေးမှာပါ"

"အင်း...သူ့မှာလည်း ဘာမှကို မကျန်ခဲ့ဘူးဆိုပါလား"

"ဦးလေးက လည်ပါတယ်။ စီးပွားရေးလောကမှာလည်း အခြေ ကျပြီးသားပဲ။ သူကြည့်စီစဉ်နိုင်မှာပါ"

"အင်း...အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက် ဆိုသလို တို့မှာ ဖြစ်နေပြီ ခင်နွေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်...ကြီးစော။ အန်တီမြအကြောင်း တွေးလိုက်ရ
တစ်ကွက်မှ ကောင်းတာ မရှိဘူး။ ဒါပေမယ့် သွေးဆိုတဲ့ စိတ်နဲ့
အဒေါ်အိမ်ပဲ ဆိုပြီး မနွေမှာ အားရှိနေခဲ့တာ။ အခုလို အန်တီမြ
အပြီးတိုင် စွန့်ခွာထွက်သွားတော့ တွေးလိုက်ရင် အားငယ်မိတ
ကြီးစောရယ်"

"အင်း...ရုပ်ကလေး လှသလောက် ညည်းဘဝကလည်း ကံဆ
ပါတယ်အေ"

ကြီးစော၏ စကားတို့သည် ဝမ်းနည်းအားငယ်စရာများကို
သယ်ဆောင်ရင်း မခင်နွေ၏ နှလုံးသားဆီသို့ ဝင်ရောက်လာသည်

"ကဲ...ကဲ သွားရှင်းပေးလိုက်ဦး"

"ဦးလေးလာရင် ကြီးစော ပြောပြလိုက်နော်...အဘတိုးက နို
တာလို့၊ တော်ကြာ တစ်မျိုးထင်နေပါဦးမယ်"

"အေးပါ။ သူလာရင် ငါပါ အပေါ်တက်လာခဲ့ပါ့မယ်"

မခင်နွေမှာ အပေါ်ထပ်သို့ ခါတိုင်းလို တက်လာခဲ့သော်လည်
အန်တီမြတို့ အခန်းသို့ ရုတ်တရက် မဝင်ရဲသေးပဲ ရပ်မြဲရပ်နေမိသည်

ညကာလ၏ သုသာန်တစပြင်လို အပေါ်ထပ်မှာ တိတ်ခြော
ငြိမ်သက်လွန်းနေသည်။

ဦးသက်ထွန်းတို့ ဇနီးမောင်နှံ၏အခန်း၊ ကိုတင်မောင်နှ
ဖောက်ပြန်ခဲ့သော အခန်း၊ အန်တီမြကိုယ်တိုင် အပြီးတိုင် စွန့်ခွ
သွားခဲ့သော အခန်းထဲသို့ မဝင်ချင် မဝင်ရဲ အလိုလိုနေရင်း ကြောက
စိတ်များ ဝင်လာမိသည်။

"အို...ဘာဆိုင်လဲ။ ငါလုပ်ရမှာ လုပ်ပေးရမှာပဲလေ"





အခန်းဝသို့ အရဲစွန့်၍ ဝင်ခဲ့ရသည်။ အန်တီမြတို့၏ နှစ်ယောက်အိပ်ဖုံး မွေ့ယာကြီးနှင့် နိုင်လွန်ဇာခြင်ထောင်မှာ ဟိုညက မြင်ရသည့်အတိုင်း ဖရိုဖရဲပင်...

"ဦးလေး ဒီအခန်းထဲမှာ ဝင်မအိပ်ဘူးထင်ပါရဲ့။ အင်းလေ အိပ်ချင်ရှာမှာလည်း မဟုတ်ပါဘူး"

ရှက်ကြောက် ရွံ့ထိတ်စိတ်များနှင့်ပင် ပထမဆုံး အိပ်ရာကို သပ်ရပ်စွာ ပြင်ဆင်ပေးရသည်။

နောက် ပွင့်ဟနေသည့် အန်တီမြ ဗီရိုကို ဆွဲဖွင့်လိုက်ရသည်။

အဘတိုး ပြောသည့်အတိုင်းပါပင်။ ဗီရိုတွင်းမှာ ရှင်းနေသည်။

အနွေးထည်အဟောင်းများ၊ တဘက်များနှင့် မိုဒယ်(လ်) အောက်နေပြီဟု အန်တီမြ ပြောလေ့ရှိသည့် ပိုးတွန့်လုံချည်များ၊ အင်းလေးလုံချည်များနှင့် အိမ်နေရင်း ဝတ်သည့်ပါတိတ်အဟောင်းများကိုသာ တွေ့ရသည်။

မခင်နွေမှာ ကမန်းကတန်းထည့်သိုသွား၍ ကစဥ့်ကရဲ ဖြစ်နေသော လက်ကျန်အဝတ်များကို ပြန်ခေါက်ပြီး အောက်ဆုံး တစ်ထပ်တွင်သာ အစီအရီထပ်၍ သပ်သပ်ရပ်ရပ် ထားလိုက်သည်။ အပေါ်သုံးထပ်လုံးတွင် ရှင်းသန့်နေလေပြီ။

တိုးလို့တန်းလန်း အဝတ်အစားများကိုသာ လျှော်ဖွတ်ရန် ပုဆိုးဟောင်းတစ်ထည်ခင်းပြီး စုထုပ်လိုက်သည်။

အဘတိုးပြောသလို အန်တီမြ၏ အဝတ်အစားများကို အောက်သို့ ယူမချတော့ပါ။ အကယ်၍ ဦးလေး ဤဗီရိုကို ဖွင့်စေဦး၊ အောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးထပ်မှာမို့ ငုံ့ကြည့်မှသာ မြင်နိုင်ပါလိမ့်မည်။

တစ်ခန်းလုံး ရှင်းသွားပြီးမှ မခင်နွေမှာ ကြက်မွေးလေးနှ ဖုန်များကို သိမ်းဆည်းလှဲကျင်းနေရင်း...

"သြော်...အန်တီမြရယ်...ဒီလောက် စည်းစိမ်ဥစ္စာတွေ ချ သာ ကြွယ်ဝမှုတွေနဲ့ ပြည့်စုံပါလျက်နဲ့များ ဒီအိမ်ကြီးကို စွန့်ခွာ ထွ သွားရက်တယ်နော်"

"မနွေသိပါတယ်ရှင်။ ဦးလေးရဲ့ အချစ်တွေ မျှဝေပေးလိုက်ရ ဦးလေးကို နာကြည်းခံပြင်းတဲ့စိတ်နှင့် လက်လှမ်းမီရာ ယောက်ျ တစ်ယောက်နဲ့ မိုက်မိုက်မဲမဲ ဖောက်ပြန်ပစ်လိုက်တာပါ"

"ဦးလေးကို အမုန်းနဲ့ လမ်းခွဲပြီး အန်တီမြလက်တွဲသွားခဲ့တ ကိုတင်မောင်ဆိုတဲ့ အန်တီမြရဲ့ မောင်မောင်ဟာ အန်တီမြပေါ်မှာ အနွံတာခံခြင်း ခွင့်လွှတ်နိုင်ခြင်းဆိုတဲ့ မေတ္တာတရားရဲ့ မွန်မြတ်ခြ တွေကို သူထာဝရ ပေးအပ်နိုင်စွမ်းရှိမယ့်လူလို့ မနွေ မခင်ပါဘူ အန်တီမြရယ်။ ဦးလေးပေါ်မှာ ချစ်လမ်းဆုံးတော့ အမုန်းရွာကို ထွ သွားတဲ့ အန်တီမြရဲ့ဘဝဟာ...

"မမနွေ"

"ဟင်...အာ...လန့်လိုက်တာ ရှိန်းရယ်"

အလုပ်လုပ်ရင်း တစ်ယောက်တည်း အတွေးလွန်နေဆဲ မော လေးရှိန်း၏ အသံကိုပင် လန့်ဖျပ်သွားမိသည်။

ဖုန်များကို ပလတ်စတစ်ဂေါ်ထဲသို့ ယက်ကော်ထည့်ပြီး...

"မောင်လေး ကျောင်းက ပြန်လာတာလား"





"ရှိန်း ကျောင်းမတက်ပါဘူး"

"ဟင်...ဘာဖြစ်လို့လဲကွယ်"

"လာပါ မမနွေရယ်၊ ရှိန်းတို့ အပြင်မှာ စကားပြောရအောင်ပါ"

ရှိန်းလည်း ဤအခန်းကြီးကို ကြည့်ချင်ပုံမရ...

ခင်နွေမှာ အဝတ်ဟောင်းထုပ်နှင့် ဖုန်များပါရှိသော ဂေါ်ပြား လှေကားထိပ်မှာ ချထားပြီး ဆိုဖာတွင် ထိုင်နေသော ရှိန်းနား လာရပ်သည်။

"ထိုင်လေ မမနွေ"

"ပြောပါ ရှိန်း။ မမနွေ ရပ်ပြီး နားထောင်ပါ့မယ်"

"ဆိုဖာပေါ်မှာ မထိုင်ရဘူးဆိုတဲ့ မေမေလည်း မရှိတော့ပါဘူး နွေရယ်...ထိုင်စမ်းပါဗျာ"

ရှိန်း မျက်ရည်တွေ ဝဲလာသည်။

နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာပင် သူ့ဘေးတွင် ယှဉ်ပြီး ဝင် ထိုင်လိုက်ရပါ၏။

"မောင်လေး...ရှိန်း"

"ဟင်"

"ဘာလို့ ကျောင်းမတက်တာလဲ ကလေးရယ်။ စာမေးပွဲ နီးပြီ လေ"

"ကျွန်တော် သူငယ်ချင်းတွေနဲ့လည်း မတွေ့ချင်ဘူး။ ဆရာမ တွေ မေးကြမှာလည်း ကြောက်တယ် မမနွေရယ်...ဒါနဲ့လေ..."

ရှိန်းက စကားစ ရပ်သွားသည်။ နုနယ်လွန်းသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် မတန်ရာလွန်းစွာ စိတ်ထိခိုက်မှုကြီးစွာဖြင့် ရှိန်းက စကား ဆက်ရှာသည်။

"ဒါနဲ့ ရှိန်း ရပ်ရှင်သွားကြည့်တယ်။ လက်မှတ်ဝယ်ပြီးမှ ရှိန်း နောက်က ဆက်ဝယ်တဲ့ မိန်းမကြီးက မေမေ့မိတ်ဆွေ ဖြစ်နေတယ် သူတို့လင်မယားနဲ့ ရှိန်းက ခုံချင်း ကပ်လျက်လေ"

"ဪ..."

"သူတို့က ဟဲ့ ရှိန်း... မင်းတို့အဖေနဲ့ အမေ ဘယ်လိုဖြစ်ကြ တာလဲကွယ်။ တို့တောင် လာသတင်းမေးမလို့ မင်းအဖေရုက်နေ စိုးလို့တဲ့ မမနွေရဲ့"

"ဪ...ကွယ်"

"ဒါနဲ့ ရှိန်းလေ...ရှိန်း ရုပ်ရှင်ရုံရှေ့ကနေ အခုပဲ ပြန်ထွက်ပြေး လာခဲ့တာ"

ရှိန်းငိုလေပြီ...

"အို...ရှိန်းလေး...မမမောင်လေးရယ်"

မခင်နွေမှာ ရှိန်း၏ ပခုံးလေးကို ဖက်ပြီး မျက်ရည်စလေးများကို ယုယုယယလေး သုတ်ပေးမိသည်။

မခင်နွေ၏ နှလုံးသားလေးများ တစ်စစီ ကြေကျသွားလောက် အောင်ပင် မောင်လေး ရှိန်းကို သနားစိတ်ကြောင့် ရင်မှာ ကြေကွဲ နာကျင်လာရသည်။

"မောင်လေး ရှိန်း"

"ဗျာ..."





"မမနွေ ပြောတာလေး နားထောင်စမ်းပါ ကလေးရယ်"

"ဘာလဲ၊ မငိုဖို့ ပြောမလို့လား"

"မဟုတ်ဘူး ရှိန်း၊ မမနွေ ဘဝနဲ့ နှိုင်းပြပါရစေ"

"ဘာကိုလဲ မမနွေ"

"မမနွေရဲ့ဘဝနဲ့ ရှိန်းရဲ့ဘဝဟာ တူလှချည်လားကွယ်"

"ဘာကိုလဲ။ ဘယ်မှာတူလို့လဲ မမနွေရဲ့"

"မမနွေ အမေက မမနွေ အဖေမရှိမှ နောက်ယောက်ျား ယူ ယ်။ ရှိန်းမေမေက အဖေရှိလျက်နဲ့ နောက်ယောက်ျားယူတယ်။ ပေမယ့် ရှိန်းရယ်..."

မခင်နွေမှာ တိမ်မြုပ် မြုံအုပ်ထားသော မိမိရင်ထဲမှ ဝေဒနာ ောင်းများကို ဖော်ကျူးလှစ်ဟပြခဲ့ပါပြီ။

"ရှိန်းကမှ ရှုက်စရာကောင်းရုံက လွဲလို့ အဖေနဲ့ နေခွင့်ရတယ်။ အိမ်၊ ဒီစည်းစိမ်တွေနဲ့ အရင်အတိုင်းပဲ ရှိနေခွင့်ရပါတယ်"

"ဒါပေမယ့် မေမေက စွန့်ပစ်သွားပြီဗျ"

"ဟုတ်တယ်ရှိန်း၊ မေမေက စွန့်ခွာထွက်သွားတာ၊ မမနွေရဲ့ မေဆိုရင် သူက ထွက်သွားတာ မဟုတ်ပါဘဲ မမနွေကို စွန့်ပစ် ိုက်တာ"

"ဟင်..."

"သူ့နောက်ယောက်ျားနဲ့ မမနွေနဲ့ နေလို့ မတင့်တယ်ဘူးတဲ့၊ ိုလိုတာကကွယ်။ သူ့ယောက်ျားက မမနွေကို မျက်စိကျသွားမှာ ိုးတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို..."

"ဒါကြောင့် အဒေါ်အိမ်ဆိုပေမယ့် မမနွေကို အခိုင်းအစေဘဝနဲ့ လာပြီး စွန့်ပစ်သွားခဲ့တာ ရှိန်းအသိပါ မောင်လေးရယ်"

မခင်နွေလည်း မျက်ရည်ကျလာမိပါပြီ။

"မိခင်ရဲ့ မေတ္တာတရားကိုတော့ မစော်ကားလိုပါဘူး ရှိန်း။ လောကမှာ သားသမီးကို ကိုယ့်အသည်းနှလုံးထက် ပိုပြီး ချစ်တတ်ကြတဲ့ မိခင်တို့အကြောင်း စာဖွဲ့ခဲ့ကြဖူးတာ ရှိန်းကြားဖူးမှာပေါ့။ စကားပြောသော အသည်းနှလုံးဆိုတာလေ"

"ကြားဖူးပါတယ်။ သားကို အသည်းနှလုံး ခွဲပေးပြီး သား လဲကျသွားတော့ သားလေး ဘယ်နာသွားလဲလို့ အသည်းနှလုံးက မေးတယ်။ စကားပြောတယ်ဆို"

"အေး...အဲဒီလို မိခင်မျိုး ကိုးဆယ့်ကိုးရာနှုန်းလောက်ရှိကြပါလိမ့်မယ်။ ကျန်တဲ့ တစ်ရာနှုန်းကတော့ မမနွေနဲ့ ရှိန်းတို့ရဲ့ မိခင်တွေပဲ ဖြစ်လိမ့်မယ် ရှိန်း"

"ဟုတ်မယ်နော် မမနွေ"

"သူတို့ရဲ့ ချစ်ခြင်းမေတ္တာ၊ သူတို့ရဲ့ အသည်းနှလုံးထဲက နောက်ယောကျ်ားတစ်ယောက်ကို ချစ်ဖို့အတွက် သားနဲ့ သမီးကို စွန့်ပစ်သွားကြတဲ့ မိခင်တွေပဲလေ"

"ဟုတ်တယ် မမနွေ။ ရှိန်း စိတ်နာတယ်ဗျာ"

"စိတ်မနာပါနဲ့ ရှိန်း။ လုံးဝ ဒီစိတ်မျိုး ရှိမထားပါနဲ့ကွယ်။ သူတို့ဘာပဲဖြစ်ဖြစ် မွေးမိခင်ဆိုတာ လူသားတစ်ယောက်ရဲ့ အကြီး[illegible]ားဆုံး ကျေးဇူးရှင်ပဲ။ သူတို့ရဲ့ ဝမ်းနဲ့ လွယ်ပြီး မွေးခဲ့ရတယ်။ ကြီး[illegible]င်းအောင် ကျွေးမွေးပြုစုခဲ့ရတယ်။ ဒီကျေးဇူးတရားတွေ ရှိတယ်[illegible]း"





"မမနွေ စကားတွေက တစ်ဖက်စွန်းဆီက ဆန့်ကျင်ဘက်[illegible]ယူဝါဒတွေ ပါလား"

"ဟုတ်တယ် ရှိန်း၊ မှန်တယ်။ သူတို့တွေ စွန့်ပစ်သွားပေမယ့် [illegible] မောင်နှမအနေနဲ့ စိတ်မနာအပ်ဘူး။ အပြစ်မမြင်ထိုက်ဘူးဆိုတာ [illegible]ောင်လေး သတိတရားရအောင် မမနွေရဲ့ ဘဝနဲ့ ယှဉ်ပြီး ဆင့်ခြင်[illegible]င်းတာပါကွယ်"

"ကောင်းပါပြီ မမနွေရယ်"

"မိခင်တို့ စွန့်ပစ်ခြင်းခံရတဲ့ တို့မောင်နှမရဲ့ ဘဝကံအကြောင်း [illegible]ကောင်းလို့သာလို့ပဲ မှတ်ယူပါ မောင်လေးရယ်နော်"

"မမနွေ တရားတွေ ပြနေပေမယ့် ရှိန်း ရင်ထဲမှာတော့ ခံစားရ[illegible]နိုးလို့ ပေါက်ကွဲထွက်မတတ်ပါပဲ မမနွေရယ်"

"ငါ့လိုဘဝမျိုးနဲ့ မမနွေ တစ်ယောက်လုံး ရှိနေပါသေးလားလို့ [illegible]ောင်လေး တွေးပါလေ။ မောင်လေး ဆင်ခြင်ဖို့ မမနွေဟာ ပြယုဂ်[illegible]စ်ခုပါကွယ်"

"ရှိန်း နားလည်ပါပြီ မမနွေ"

"အင်း...ရှိန်းကမှ မိခင်မဲ့တာက လွဲလို့ [illegible]ကိုင်းဒီတိုင်းနေနေခွင့်[illegible]ပါတယ်။ မမနွေကဆို သူများ အိမ်မှာ အ[illegible]းအစေအဖြစ်နဲ့..."

"တော်ပါတော့ မမနွေရယ်။ မမနွေကို အခိုင်းအစေအဖြစ်နဲ့ [illegible]း မမြင်ရက်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မမပေါ်မှာ အမြဲညှာတာခဲ့တဲ့ ရှိန်းရယ်"

"ခုဆို ရှိန်း မမနွေကို ပိုအားကိုးပါရစေတော့။ အမေကိုယ်စား အမေကိုယ်စားအဖြစ်နဲ့"

"အမယ်လေး ရှိန်းလေးရယ်။ မမနွေကလည်းလေ ဟိုးငယ်ငယ် တုန်းကလို ရှိန်းကို ရင်ထဲမှာ ပွေ့သိပ်ခဲ့ရတဲ့အတိုင်းပဲ ကိုယ့် ရင် သွေးလေးလို အေးမြတဲ့ မိခင်လို မေတ္တာမျိုးနဲ့ ချစ်တာပါ။ ရှိန်းကို သိပ်ချစ်တာပါ"

"မိခင်လိုမျိုးနဲ့ မေတ္တာ၊ ဟုတ်လား မမနွေ"

"ဟုတ်တယ် ရှိန်း။ ဟုတ်တယ်၊ ချစ်တတ်တဲ့ မိခင် တစ်ယောက် ရဲ့ ချစ်ခြင်းမေတ္တာမျိုး၊ ယုယမြတ်နိုးပုံမျိုးတွေနဲ့ မမနွေလေ ရှိန်းကို ယုယုယယ ချစ်ပါမယ် ကလေးရယ်၊ အားမငယ်ပါနဲ့ကွယ်"

ရှိန်းက မခင်နွေကို လှမ်းဖက်လိုက်သည်။ အေးမြသော မေတ္တာ ရင်ခွင်မှာ ခိုလှုံခွင့်ရှိနိုင်ပါသေးသည်ဟူသော အသိစိတ်ဖြင့် ရှိန်း နှုတ်ခမ်းလေးများ ပြုံးနေပါသော်လည်း...

သူ့မျက်ဝန်းမှ မျက်ရည်များ စီးသွယ်ကျလာပါတော့သည်။

အေးမြသော မိခင်တို့၏ မေတ္တာမျိုးဖြင့် ရှိန်း၏ နဖူးပြင်လေးကို 'အကြင်နာအနမ်းလေး' ဖြင့် မခင်နွေ နမ်းလိုက်မိပါတော့သည်။

ယင်းအနမ်းကြောင့် မောင်နှမနှစ်ယောက်၏ လောင်ကျွမ်း နေသော နှလုံးသားအစုံသည် စမ်းရေယဉ်မှာ စိမ်နှစ်လိုက်ရသည် သို့ပင် အေးမြစိမ့်ဖြာသွားရပါလေပြီတကား။

❋



## အခန်း (၁၈)

အားခဲထားခဲ့သော ဆယ်တန်းနှစ်ကိုမှ ရှိန်း စာမေးပွဲမဖြေဖြစ် တော့...။

ကျောင်းလည်း မတက်။ ဘယ်လိုတက်နိုင်း၍မှ မရ။

သူ ငယ်စဉ်ကပင် နေခဲ့သော မိခင်ကျောင်း ဒဂုံအထက (၁)ကို မတက်ချင်သည်က ထားပါတော့။ ငယ်သူငယ်ချင်းများနှင့် ငယ်သိ ဆရာမများကို ရှက်၍ ဟူ၍...။

ကျူရှင်ကိုပင် တက်နိုင်း၍ မရတော့ပါ။

ရှက်လွန်းနေသော ရှိန်းကို တစ်အိမ်လုံးက ပိုင်း၍ သနားနေကြ ရသည်။

မောင်လေးရှိန်းမှာ ဂုဏ်ထူးများစွာနှင့် နှစ်ချင်းပေါက် ဆယ် တန်းကို အသေအချာ အောင်မြင်မှာပါဟု ယုံကြည်ယူဆထားခဲ့သော မခင်နွေမှာ ရှိန်းကို အမျိုးမျိုး ဖျောင်းဖျ ချော့မော့မိသည်။

"နေပစေတော့ မနွေ...သားက ငယ်သေးပါတယ်လေ၊ တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com

နောက်ကျလည်း ကျပါစေတော့ကွယ်။ သူ မဖြေချင်လည်း ဖြေနိုင် မနေပါနဲ့တော့"

ဦးလေး ဦးသက်ထွန်းကြောင့်သာ မခင်နွေ လက်လျှော့လိုက် သည်။

သူ ငယ်စဉ်က ဆုရရှိခဲ့သော ရွှေတံဆိပ်လေးများ၊ ရှစ်တန်း တုန်းက ရရှိခဲ့သော ဂုဏ်ထူးနှစ်ခုရ ဂုဏ်ထူးဆောင်ဆုလက်မှတ် လေးများကို ကြည့်ပြီး မခင်နွေ မျက်ရည်ကျမိသည်။

"သားလေး၏ အညွှန့်ကို ချိုးသွားရက်တဲ့ အန်တီမြရယ်"

စိတ်တွင်းမှ နာနာကြည်းကြည်း ရွတ်ဆိုမိသည်။ ကလေး၏ ဘဝမှာ အညွှန့်ကျိုးရှာသော ကျိုးပါစေတော့။ အပြီးတိုင် ညှိုးခြောက် မရှင်သန်တော့မည့် အဖြစ်မျိုး မကြုံရပါစေနှင့်ဟု ဆုတောင်းရင်း...

ရှိန်း၏ အညွှန့်ကျိုးနေသော ဘဝလေး ပြန်လည်၍ အညွှန့် တက် အခက်ဝေလာပါစေရန် မိမိရင်မှ စွမ်းအားရှိသမျှသော အကြင် နာ မေတ္တာရေများ သွန်းလောင်း ဖျန်းဝေပေးပါမည်ဟု မခင်နွေ ဆုံးဖြတ်ထားပြီးသားပါ။

"ခင်နွေ...အပြင်ထွက်ကြည့်စမ်း လာစမ်း...မြန်မြန်"

ကြီးစော ခေါ်သံကြောင့် ထာဝရ ရှိန်းအတွက်သာ တွေးနေ မိသော မခင်နွေမှာ ပြေးထွက်လာရသည်။ ဆင်းရဲနွမ်းပါးပုံရသော အဝတ်အစားများနှင့် မိန်းမတစ်ယောက် ယောကျ်ားတစ်ယောက်။ ပြီးတော့ ရဲသားတစ်ယောက်။

"ဦးလေးရှိလား ကြီးစော"





"အေး...စာကြည့်ခန်းထဲမှာ အိပ်နေတယ်"

အန်တီမြ မရှိမှ ဦးသက်ထွန်းမှာ စာကြည့်ခန်းတွင်း၌ပင် အနေ များ၍ ညလည်း ဤမှာပင် အိပ်သည်။

"ဒါဖြင့် မနွေ သွားမေးလိုက်ဦးမယ်။ ပြီးမှ ဦးလေးကို နှိုး ဟသင့်လည်း ပြောရမှာပဲ"

"အေး...အေး...ဦးတိုးလည်း သူ့အုတ်ရေကန်ကို ဆေးနေ တယ်။ ဒါကြောင့် သူမတွေ့တာ"

မခင်နွေမှာ ခြံတံခါးဝသို့ ထွက်လာပြီး ကိစ္စကို မေးရပါသည်။

"ကျွန်မတို့ ဦးသက်ထွန်းနဲ့ ဒေါ်မြမြကို တွေ့ချင်လို့ပါ"

အမျိုးသမီးက ခပ်သွက်သွက်ထဲကပင်။

"ဒေါ်မြမြခင် မရှိတော့ဘူး၊ ဦးသက်ထွန်းတော့ ရှိနေတယ်။ ပေမယ့် သူအိပ်နေတယ်။ ဘာကိစ္စရှိလို့လဲ ရှင့်"

"ကျွန်မက ဒီအိမ်မှာ ကားမောင်းတဲ့ ကိုတင်မောင်ရဲ့ နှမပါ"

"ဟင်..."

"ဒါက ကျွန်မယောကျ်ား၊ ဒါက ကျွန်မအစ်ကို...သူက မရမ်း ကုန်း ရဲစခန်းက..."

ရဲသားပင်ဖြစ်မည်ထင်ပါသည်။ မခင်နွေမှာ ရဲဝတ်စုံနှင့် လူကို ကြည့်လိုက်ပြီး...

"ရဲစခန်းရဲ့ တာဝန်နဲ့ လာတာလားရှင့်"

"ဟာ...မဟုတ်ပါဘူး၊ ဒါ ကျွန်တော့် ညီမဝမ်းကွဲတော်တယ်။ သူတို့က ပဲခူးနားက ဘုရားကြီးရွာက လာတာ။ ဒီကို မလာတတ်လို့ ကျွန်တော်က လိုက်ပို့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်..."

"ကိုတင်မောင်ရဲ့ အမေက ဒီက မသိန်းမြင့်နဲ့ နေတယ်လေ လစဉ် ငွေပို့ပေးနေကျ။ အခု စာလည်း မလာ၊ ငွေလည်း မပို့တာ သုံးလကျော်လို့ဒီကို လာသတင်းမေးတာပါ"

"သြော်...ရှင်တို့ ဘာမှ မသိကြဘူးထင်တယ်။ ခက်တာပဲ"

"ဘာဖြစ်လို့လဲရှင့်...ကျွန်မတို့အစ်ကို အလုပ်လုပ်တဲ့ အိမ် အိမ်ထဲ ဘာင်မဝင်ရဘူးလား"

မသိန်းမြင့်ဆိုသူက ရန်တွေ့သလို ပြောလာသည်။ မခင်နွေး

"ကိုတင်မောင်နဲ့ ပတ်သက်တဲ့လူဆိုရင် ကျွန်မ ဖွင့်ပေးရမလား ဖွင့်မပေးရဘူးလားဆိုတာကို ဦးလေး မေးကြည့်ပါရစေဦးမယ် ခ စောင့်ကြပါ"

"မရမ်းကုန်း ရဲဌာနက ရဲတစ်ယောက်လည်း ပါလာတယ်လို့ ပြောလိုက်ပါ ကလေးမ"

မခင်နွေး ဘာမှ ရှင်းမနေတော့။ အိမ်ထဲ ပြန်ဝင်လာပြီး ကြီးစော ကို အကျိုးအကြောင်း ပြောပြသည်။

"ညည်းပြောခဲ့တာ မှန်တယ် ခင်နွေး။ ကိုထွန်းက အိမ်တွင် သွင်းချင်လား...မသွင်းချင်လား မသိ"

"မနွေး အခန်းဝက သွားကြည့်လိုက်ဦးမယ် ကြီးစော"

ဧည့်ခန်း၏ နောက်ဘက်ဆီမှ စာကြည့်ခန်းဝသို့ မခင်နွေး ရောက်လာသည်နှင့် ဦးသက်ထွန်းက ဆီး၍ မေးလိုက်သည်။

"ဘယ်သူ လာတာလဲ မနွေး"





"ကိုတင်မောင်ရဲ့ နှမနဲ့ ယောက်ဖတဲ့"

"ဘာ..."

"မရမ်းကုန်းရဲစခန်းက ရဲသားတစ်ယောက်လည်း ပါလာတယ်"

ဦးသက်ထွန်းက ဒရင်း(မ)ဘက်ပေါ်မှ ရုတ်တရက် ထရပ်လိုက်ပြီး...

"ဘာလုပ်ဖို့တဲ့လဲ၊ ဘာကိစ္စတဲ့လဲ"

"ကိုတင်မောင်က ငွေလည်း မပို့၊ မဆက်သွယ်တာလည်း သုံးလ ကျော်လို့ လိုက်လာတာတဲ့။ ရဲသားကတော့ သူတို့အစ်ကိုပါ။ မလာတတ်လို့ လိုက်ပို့တာပါတဲ့"

ဦးသက်ထွန်းက မှုန်မှိုင်းသော မျက်နှာနှင့် တွေဝေသွားပြီး...

"မနွေးက ဘာပြောလိုက်လဲ"

"ဦးလေး ဘာပြောစေချင်မှန်း မသိလို့ မနွေး ဘာမှ မပြောခဲ့ရသေးပါဘူး"

"သားရော"

"သူ့အခန်းထဲမှာ အိပ်နေပါတယ်"

ယင်းကိစ္စများကို ရှိန်း၏ ရှေ့တွင် မရင်ဆိုင်စေချင်ပါ၍ မေးသည်။ မခင်နွေးလည်း သည်အတိုင်းပါပင်။

"အေး...သွားခေါ်လာခဲ့၊ ပြောပြလိုက်ရုံပေါ့"

မခင်နွေးမှာ အဘတိုး ချိတ်နေကျ ဗိနပ်ချွတ်သံတံခါးအနီးမှ ခြံတံခါးသော့ကို ယူ၍ ဖွင့်ပေးပြီး သူတို့သုံးယောက်လုံး ဝင်လာစေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တင်မောင်က မင်းအစ်ကိုလား"

ဟုတ်ပါတယ်"

ဆိုဖာပေါ်တွင် မငုံမရဲထိုင်ရင်း မသိန်းမြင့်က ဦးသက်ထွန်း ကြည့်နေသည်။ စောစောကလိုတော့ အာမသွက်တော့၊ မျက်နှာ လည်း မတင်းမာတော့ပါ။ ဦးသက်ထွန်း၏ အရှိန်အဝါအောက်မှာ သူသိမ်ငယ်သွားသည်။ မခင်နွေနှင့်တုန်းကတော့ ရွယ်လည်းတူ အခိုင်း ၊စေဟူသော သဘောနှင့်လည်း သူ တင်းတင်း ဆက် သည်။

"မင်းတို့ ဘာကိစ္စလာတာ လဲ။ ခင်ဖျားအနေနဲ့ရော တာ အရ လာရတာလား"

မသိန်းမြင့်တို့ လင်မယားနှင့် ရဲသားကို တစ်ဆက်တည်း မေး လိုက်သည်။ ရဲသားက...

"ကျွန်တော်က လိုက်ပို့တာပါ။ တကယ့်လို့ တင်မောင်ပျောက် နေတယ်ဆိုရင်သာ ဝတ္တရားအရ လူပျောက်မှု ဖွင့်တန်ဖွင့်ရမှာပေါ့"

ဦးသက်ထွန်းက သူတို့အားလုံးကို အကဲခတ်သလို ကြည့်လိုက် သည်။ ကိုတင်မောင်နှင့်ပတ်သက်သော အကြောင်းအရာကို မနည်း သည်းခံ၍ ပြောနေရကြောင်း ဦးသက်ထွန်း ဒေါသမျက်နှာက ဖော် နေသည်။

ထိုစဉ် တိုက်ဝမှာ အဘတိုး မျက်နှာပေါ်လာသည်။

ရဲတစ်ယောက်ကို မြင်လိုက်ရ၍ အဘတိုး၏မျက်နှာ ဖြူရော် သွားသည်။ အလွန်အမင်း လန့်ထိတ်ခြင်းကို ခံစားရင်း သူတိုက်ဝ





ပေါ်ကြည့်စောင့်စားနားထောင်နေပါ၏။

"တင်မောင့်ကိစ္စ မင်းတို့ တကယ်ပဲ မသိကြဘူးလား"

"တကယ်မသိလို့ လာမေးတာပေါ့ခင်ဗျ"

မသိန်းမြင့်၏ ခင်ပွန်းက မခန့်လေးစားပုံမျိုး မဟုတ်သော် လည်း သူ့လေသံက မယဉ်ကျေးခြင်း၊ လေးစားမှုကို နားမလည်ခြင်း များ ဖော်ပြနေသည်။

ဦးသက်ထွန်းက စိတ်ရှည်သည်းခံတော့မည့်မှုသို့ မျက်နှာကို ပြောင်းလိုက်ပြီး...

"မင်းတို့ နောက်ဆုံး တင်မောင်နဲ့ အဆက်အသွယ်ရတဲ့ အချိန်ကို မှတ်မိလား"

"မှတ်မိပါတယ်၊ သူ့ငွေပို့တဲ့ စာဖြတ်ပိုင်း ယူလာပါတယ်။ ဒီ နောက်သာ အဆက်အသွယ်မရတာပါ"

"ငွေက ဘယ်လောက်ပို့သလဲ၊ ဒီအိမ်လိပ်စာနဲ့ ပို့လိုက်တာ လား၊ ဘယ်တုန်းက ပို့လိုက်တာလဲ"

"လွန်ခဲ့တဲ့ သုံးလလောက်ကပါ၊ ပို့တဲ့ငွေက တစ်ရာထောင်ပါ"

"ဩော်...တစ်ထောင်တောင်လား"

ဦးသက်ထွန်းက ရက်စက်သော အပြုံးမျိုးဖြင့် ပြုံးပြီး အံ့သြ သလို ကြည့်လိုက်သည်။

ဒရိုင်ဘာ တစ်ယောက်က တစ်ခါတည်း ငွေတစ်ထောင် သူ့ မေ ထံသို့ ပို့နိုင်သည် ဆိုခြင်းမှာလည်း ဦးလေး မခံချင်လျှင်လည်း ခံချင်စရာပါ။ အန်တီမြ လက်ချက်သာ ဖြစ်ရပါမည်။ သူပေး၍သာ



www.burmeseclassic.com

www.burmeseclassic.com



ပို့နိုင်ပါမည်ဟု မခင်ရွှေ ထင်နေဆဲ…

"ငွေကို ဒီအိမ်လိပ်စာနဲ့ ပို့တာလား"

"မဟုတ်ဘူးရှင့်၊ ပြည်မြို့က"

"ဘာ…"

"ဒီမှာ ငွေပို့တဲ့ ဖြတ်ပိုင်းပါတယ်၊ ကြည့်ပါ"

မသိန်းမြင့်က သူ့ဘော်လီအိတ်ထဲမှ ပလပ်စတစ်အိတ်လေး ထုတ်ပြီး အတွင်းမှ ငွေပို့လွှာဖြတ်ပိုင်းကို ထုတ်၍ ဦးသက်ထွန်း ပေးလိုက်သည်။

ဦးသက်ထွန်းက တိုက်ဝမှ စိုးရိမ်ဟန်နှင့် ကြည့်နေသော အ တိုးသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ သူ့ ဘာမှ သိပုံမရသေး ဦးသက်ထွန်းက ငွေပို့လွှာဖြတ်ပိုင်းကို အသံထွက်၍ အားလုံး ကြ သာအောင် ဖတ်လိုက်သည်။

*အမေ့ထံ ငွေတစ်ထောင် ပို့လိုက်သည်။*

*ကျွန်တော် ခရီးလွန်နေသည်။*

*စိတ်မပူပါနှင့်။*

*အမေနှင့် အိမ်သားများ နေကောင်းပါစေ။*

**တင်မောင်၊ ခေတ္တ ပြည်မြို့**

"ပြည်မြို့က ပို့တဲ့ ငွေပါလား"

"ဟုတ်ပါတယ်။ ဦးလေးတို့ ခိုင်းလိုက်တယ် မဟုတ်လား၊ အ ကျွန်မ အစ်ကို ဘယ်မှာလဲ၊ အမေက စိတ်ပူလှပြီရှင့်"





"ဒီမှာ ခင်ဗျားနံမယ် ဘယ်သူလဲ"

မသိန်းမြင့်၏စကားကို လုံးဝအရေးမလုပ်ပါဘဲနှင့် ဦးသက်ထွန်း ရဲသားကို လှမ်း၍ မေးလိုက်သည်။

"ကျွန်တော့်နာမယ် ရဲမြင့်ပါ ဆရာ"

"အဲ…ကိုရဲမြင့်က ရဲကျောင်းဆင်းဆိုတော့ ပြောလို့ ဆိုလို့ နား ည်လွယ်မယ်။ ဒီမှာ ငွေပို့တဲ့နေ့ ရက်စွဲကို ကြည့်ထားပါ၊ ဒီဇင် ာလ ၁၆ ရက်နေ့လို့ ပါတယ်နော်"

"ဟုတ်ပါတယ်။ ပို့တာ ၁၆ ရက်၊ သူတို့ဆီ ရောက်တော့ လကုန် "

"ကောင်းပြီ။ သူပို့တဲ့နေ့ကိုသာ ခင်ဗျား မှတ်ထားပါ။ ခဏ ြီး၊ ဒီက အထောက်အထားတွေ ကျူပ်ယူပြမယ်"

ဦးသက်ထွန်း အပေါ်ထပ်သို့ တက်သွားပြီး ပြန်ဆင်းလာချိန် သိ ဘယ်သူမှ ဘာစကားမျှ မပြောမိကြ။

ဦးသက်ထွန်းက စာအိတ်ထဲမှ စာချုပ်နှင့် သတင်းစာကို ထုတ် ပြီး ဖြန့်ပြလိုက်သည်။

"ဟောဒီမှာ ကျုပ်နဲ့ ကျုပ်မိန်းမနဲ့ ရုံးတော်မှာ ကွာရှင်းတဲ့ နေ့၊ ဇင်ဘာ ၁၂ ရက်နေ့၊ အဲဒါ ကွာရှင်းထားတဲ့ စာချုပ်"

"ဟင်…"

"အဲဒီနေ့မှာပဲ အင်းစိန်တရားရုံးမှာ တင်မောင်နဲ့ ကျုပ်မိန်းမ မြခင်နဲ့ လက်ထပ်ကြတယ်"

"ဟယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီ ကြေးမုံနဲ့ လုပ်သား သတင်းစာမှာ ကြည့်၊ ကျုပ်နဲ့ ကွာရှင်းကြောင်း ကြော်ငြာရယ်၊ မြမြနဲ့ တင်မောင်နဲ့ လက်ထပ်ပြီးတဲ့ ကြော်ငြာရယ်၊ တစ်နေ့တည်းပါလာတယ်"

"ဟာ…ဗျာ…"

"အဲဒီနေ့ဟာ ဒီဇင်ဘာ ၁၄ ရက်နေ့"

"အင်း…ဟုတ်…ဟုတ်ပါရဲ့"

"မြမြဟာ ပစ္စည်းတွေအားလုံး သယ်ချပြီး ကျွန်တော်တို့ သားအဖကို ထားပြီး ထွက်သွားခဲ့ပြီ"

"အို…ဒုက္ခပါပဲရှင်"

"အခု မင်းတို့လာမှ သူတို့ ပြည်ဘက် ထွက်သွားကြတယ် ဆိုတာ ငါသိရတယ်။ ပြည်က ငွေပို့တဲ့နေ့ဟာ ဒီဇင်ဘာလ ၁၆ ရက်နေ့ ဆိုပဲ"

"အမယ်လေး…ဒါတွေ ကျွန်မတို့ ဘာမှ မသိရပါလားရှင်"

"တို့က သတင်းစာမှ မယူဘဲကိုကွ"

မသိန်းမြင့်တို့ လင်မယားပြောနေကြစဉ် ကိုယ်တစ်ပိုင်း ရော် နေသော အဘတိုးက ညည့်ခန်းဝမှာ လာရပ်ပြီး…

"အဲဒီ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ တင်မောင်ဟာ ကျုပ်မြေးရဲ့ မိန်းမကို နိုးပြီး ထွက်သွားခဲ့တာ။ ကျုပ်ကိုယ်တိုင် သုံးဘီးတွား ယေ ခဲ့ရတာပါ။ တင်သွားတဲ့ ပစ္စည်းတွေမှ အပြည့်"

"အယ်…"

"ကဲ…ဒီလောက် အတိအကျ သိကြရင် တော်လောက်ကြပါပြီကွယ်။ မောင်သက်ထွန်း ဒီလောက် စိတ်ရှည်လက်ရှည် ရှင်းပြတာကိုပဲ အဘတောင် အံ့သြမိတယ်"





"ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ်"

"မင်းတို့ သွားနေရာက စဉ်းစားကြည့်ပေါ့ကွယ်။ ဒီတော့ မင်းတို့ရဲ့ တင်မောင်ကို တွေ့ချင်တယ်ဆိုရင် ပြည်ဘက်မှာ လိုက် စုံစမ်းပေါ့။ ဒီအိမ်နဲ့တော့ လုံးဝ ပတ်သက်မှု မရှိတော့ဘူးဆိုတာအထောက်အထား လုံလောက်နေပြီမဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီကိစ္စတွေ ကျွန်တော်တို့ လုံးဝ မသိရဘူး။ ဝမ်းနည်းပါတယ် ဦးလေးရယ်၊ ကဲ…လာ…သိန်းမြင့်၊ တို့ ပြန်ကြမယ်"

ရဲသားလုပ်သူက မျက်နှာပူဟန်နှင့် ခေါ်သည်။ မသိန်းမြင့်တို့ လင်မယားမှာ လုံးဝ မျှော်လင့်မထားအပ်သော အကြောင်းအရာကို ကြားလိုက်ရ၍ နှုတ်ဆွံ့အသွားကြသည်။ မျက်လုံး အပိုင်းသားနှင့် ဖြစ်ကြရသည်။

"အေး…အဲဒီ မောင်တင်မောင်ကြောင့် ဒီအိမ်မှာ မီးတောက်ခဲ့ပါတယ်ကွယ်။ ဒီအိမ်ရှင်မအပြစ်လည်း ပါသပေါ့လေ။ ကျန်ခဲ့တဲ့ လူကြီးတွေက ထားပါတော့၊ သားလေးတစ်ယောက်တည်း ရှိတာကိုတောင် ထားသွားရက်တဲ့ မိန်းမ။ အခု ကလေး ဒီနှစ်စာမေးပွဲ မဖြေဖြစ်ဘူး။ သိပ်ရက်စက်တာပေါ့လေ"

အားလုံး ဘာမှ မပြောကြ။ အဘတိုးကိုသာ ငေးကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သွားကြကွယ်...သွားကြ။ မောင်တင်မောင်နဲ့ ဒီအိမ် လုံးဝ မပတ်သက်တော့ဘူးဆိုတာ သိကြပြီ မဟုတ်လား"

သူတို့အဖြေပင် မပေးနိုင်ကြတော့ ခေါင်းလေးများ ငုံ့လျှ တိုက်ပြင်သို့ ထွက်သွားကြသည်။ ခြံထဲ ရောက်တော့ ခပ်သုတ်သု လျှောက်လျက် ထွက်ခွာ ပျောက်ကွယ်သွားပါတော့သည်။

ကိုတင်မောင်နှင့် ပတ်သက်သော ဇာတ်လမ်းသည် ဤမျှ ပင် ပြီးဆုံး နိဂုံးချုပ်သွားပါလေတော့မည်။

အဘတိုးသည် ဦးသက်ထွန်းကို လှမ်းကြည့်လိုက်သည်။

သူ့မြေး၏ မျက်နှာမှာ သူထင်သလောက် စိတ်ထိခိုက်ခြင် ကြီးစွာဖြင့် မှုပျက်၍ မနေ။

ထိန်းချုပ်နိုင်စွမ်း ရှိလာပုံရသော ဦးသက်ထွန်း၏ မျက်နှာ တည်ငြိမ်နေပါ၍ အဘတိုးက စိတ်သက်သာရာ ရဟန်ဖြင့် ခေါ ညိတ်ရင်း ခြံတွင်းသို့ ဆင်းသက်သွားပါတော့သည်။

တစ်ချိန်လုံးများ အသက်အောင့်ထားမိလေသလား ထင် သည်။ ကိစ္စအားလုံး ပြီးဆုံးကွယ်ပျောက်လေမှ ပင့်ထားသော ရင် အလုံးကြီး ကျသွားသလို...

မခင်နွဲ့မှာ သက်ပြင်းရှည်ကြီးကို ချလိုက်မိပါတော့သတည်း

"မနွဲ့...ဒေါ်စော"

မခင်နွဲ့တို့ လှည့်ထွက်လာလေမှ ဦးသက်ထွန်းက သူထိုင် ဆဲနေရာမှ လှမ်းခေါ်လိုက်သည်။

သူသည် တစ်စုံတစ်ခုကို တွေးနေရာမှ မခင်နွဲ့တို့ကို မကြည့်ဘ ပြောလိုက်သည်။





"ဒီအတိုင်းဆို တင်မောင်တို့ရန် မအေးသေးဘူးထင်တယ်"

"ရှင်"

"သူတို့ တစ်နေရာရာမှာ ခြေရာဖျောက်နေပေမယ့် ငွေရှိရင် ဒီကောင်ဟာ သူ့အမေဆီ ပို့မှာပဲ။ ဆက်သွယ်မှာပဲ၊ ထွက်သွားပြီးစ ကတောင် ငွေတစ်ထောင်ပို့လိုက်သေးတာပဲ"

"ဟုတ်ပါရဲ့"

"ကျွန်တော်ထင်တော့ သူတို့ပစ္စည်းတွေကုန်ပြီ ဒုက္ခရောက်နေ ကြပြီထင်တယ်"

"အာ...ပါသွားတာတွေက နည်းမှ မနည်းပဲကွယ်"

"ဒါပေမယ့် တင်မောင်က သိပ်လည်တဲ့ကောင်ပဲ။ ငွေဆိုတာ ရှာရတာသာ ခက်တာ။ ဖြုန်းပစ်ရင် ခဏလေး ကုန်တတ်တာမျိုးပဲ"

ဦးသက်ထွန်းစကားအဆုံးတွင် ဒေါ်စောက...

"သူတို့ဖောက်ပြန်ပြီး သူတို့သဘောနဲ့ သူတို့ကြိုက်တာတွေ ယူ ပြီး ထွက်သွားကြတာပဲကွဲ့၊ ဘာလာဒုက္ခပေးနိုင်တော့မှာလဲ..."

"ဟုတ်သားပဲ၊ ဦးလေးရယ်"

"မနွဲ့တို့ မသိဘူး။ ဒီအိမ်နဲ့ခြံဟာ မြမြနာမည်နဲ့လေ"

"အို...ဒါပေမယ့် ရှိန်းရှိနေသားပဲ။ ဒါတော့ ကလေးအတွက် ချန်ထားရမှာပေါ့"

"သူ့မှာ ဒီလို မိခင်စိတ်ရှိရင် ဒီလိုလုပ်သွားရက်ပါ့မလား ဒေါ် စောရယ်"

"အင်း...ဒါလည်း ဟုတ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနွေမသိလို့ မေးပါရစေ၊ သူတို့က ဘာဒုက္ခပေးနိုင်မှာလဲဟင် ဦးလေး"

"တို့များကို အိမ်ပေါ်က ဆင်းခိုင်းမှာပေ့ါ"

"အို…"

"ဦးလေးက အရေးမကြီးပါဘူး၊ သားလေးအတွက်ပါ"

"ဟုတ်ပါရဲ့၊ ခုတောင် သူဒီလောက် ရှက်နေတာ။ ဒီအိမ်ပေါ်က ဆင်းရပြီး ကိုတင်မောင် တက်နေမယ်ဆိုရင် ရှိန်းက လူငယ်စိတ်နဲ့ ခံတော့မှာ မဟုတ်ဘူး ဦးလေး"

"အေးလေ…သူတို့ပါသွားတာတွေ မကုန်ပါစေနဲ့၊ သူတို့ ပြန်ပေါ်မလာပါစေနဲ့၊ တို့သားအဖကို ထပ်ပြီး မနှောင့်ယှက်ပါစေနဲ့လို့သာ ဝိုင်းပြီး ဆုတောင်းပေးကြပါတော့ကွယ်"

❋



## အခန်း (၁၉)

ရီဝေဦးသည် ဓာတ်ပုံထဲကလောက်ပင် အပြင်မှာ မလှ…

အသားက ညိုရုံမက မည်းသည်ဘက်သို့ ကဲသည်။ ပိန်ပိန်ကျစ်ကျစ်ကလေး ဖြစ်ပါ၏။ နှာတံပေါ်၍ မျက်ခုံးကောင်းသည်။ နှုတ်ခမ်းနှင့် မျက်ဝန်းက မလှ၊ နဖူးကျဉ်း၍ ဆံပင်က နက်မှောင်သန်စွမ်းလှသည်။ နှစ်ဆင့်ဖြတ်ပုံစံနှင့် တိုတိုဝေ့ဝေ့ဝဲဝဲလေး…

မလှလှပါဟုဆိုသော်ငြားလည်း ပို့မျစ်နုနယ်သော ဆယ်ကျော်သက်ရွယ်မို့ သူ့မျက်နှာလေးမှာ နုနုဖူးဖူးလေး ဖြစ်နေပါ၏။

"သူ့ကို မတွေ့ရတာ ကြာလို့လာတာ၊ ရီဝေနဲ့ ကျော်ဆန်းလာတယ်လို့ ပြောပေးပါ အစ်မ"

သူမပြောခင်ကပင် သိနှင့်နေသော ခင်နွေက ခေါင်းညိတ်ပြလိုက်ရသည်။ ရှိန်း၏ သူငယ်ချင်းများပါ ၃ ပြောကြားရင်း သူတို့ဧည့်ခန်းတွင်း ဝင်လာကြခြင်း ဖြစ်ပါ၏။

ရှိန်းကို အပေါ်ထပ်မှာ တက်ပြောပြတော့…



www.burmeseclassic.com

www.burmeseclassic.com



"အို...သူတို့ လိုက်လာတယ်လား။ ရှိန်း ရီဝေနဲ့တော့ တွေ့ခ
ပါတယ်။ ဒါပေမယ့် တွေ့ရမှာ ရှက်တယ်ဗျာ၊ မေမေ့အကြော
မေးမှာစိုးတယ်"

"ရီဝေဦးက ပါးနပ်ပုံရပါတယ်။ ပြီးတော့ ရှိန်းရဲ့ သူငယ်ချ
တွေပဲကွယ်...ရှိန်း စိတ်ဆင်းရဲမယ့် စကားမျိုး မေးကြမှာ မဟုတ
ပါဘူး။ ကဲ...လာပါ ဆင်းခဲ့နော်...မမနွေ သူတို့စားဖို့ တစ်ခုခု သွ
လုပ်ထားနှင့်မယ်"

ရှိန်းစကားကြောင့် မခင်နွေ အရင်ပြေးဆင်းလာပြီး...

"ကျေးဇူးပြုပြီး တောင်းပန်ပါရစေကွယ်"

"ဘာကိုလဲ"

"သူ့မေမေရဲ့ကိစ္စ ညီမလေးတို့လည်း သိပြီးကြရောပေါ့။ အ
သတင်း သူ့ကို သွားမမေးပါနဲ့နော်...သူသိပ်ရှက်နေလို့ပါကွယ်"

"အင်းပါ...မမေးပါဘူး။ ဒါဘာဆိုင်လဲ။ သူမကောင်းတာ
မဟုတ်ဘာ၊ သူ့အမေ မကောင်းတာပဲ။ ရှိန်းက ယောက်ျားလေ
ဖြစ်ပြီး သိပ်ရှက်တတ်တာ။ ကျော်ဆန်းတို့လို အရှက်မရှိတဲ့ ကော
မျိုး မဟုတ်ဘူး ဟီး...ဟီး...ဟီး"

"ရီဝေနော်၊ နင်ခေါ်လို့လည်း ငါလိုက်လာရသေးတယ်။ နင်ငါ့
မဖြုတ်နဲ့"

"ဟား...ဟား...ဟား...ဟင်"

မောင်ကျော်ဆန်းဆိုသည့် ကောင်လေးက ရီဝေဦးကို မကျေ
မနပ် လှမ်းကြည့်လိုက်သည်။ ရီဝေဦးက အောင်မြင်စွာ ရယ်မော





ဆက်သံ မဆုံးမီမှာပင် မခင်နွေ နောက်ဖေးသို့ ဝင်ခဲ့သည်။

စားဖိုမှူး အဆင့်သို့ ရောက်ရှိလာပြီဖြစ်သော မခင်နွေမှာ ကိုယ့်
ဟက်ကိုယ့်ခြေနှင့် စားစရာတို့ကို ပြင်ဆင်ကျွေးမွေးနိုင်သော အဆင့်
သို့ ရောက်ရှိလာခဲ့ပြီမို့...

ရှိန်းအတွက်ပါ နက်(စ်)ကဖီးသုံးခွက် ပေါင်မုန့်ထောပတ်သုတ်
များနှင့် ဘောင်ဂူသီးမွှေးငှက်ပျောသီးများကို သယ်ယူ၍ အိမ်ရှေ့
ထွက်လာသည်။

"ဒါကြောင့် ရှိန်းက အမြဲပြောတာ။ သူ့အစ်မက သိပ် သဘော
ကောင်းတာတဲ့...ဟဲ...ဟဲ...ရီဝေတို့က ပန်းကန်ချည့် ပြန်ထားခဲ့မှာ
နော်"

"စားကြပါကွယ်။ တမင်စားစေချင်လို့ပါ။ ရှိန်းပါစား၊ မုန့်ရော
ငှက်ပျောသီးရော ရှိသေးတယ်။ အားမနာနဲ့ စားကြနော်..."

ရေခဲရေပုလင်း ဖန်ခွက်နှင့် လက်သုတ်ပဝါ ယူထွက်လာချိန်
ဘွင် ရှိန်းပါ သူတို့နှင့်အတူ ရယ်မောရင်း စားသောက်နေသည်။
ငင်ချမ်းမြေ့ရပါဘိခြင်း။ သူ့သူငယ်ချင်းများနှင့် ရောနှော ပျော်ရွှင်စွာ
ိန်းလေး ပြန်နေနိုင်ပါစေ။

မခင်နွေက နောက်ထပ် ကိတ်မုန့်များ လှီးပြီး ပန်းကန်ကြီးနှင့်
ယူလာပေးသည်။

"ရှိန်းအမြဲပြောလို့ ရီဝေက မမနွေ့ဆီ တာကို တွေ့ချင်နေတာ၊
မမနွေက အသားသိပ်လှတာပဲနော်။ ဝါညက်နေတာပဲ။ အို...
မျက်နှာရော၊ တစ်ကိုယ်လုံးရော တကယ်လှတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရိဝေနော်...နောက်ထပ်စားချင် စားချင်တယ်ပြော။ နင်စားတာလည်း လွန်နေပြီ"

ကျော်ဆန်းက မြှောက်ပင့်၍ စားနေသည့် သဘောမျိုးဖြင့် ရိဝေဦးကို လှမ်း၍ ဟောက်လိုက်သည်။ ရှိန်းက...

"ငါ့မမနွေက ရိဝေပြောသလို တကယ်လည်း လှပါတယ်ကွ... ကျော်ဆန်းရ"

ကျော်ဆန်းက တစ်ခုခု ပြောတော့မည် လုပ်ပြီးမှ သူတို့ထက် ခြောက်နှစ်၊ ခုနစ်နှစ် ကြီးမည်ဖြစ်သော မခင်နွေကို လှမ်းကြည့်ပြီး အားနာဟန်နှင့် သူဘာမှ မပြောတော့ပါ။

"ကျော်ဆန်း... နင်ဘာပြောပြော ငါတော့ ငှက်ပျောသီး အုပ်လိုက်ဦးမယ်"

ရိဝေဦးက ရဲရဲတင်းတင်းပင် ရယ်ရယ်မောမောနှင့် ငှက်ပျောသီး နှစ်လုံးကုန်အောင် စားပြီး ရေသောက်လိုက်သည်။

"ငါ ထမင်းမစားခဲ့ရသေးလို့ပါဟ၊ သြော်...အစားငမ်းနေတာနဲ့ ရှိန်း နင့်ကို ငါတို့ရဲ့ မင်္ဂလာသတင်းကောင်း မပြောရသေးဘူး"

"ဘာ...ဘာမင်္ဂလာသတင်းလဲ"

"ငါ ဆယ်တန်းကျတယ်လေ ဟီဟီ...ဟိ"

"ကျော်ဆန်းရော"

"သူက ကျတယ်၊ ငါက မအောင်ဘူး"

"ဟင်"

"သူဒီနှစ် နောက်ဆုံးနှစ်လေ"





"အေးပေါ့၊ မနှစ်ကလည်း ကျတော့ ဒဂုံ(၁)က ထွက်ရတော့မှာပေါ့"

"ငါ သူ့ကို ပြောတဲ့ နောက်ဆုံးနှစ်ဆိုတာ ဒါမဟုတ်ဘူး ရှိန်းရဲ့"

"ဘာလဲ"

"ဒီနှစ် နောက်ဆုံးနှစ်၊ နောက်နှစ်ခါဆိုရင် ကျော်ဆန်းသေပြီ"

"ငါများ တကယ်သေရင်လား ရိဝေ၊ နင့်ကို အရင်လာကုပ်ချိုးပြီမှတ်"

"အောင်မယ်...မလုပ်နဲ့ဟဲ့၊ သရဲတော့ ငါသိပ်ကြောက်တယ်"

ရိဝေဦးမှာ ဆယ်တန်းကျသည်ကိုပင် ပေါ့ပေါ့တန်တန် နောက်နောက်ပြောင်ပြောင် နေနိုင်သော မိန်းကလေးပါလား။

"ဒါနဲ့ သီဟမင်းရော"

"သရိုးဒီ"

"ဟင်..."

"ပပလွှင်၊ သန္တာထွန်း၊ မိုးမိုးမြင့်တို့အားလုံး အောင်တယ်။ ပပလွှင်က ဝမ်းဒီ၊ တို့အုပ်စုထဲမှာ ကျတာ၊ ငါတို့နှစ်ယောက်တည်း"

ရှိန်း ငိုင်သွားသည်။ သူ သီဟမင်းထက် ညံ့သူမဟုတ်ခဲ့။ သီဟမင်း ဂုဏ်ထူးသုံးခုနှင့် အောင်သွားပြီဆို၍ ဘယ်လိုအင်အားနှင့်မှ လိုက်၍ မမီတော့လောက်အောင် တစ်နှစ်စာ သူနောက်ကျသွားခဲ့ရလေပြီ။

"ဟေ့...ရှိန်း၊ တို့ကို ရုပ်ရှင်ပြပါလားဟာ"

"ကားမရှိဘူး ရိဝေ၊ တစ်စင်းရောင်းလိုက်ပြီ။ တစ်စင်းက အဘိုးကြီး ယူသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး... သူဌေးသားရယ်၊ ဘတ်စ်ကားလေးများ ဖုံးတယ်ရှိအောင် စီးကြည့်စမ်းပါဦး၊ တို့တောင် နေပူကြီးထဲ သွ လာရတာ"

"မလွယ်ဘူး...ရှိန်း၊ ငါလည်း အိပ်နေတာ။ မင်းဆီသွားရအောင် ဆိုပြီး ငါ့ကို လာနှိုးပြီး ဆွဲခေါ်လာတာ"

ရီဝေနေသည်က ရန်ကင်းမှ စမ်းချောင်းအရောက် တစ်ယောက် တည်း သွားပြီး ယောက်ျားလေး သူငယ်ချင်းကို ခေါ်သတဲ့။ တော့ ခုနစ်မိုင်ခွဲအရောက် ရောက်လာကြသည်။

"ငါတော့ မကြည့်ချင်လှပါဘူး၊ ဒါပေမယ့် လိုက်ပြဆိုရင်တော့ ပြရမှာပေါ့ ရီဝေရယ်"

ရှိန်း၏ စကားကြောင့် မခင်နွေ စိတ်ထင့်သွားရသည်။ အချိန်က ဆယ့်နှစ်နာရီခွဲခါနီးပြီ။ မခင်နွေမှာ စားပြီးသားပန်းကန်များ တခင် သွားသိမ်းရင်း...

"နေပူကြီးထဲကွယ်"

မသွားစေချင်မှန်းသိ၍ ရှိန်းက သူ့မမနွေ၏ မျက်နှာကို လှမ်း ကြည့်နေဆဲ ရီဝေဦးက...

"အမယ်လေး...မမနွေရဲ့ မောင်ကို ထီးမိုးဆို မိုးသွားပေးမယ် ပြီးတော့ အိမ်အရောက်လည်း ပြန်ပို့ပေးပါ့မယ်။ ကဲ...အဝတ်လဲကွာ သွားကြရအောင်၊ ဝမ်းသာတီးရှိုးအတော်ပဲ"

ရီဝေဦးက ရှိန်းကိုပင် ပြန်ပို့ပေးပါဦးမယ်တဲ့။

ရှိန်းမှာ ရီဝေဦးကို မလွန်ဆန်၊ အားနာဟန်နှင့် နေရာမှထ ရင်း...





"ရှိန်း ခဏလိုက်သွားဦးမယ်နော် မမနွေ"

သူငယ်ချင်းများ ရှေ့တွင်မို့ မလွှတ်ချင်ပါဘဲနှင့် မခင်နွေ ခေါင်း ညိတ်လိုက်ရသည်။

ရှိန်း အဝတ်လဲပြီး ဆင်းလာသည်နှင့် သူတို့သုံးယောက် နှုတ် ဆက်ပြီး ထွက်သွားကြတော့သည်။

မခင်နွေမှာ နေပူကြီးထဲတွင် လိုက်သွားရရှာသော မောင်လေး ရှိန်းကို မျက်စိတစ်ဆုံး ကြည့်ရင်း မိမိကိုယ်တိုင်ပါ အပူဒဏ် ခံစားရ သလို ဖြစ်လာသည်။

ရီဝေဦးသည် ယောက်ျားလေးနှစ်ယောက်၏ အလယ်မှ လက် ဟန်ခြေဟန်နှင့် စကားပြောရင်း ပုတ်လိုက်၊ ရိုက်လိုက်၊ ဟိုဘက် ဆွဲလိုက်၊ သည်ဘက်ကပ်လိုက်နှင့်ပါ။

မခင်နွေပင် မဝတ်ရဲသော ဘရာစီယာကို သူဝတ်ထားသည်။ နိုင်လွန်ဘလောက် အညိုစင်းကို တင်ပါးနားသို့ မထိတထိ ဖုံးထား သည်။ လုံချည်က ဝါဝါထိန်ထိန် တက်ထရွန်ပြောင်။

ယင်းထဘီက အကွက်လည်နေသည်။ နိုင်လွန်ထဘီမှာ ဆီ ကွက်ထင်လျှင် လျှော်၍လည်း မပျောက်။ သနပ်ခါးကို အကွက်နေရာ မှာ လိမ်းကျံပြီး အသေအချာ လျှော်မှ ပြောင်သည်။ ရီဝေဦး၏ ထဘီကဖြင့် ဖြစ်သလို လျှော်ပြီး ဖြစ်သလို ဝတ်လာသည် ထင်ပါ၏။ ပြောင်ရုံ မက တချို့နေရာက တွန့်ကြေနေသည်။

ရီဝေဦးဆိုသူမှာ ဆယ်ကျော်သက်ရွယ် အပျိုစင် ကျောင်းသူ လေး ဟူသော ဂုဏ်ပုဒ်မှလွဲ၍...



www.burmeseclassic.com

www.burmeseclassic.com



ရီဝေဦး၏ သိက္ခာကိုလည်း မခင်နွေ မနှစ်မြို့ကိ်မိ။

ရီဝေဦး၏ မိန်းမပီသမည့်ပုံမရသော ဖြစ်ကတတ်ဆန်း နေထို တတ်မှုကလည်း မခင်နွေ ဘဝင်မကျနိုင်။

ညီအစ်ကိုမောင်နှမ များလွန်းပြီး ဝင်ငွေနည်းလွန်းသည့် အ ထောင်စု ဖြစ်ရုံမက…

သမီးငယ်၏ သွားလာရေး၊ နေထိုင်ရေးကို စည်းကမ်းသ မပေးနိုင်ႏ ဟာ မိခင်စာရေးမ၏ မိသားစု ဖွဲ့စည်းပုံကိုလည်း မ နွေ သဘောမကျနိုင်။

ရဲတင်းလွန်းသော နေထိုင်ပြောဆိုမှုကြောင့် စိတ်ညစ်ရသော ရှိန်းနှင့် သည့်ထက်ပို၍ နီးစပ်သွားလျှင် ခက်ရချေရဲ့။

အို…ရီဝေဦးဆိုတဲ့ ကောင်မလေးနဲ့ ငါ့မောင်လေးနဲ့ကို ဘယ်လိုမှ သဘောမတူနိုင်ဘူး။

မောင်လေးနဲ့ ရီဝေဦးတို့ မဆုံစည်းဖြစ်ကြပါစေနဲ့ကွယ်…။

ထိုက်တန်မြင့်မြတ်တဲ့ မိန်းမပီသတဲ့ အမျိုးကောင်းသမီးလေး နဲ့သာ ငါ့မောင်လေး လက်တွဲဖြစ်ပါစေ။

အမိမဲ့ဘဝလေးကို အေးငြိမ်းအောင် စွမ်းဆောင် ဖေးကူနိုင် မယ့် မိန်းကလေးမျိုးနဲ့သာ ရှိန်းလေး ဆုံစည်းဖြစ်ပါစေ၊ လက်ထပ်ရ ပါစေ။

ရီဝေဦးနဲ့ လမ်းခွဲဖြစ်ပါစေ။

ဟူသော ဆန္ဒများတို့သည် မခင်နွေ၏ ဆန္ဒ။ ရင်တွင်း ပြည့်ဝှန်း နေပါ၏။





မတားသင့် မတားထိုက်၍သာ ကြည့်နေလိုက်ရသည်။ ဤ ဝေဦးနှင့် နေပူကျဲကျဲမှာ ထွက်သွားရသည်ကို မခင်နွေ ရင်မှာ ကြောင့်ကြနေမိသည်။

“ဦးလေးမှာလည်း စီးပွားရေး ချွတ်ခြုံကျသွားပြီး ဘာ ခံပြားမှ မကျန်ခဲ့တော့ဘူး။ ကားတစ်စင်းရောင်းပြီး အရင်း ပြန် ည်ရမယ်ကွယ်၊ ဒီငွေနဲ့ မိတ်ဆွေတွေဆီက ချေးငှားပြီး ဆိုင်ကို ်ထွက်ရမယ်”

ဟူသော ဦးလေး အစီမံအတိုင်း ဖြစ်ခဲ့ရသည်မို့ ရှိန်းအတွက် ား မရှိရှာတော့။ “ခုနေများ ငါ သိန်းထီဖြစ်ဖြစ်၊ ငါးသောင်းဆု ်ဖြစ် ပေါက်လိုက်ရင် ငါ့မောင်လေးကို ကားတစ်စင်း ဝယ်ပေးလိုက် ယ်။ ငါ့မှာ ဘာမှ သုံးစရာမလိုဘူး”

ဟုလည်း ရင်မှာ စေတနာများစွာတို့ ဖြစ်တည် ပေါ်ထွန်းလာ ခဲ့န်သည်။

ဒေါ်မြမြခင် မရှိလေမှ…

မခင်နွေသည် ရှိန်း၏ အရိပ်ကိုပင် ကြည့်ကာ အသေးစိတ် ဖေးမပေးနေခဲ့ပါသည်။

စာလည်း မကျက်၊ လမ်းလည်း မထွက်သော ရှိန်းမှာ မခင်နွေ ် အမြဲလို အနီးကပ်နေခွင့် ရနေသည်။

သူစားချင်စရာလေးများ၊ သူပျော်ရွှင်စရာ စကားလေးများက မောင်နှမနှစ်ယောက် ပြောကြား စားသောက်ရင်း တပူးတွဲတွဲ နေမိသည်။ သူ့မိခင်ကိုယ်စား မေတ္တာစေတနာများ ပေးဝေနေခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရသည်ကိုပင် မခင်နွေ ကျေနပ်နေမိပါသေးသည်။

"ဟော...ဦးလေး"

"ဘာထွက်ကြည့်နေလဲ မနွေ"

"ရှိန်းကိုပါ။ ရှိန်းကို ဦးလေး လမ်းထိပ်မှာ မတွေ့ခဲ့ဘူးလားဟင်"

"ဟင့်အင်း..."

"ကားလည်း မပါဘူး။ နေပူကြီးထဲ သူ့သူငယ်ချင်းတွေနဲ့ သွာ ကြတာ"

"ဟုတ်လား"

"ဦးလေးပြန်လာမယ်မှန်းသိရင် စောင့်ခိုင်းထားပါတယ်။ ဘတ (စ်)ကားနဲ့ သွားကြမှာကို စိတ်မချလို့"

ဦးသက်ထွန်းက နှစ်သိမ့်စွာ ပြုံးရင်း ကားပေါ်မှ ဆင်းပြီး အိမ် ထဲသို့ ဝင်လာပါသည်။

"မနွေလည်း သားကို တကယ် သံယောဇဉ် ကြီးရှာတာပဲကို"

"အမေ ပစ်သွားတာကို သနားတယ် ဦးလေးရယ်၊ ကိုယ်ချင် လည်း စာမိပါတယ်"

"အင်း...မနွေတို့ မောင်နှမက ကံတူအကျိုးပေး တူကြတယ် နော်..."

"ဟုတ်ကဲ့။ ပွေ့ချီရတဲ့ အရွယ်ကတည်းက အတူနေလာရတ ကလေး။ ပြီးတော့ ရှိန်းဟာ မနွေရဲ့ ဘဝအတွက် အရင်းနှီးဆုံးသူပါ အတူနေရတဲ့ သွေးစပ်တဲ့ အမျိုးဆိုလို့လည်း ရှိန်း တစ်ယောက် တည်းပဲ ရှိပါတယ်"





"အေးကွယ်...သူ့အမေ ပစ်သွားပေမယ့် အစ်မမေတ္တာကို ရ နေရှာတဲ့ သားလေးအတွက် ဦးလေးမှာ အမြဲစိတ်ချမ်းသာရပါတယ်"

"ဝမ်းသာပါတယ် ဦးလေးရယ်"

"ပြီးတော့ မနွေကို ဦးလေး သိပ်ကျေးဇူးတင်မိတယ်။ ဒီ အိမ် ထောင်ကြီးရဲ့ ထိန်းသိမ်းမှု ပုံမှန်အတိုင်း ဖြစ်နေတာရယ်၊ သားလေး နဲ့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေကြတာရယ်ကို မြင်ရလေတိုင်း ဦးလေးရင်ထဲမှာ ကြည်နူးမိတယ် မနွေ"

"မနွေကို ကျေးဇူးတင်ဖို့ မလိုပါဘူးရှင်။ ဦးလေးတို့သားအဖ မနွေအတွက် စိတ်ချမ်းသာကြတယ်ဆိုရင် မနွေ နေရကျိုးနပ်ပါပြီ။ ဝမ်းသာလှပါပြီ"

ဦးသက်ထွန်းက မခင်နွေကို ပြုံး၍ ကြည့်ရင်း ခေါင်းညိတ်ပြ သည်။

"ဦးလေး ထမင်းစားတော့မလား"

"ခဏနားပြီးမှပဲ စားတော့မယ်"

"မနွေနဲ့ ကြီးစောတော့ စားနှင့်လိုက်ကြပြီ"

"အင်းပါ၊ စားနှင့်ကြပါ။ ဦးလေးက ပြန်ချိန်မှ မမှန်ပဲ။ စောင့် နေတယ်ဆိုရင် စိတ်မဖြောင့်ဘူး"

"ဒါဖြင့် မနွေ လိမ္မော်ရည်တစ်ခွက် ယူခဲ့မယ်နော်"

"အေးကွယ်၊ ကောင်းတယ်၊ ကျေးဇူးပဲ"

မခင်နွေ ယူလာပေးသော လိမ္မော်ရည်ကို ဦးသက်ထွန်းက တွေတွေငေးငေး ထိုင်ရင်းက အမောပြေ တစိမ့်စိမ့် သောက်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်၏ အရှင်သခင်များ စားပြီးမှ မနွေတို့လို အစေအပါးများ စားရမည်ဆိုသော ဒေါ်မြမြခင်၏ မူသည် အိမ်မှာ ပျက်ပြယ်သွားခဲ့ပါပြီ။

တစ်ခါတစ်ရံ အဘတိုး၊ ကြီးစော၊ မနွေနှင့် ရှိန်းတို့ အတူဝိုင်း၍ ထမင်းစားဖြစ်ကြသည်။ အဘတိုး စားပြီး၍ ထွက်သွားလျှင်…

အသက်ခြောက်ဆယ်ကျော် မုဆိုးဖိုကြီး အဘတိုးနှင့် အသက်ငါးဆယ်ကျော် ကြီးစောကို ရှိန်းက စသည်။ လူကြီးများက စိတ်ပင်မကျူးကြပါသော်လည်း ကြီးစောက အပျိုကြီးပီပီ ရှက်စိတ်နှင့်…

"ကောင်လေးနော်… ငါ ခေါက်လိုက်ရ ဟိုက ကြားသွားမှဖြင့်…"

ဟု ကြီးစောက အတည်ပေါက်ကြီးနှင့် ပြောလျှင် မနွေနှင့် ရှိန်းတို့ ထမင်းသီးမတတ် အားပါးတရ ရယ်မောမိကြသည်။

မနွေတို့ စည်းစည်းလုံးလုံး နေကြသည်ကို ဦးသက်ထွန်းက ကျေနပ်လှကြောင်း အခါခါပြောသည်။

ထိုနေ့က ခါတိုင်းလို ထမင်းဝိုင်းနားတွင် ရပ်စောင့်နေသော မခင်နွေသည်…

ဦးသက်ထွန်းမှာ တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးနေကြောင်းဖြင့် သတိထားမိသည်။

ဘာအကြောင်းဆိုသည်ကိုသာ မသိနိုင်ခဲ့ပါချေတကား…

❋



## အခန်း (၂၀)

ကြီးစော နေမကောင်းဖြစ်ခဲ့သည့် ပြီးခဲ့သောလမှ စတင်၍ ဈေးဝယ်သော အလုပ်ကို မခင်နွေလုပ်ရသည်။

လမ်းထိပ်သို့ ခြေကျင်ထွက်၊ အမှတ်ကိုး ဟီးနိုးကား စီးပြီး လှည်းတန်းဈေးသို့ ဈေးဝယ်သွားရသည်။

ရေခဲသေတ္တာရှိပါ၍ သုံးလေးရက်စာ တနင့်တပိုး ဝယ်ခြမ်းလာပြီး အိမ်ကျမှ သိမ်းတန်သည် သိမ်း၊ ချက်တန်သည် ချက်ရပါ၏။ အထားမခံသော ငါးကို ဈေးသွားရက်တွင် ချက်ပြီး အသားကို နောက်ရက်များတွင်မှ ချက်ရသည်။

အသီးအရွက်လည်း သည်နည်းပင်။ ညိုးလျော်လွယ်သော၊ ကင်ပွန်းရွက်၊ ကန်စွန်းရွက်များကို အရင်ချက်ရပြီး အထားခံသော ဒန့်ဒလွန့်သီးလို ကညွတ်လို ဟင်းသီးဟင်းရွက်များကို နောက်ရက်တွင် အဆင်ပြေသော ဟင်းနှင့် တွဲဖက်ချက်ရပါ၏။

ဦးလေးထံမှ လိုသမျှ ဈေးဖိုးတောင်းပြီး စာရင်းနှင့် ပြန်အပ်လျှင်ပင်…



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်...ပိုတာသာ ပေး၊ မနွေတို့ ဒေါ်စောတို့ဟာ သ
ရှိသူတွေဆိုတာ ဦးလေး ယုံကြည်ပြီးသားပါ"

ဟု ပြောလေ့ ရှိတတ်ပါ၏။

ဒေါ်မြမြခင် ထွက်သွားသည်ကို ဝမ်းသာခြင်းဖြင့် မဖြစ်မိ
သို့ပါသော်လည်း အမှန်ကို ဝန်ခံရပါလျှင် မခင်နွေတို့ ကြီးစော
မှာဖြင့် စိတ်လွတ်လပ်သွားကြသည်။ အရင်ထက် ပို၍ ပင်ပန်းရ
စေဦး၊ ကိုယ့်လက် ကိုယ့်ခြေ ချက်ပြုတ်ခွင့်ရသည်။ ရင့်သီးကြမ်းတ
သော စကားလုံးများဖြင့်လည်း အဆူမခံရ၍ စိတ်ချမ်းသာနေကြ
ပါ၏။

"ဈေးခြင်းကြီးနှစ်ခုတောင်...ကူဆွဲပေးမယ်လေ"

ကိုယ့်အိမ်အကြောင်း တွေးလာရာမှ ဘေးမှ ကပ်ပြောသ
ကြောင့် လှည့်ကြည့်မိသည်။

လမ်းထိပ်ရှိ ဆရာဝန်ခြံမှ ဆရာဝန်၏ တပည့်ဖြစ်သူ 'ကိုမြင့်ဦး'

သူက ဆေးတိုက်လည်း လိုက်၍ စောင့်ရသည်။ အိမ်ဖာဟီ
လည်း လုပ်ပေးရသော မခင်နွေတို့လို မိုခိုသူ အလုပ်သမား တ
ယောက်ပါ။

တစ်နေ့က မခင်နွေကို သူစာလိုက်ပေးသည်။ ချစ်သဝဏ်လွှာ
ရည်းစားစာ ၏ အောက်မှ မြင့်ဦး'ဟု ဆိုသဖြင့်သာ သူ့ရုပ်လွှာနှင့်
သူ့အမည်ကို ဒွန်တွဲသိခဲ့ရသည်။ မခင်နွေ သူ့ကို လုံးဝ စိတ်မဝင်
စားခဲ့။

"ပေးလေ...ကျွန်တော် တစ်ခု ဝိုင်းဆွဲပေးမယ်"

"အို...နေပါစေ"





သူက မခင်နွေ၏ လက်မှ ယိုးဒယား ပလတ်စတစ်ခြင်းကို
တင်းလုဆွဲရင်း...

"ကျွန်တော် စာပေးတာ သုံးစောင်ရှိပြီ။ ကျွန်တော့်အတွက်
ဦးစားပြီးပြီလားဗျာ"

"အို...ဖယ်ပါ၊ ခြင်းကို လွှတ်ပါ"

"မဖယ်ဘူး၊ ကျွန်တော် နွေ့ကို သိပ်ချစ်ရသူပါဗျာ"

"ရှင်...လွှတ်နော်...ဖယ်နော်"

"ကျွန်တော့်ကို ချစ်တယ်လို့ ပြောမှ ကျွန်တော် လွှတ်မယ်။
ကျွန်တော်ရဲ့ အချစ်ကို မယုံလို့လားဟင်...။ ဘာကြောင့်ဆိုတာ
ပြောပါဦး"

"အို......ဘာမှ ပြောစရာမရှိဘူး။ ရှင့်ကိုလည်း ကျွန်မ မချစ်
နိုင်ဘူး"

"ကျွန်တော်ကတော့ သိပ်ချစ်တယ်ဗျာ"

"အို...ရှင် ဖယ်နော်...သွား...လွှတ်..."

ကိုမြင့်ဦးက ခြင်းကို ဆွဲသလိုနှင့် မခင်နွေ၏ လက်တစ်ဖက်ကို
အတင်းဆွဲရင်း မျက်နှာနား ကပ်၍ ပြောသည်။

မခင်နွေက နောက်ဆုတ်ရင်းရုန်းသည်။ သည်သို့ ဆွဲလား ရုန်း
လားဖြစ်နေချိန်တွင် ကားတစ်စင်း အရှိန်ပြင်းစွာ သူတို့နား ထိုး ရပ်
လာပြီး...

"မမနွေ...မမနွေ"

"ဟင်...ရှိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်...ခင်ဗျား...ခင်ဗျား...ကျွန်တော့်အစ်မကို ဘာ စော်ကားတာလဲ"

ရှိန်းက ကိုမြင့်ဦးနား တစ်ဟုန်ထိုး ကပ်သွား၍ မခင်နွေမှာ ခြင်းတောင်းများကို လွှတ်ချပြီး ရှိန်းကို အတင်းဆွဲထားရသည်။

"ငါမစော်ကားပါဘူး ချာတိတ်ရ၊ မင်းအစ်မကို တကယ် ချ လို့...လိုက်ပြီး..."

"ဟင်...ဘာ...ဘာပြောတယ်၊ ခွေးမသား လူဝါးဝလို့..."

"အမယ်လေး...ရှိန်း မလုပ်နဲ့...မလုပ်နဲ့"

ဆဲရင်း ပြေးထိုးတော့မည့် ရှိန်းကို မခင်နွေက ဖက်ဆွဲထား ရင်း...

"ကိုမြင့်ဦး...ပြန်ပါရှင် သွားပါတော့"

ကိုမြင့်ဦးဆိုသူက မခင်နွေကို ပြုံးကြည့်ပြီး ရှိန်းလို ချာတိတ် ကို မထီလေးစားဖုံစံ၊ ရန်မဖြစ်ချင်ဟန်နှင့် ပြန်လှည့်ထွက်သွား၍သာ တော်ပါသေးတော့သည်။

မခင်နွေမှာ ခြင်းထဲမှ ဖိတ်စဉ်ကုန်သည်များကို အမြန် ကောက် ပြီး ကားပေါ် တက်လိုက်ရသည်။

"ရှိန်း ဘယ်က ပြန်လာတာလဲဟင်"

"လှည်းတန်းဈေးမှာ မမနွေကို သွားကြိုတာ၊ မတွေ့လို့"

"ဟင်..."

"နေစမ်းပါဦး၊ စောစောကကောင်က လမ်းထိပ်အိမ်က ခိုင်း ထဲ့ကောင်မဟုတ်လား"





"မသိပါဘူးကွယ်"

"ဒါနဲ့ ကိုမြင့်ဦးဆို၊ မမနွေက နံမယ်တွေဘာတွေ ဘယ်လို လုပ်ပြီး သိနေတာလဲ"

ရှိန်းက ဒေါသနှင့် အော်၍ မေးလိုက်သည်။

"သြော်...သူ မမနွေကို စာလိုက်ပေးတာ သုံးလေးခါ ရှိပြီ။ စာထဲမှာ သူ့နံမယ် မြင့်ဦးတဲ့။ မမနွေလည်း ရှိန်းနဲ့ ရန်ဖြစ်မှာ စိုးလို့ သူ့နံမယ်ကို ခေါ်လိုက်မိတာပါ"

"ဘာ...စာပေးတာ သုံးလေးခါ ရှိပြီ ဟုတ်လား"

"ဟုတ်တယ်၊ ပထမ မမနွေ ဈေးက ပြန်လာတိုင်း စောင့်ကြည့် ပြီး နောက်မှ စာလိုက်ပေး၊ စကားလိုက်ပြောတာ"

"သူက မမနွေကို ချစ်တယ်တဲ့လား"

"အေးပေါ့"

"တောက်...ခွေးမသား၊ မတန်မရာ သူများအိမ်က ခိုင်းတဲ့ ကောင်ကများ...ဟင်း"

ကားက ခြံဝသို့ ရောက်လာသည်။ အဘတိုးက ကားတံခါး ဖွင့် ပေးပါ၏။ အိမ်မှာလည်း ဦးလေး ရှိနေသေးသည်။ ရှိန်းက ကားကို ကားရုံရှိရာထိပ်သို့ အရှိန်နှင့် ဆောင့်ဝင်သွားပြီးမှ ဘရိတ်ကို တအား နင်းလိုက်သည်။ မခင်နွေမှာ ရှေ့သို့ ဟပ်ထိုးဖြစ်သွားရပါ၏။

"ရှိန်းက ဟိုလူကို ဒေါပွနေတယ်လ း"

"ဟုတ်တယ်"

"မမနွေ သူ့ကို ပြန်မချစ်ပါဘူး ရှိန်းရာ၊ ဒါပေမယ့် ရှိန်း ပြော



www.burmeseclassic.com

www.burmeseclassic.com



သလို မတန်မရာ ဆိုတာတော့ မဟုတ်ပါဘူးလေ”

“ဘာ...”

“မမနွေဟာလည်း ရှိန်းတို့အိမ်က အခိုင်းအစေမတစ်ယောက် မဟုတ်လားကွယ်”

ရှိန်းထံမှ ပြန်စကားမရရှိမီပင် မခင်နွေမှာ ကားနေပါမှ ကသော ကမျော ဆင်းပြီး မီးဖိုဆောင်တွင်း ဝင်ခဲ့ရပါသည်။

ရှိန်းမှာ ကားစတီယာရင်ကို ကိုင်လျက် ကားပေါ်မှ တော်တော် နှင့် မဆင်းသေးပါဘဲ နက်နက်နဲနဲ တွေးတောနေဟန်ဖြင့် သူ့မျက်နှာ မှာ ရင့်ရင့်တည်တည်ကြီးနှင့်ပါ။

❋



BURMESE CLASSIC .com

## အခန်း (၂၁)

“မမနွေ”

“ဟင်”

“ထိုင်ပါဦးဗျာ”

“ဘာပြောမလို့လဲ ရှိန်း၊ ပြောလေ...မမနွေ အဝတ်တွေ မီးပူ တိုက်မလို့”

“ထားလိုက်စမ်းပါ။ ထိုင်စမ်းပါဦး”

မနေ့က တစ်နေ့လုံး ရှိန်းမရှင်ပျ။ ယခုလည်း သူ့မျက်နှာ ညှိုး နှိုင်းနေသည်။ မခင်နွေမှာ သူ့ဘေးမှ ဆိုဖာတွင် ဝင်ထိုင်လိုက်ရသည်။

“ဘာပြောမလို့လဲ ရှိန်း၊ မမနွေ ဘာလုပ်ပေးရမလဲ”

“ရှိန်း ညကတစ်ညလုံး အိပ်မပျော်ဘူး”

“ဟင်...ဘာဖြစ်လို့လဲ”

“မမနွေအကြောင်း တွေးနေလို့”

“အောင်မယ်...ဘာတွေများလဲရှင်”



www.burmeseclassic.com

www.burmeseclassic.com



မခင်နွေက ရယ်ရင်း မေးမိသည်။ ရှိန်းမျက်နှာကမူ တည် ညှိုးရော်လျက်ပင်။

"တကယ်တော့ ရှိန်းဟာ စိမ့်စမ်းရေကြည်အိုင်ဘေးမှာ လျှောက်ရင်း သောက်စရာရေကို ရွှံ့နွံအိုင်ထဲမှာ ရှာနေမိတာပါ နွေ"

ဒဿနိက ဆန်နေသော ရှိန်း၏ စကားကို မခင်နွေ အဓိပ္ပာ မကောက်တတ်။

ရှိန်း၏ ခံစားမှုမျက်နှာကို အသေအချာ ကြည့်မိပါသော်လည် ရေရာသော အဖြေကို မရရှိ။

"ရှိန်း ဘာပြောတာလဲဟင်"

"မမနွေဟာ ရှိန်းအတွက် စိမ့်စမ်းရေကြည်အိုင်ပါ မမနွေ"

"ရီဝေဦးတို့လို မိန်းကလေးတွေဟာ ရွှံ့နွံအိုင်ထဲက ရေတွေ

မခင်နွေမှာ ရှိန်းကို နားမလည်နိုင်စွာ ကြည့်လိုက်မိသည်။

"ရှိန်း မမနွေကို ချစ်တယ်၊ အားကိုးတယ်၊ ကြည်ညိုတယ်၊ အ ရာပူဆာတယ်၊ ဒါတွေအားလုံးဟာ အစ်မတစ်ယောက်ပေါ်မှာ ဆို တဲ့ မောင်ငယ်တစ်ယောက်ရဲ့ အနိုင်ယူမှုအဖြစ်နဲ့ပဲ မှတ်ယူခဲ့မိတယ်"

"ရှိန်း"

"ရှိန်းပဲ ပြောပါရစေ မမနွေ"

မခင်နွေ ငြိမ်နေလိုက်ရသည်။

"ရှိန်း မမနွေနဲ့ နေရတာကို သာယာရုံနဲ့ပဲ ပြီးပြေကျေနပ် ခဲ့မိတယ်။ ရှိန်းဘဝအတွက် လုံလောက်ပြီလို့လည်း ထင်ခဲ့မိတယ်"





"ဒါပေမယ့်...မမနွေရယ်"

"မမနွေကို လူတစ်ယောက်က ချစ်တယ်ဆိုတော့မှပဲ ရှိန်း ရင် မှာ မြှုံနေတဲ့၊ ပိတ်ဆို့နေတဲ့ အရာတွေဟာ ပွင့်အာလာခဲ့ရပြီ နွေ"

မခင်နွေမှာ ရှိန်းကို တစ်ခါမှ မမြင်ဖူးသော မျက်နှာစိမ်း ရန်သူ စ်ယောက်လို အလန့်တကြား ကြည့်လိုက်မိသည်။

"မမနွေကို သူများချစ်တာလည်း ရှိန်းမခံနိုင်ဘူး၊ မမနွေကနေ စ်ယောက်ယောက်ကို ချစ်သွားမှာလည်း ရှိန်း သိပ်ကြောက်တယ်"

"အို...ရှိန်း"

"ရှိန်း မမနွေကို မခွဲနိုင်ဘူး၊ မစွန့်လွှတ်နိုင်ဘူး၊ ရယူပိုင်ဆိုင်ချင် ယ်"

"ဘာ..."

"ရှိန်းနဲ့ တစ်သက်လုံး လက်တွဲဖို့ လက်ထပ်ရမယ့်သူဟာ မမ နွေပဲ ဖြစ်ပါရစေတော့ဗျာ"

"ရှိန်း မမနွေကို သိပ်ချစ်တယ်"

ရှိန်းက အံကို ကြိတ်ပြီး ခေါင်းငုံ့ထားသည်။ မခင်နွေမှာ ကြောင် မ်းအား ကြီးသွား၍ ရုတ်တရက် ဘာမှ မပြောနိုင်အောင် ဖြစ်သွား သည်။ ရင်မှာ တဒိတ်ဒိတ် တိုးခုန်လာသည်။ ငုံ့နေသော ရှိန်းကို လန့်တကြား ကြည့်ပြီးမှ စကားပြောနိုင်လာတော့သည်။

"အမယ်လေး ဘာပြောတယ်၊ ရှိန်း ဘယ်လို ပြောလိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းထံမှ ဘာစကားသံမှ ထွက်မလာတော့...

"ရှိန်းရယ်...မောင်လေးနဲ့ မမနွေဟာ မောင်နှမပါ။ ဒီမြို့ ဒီအိ မှာ အရင်းနှီးဆုံး သွေးသားပါ။ ကိုယ့်အစ်မပေါ်မှာ ဒီလို ဖောက်ပြ တဲ့ စိတ်မျိုးတွေ ဖြစ်လာတာ မမနွေဖြင့် သိပ်အံ့သြမိတယ် ကလေ ရယ်"

"သမုဒ္ဒရာထဲက ရေတွေ ခန်းခြောက်ကုန်ပြီဆိုတဲ့ သတင်းမျိုး ကြားရရင်တောင် မမနွေ ဒီလို အံ့သြမိမယ်မထင်ဘူး၊ မြစ်ရေတွေ စမ်းရေတွေ ပြောင်းပြန်စီးတယ်ဆိုရင်တောင် ယုံချင်ယုံမိမယ်။ မော လေးပါးစပ်က ဒီစကားမျိုး ပြောလာတာကို မယုံနိုင်ပါဘူး မမ မယုံပါရစေနဲ့။ မမနွေ မကြားရဲဘူး၊ ပြန်ရုပ်သိမ်းပါ ကလေးရယ်"

"ရုပ်သိမ်းလို့ မရတော့ဘူး မနွေ။ ရင်ထဲက ဖြစ်ပေါ်လာတဲ့ မေတ္တာကို ဘယ်အရာနဲ့မှ ပိတ်ဆီးလို့ မရနိုင်ပါဘူး မမနွေရယ်"

"မဟုတ်သေးပါဘူး မောင်ရလေးရယ်။ မင်းကို မမနွေဟာ ပွေ့ပိုက်ချော့သိပ်ခဲ့ရတဲ့ အရွယ်လေးကတည်းက ချစ်လာရလို့ ကိုယ် ရင်ထဲက ပေါက်ဖွားလာတဲ့ သားလေးတစ်ယောက်လို မိခင်ဆန်တဲ့ မေတ္တာမျိုးနဲ့ ချစ်နေတဲ့ မမနွေပေါ်ကို ဒီလို စိတ်ရိုင်းတွေ မဝင် မောင်လေး ငရဲကြီးလိမ့်မယ်"

"မမနွေ မေတ္တာကို ရှိန်းလေးစားပါတယ် မမနွေ။ ငရဲကြီ မယ်ဆိုတာတော့ မဟုတ်နိုင်ပါဘူးဗျ။ ရှိန်းကို မချောက်ပါနဲ့"

"အို...မောင်နှမချင်း...





"တော်ပါမမနွေ။ ရှိန်းနဲ့ မမနွေဟာ သုံးဝမ်းတောင် ကွဲတာပါဗျာ။ တချို့ဆို မောင်နှမရယ်လို့တောင် အသိအမှတ်မပြုကြပါဘူး။ မမနွေရယ် ရှိန်းကို ခွင့်လွှတ်ပါ။ ရှိန်းရင်ထဲက ခံစားနေရတာတွေကို ရှိန်း အကုန်ပြောမပြတတ်ဘူး။ မမနွေကို သိပ်ချစ်တယ် ဆိုတာထက် ပိုပါတယ်။ ရှိန်းခံစားမှုကိုသာ မမနွေ နားလည်နိုင်ပါစေ။ လက်ခံနိုင်ပါစေဗျာ"

BURMESE CLASSIC .com

ရှိန်းက လက်နှစ်ဖက်ကို ယှက်၍ ခေါင်းငုံ့ပြီး နဖူးနှင့် ထိထားသည်၊ သူ့မမနွေကို မကြည့်ရဲတော့...

မခင်နွေမှာ ခုန်လွန်းသော ရင်ကို တည်ငြိမ်အောင် ကြိုးစားပြီး အံခဲ အားတင်းလိုက်ရသည်။

"ဒီမှာ ရှိန်း"

"ဗျာ..."

"ရှိန်း ဘာတွေပဲ ခံစားနေရ၊ ခံစားနေရ၊ မမနွေရဲ့ အချစ်ကတော့ ရှိန်းပေါ်မှာ မိခင်ဆန်တဲ့ မေတ္တာမျိုးကနေပြီး ဘယ်တော့မှ ပြောင်းလဲလာမှာ မဟုတ်ဘူး ရှိန်း"

"မမနွေရယ်"

"ပြီးတော့ မမနွေ အသည်းခိုက်အောင် ချစ်ရတဲ့ မောင်လေး ရှိန်းဟာ ပညာတတ်ကြီး ဖြစ်ရမယ်။ ဘွဲ့ယူရမယ်။ ထိုက်တန် မြင့်မြတ်တဲ့ မိန်းကလေးနဲ့ ခမ်းခမ်းနားနား လက်ထပ်ရမယ်

ကိုယ့်ထက် အသက်ခုနစ်နှစ်ကျော် ကြီးတဲ့ အမျိုးနိမ့်တဲ့ ပညာ



www.burmeseclassic.com

www.burmeseclassic.com



မတတ်တဲ့ ရှိန်းတို့အိမ်က အခိုင်းအစေနဲ့ ဘယ်တော့မှ မရစေရဘူး"

"မမနွေကြောင့် ရှိန်းဘဝ ဂုဏ်သိမ်ညှိုးနွမ်းရမယ့် အဖြစ်မျိုးကို မမနွေ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး ရှိန်း..."

"အဲဒါ မမနွေရဲ့ အဖြေပဲ"

❋



## အခန်း (၂၂)

"သား ဘာဖြစ်နေလဲ မနွေ"

"မသိပါဘူး ဦးလေးရယ်"

"သူ မနွေကိုများ စိတ်ကောက်နေသလား။ ဒီကောင်ဟာ စမပေါ်မှာ သိပ်ဆိုးတယ်"

"ဟို...မ...မဟုတ်ပါဘူး။ မနွေနဲ့တော့ ဘာမှ မဖြစ်ပါဘူး"

"သူ့အမေ သွားခါစကသာ သူစိတ်ထိခိုက်တာ။ နောက်ပိုင်း တော့လည်း မနွေနဲ့ မောင်နှမနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေကြ တားပဲ"

"ဟုတ်ကဲ့"

"သူ့ငယ်ချင်း တစ်ယောက်ယောက်နဲ့များ ရန်ဖြစ်သလား၊ သူ ဘယ်သွားသေးလဲ"

"သူဘယ်မှ မသွားပါဘူး ဦးလေး"

"ဟား...ဟား...ဒါဆို ဒီကောင် ရည်းစားပူမိပြီ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအရွယ်ဟာ ဒါမျိုး အဆိပ်သင့်တတ်တဲ့ အရွယ်ပဲ"

"ရှင်"

မခင်နွေ အလန့်တကြား ဦးသက်ထွန်းကို ကြည့်မိသည်။

"တို့အဖြစ်ကိုများ သိလေသလား"

မလုံမလဲဖြင့် ကြည့်မိပါသော်လည်း ဦးသက်ထွန်းက ပြုံးလျ
ပင်...

"သူ့ဆီ ကောင်မလေးတစ်ယောက် ဖုန်းဆက်နေတာ ဦးလေ
ခဏခဏ ခေါ်ပေးရဖူးတယ်။ ရီဝေဦးတဲ့"

"သြော်..."

တော်ပါသေးရဲ့၊ ဦးသက်ထွန်း လုံးဝ မရိပ်မိရှာ...

"ယောကျ်ားလေးပဲကွယ်၊ ရည်းစားထားလည်း ထားပ
ဦးလေးမေးရင် သူပြောရဲမှာ မဟုတ်ဘူး၊ မနွေပဲ မနွေ မောင်
စစ်စမ်း မေးစမ်းပါဦး"

"ဟုတ်ကဲ့ပါ ဦးလေး"

"ပြီးတော့ ချော့လိုက်စမ်းပါ။ မနွေပြောရင် သူဘာမဆို
ထောင်ပါတယ်"

"ဟုတ်ကဲ့"

"ကဲ... ဦးလေးလည်း ဆိုင်သွားလိုက်ဦးမယ်၊ မနွေလည်
ဟိုကောင့်အခန်း သွားမေးပြီး အစာလေး ချော့ကျွေးလိုက်ပါဦး"

ဦးသက်ထွန်းက ရယ်ရယ်မောမောပင် ပြောလျက် ပေါ့
တန်တန် ကိစ္စတစ်ခုကို ခိုင်းခဲ့ဟန်ဖြင့် မခင်နွေကို တာဝန်ပေး
သူကိုယ်တိုင် ကရိလာကားကို မောင်း၍ ထွက်သွားပါတော့သည်





မခင်နွေမှာ လှေကားရင်းတွင် ငေးငိုင်ရင်း ရပ်နေမိသည်။

"အချစ်ဆိပ်သင့်တတ်တဲ့အရွယ်"

ဦးလေးပြောသွားသည့်အတိုင်း ဘာအဆိပ်တွေပဲ သင့်သင့်
ခင်နွေ၏ ထောင့်ငါးရာမေတ္တာနှင့်ဖြင့် ဖြေဆေးမပေးနိုင်ပါ။

ရှိန်း အခန်းဝသို့ ရောက်လာသည်။ အိပ်ရာပေါ်တွင် သူကျော
းလျက် ခွေအိပ်နေပါ၏။

မနေ့ကလည်း ထမင်းမစား။

ညက ပို့ထားသော ကော်ဖီနှင့် မုန့်များလည်း သည်အတိုင်း။

ရှိန်းကို စားစေချင်လွန်းသော၊ ရှိန်းတစ်ခုခုလေးများ စား
ာင်းလျှင်ဝမ်းသာလွန်းသော မခင်နွေ၏ ရင်မှာ ဟာသွားသည်။
ာမရှိသော ရှိန်း၏ ရင်မှာလိုပင် ပူလောင်ခြင်းဖြင့် တုန်ဟာသွားရ
ည်။

"ရှိန်း"

မအိပ်သော ရှိန်းက ရွေ့လျားလိုက်သော်လည်း ပြန်၍ မထူး။

"ထကွယ်...ထမင်းစားရအောင်"

"မစားချင်ဘူး"

"မမနွေနဲ့ တူတူစားမယ်လေ"

"ဟင့်အင်း...မမနွေပဲ သွားစားပါ"

"လာပါကွယ်၊ မနေ့ကတည်းက ဘာမှ မစားဘူး။ ဆာနေမှာ"

"မဆာပါဘူး မမနွေရယ်၊ ရှိန်းရင်ထဲမှာ ဝမ်းနည်းမှုတွေနဲ့ ပြည့်
ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ခက်တာပဲ"

"ရှိန်း တစ်ယောက်တည်း နေပါရစေ၊ မမနွေ သွားပါ။ မမ
ထမင်းသွားစားပါ"

ရှိန်းအသံက ငိုသံ ပါလာသည်။ ခေါင်းအုံးမှာ သူမျက်
ကပ်ထားပါ၏။ ငိုနေကြောင်း မခင်နွေ သိပါသည်။

ခါတိုင်းလည်း ရှိန်းမိဘပေါ် စိတ်ဆိုးဖူးသည်။ ငိုဖူးသည်။

ဟင်းမကြိုက်သည့်အခါမျိုးတွင်လည်း မခင်နွေပေါ် သူ စိတ်
ကောက်ခဲ့ဖူးသည်။ ယခုလို ပုံစံမျိုးက ဖြစ်နေကျ။

သူ့အကြိုက် တစ်ခုလုပ်ခဲ့ပြီး သူ့ကို တက်ချော့ခေါ်ရသည်
ငေါက်တန်ငေါက်၍ ဟောက်တန်ဟောက်ရသည်။ များသောအား
ဖြင့်တော့ ရှိန်းငိုနေလျှင် ပွေ့ထူ၍ ချော့ရသည်။ ရယ်စရာများပြ
သူ့ကို နောက်ပြောင်ရင်း ပြုံးလာစေရအောင် မခင်နွေ လုပ်တ
သည်။ ချော့တတ်သည်ပါ။

ယခုတော့ ရှိန်းကို သူ ပွေ့မထူရဲတော့။

သူ့ရင်ထဲမှာ ငိုတတ်သော ရှိန်း၏ မျက်ရည်များကိုလည်း သု
မပေးရဲတော့။

မခင်နွေမှာ ဘာလုပ်ရမှန်း၊ ဘာပြောရမှန်း မသိတော့ပါဘဲ
ရှိန်း၏ အခန်းမှ ပြန်ထွက်ပြီး အောက်သို့ ဆင်းလာခဲ့ရသည်။

ပြင်ထားသော ထမင်းပွဲကိုလည်း သူလည်း မစားဖြစ်တော့
ပါချေ။

မခင်နွေ ထမင်းပွဲသိမ်းပြီး အပြင်သို့ ကြည့်လိုက်သည့်အခါတွ





အဘတိုးနှင့် ကြီးစောတို့ အုတ်ကန်သစ်နားတွင် ရပ်၍ စကားပြော
နေကြသည်။

သူတို့လူကြီးနှစ်ယောက်သည် လေးနက်သော အကြောင်းရပ်
များကို ဆွေးနွေးနေကြကြောင်း သူတို့၏ မျက်နှာများက ဖော်ပြနေ
ကြပါ၏။

ဘာအကြောင်းများ ဟူသည်ကိုဖြင့် မခင်နွေ မတွေးတတ်
နိုင်ပါ။

တစ်ခါတစ်ရံ လူကြီးများသည် ခေတ်မီပါသည်ဆိုသော လူငယ်
တို့ထက် တစ်ဆင့်တက်၍ ရှေ့သို့ ကြိုတင်မြင်တတ်ကြသည်။

"အဘတိုးနှင့် ကြီးစောတို့နှစ်ယောက် ဘာအကြောင်းတွေများ
တိုင်ပင်နေကြပါလိမ့်။ ငါနဲ့ ရှိန်းအကြောင်းများလား"

အရာရာကို မလုံမလဲ တွေးနေမိသော မခင်နွေ နားသို့ ကြီး
စော ပြန်ရောက်လာသည်။

"ညည်း ထမင်းစားပြီးပြီလား ခင်နွေ"

"ဟုတ်ကဲ့ ကြီးစော"

"ကောင်လေးရော"

"အင်း...သူ...သူမစားဘူး"

"ဒီကောင်လေး ဘာဖြစ်နေလဲ"

"နေမကောင်းဘူး ထင်ပါရဲ့"

"ဒါဖြင့်လည်း ကော်ဖီဖြစ်ဖြစ်၊ အိုဗာတင်းဖြစ်ဖြစ် သွားပို့
က်လေ။ နေမကောင်းလည်း ကလေး အခြေအနေကြည့်ပြီးသူ့



www.burmeseclassic.com

www.burmeseclassic.com



အဖေလာတော့ ပြောရအောင်၊ ဆရာဝန်လေး ဘာလေး ပြ
လည်း ပြရတာပေါ့"

ကြီးစောက ဖယ်ဆက်သလို ပြောရင်း နေလှန်းထားသော
ရေတတ်သီးဗန်းကို ရုပ်လာပြီး ဖလန့်ဖြူများကို ရွေးနေသည်။

မခင်နွေကသာ မလုံမလဲ မယုံမရဲဖြစ်နေရသည်ပါ။ လူကြီး
က အမှုမထားမိကြ။ ခါတိုင်းလိုပါပင်။

"ကြီးစော..."

"ဟေ..."

"အဘတိုးနဲ့ ဘာတွေ ပြောနေကြတာလဲ"

"အလကားပါအေ။ သူ့ခြံက သစ်ပင်တွေအကြောင်း၊ သူ့အ
ကန်အကြောင်းပါ"

မခင်နွေက ကြီးစောအရိပ်အခြည်ကို ကြည့်နေပါသော်လည်း
ကြီးစောက မခင်နွေကို လှည့်၍မျှပင် မကြည့်ပါဘဲ ရေတတ်
ဖလန့်ဖြူများ ရွေးရင်း ဆက်ပြောနေသည်။

"နွေမှာ ရေများများရအောင် သူ့အုတ်ကန်ကို ပြင်တယ်လေ

"ဟုတ်တယ်၊ အဘတိုးက တစ်ခါမှ အငြိမ်မနေဘူးနော်။ ခြံ
မှာပဲ အလုပ်ရှုပ်နေတာပဲ"

"အေး...အခု အောက်ခံစိမ့်တဲ့ ပပ်ကြားအက်တွေကို သူ ကို
တိုင် အင်္ဂတေနဲ့ ဖာထားတယ်။ ခြောက်မှ ရေဖြည့်မယ်ထင်ပါ
ခုတော့ နောက်ဖေးကပဲ ရေပုံးနဲ့ဆွဲပြီး သစ်ပင်တွေ ရေလောင်း
တယ်"





ကြီးစော ပြောသည်များမှာ မခင်နွေအတွက် စိတ်ဝင်စားစရာ
ကောင်းသော အကြောင်းများ မဟုတ်ပါ၍ ဘာမှဆက်မမေးဖြစ်
တော့ပါ။

သူတို့နှစ်ယောက် ပြောဆိုနေကြသည်များမှာလည်း အုတ်ကန်
အကြောင်းနှင့် သစ်ပင်များအကြောင်းသာ ဟုတ်ချင်မှ ဟုတ်လေမှာ
ပါ။ မခင်နွေ မသိစေလိုသော အကြောင်းအရာများ သူတို့ထံတွင်
ရှိနေလေသည်လား။

"ခင်နွေ..."

"ရှင်...ကြီးစော"

"ငါနှစ်တိုင်း သိတင်းကျွတ်ရင် ဦးတူမအိမ် ပြန်နေကျလေ။ ခု
တော်သလင်းလရောက်ပြီ"

"ဟုတ်သားပဲ"

"ကမာရွတ်လှည်းတန်းနားက တိုက်သစ်ကျောင်းမှာ ငါ့မောင်
ဦးပဉ္စင်းတစ်ပါး ရှိတယ်"

"သြော်..."

"အဲ...သူတို့ကျောင်းမှာ ကထိန်ခင်းတိုင်း ငါက သင်္ကန်းတစ်စုံနဲ့
ငါစုထားသမျှ ငွေလေး၊ သွားလှူရင်း ဥပုသ်လေး ဘာလေး စောင့်
ဘယ်၊ အနားယူတယ်ပေါ့အေ။ ဆယ်ရက်ခွင့်ရတယ်လေ"

ကြီးစောက တစ်ယခြောက်ဆယ်ရှဲသည်။ မခင်နွေသည်သာ
လာ၍ မှိုင်နေသော သူ့တူမဆိုပြီး ဒေါ်မြမြခင်လက်ထက်ထဲက လခ
မရခဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေး... ဒီနှစ်လည်း ငါသွားချင်တယ်။ ဒါပေမယ့် ညည်း သံယောဇဉ်ကြောင့် ညည်းတစ်ယောက်တည်း ဖြစ်နေမှာ စိုးလို့ သွား သင့် မသွားသင့် ချင့်ချိန်နေတာ"

"သြော်...ရပါတယ်၊ ကြီးဓောကလည်း သွားပါ။ တစ်နှစ်မှ တစ်ခါ နားရတဲ့ ဥစ္စာ"

"သြော်...ဒီနှစ်က မနှစ်ကလို မပြမရှိဘူးလေအေ"

ကြီးဓောက လေးလေးတွဲ့တွဲ့ ပြောပြီး မီးဖိုခန်းတွင်းသို့ ဝင် သွားပါ၏။ ကြီးဓောသည် တစ်စုံတစ်ရာသော အဓိပ္ပာယ်ကို ဆောင် ယူ၍ ပြောသွားသော စကားဖြစ်မည်ဟု သိပါသော်လည်း မခင်နွေ သည် ယင်းအဓိပ္ပာယ်ကို နားမလည်ပါချေတကား။

✻



## အခန်း (၂၃)

ကြီးဓော ဆန္ဒနှင့် ပြောင်းပြန်ဖြစ်သွားရသည်။

ထိုနှစ် သီတင်းကျွတ်လက ကြီးဓောသွားချင်သော ကမာရွတ် ကထိန်သို့ မသွားဖြစ်မီ...

မခင်နွေမှာ မရောက်တာ ကြာပြီဖြစ်သောဇာတိရပ်ရွာ ဇီးကုန်း မြို့လေးသို့ ပြန်လာဖြစ်ခဲ့ရသည်။

*ခင်မေ ကလေးမွေး၍ ဆေးရုံတင်ထားရသည်။*

*စိုးရိမ်ရသည်။*

*ခင်နွေ အမြန်ပြန်လာပါ။*

မိခင်

ဒေါ်လှမြင့်



www.burmeseclassic.com

www.burmeseclassic.com

ဟူသော ကြေးနန်းစာကို မမျှော်လင့်ဘဲ ရရှိလာ၍ ထို နေ့လယ်မှာပင် ပြည်–ရန်ကုန် ဟီးနိုးကားဂိတ်သို့ ဦးလေးကိုယ်တို ကားနှင့် လိုက်ပို့ပေးခဲ့သည်။

ကြေးနန်းစာ ရရှိချိန်မှာ ဦးလေးအိမ်သို့ ထမင်းစားပြန်ချိန်နှ ကြုံနေ၍ မီရာကားနှင့် လိုက်နိုင်ရန် ကတိုက်ကရိုက် အဝတ်မျာ ထည့်သိုပြီး ထွက်လာခဲ့ရခြင်း ဖြစ်ပါ၏။

ထိုအချိန်က အိမ်တွင် ရှိန်းမရှိ။ သူ့ကို နှုတ်မဆက်ခဲ့ရ။

ကားဂိတ်တွင် ဦးလေးကိုယ်တိုင် လက်မှတ်ဝယ်၍ နေရာချထာ ပေးပြီး မခင်နွေ့အစ်မအတွက် ပြုစုရန်ဟု ဆိုကာ ငွေတစ်ထောင် တိတိ ပေးလိုက်ပါ၏။

"အို…ဒီလောက် မလိုပါဘူး ဦးလေးရယ်"

"ယူသွားပါ မနွေ့၊ မနွေ့ လုပ်ပေးခဲ့ရတာတွေက များပါပြီကွယ် ဦးလေးတို့ကသာ ဘာမှ ထိုက်ထိုက်တန်တန် ပြန်မပေးရဖူးသေးဘူ ဟိုမှာ အစ်မနေမကောင်းတာဆိုတော့ လိုအပ်သလို ပြုစုနိုင်အောင် ပါ"

"ကျေးဇူးတကယ်ပဲ တင်ပါတယ် ဦးလေးရယ်၊ မနွေ့တို့မှာ ဒီ ညီအစ်မ နှစ်ယောက်တည်း ရှိပါတယ်"

မခင်နွေ့မှာ အစ်မအတွက် ပူပန်စိတ်နှင့် မျက်ရည်ဝဲလာသည် ကို ဦးသက်ထွန်းက ကြင်နာစွာ ကြည့်ပြီး…

"မနွေ့…ဟိုမှာ ကြုံက်သလောက် နေပါ။ အိမ်အတွက် နောက် ဆံမတင်းပါနဲ့။ ဒေါ်စောလည်း ရှိနေသားပဲ"





"ဟုတ်ကဲ့…ဦးလေး။ ရှိန်းကိုတော့ ခါတိုင်းထက် ပိုပြီး ဂရုစိုက် လိုက်ပါ ဦးလေးရယ်။ မနွေ့ နှုတ်ဆက်သွားတယ်လို့လည်း ပြော လိုက်ပါ။ အစ်မခင်မေ နေကောင်းကောင်းချင်း ပြန်လာပါ့မယ်လို့"

"အေး…အေး။ ကားထွက်ဖို့ အချက်ပေးနေပြီ၊ ကဲ…ကဲ… သွားတော့၊ သွားတော့ မနွေ့"

ဦးသက်ထွန်းက ကားပေါ်မှ ဆင်းသွားပြီး နေကာမျက်မှန်ကို တပ်ရင်း မခင်နွေ့ကို စိတ်မချသလို တစ်ချက် ကြည့်လိုက်ပြီးမှ သူ့ ကရိုလာ ကားရှိရာသို့ လှမ်းလျှောက်သွားပါတော့သည်။

"ဩော်…ဦးလေးဟာ ငါ့အပေါ်မှာ တကယ်ကောင်းရှာပါ တယ်။ အန်တီမြရှိတုန်းက ဆူပူရိုက်နှက်ရင်လည်း သူ့အမြဲတားဆီး ရှာတယ်"

"ငါ သူတို့အိမ်မှာ ရောက်နေတာ ဆယ်နှစ်တိတိ ရှိခဲ့ပြီ။ ငါ့ ပေါ်မှာ မောက်မောက်မာမာ တစ်ခါမှ မဆက်ဆံခဲ့ဖူးဘူး၊ အန်တီ မြရှိတဲ့နောက်မှာလည်း သူ့သွေးသားလို သဘောထားပြီး အိမ် တာဝန်တွေ၊ ဝယ်ခြမ်းမှုတွေကအစ ငါ့ကို ယုံယုံကြည်ကြည်နဲ့ ငွေ အပ်ခဲ့တယ်"

"စေတနာရှင် ဦးလေး ကျန်းမာချမ်းသာပါစေရှင်"

"ငါ့မောင်လေး ရှိန်းလည်း ငါတင်ပြတာတွေကို သဘောပေါက် ပြီး သူ အရင်ကလိုပဲ ငါ့ကို အစ်မရင်းတစ်ယောက်လို ပြန်လည် ချစ် ခင်လာနိုင်ပါစေ"

မခင်နွေ့မှာ ကျန်ရစ်သော အိမ်သားများအတွက်လည်း ပူပန်မိ

www.burmeseclassic.com

www.burmeseclassic.com

သည်။ တွေ့ဆုံရတော့မည့် သွေးသား အစ်မအရင်းအတွက်လည်း သောကများ၊ စိုးရိမ်စိတ်များ ဖြစ်ထွန်းရင်းဖြင့် ပြည်–ရန်ကုန် အမြန် ကားပေါ်မှာ လိုက်ပါလာရပါပြီတည်း။

ရန်ကုန်နှင့် ဓနီးကုန်းမှာ မိုင် '၁၃၀'သာ ကွာသည်။

လေးနာရီနှင့် ငါးနာရီကြားသာ မောင်းရမည်မို့ယနေ့ ညနေ စောစောဝင်ဖြစ်ပါလိမ့်မည်။

ထောက်ကြံ့၊ မှော်ဘီ ပြီးသည်နှင့် မြောင်းတကာ တိုက်ကြီး တို့ကို ရောက်ပါပြီ။

ဥက္ကံ သုံးဆယ် ကျော်ပြီးသည်နှင့် မိမိဌာနေမြို့၏ နယ်နိမိတ် ဖြစ်သော သာယာဝတီကို ဝင်ပါပြီ။

ကိုယ့်အပူနှင့် ကိုယ်မို့ မခင်နွေ တစ်လမ်းလုံး မဆင်းတော့။

ပြည်–ရန်ကုန် လမ်းမကြီးမှ ဖြာထွက်ခွဲဆင်းသွားသော လက်ပံ တန်း၊ စစ်ကွင်း၊ မင်းလှ၊ အုတ်ဖိုမြို့တို့၏ တာဆုံလမ်းများကိုသာ ဖြတ်သန်းသွားရပြီး ကြို့ပင်ကောက်သို့ ဝင်ပါပြီ။

မခင်နွေ၏ ဓနီးကုန်းမြို့သို့ ညနေငါးနာရီတိတိတွင် ဆိုက်ရောက် ပါလေပြီတည်း။

*

"ဟယ်...ခင်နွေ"

"အမေ"

"ညည်း ဒီလောက် မြန်မြန်ရောက်လာလိမ့်မယ်လို့ အမေမမျှော် လင့်မိဘူး။ ကြည့်စမ်း ချက်ချင်းကြီးကို ရောက်လာတာပဲ"





"အမေ၊ အစ်မရော...အစ်မခင်မေ ဘယ်လိုနေလဲဟင်"

"ဟင်...အေးအေး၊ သက်သာတယ်၊ သက်သာတယ်၊ ငါ့ဖြင့် သွေးတွေ ဆင်းတုန်းက ပစ်လိုက်ရပြီမှတ်တာ၊ အခု သွေးတွေ သွင်း ထားပြီ၊ နေကောင်းတယ်။ ညည်းအစ်မ သတိရနေပါပြီ"

"အမယ်လေး...တော်ပါသေးရဲ့"

တစ်ဦးတည်းသော အစ်မအရင်းကို အသက်နှင့်ကိုယ်နှင့် မြ လျက် တွေ့ရှိရမည်ဆို၍ မခင်နွေ၏ရင်မှ ပရိဒေဝမှ အလုံးများ ပြိုကွဲ လွင့်စဉ်သွားရပါလေပြီ။ ဆေးရုံသို့အရောက်တွင်...

"ခင်နွေ...ညီမရယ်"

လေသံဖျော့ဖျော့လေးနှင့် မခင်မေက ဆီး၍ ငိုသည်။ အစ်မခင် မေ၏ ကလေးသုံးယောက်လုံးနှင့် သူ့ယောကျ်ားက အနားမှာ ရပ်နေ ကြသည်။ မိသားစုဝိုင်းမို့ အားရှိစရာပါ။ မခင်မေ၏ ယောကျ်ားက ဇနီးသည်၏ မျက်ရည်စများကို သုတ်ပေးရင်း...

"မငိုပါနဲ့ကွာ...၊ မင်းလည်း မသေနိုင်တော့ဘူး။ ခင်နွေလည်း ရောက်လာပြီပဲ"

အစ်မခင်မေ၏ ယောကျ်ားသည် ကျပန်း အလုပ်ကြမ်းသမား ဖြစ်ပါသော်လည်း ရိုးသား၍ ဇနီးသည်ပေါ် ကြင်နာရှာပါသည်။

"ရော့...အစ်ကိုစမ်းမောင်။ အစ်မ ခင်မေကို ဆေးကုဖို့"

ငွေငါးရာတိတိပေးသည်ကို မခင်မေလည်း မြင်သည်။ တကယ် ကို လိုအပ်နေကြချိန်ဖြစ်ဖြစ်လည်း သူတို့ဝမ်းသာကြသည်။

ငါ့ညီမလေး အခိုင်းအစေဘဝနဲ့ လုပ်ရပြီး ရလာတဲ့ ပိုက်ဆံပဲ



www.burmeseclassic.com

www.burmeseclassic.com



သော အသိဖြင့်လည်း မခင်မေမှာ ဝမ်းနည်းစိတ် သနားစိတ်များဖြင့် မျက်ရည်ကျလာရှာပါသော်လည်း...

"ကျေးဇူးတင်ပါတယ် ညီမလေး ခင်နွေရယ်။ ကိုစန်းမောင်က လည်း အလုပ်မဆင်းနိုင်တော့ အားနာလျက်နဲ့ ယူရတာပါ"

"အို...ညီအစ်မချင်းပဲအစ်မရာ၊ ဘာအားနာစရာ ရှိတာမှတ် လို့"

"ခနဲတီမြအကြောင်းလည်း ကြားပါတယ်။ သိပ်ဆိုးတဲ့ မိန်းမ ပဲ"

"အစ်မ နင် စကားပြောလို့ ရရဲ့လား"

"အေး...နင်လာလို့ ဝမ်းလည်းသာ၊ အားလည်း ရှိတယ်"

"ဒါဆို ဝမ်းသာတယ် အစ်မခင်မေရယ်"

"နင် နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ဘယ်တော့ ပြန်မှာလဲ ဟင်"

"နင် နေကောင်းတဲ့အထိ နေမှာပါ"

"အေးဟယ်...ဝမ်းသာလိုက်တာ"

အမေနှင့် အစ်မ ခင်မေ၏ ကလေးများနှင့်အတူ မိုးချုပ်မှ မခင် နွေတို့ ဆေးရုံမှ ပြန်လာခဲ့ကြသည်။ ကိုစန်းမောင်က ဆေးရုံတွင် စောင့်လျက် ကျန်ရစ်နေဆဲပါ။

အမေသည် မခင်နွေ၏ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်တွဲ လျက် လျှောက်လှမ်းရင်း တစ်လမ်းလုံး သမီးကို လှည့်ကြည့် လှည့် ကြည့်နှင့် စကားပြောလာသည်။





"ငါ့သမီးက နဂိုကတည်းက သိပ်လှတာ။ ခုလို မြို့ပေါ်က တိုက်ကြီးမှာနေပြီး ဝတ်ကောင်းစားလှနဲ့ မြင်ရတာ ကြည့်ကောင်း လိုက်တာ။ မင်းကတော်လေး ကျနေတာပဲ"

သမီးကြီး ခင်မေအတွက် ရင်ကွဲမတတ် ပူခဲ့ရကြောင်း၊ သမီး ငယ် ခင်နွေကို နေ့စဉ် မေတ္တာပို့ရကြောင်းများ တတွတ်တွတ် ပြော လာသည်။

"သြော်... မိခင်ဆိုသည်မှာ ကိုယ့်ဘဝအတွက်၊ ကိုယ့်အသည်း နှလုံး အတွက် စီစဉ် ဆုံးဖြတ်ရသည် မှန်ပါသော်လည်း သူ့ရင်မှ လွယ်၍ မွေးထားပါသော သမီးလေးများကိုဖြင့် ချစ်သားပါလား ဟု မခင်နွေ အမေဒေါ်လှမြင့်ကို ကြည့်ပြီး နောင်တရမိသည်။

ဦးလေး ပေးလိုက်သော ကျန်ငွေ ငါးရာထဲမှ အမေ့ကို သုံးရာ ပေးသည့်အခါ...

"မယူဘူးသမီး။ အမေ မယူရက်ဘူး။ မယူပရစေနဲ့အေ"

ဆိုပြီး ဘယ်လိုမှ ပေး၍မရပါ။ လက်မခံရှာပါ။

ဒေါ်လှမြင့်သည် နောက်အိမ်ထောင်နှင့် ကလေးငယ် နှစ် ယောက် ရနေသည်။ ပထွေးဖြစ်သူကလည်း လူကြီးဆန်စွာ မခင်နွေ ပေါ် ကောင်းမွန်စွာ ဆက်ဆံပါ၏။

အမေနှင့် အစ်မခင်မေနှင့် တွေ့ရပါသော်လည်း အငယ်လေး နှစ်ယောက်ကို မတွေ့ရတာ ကြာခဲ့ပါပြီ။ မောင်လေးချည်း နှစ် ယောက် ဖြစ်ပါ၏။ မခင်နွေ ရန်ကုန်ရောက်နေသည့် ဆယ်နှစ် အတွင်း ဇီးကုန်းသို့ နှစ်ခေါက်သာ ပြန်ခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ကိုယ့်ဇာတိမြို့လေး"

ဟူသော ခင်တွယ်စိတ်ဖြင့် ဇီးကုန်းမြို့လေးကို မြင်ရသည့်နေ
ရော မမြင်ရသည့် နေရာလေးများပါ တွေးမျှော်ကြည့်မြင်မိသည်

ဇီးကုန်းမြို့လေးမှာ ကြို့ပင်ကောက်နှင့် နတ်တလင်းကြား
ရှိသည်။

အရှေ့ဘက်တွင် ဘော်ဘင် သစ်တောကြိုးဝိုင်းအနောက်
စံပယ်မြေ ငံ ကျေးရွာမှ ယင်းတိုက်တန်းရိုးအထိ တောင်ဘက်
ကရင်ကုန်းရွာနှင့် ခိုးမခမ်းရိုးအထိ မြောက်မှာ ညောင်စင်ရွာ။ ချော
စောက်ရိုးအထိ ရှိပြီး မြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းမှာ
စတုရန်းမိုင်ခန့် ရှိပါ၏။

မြန်မာသက္ကရာဇ် ၉၀၂ ခုနှစ်တွင် ယာယာဝတီမင်းပိုင် နယ်မြေ
ဖြစ်ခဲ့ပြီး ထိုစဉ်က ဇီးကုန်းနှင့် ၁၂မိုင်ခန့်အကွာတွင် 'ဘော်ဘင်
ကျေးရွာကြီး တည်ခဲ့သည်။ ယင်းကျေးရွာအနီးတွင် ငွေနှင့် ဘော်
သတ္တုများ ထွက်ရှိ၍ ဘော်ဘင်ဟု တွင်ခဲ့သည် ဆိုပါ၏။

မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီး ခရစ်နှစ် ၁၈၇
ခုနှစ်တွင် မီးရထားလမ်း စတင်ဖောက်ခဲ့သည်။

ဇီးပင်ကြီးများ လှပများပြားစွာ တည်ရှိသော 'ဇီးကုန်းရွာမ'ကို
ရထားလမ်း ဖြတ်ဖောက်ပြီး ဇီးကုန်းဘူတာဟု မှည့်ခေါ်ရာမှ နောင်
တွင် ဤနေရာကို မြို့အဖြစ် သတ်မှတ်ပြီး ဇီးကုန်းမြို့လေးဖြစ်လာ
ခဲ့ရသည်ဟု ငယ်စဉ်က မခင်နွေတို့ ဆရာက မကြာခဏ ပြောပြခဲ့ဖူး
သည်။





အလယ်တွင် ပြည်လမ်းကြီး ရှိပြီး တစ်ဖက်တွင် ဈေးလမ်း၊ ဘုရားလမ်း၊ မြို့ပတ်လမ်း ရှိပါ၏။ ပြည်လမ်း၏ အခြားဘက်တွင် ရုံးလမ်း ရပ်ကွက်များ။

ဇီးကုန်းမြို့၏ ကျက်သရေဆောင် 'မြသိန်းတန်စေတီတော်ကြီး' ရှေ့တွင် 'တာပွန်လမ်း' ဗိုလ်ရုံလမ်း၊ ပလီလမ်း၊ ကုန်သည်လမ်းတို့က တန့်လန့်ဖြတ် တည်ရှိပါ၏။

မြို့၏ အရှေ့အုပ်စုတွင် သံပရာခုံ ကံကြီး၊ ရွာမ၊ လယ်ဦးစု ရပ်ကွက်များနှင့်...

အနောက်အုပ်စုတွင် ဈေးရပ်ကွက်၊ ပလီရပ်ကွက်၊ ဘုရားကြီး ရုံး၊ သိမ်ကြီးနှင့် မြို့အဆုံးတွင် စမ်းရွာ ရပ်ကွက်များ တည်ရှိကြပါ၏။

ထိုညက မခင်နွေမှာ စဉ်းစားလိုက် အမေနှင့် စကားပြောလိုက်နှင့်မို့ တော်တော်နှင့် မအိပ်ဖြစ်ပါ။

တော်သလင်းလမို့ မြန်မာပြည်တွင် အကောင်းဆုံးနှင့် အချိုဆုံး 'သြဇာသီးများ' များပြားစွာ ထွက်ရှိရာ နယ်မြေတစ်ဝိုက်မို့...

"ချိုလိုက်တာ အမေရယ်"

ဟု ချိုးမွှမ်းရင်း အမြှာကြီးကြီးနှင့် ဖွေးဖွေး ပင်မှည့်သြဇာသီးများကို မခင်နွေ အားပါးတရ စားနေမိသည်။

နေကောင်းသွားပြီဖြစ်သော အစ်မကိုလည်း တွေ့ရ၊ ကိုယ့်ဇာတိမြေမှာ အမေ၏ မေတ္တာကိုလည်း ခံယူရသော ညဖြစ်ပါ၍ မခင်နွေ ရင်မှာ ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ကြည်နူးခြင်းများစွာဖြင့် အတော် ညဥ့်နက်ချိန်မှာမှ အိပ်ရာတွင်းသို့ ဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းလေးတစ်ယောက် ငါထွက်လာချိန်က အိမ်မှာ သူမရှိဘူး"

"နေပူထဲများ ထွက်နေမလား"

"ထမင်းမှ စားပါ့မလား"

"ငါ့စကားကြောင့် စိတ်ညစ်ညစ်နဲ့ သူထင်ရာတွေများ လျှောက်လုပ်နေလေမလား"

"အို... ဒီစိတ်ကူးယဉ်၊ မိုက်ရူးရဲလေးကို ငါပြန်သွားမှပဲ နားထောင် ချော့ပြောရတော့မှာပဲ"

မခင်နွေမှာ ရှိန်းကိုလည်းကောင်း၊ ရန်ကုန်အိမ်ကိုလည်းကောင်း တမင်မေ့ပစ်လိုက်ကာ နှစ်မြိုက်စွာ အိပ်လိုက်ပါတော့သည်။

*



အခန်း (၂၄)

"ဟဲ့...ခင်နွေ။ ကောင်လေး လိုက်လာပါလား"

"ဘယ်ကောင်လေးလဲ"

"ဟိုမှာလေ"

အမေ ညွှန်ပြရာ အိမ်ခြံဝသို့ လှမ်းကြည့်လိုက်မိသည်။ မခင်နွေ၏ ပါးစပ်လေးများ ဝန်းဝိုင်းသွားအောင် ပွင့်ဟသွားရင်း...

"ဟယ်...ရှိန်း"

"မမနွေ..."

အိမ်ကပြင်တွင် အဆင်သင့်တွေ့လိုက်ရ၍ ရှိန်းက ပြေး၍ပင် ဝင်လာသည်။ သူ့ပခုံးမှာ ခရီးဆောင် သားရေပျော့လွယ်အိတ်လေး တစ်လုံးနှင့်...

"ရှိန်း...ဘယ်ကို လာတာလဲဟင်"

"ဒီကိုပဲ...မမနွေဆီကိုပေါ့"

"ဟင်...အိမ်မှာ ဘာ...ဘာဖြစ်လို့လဲ။ ဦးလေးက ခေါ်ခိုင်းလိုက်သလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး...ဟို"

ရှိန်းက အနီးမှ အံ့အားသင့်နေသော ဒေါ်လှမြင့်ကို တစ်
ကြည့်လိုက်ပြီးမှ အရှက်ပြေ၊ အပြုံးလေးတွေ ဝေရင်း...

"ရှိန်း...အားတာနဲ့ လိုက်လာတာ"

"အို..."

မခင်နွေ သိလိုက်ပါပြီ။ သူ့မမနွေကို မခွဲနိုင်သော စိတ်၊
နွေက သူ့ကို ခွဲသွားမှာ စိုးရိမ်သော မျက်နှာလေးများကို ရှိန်း
ကွယ်တတ်ရှာ။

မခင်နွေပါ အမေ့ကို သံသယစိတ်နှင့် လှမ်းကြည့်ရပါပြီ။ အ
သိရှိရိပ်မိသွားမှာ စိုးရိမ်လွန်းမိသည်။

"လာလေ...တက်...ဒေါ်ဒေါ့ကို အိတ်ပေး။ မင်းထွား
လိုက်တာကွာ။ ကြည့်ပါဦး၊ တကယ့် လူကြီးကြီးကျနေတာပဲ၊
လေ...သားရဲ့"

မခင်နွေ မျက်နှာပျက်သွားသဖြင့် ခြေလှမ်းတုန့်နေသော ရှိ
ကို ဒေါ်လှမြင့်က အားရဝမ်းသာ ကြိုဆိုရှာသည်။

"ကျွန်တော် ပေါင်းတည် စွယ်တော်ပွဲကို လာတာပါ"

"အင်းပေါ့၊ အတော်ပဲ မနက်ဖြန် တော်သလင်း လဆန်း
ရက်၊ စွယ်တော် လှည့်မယ့်နေ့ပဲ"

ရှိန်းက မခင်နွေကို ကြည့်လိုက်သည်။ စွယ်တော်ပွဲ
အကြောင်းပြခြင်းသာ ဖြစ်ကြောင်း မခင်နွေကောင်းစွာ သိရှိပါသည်

သူတို့နှစ်ဦး၏ အကြည့်လေးများတွင် ကျယ်ဝန်းသေ





ပွာယ်ကို ဆောင်နေကြောင်း ဒေါ်လှမြင့်မှာ မသိရှာ။

သူတူ့ သူဌေးသားလေး သူ့အစ်မ လာခိုက် လိုက်လာကြောင်း
ကြည်စွာဖြင့် အမေမှာ ပျာနေအောင် ရှိန်းကို ကြိုဆိုနေသည်။

"မမနွေ ရှိန်းကို စိတ်ဆိုးလို့ ပြန်သွားတာ မဟုတ်လားဟင်"

ရှိန်းက အနားကပ်ပြီး တိုးတိုးလေး မေးသည်။ မခင်နွေ ဖြေ
မရ၊ အမေက သင်ဖြူးတစ်ချပ်ဆွဲထုတ်လာပြီး ဖြန့်ခင်း၍ ရှိန်းကို
င်စေသည်။

ကလေးဘဝက စ၍ ဆယ်နှစ်တာမျှ အတူနေခဲ့ရသော ရှိန်းကို
စ်ညအိပ်လေး ခွဲခွာပြီး ပြန်တွေ့လိုက်ရချိန်မှာ မခင်နွေ့ရင်မှာ
င်းကြမ်းများ ရိုက်ပုတ်နေသလို ခံစားနေရပါ၏။

ရှိန်း၏ အသံလေးများလည်း တုန်နေသည်။ အအိပ်၊ အစား
တ်လျက် ခရီးပန်းလာသော ရှိန်း၏ မျက်နှာလေးမှာလည်း ညှိုး
ယော်နေပါ၏။

အိမ်တွင် အမေ့ခင်ပွန်း ဦးအောင်ငြိမ်း မရှိ၊ ကားဂိတ်သို့ သွား
သည်။ ကလေးငယ်သာ ရှိသည်။ မောင်လေး အကြီးလည်း ကျောင်း
ားနေပါ၏။

မခင်နွေက အိမ်တွင်းဝင်ပြီး ရေတစ်ခွက်ခပ်၍ ရှိန်းကို တိုက်
ည်။ အကြည့်ချင်း မျက်ဝန်းချင်းသာ ဆုံကြရသည်။ မှားမှာ
ကြောက်၍ နှစ်ယောက်စလုံး စကားမပြောရဲကြ။

"အမေ...ခဏ"

မခင်နွေက နောက်ဖေးမှ လှမ်းခေါ်၍ ဒေါ်လှမြင့် ဝင်လာ
ည်။



www.burmeseclassic.com

www.burmeseclassic.com


"သူ ထမင်းစားဖို့ ကြက်သားဟင်းတစ်ပွဲလောက် ဈေးမှာ သူ
ဝယ်ပေးပါ အမေရယ်။ ပြီးတော့ သြဇာသီး ကြီးကြီးလည်း ဝယ်
ပါဦး။ ရော့…အမေ"

"အို…အမေ့မှာ ရှိပါတယ်"

"ယူသွားစမ်းပါအမေရယ်၊ ဒီကောင်လေးက ဟင်းကျိုးများလ
လို့ပါ"

မခင်နွေ့ အတင်းပေးသော အစိတ်တန်တစ်ရွက်ကို ဘော်
အိတ်ထဲ လုံးထည့်ပြီး ချိုင့်လုံးလေး ဆွဲ၍ ထွက်သွားသည်။ လေး
သားအငယ်ကောင်က မျက်နှာစိမ်းရှိန်းကြောင့် အမေ့နောက် အေ
ဝိုရင်း လိုက်သွားတော့သည်။ အမေ့အိမ်က ရုံးလမ်းမှာဖြစ်၍ ဈေး
သိပ်မဝေးလှပါ။ အမှန်တော့ အမေမရှိစေလို၍ တမင် ဉာဏ်ဆင်
ခြင်းသာပါ။

"ရှိန်း…"

"မမနွေ့ရယ်…ရှိန်းပြန်လာတော့…မမနွေ့ ဇီးကုန်းပြန်သွား
ဆိုတော့ အို…ရှိန်း ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးဗျာ။ ဒါနဲ့ မန
အစောကြီးထွက်တဲ့ ပြည်ရထားနဲ့ လိုက်လာတယ်။ လိပ်စာ
ကြီးစောက ပြောတယ်"

"ဟင်…ဦးလေးရော သိလား"

"ဖေဖေ့ကိုတော့ သီဟာမင်းတို့နဲ့ ပဲခူးသွားမလို့ လို့ ပြောခဲ့တယ်

"ဒါဖြင့် ဒီနေ့ ပြန်မှာလား"

"အို…ဘယ်ပြန်မလဲ"

"ဦးလေးက…"

"အဘိုးကြီးကို ပိုင်ပါတယ်။ ဒီမှာ…မမနွေ့ရယ်…ဒါတွေ ထား
လိုက်စမ်းပါ။ ရှိန်းပြောမိလို့ ရှိန်းတို့အိမ်ကနေ မမနွေ့ အပြီး ပြန်လာ
တာလား ဟင်"

"ဟုတ်တယ်ဆိုရင်ရော"

"ရှိန်းလည်း မပြန်တော့ဘူး၊ ဒီမှာပဲနေမယ်"

"ဟဲ့…"

"တကယ်ဗျာ…မမနွေ့မရှိတော့ ရင်ထဲမှာ ဟာလိုက်တာမှ
အို…အသည်းနှလုံးတွေ ပြုတ်ကျကုန်ပြီလား မှတ်ရတယ်"

"လွန်တာပေါ့ ရှိန်းရယ် ပိုလိုက်တာ"

"တကယ်…တကယ်ပါ မမနွေ့ရယ်၊ မမနွေ့မရှိရင် ရှိန်း ဘယ်လို
မှ နေလို့ မရပါဘူးဗျာ"

ရှိန်းလေး တကယ်မျက်ရည်ဝဲလာသည်။

"ဒါနဲ့ ပေါင်းတည် စွယ်တော်ပွဲကို လာတာဆို"

"အဲဒါ ရထားပေါ်မှာ သူများတွေ ပြောနေကြသံ ကြားတာ။
ဒီပွဲကို လာတဲ့လူတွေနဲ့ ကြုံလို့ အဆင်ပြေအောင် ပြောလိုက်ရတာပါ"

မခင်နွေ့ ပြုံးရပါသည်။

"မမနွေ့"

"ဟင်…"

"ရှိန်းကို စိတ်ဆိုးသွားတာလား"

"ဆိုးတာပေါ့။ မပြောအပ်တာတွေ ပြောတာကို"



www.burmeseclassic.com

www.burmeseclassic.com

ရှိန်း တကယ်မျက်နှာပျက်သွားသည်။ သူ ဘာဆက်ပြောရမည် မှန်း မသိရနိုင်အောင် ဖြစ်နေရှာသည်။ သူ့ရင်မှာ မခင်နွေ ကျေနပ် စေချင်သောစိတ်၊ သူ့အိမ်သို့ ပြန်မှ လိုက်ပါတော့မလားဟု ပူပန် သော မျက်နှာလေးနှင့် ဘာမှ မပြောရဲရှာတော့ဘဲ မခင်နွေသို့သာ ငေးကြည့်နေရှာပါ၏။

မခင်နွေမှာ ဝါးထရံ၏ နောက်ကွယ်မှ အခန်းလေးထဲ ဝင်လာပြီး သူ့ခရီးဆောင်အိတ်တွင်းမှ ပါလာသော အမေ၏ ကြေးနန်းစာကို ယူလာ၍ ရှိန်းကို ပြလိုက်သည်။

"ဟင်...ဒါဖြင့် ဒါကြောင့် မမနွေ ချက်ချင်းကြီး ပြန်လာရတာ ပေါ့၊ ဟုတ်လား"

"အင်းပေါ့"

"ဒါဖြင့် မမနွေ ရှိန်းကို စိတ်ဆိုးလို့ မဟုတ်ဘူးပေါ့နော်... နော်...မမနွေ"

ရှိန်း မျက်နှာလေး ချက်ချင်းပင် ဝင်းကြည်လာသည်။

"ရှိန်းပြောတာတော့ လက်မခံနိုင်ဘူး၊ ဒါပေမယ့် မမနွေ ရှိန်းကို စိတ်မဆိုးရက်ဘူး"

"ဟာ...မမနွေရယ်"

ရှိန်းက ခါတိုင်းလို ရဲရဲတင်းတင်းပင် မခင်နွေ၏ လက်ကို ဆွဲ ပြီး အနီးတိုးလာသည်။

"မမနွေရယ်...မမနွေကို ဘယ်လိုပဲ ချစ်ရချစ်ရ ရှိန်းချစ်ပါ့မယ်။ မမနွေကိုတော့ မခွဲပါရစေနဲ့နော်။ ရှိန်းနဲ့ ပြန်လိုက်ခဲ့ပါ မမနွေရယ်"





"မမနွေရဲ့ အစ်မအခြေအနေကို ကြည့်ပါရစေဦး"

"သြော်...ဟုတ်သားပဲ၊ အဲဒါ ဘယ်လိုနေလဲ"

"သွေးသွင်းပြီးလို့ နေတော့ ကောင်းပါပြီ။ ဆေးရုံက မဆင်းရ သေးဘူး"

"ဒါဖြင့် မမနွေ ကြိုက်သလောက်နေ၊ ရှိန်းလည်း မမနွေ ပြန်မှ ပြန်မယ်"

"လူဆိုးလေး၊ ဒီလိုနေလို့ ဖြစ်ပါ့မလား။ အိမ်က ဦးလေးက ဘယ်လို ထင်မလဲ"

"ဘာထင်ထင်၊ ရှိန်းတစ်ယောက်တည်းတော့ ပြန်ကို မပြန်ဘူး ဗျ"

"အဲဒီလို ပြောချင်တာတွေ ပြောမယ်။ နိုင်ချင်သလို နိုင်မယ် ဆိုတာ သိလို့ အမေ့ကို တမင်အပြင်လွှတ်လိုက်ရတာ သိလား"

"ရှိန်းက မမနွေကို နိုင်ရလို့လား"

"ဆိုးသမျှ သည်းခံ၊ ခိုင်းသမျှ လိုက်လုပ်ပေးနေရတာများ မနိုင် ဘူးလား"

"ဒီတစ်ခါတော့ ရှိန်းရှုံးပါတယ်"

"ဘာကိုလဲ"

"ရှိန်း ချစ်သလိုမှ မမနွေက ပြန်မချစ်ပဲ၊ ရှိန်းကို ပစ်သွားခဲ့ တာလေ"

"အဲဒီစကား မပြောစမ်းနဲ့ ရှိန်းရယ်"

"မမနွေ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com


"မပြောနဲ့ဆို မပြောပါဘူး၊ ဒါပေမယ့် မမနွေ့ကို ရှိန်း တစ်... တောင်းပန်ပါရစေ"

"ဘာကိုလဲကွယ်"

"ရှိန်းတစ်ယောက်တည်း ပြန်နှင့်လို့ နှင်မလွှတ်ပါနဲ့နော်"

"ဟင်..."

"မမနွေ့နဲ့မှပဲ တူတူပြန်ပါရစေနော်...မမနွေ့နော်"

"ရှိန်းလေးရယ်"

ညိုးနွမ်းစိုးထင့်စွာ မျှော်လင့်ခြင်း ကြီးစွာ ကြည့်နေရှာသော ရှိန်း၏ မျက်နှာလေးကို ကြည့်ပြီး ရင်ထဲ အသည်းနှလုံးထဲမှာ ခို... သွားအောင် သနားလိုက်မိသည်။

"မောင်လေး ရှိန်းနဲ့ မမနွေ့နဲ့ နှစ်ယောက်တူတူပြန်လို့ကတော့ ဖြစ်ပါတယ်။ ဒါပေမယ့် အစ်မ ဆေးရုံက မဆင်းရသေးဘဲ မမ... မပြန်ချင်သေးဘူး။ ရှိန်း ဒီမှာကြာနေလို့ ဘယ်ဖြစ်မလဲ။ ဦးလေး စိတ်ပူမှာပေါ့"

"မပူပါဘူး၊ ရှိန်း ဒီရောက်နေပြီလို့ ဖုန်းနဲ့ဖြစ်ဖြစ် ဆက်ပြီး ဖေဖေ့ကို ပြောလိုက်မယ်လေ"

"ဒါလည်း မဖြစ်သေးပါဘူး။ ရှိန်း ခုလိုဖြစ်နေတာတွေ ဦးလေး ရိပ်မိသွားမှာ သိပ်ကြောက်တာပဲ"

"အမယ်လေး မရိပ်မိသေးဘူး၊ မေမေ ထွက်သွားပြီးကတည်း က ဖေဖေက...မင်းအစ်မက မင်းကို သိပ်ဂရုစိုက်တာနော်၊ မင်း အစ်မ အားမငယ်အောင် **ထားပါကွာ**နဲ့ ခဏခဏ ပြောနေတာ





ဖေဖေက ရှိန်းနဲ့ မမနွေ့ကို မောင်နှမအဖြစ်နဲ့ပဲ မြင်နေတာပါ မမနွေ့ ရဲ့"

"ဒီအစ်မကလည်း ဒီလိုမြင်တာပဲ။ သူသာ ငရဲမကြောက် ဖောက် ပြန်နေတာ"

"ကြီးစမ်းပါဗျာ...၊ ဘယ်လောက်ကြီးတဲ့ ငရဲကြီးဖြစ်ဖြစ် မကြောက်သေးဘူး"

မခင်နွေ့က ရယ်ချင်စိတ်ကို မျိုသိပ်ပြီး ပြုံးရုံပြုံး၍ ရှိန်းကို မျက်စောင်းထိုးမိသည်။ ရှိန်းက အားတက်ခြင်းဖြင့် အားရစွာ ပြုံး ရင်း...

"ဒီလိုဆို မင်းမျိုးမင်းနွယ်တွေ မောင်နှမ တစ်ဝမ်းကွဲချင်း ပေး စားကြသူတွေ ငရဲပြည်မှာ အိမ်ခန်းလျှောက်လို့လောက်မှာ မဟုတ် ဘူးနော်...၊ ယမမင်းက အိမ်နေရာချထားရေးအတွက် အတော်လေး ဦးနှောက်..."

"ရှိန်းနော်...တော်စမ်း။ မဟုတ်တာတွေ၊ ဟိုမှာ အမေပြန်လာ နေပြီ၊ ဒီမှာ..."

"ဗျာ..."

"ကျနေ့ရရနေနော်၊ မနွေ့ အခြေအနေကို ကြည့်နေပါ။ စကား သည်း မများနဲ့၊ များရင် မှားမယ်၊ ရိပ်မိကုန်ရင် ခက်မယ်"

"တူတူပြန်ရမှနော်"

"တူတူပြန်ချင်ရင် ကောင်းကောင်းနေ၊ ဒါပဲ"

မခင်နွေ့က သည်မျှပြောပြီး ရှိန်းနားက ထ၍ အမေ့ကို ကြို



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ အမေသည် သမီးနှင့် တူလေးကို ဝမ်းပန်းတသာ ဧ
ကြိုဆိုရှာပါ၏။

ထိုတစ်ညနေလုံး ရှိန်းတစ်ယောက် ဏ္ဍကြွေကြီးနှင့် နေရှာ
သတည်း။

*



## အခန်း (၂၅)

မြေလတ်ဒေသ၏ 'နွားပွဲ'လေးအကြောင်းကို ရှိန်း စိတ်ဝင်စားနေသည်။

စမ်းရွာထိပ်မှာ နွားပွဲနေရာ လုပ်ရန် အစိုးရထံ လေလံဆွဲ ဝယ်ထားရသည်။ တစ်ထောင်ခန့်လောက် ဈေးရှိတတ်ပါ၏။ နွားပွဲနေရာပိုင်ရှင်၏မြေမှာ ကျယ်ဝန်းရမည်။ ရေနှင့် နီးရမည်။ သို့မှသာ နွားပွဲနေ့တွင် ဈေးခင်းလေးပါ ရောင်းနိုင်ကြသည်။ ရေနှင့် နီးရသည်က အရပ်ရပ်အရွာရွာမှ လာကြသော နွားရောင်းမည့်သူများမှာ ကိုယ့်နွားလှအောင်၊ ချောအောင် ရေမိုးသန့်စင်ကြရမည်။ ထိုနေ့မျိုးတွင် နွားရောင်းမည့်သူများ၊ ဝယ်မည့်သူများ၊ လေ့လာ ဈေးစနည်းနာသည့် သူများနှင့် တစ်မနက်စာလုံး စည်ကားနေတတ်ပါ၏။

နွားပွဲနေရာ ပိုင်ရှင်မှာ ဤမြေသို့ ဝင်လာသည့်နွားတိုင်းတစ်ကောင် 'တစ်မတ်'ကျ ရရှိသည်။ အရောင်းအဝယ်ဖြစ်လျှင် နွားသယ်ယူခွင့်လက်မှတ်ကို နေရာပိုင်ရှင် လိုင်စင်ဆောင်သူကသာ ထုတ်ပေးခွင့်ရှိသည်။ အရောင်းအဝယ်ဖြစ်သော နွားတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



သယ်ဆောင်ခွင့်လက်မှတ်ရရန် ငွေ 'နှစ်ကျပ်' ရပြန်ပါ၏။

စမ်းရွာ နွားပွဲနေရာလေးမှအပြန် ဘော်ဘင်ရွာသွားတော လမ်းလေးများကို လျှောက်ကြသည်။ စမ်းချောင်းငယ်လေး စီးနေသော သစ်သားတံတား ယှဲယှဲလေးပေါ်မှာ ရှိန်းနှင့် သူမမနွေတို့ လက်တွဲ၍ လျှောက်ကြပြီး...

ကြည်ညိုဖွယ်ရာ မြသိန်းတန် စေတီကို အတူ ဖူးမြော်ကြသည်။ ပရိဝုဏ် တစ်ပတ်လှည့်ပြီးမှ တာပွန်လမ်းရှည်ကြီးကို မျှော်ကြည့် ဖြတ်သန်းပြီး ဓိးကုန်းဈေးထဲမှာ မုန့်ကြွပ်ခေါက်ဆွဲ ဝင်စားကြသည်။

*

"ကဲ...စောစောပဲ သွားကြရအောင်။ စွယ်တော် မထွက်ခင် သူ မရောက်ဖူးတဲ့နေရာတွေ လိုက်ပို့ကြရအောင်ပါ"

အမေ့ခင်ပွန်း 'ဦးအောင်ငြိမ်း'က ရှိန်းသို့ ညွှန်ပြရင်း ပြောလိုက်ပါ၏။

ဦးအောင်ငြိမ်းမှာ ကားသင်းဝင် ဒရိုင်ဘာတစ်ယောက် ဖြစ်ပါ၏။ ပေါင်းတည်စွယ်တော်ပွဲသို့ ခြိမ့်ခြိမ့်သဲ သွားကြသော သည် နေ့မျိုးတွင် ကားပိုင်ရှင်ထံမှ ငွေနှစ်ရာနှင့် သူ ကားယူခွင့် ပြောင်းလာပါ၏။ အမေ၏ စီစဉ်မှု ဖြစ်သော်လည်း မခင်နွေက အတင်း ငွေပေးရပါ၏။ အမေက အစ်မ ခင်မေအတွက် မလိုက်နိုင်ရှာပါ။

ကားနောက်ခန်းတွင် ကားပိုင်ရှင်၏ သားနှင့်သမီး၊ အစ်မ သားကြီးတို့ ကလေးသုံးယောက်သာ ပါကြသည်။ ရှေ့ခန်း ဦး အောင်ငြိမ်း၏ ဘေးတွင် မခင်နွေ၊ ပြီးတော့ ရှိန်း။





ပထွေးဖြစ်သူကလည်း သူ့ဟာသူ ကားကို ဂရုစိုက်မောင်းနေသည်။ ကလေး သုံးယောက်ကလည်း ကျွက်ကျွက်ညံအောင် စကားပြောကြ၊ ငြင်းခုံကြနှင့်မို့ မခင်နွေတို့ထံ ဘယ်သူမှ အာရုံ မရောက်ကြလေ၊ ရှိန်းက ကဲလေ။

မခင်နွေ၏ လက်မောင်း ဖြူဖြူတစ်တစ်ကလေးကို ညှစ်လိုက်၊ အားနည်းနည်းလေး စောင်းသည်ကို သူက တမင်စောင်းပြီး နီးအောင် ကပ်လာလိုက်နှင့် လုပ်နေသည်။

"ဦးလေးရာ ကျွန်တော် သိပ်ပျော်တာပဲ။ ဒီလိုလည်း တစ်ခါမှ ခရီး မထွက်ဖူးဘူးဗျ"

မခင်နွေ၏ မျက်နှာနားမှကပ်၍ ဦးအောင်ငြိမ်းကို သူ တမင် ပြောနေသည်။

"အေးကွာ၊ ဝမ်းသာပါတယ်။ ပေါင်းတည်စွယ်တော်ပွဲက သိပ် စည်တာ။ ကြုံခဲ့တယ်"

"ကျွန်တော် သိပ်ကံကောင်းတာပဲ။ ပျော်စရာကြီးနော်... မမ နွေ"

မခင်နွေက မဖြေ။ သူ့ပေါင်ကို လက်သီးနှင့် ကြိတ်၍ ထုလိုက်သည်။။။

ဓိးကုန်းနှင့် ပေါင်းတည်က ၁၃မိုင်သာသာလေးသာ ဝေးကွာ၍ ခဏလေးအတွင်းမှာပင် ပေါင်းတည်မြို့သို့ ရောက်လာကြသည်။

ညနေမှ လှည့်မည့် စွယ်တော်ပွဲအတွက် မနက်ခင်းကပင် ကြိတ်ကြိတ်တိုး စည်ကားနေနှင့်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကားပိုင်ရှင်၏မိခင် ကလေးများ၏ အဘိုးအဘွားက ပေါင်းတည်တွင် ရှိပါ၍ ကလေးသုံးယောက်ကို မှတ်တိုင်လမ်းနေအိမ်တွင် ချထားခဲ့ပြီး...

ရှေး ပေါင်းတည်မြို့ဟောင်း ဖြစ်သော မြို့ကြီးရွာမှ သင်္ချေတ္တရာ ပြည့်ရှင် ဒွတ္တပေါင်မင်းကြီး မိဖုရား တည်ထား ကိုးကွယ်ခဲ့သော ဘုရားကို ဦးအောင်ငြိမ်းက လိုက်ပို့ပြီး...

"မြို့ကြီးရွာမှာ ကျွန်းတုံးကြီးဘုရားဆိုတာ တကယ့်အံ့သြစရာပဲ။ လမ်းတော့ ကြမ်းတယ်။ ဒါပေမယ့် ကြုံတုန်း လိုက်ပို့မယ်"

"သိပ်ကောင်းပေါ့ ဦးလေးရာ"

"ဦးလေးလည်း မြို့ကြီးရွာမှာ အသိအိမ်တွေ ရှိတယ်။ ကိ... ရှိလို့ ရှိန်း သွားချင်ရဲ့လား"

"သိပ်သွားချင်တာပေါ့ဗျာ"

တစ်လမ်းလုံး ရှိန်း ပျော်ရွှင်နေပေသည်။ သူ့မျက်နှာလေးမြ... နေသည်ကိုပင် မခင်နွေ့ရင်မှာ ချမ်းမြေ့လွန်းလှပါဘိ။

လူနှစ်ဖက်စာ လုံးပတ်ရှိပြီး ၁၈တောင် အမြင့်ရှိသော ကျွန်းတုံးကြီးကို မတ်တတ်ရုပ်ကိုယ်တော် ဘုရားပုံ ထွင်းထုထားသည်မှာ ကြည်ညို အံ့သြစရာ ကောင်းလှပါဘိသည်။

သည်ကျွန်းတုံးကြီးကို ဘယ်လိုများ သယ်ယူထုမတ်ပြီး ထုထွင်းထားပါလိမ့်ဟု မြင်သူတိုင်း အံ့သြစရာကောင်းလောက်အောင် ထူးဆန်းလွန်းလှပါသော မြို့ကြီးရွာမှ ကျွန်းတုံးကြီးဘုရား။

"ဘုရား သေသေချာချာ ရှိခိုးလေ ရှိန်း"





"ငယ်ငယ်က မမနွေ သင်ပေးထားတာတွေ ဆိုခဲ့တာ များပါပြီ။ တော်ရောပေါ့။ ခုတော့ မမနွေနဲ့ အမြန်ပေါင်းရပါစေဆိုတဲ့ ဆုပဲ တောင်းတယ်"

"ဟင်းနော်...ဘာပြောထားလဲ"

မျက်နှာတည်တည်နှင့် ဟောက်ပြီးမှ ကားဆီသို့ ပြန်ခဲ့ကြရသည်။ အပြန်လမ်းတွင်...

"ဦးလေး ခဏတော့ ကြာမယ်။ ကားပေါ်မှာပဲ စောင့်ကြဦးနော်"

"ရတယ် ဦးလေး၊ ကြာချင်သလောက်ကြာ။ ကျွန်တော့်ကို အားမနာနဲ့"

ရှိန်းက နောက်ခိုင်းသွားပြီဖြစ်သော ဦးအောင်ငြိမ်းကို နှင်လွှတ်ဟန် လက်ပြ၍ ပြောပြီး မခင်နွေကို မျက်စိမှိတ်ပြလိုက်သည်။

"စပါးတွေ မှည့်တော့မယ်၊ လှလိုက်တာ မမနွေရာ။ ဒီကားဘေးမှာ နေရိပ်တယ်၊ လာ...အောက်ဆင်းထိုင်ရအောင်ပါ"

စပါးခင်းဘေး ရွာလမ်းလေးမှာ လူရှင်းနေသည်။ ရှိန်းက ကားကူရှင်ကို ဆွဲချပြီး နှစ်ယောက်တူတူ ထိုင်ကြသည်။

စပါးနှံများကြားမှ ဝင်းတချို့နှင့် စိမ်းညို့နေသော စပါးနှံလေးများမှာ လေကြောင့် လှိုင်းအိလေးလို နွဲ့နွဲ့အိအိလေး ဖြစ်လိုက်၊ ပြန်ထောင်မတ်လိုက်နှင့်ပါ။

နေခြည်က မရင့်သေး။ လေပြည်က လတ်ဆတ်လွန်းသည်။ ကျယ်ပြန့်သော ဝန်းကျင်တစ်ခုလုံး လွတ်လပ်နေသည်။ လူသူ အရိပ်အရောင်ပင် မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



"မမနွေ...ရှိန်း သိပ်ချစ်ရတဲ့ မမနွေရယ်"

ရှိန်းက မခင်နွေ၏ လက်မောင်းကို လျှိုဖက်လိုက်ပြီး ပခုံး ပေါ်သို့ ခေါင်းလေး မှီလှဲလိုက်သည်။

"မမနွေ..."

"ဟင်..."

"ရှိန်း မမနွေကို ပြောချင်စရာတွေ အများကြီး ရင်ထဲမှာ ရှိနေ ပါတယ်"

"သိမ်းထားဦး"

"မရတော့ဘူး၊ ပေါက်ကွဲထွက်တော့မယ်"

"ဟင်း..."

"တကယ် မမနွေ၊ ရှိန်းအကြောင်းပြောမှာပါ။ ရှိန်းကို မမနွေ မချစ်နိုင်ဘူး။ ဘယ်တော့မှ လက်မထပ်နိုင်ဘူး။ ဒါ မမနွေရဲ့ အဖြေ ပဲလို့ အိမ်မှာ ပြောခဲ့တဲ့အတိုင်းပဲလား ဟင်၊ မမနွေ"

"ဟုတ်တယ်"

"ဒါဆို အဖြေဟာ ရှင်းနေတာပဲ မမနွေရဲ့၊ ရှိန်းအတွက် မဟုတ် လား"

"ဟုတ်တယ် ရှိန်း...၊ ရှိန်းကို မမနွေ ရင်ထဲက သားလေး တစ်ယောက်လို မိခင်မေတ္တာမျိုးနဲ့ ချစ်ခဲ့တယ်လို့ ပြောဖူးတယ်နော်"

"ဟုတ်ပါတယ်"

"မမနွေသာ ရှိန်းရဲ့ အမေအရင်း၊ အစ်မအရင်း ဖြစ်ခဲ့ရင် မမနွေ လို့အိမ်ဖော်မိန်းမတစ်ယောက်နဲ့သဘောတူနိုင်ပါ့မလား ဟင်...ရှိန်း





"မှန်တယ်၊ မမနွေပြောတာ မှန်ပါတယ်။ ဒါပေမယ့် ယောကျ်ား လေးတစ်ယောက်အတွက် အိမ်ထောင်ဖက် ဇနီးဟာ သူ့ခင်ပွန်းကို တ်ချမ်းသာအောင် ထားနိုင်ဖို့၊ ပြုစုယုယတတ်ဖို့၊ ချစ်မြတ်နိုးစိတ် အလိုက်သိတတ်ဖို့ပဲ လိုပါတယ် မမနွေ။ ယောကျ်ားဆိုတာ စီးပွား ရမယ့်လူပဲ"

"မဟုတ်သေးဘူး ရှိန်း။ ကိုယ်ရမယ့် မိန်းမဟာ ပညာတတ် ယ်၊ အခြေမြင့်မယ်ဆိုရင် ကိုယ့်ဘဝအဆင့်ဟာလည်း မြင့်သထက် င့်သွားမှာပေါ့ကွယ်"

"ဒါဖြင့် ဖေဖေ မေမေ့ကို ရတာ ဘယ်နှယ့်လုပ်မလဲမမနွေ၊ မေမေက သူဌေးသမီး၊ ဖေဖေက အလုပ်သမား။ မေမေဟာ ပစ္စည်း စန ဘယ်လောက် တက်ကြွတယ်ဆိုတာ မမနွေ အသိပါ။ နောက် င်း သူဟာ...

"တော်ပါတော့ မောင်လေး။ အန့်တီမြအကြောင်း မပြောပါနဲ့ ယ်။ မောင်လေး ရင်နာရမယ်"

"နှိုင်းယှဉ်ပြတာပါ။ အနီးကပ်ဆုံးကို ရှိန်းတင်ပြတာပါ မမနွေ"

"ဟုတ်ပါတယ်"

"ဖေဖေဟာ ကျိတ်ငိုရတယ်။ ညမအိပ်နိုင်ဘဲ လူးလားခေါက် လျှောက်နေရတဲ့ ညတွေ အများကြီး။ ဒါဟာ သူ့ဘဝအတွက် မိန်းကောင်းတစ်ယောက်ကို မရရှိခဲ့လို့ပါ မမနွေရယ်"

မှန်ကန်စွာ တင်ပြတတ်လေသော ရှိန်း၏ အလေးအနက် စကားများကို မခင်နွေ ဆက်လက်ကြားနာရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့၊ ရှိန်းဟာ ပညာတတ်မိန်းမရရင် သူလည်း အဝ
လုပ်မှာပဲ"

"အင်းပေါ့"

"ပိုက်ဆံရှိတဲ့ မိန်းမရရင်လည်း မာန်မာနထားမှာပဲ"

"ဒါပေမယ့် ပညာတတ်တိုင်း၊ ပိုက်ဆံရှိတိုင်း မောက်မာ
မာန်ရှိမယ်လို့တော့ တရားသေ ယူဆလို့ မရပါဘူး ရှိန်း"

"ဟုတ်ပါတယ် မမနွေ။ ထားပါ မမနွေ ပြောသလိုပဲ မဆို
ထားပါ...ဒါပေမယ့် မမနွေရယ်။ ရှိန်းရဲ့ဘဝကို မမနွေလို အေ
စိတ်၊ စိတ်ချမ်းသာအောင် ပြုစုယုယပေးနိုင်မယ့် မိန်းမမျိုးဟာ
ကမ္ဘာပေါ်မှာ မမနွေတစ်ယောက်တည်း ရှိမှာပါဗျာ"

မခင်နွေ ဝန်ခံလိုပါသည်။ ရှိန်းကို မခင်နွေလို ရင်ထဲ ထ
ထားမတတ် အသည်းခိုက်အောင် ချစ်မြတ်နိုးနိုင်မည့် မိန်းမမျိုး
ကမ္ဘာပေါ်မှာ မရှိနိုင်ပါ။

ရှိန်းက ဆက်ပြောသည်။

"လူ့ဘဝမှာ ငွေကြေးတွေ၊ တိုက်တွေ၊ ကားတွေ၊ ပညာတ
တွေထက် ပိုပြီး တန်ဖိုးရှိတဲ့ အရာဟာ...ကရုဏာပါတဲ့ မေတ္တာတ
ပါ မမနွေရယ်"

"ရှိန်းကို ဂုဏ်ရှိန်အသိုက်အဝိုင်း အပူတောထဲကို တွန်းမ
နဲ့ မမနွေရယ်။ မမနွေရဲ့ အေးမြလွန်းတဲ့ မေတ္တာစိမ့်စမ်းရေလေ
သောက်သုံးပါရစေ...မမနွေရဲ့ ကရုဏာရိပ်ကလေးမှာ ရှိန်း အ
တစ်သက်လုံး အေးချမ်းပါရစေနော်..."





ရှိန်း၏ လက်ခုံလေးကို ဆွဲယူပြီး မခင်နွေ၏ ပါးမှာ ကပ်ထား
ိုက်မိသည်။ ဘာမှဖြင့် ပြန်မပြောဖြစ်...

"ရှိန်းဘဝမှာ မောင်နှမဝမ်းကွဲတောင် မရှိဘူး။ မေမေက ပစ်
ားပြီး မမနွေရှိနေလို့သာ ရှိန်းဆက်နေလို့ ရတာပါ။ မဟုတ်ရင်
းသိပ်လေလွင့်သွားမှာ၊ လက်ထပ်ခိုင်းနေတဲ့ ရီဝေဦးနဲ့ ယူဖြစ်
ားချင်တောင် ယူဖြစ်သွားမှာ"

"ရီဝေဦးနဲ့လည်း မမနွေ သဘောမတူနိုင်ပါဘူးရှိန်း။ သူက
းနဲ့ ရွယ်တူ ကျောင်းသူလေးဖြစ်တာက လွဲပြီး မိန်းကလေး မပီသ
။ ရှိန်းဘဝ အေးချမ်းအောင် ပြုစုယုယပေးနိုင်မယ့် မိန်းကလေး
ည်း မဟုတ်ဘူး"

"ရှိန်းလည်း သူ့ကို လုံးဝချစ်လို့ မရတော့ပါဘူး"

မခင်နွေမှာ ယိမ်းနွဲ့နေသော စပါးပင်လေးများကို ငေးကြည့်
မိသည်။ သူ့အသည်းနှလုံးများသည်လည်း ညွတ်ယိမ်းယမ်းနွဲ့နေ
သည်။

"ရှိန်း ဒီနှစ်ဆယ်တန်း ပြန်ဖြေမယ်။ ဘွဲ့တစ်ခု ရအောင် ယူမယ်။
တော့ ရှိန်းဟာ ချမ်းသာတဲ့ ဖေဖေရဲ့ တစ်ဦးတည်းသောသား၊
းဘဝမှာ အားလုံး ပြည့်စုံပါတယ်။ မမနွေပြောတဲ့ ဂုဏ်ရှိန်တွေ
ားလုံးက ရပြီးသားပါ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ"

"ရှိန်းဘဝမှာ လိုအပ်နေတာ မေတ္တာတရားပါ။ မမနွေရယ်
းရဲ့ဘဝကို ငယ်ငယ်ကတည်းက စပြီး နားလည်နိုင်ဆုံးဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းကို သိပ်အလိုလိုက်တဲ့...ရှိန်းက သိပ်ချစ်ရတဲ့ မမနွေ့ရဲ့ ရင်ခွင် မှာ ရှိန်းဘဝလေး တစ်သက်လုံး အေးငြိမ်းခွင့်ပေးပါတော့။ ရှိန်း ချ လွန်းတဲ့ မမနွေ့ရယ်"

ရှိန်းသည် သူသိမ်းထားရပါသည်ဆိုသော သူ့ရင်ထဲမှ စကား များ အကုန်ပြောပြီး မခင်နွေ့၏ လက်လေးကို သူ့ရင်ခွင်မှာ ပို ထားသည်။

"ရှိန်း"

"ဗျာ...မမနွေ့"

"မမနွေ့မှာလည်း ပြောချင်စရာတွေ ရင်နဲ့ အပြည့်ပါကွယ် ဒါပေမယ့် မမနွေ့ တိုတိုပဲ ပြောပါစေ"

"ပြောပါ မမနွေ့"

"ရှိန်းကို မချစ်နိုင်တာ မဟုတ်ဘူး။ မချစ်ရက်တာ"

"ဗျာ"

"မမနွေ့အတွက် ရှိန်း သိပ်နစ်နာသွားမယ်ဆိုတဲ့ စိတ်နဲ့ ရှိ အတွက် မချစ်ရက်ခဲ့တာပါ"

"အဲဒီ 'မချစ်ရက်ဘူး'ဆိုတဲ့စကားလေးဟာ ရှိန်းတင်ပြတဲ့ စကာ လုံးတွေ အများကြီးထဲမှာ နစ်မြုပ် ကြေပျက်သွားသင့်ပါပြီ မမ ရယ်..."

"ဟုတ်ပါတယ် ရှိန်း"

"ဟာ...ဒါဖြင့်"

"နေဦး...မမနွေ့ပြောမယ်"





"ဟုတ်ကဲ့ မမနွေ့"

"မမနွေ့ ရှိန်းကို သိပ်ပြီး ချစ်တယ်။ ပေးဆပ် ရတဲ့ အချစ်မျိုးနဲ့လည်း ချစ်နိုင်တယ်။ စွန့်လွှတ်ရတဲ့ အချစ်မျိုးနဲ့လည်း ချစ်နိုင်တယ်"

"ခင်ဗျာ...မမနွေ့ပြောတာ ရှိန်း နားမလည်ဘူး"

"ပေးဆပ် ရတဲ့ အချစ်မျိုးဆိုတာက ရှိန်း...မမနွေ့ဆီက လိုချင်သမျှ တောင်းခံသမျှ ပေးရဲတယ်။ မေတ္တာတင်မကပါဘူး မောင်လေးရယ်။ ရှိန်းအတွက်ဆိုရင် အသည်းအသက်နဲ့ ကိုယ်ခန္ဓာပါ မမနွေ့ ပေးဆပ် ရဲတယ်"

"အို..."

"စွန့်လွှတ်နိုင်တဲ့ အချစ်ဆိုတာက ရှိန်း...မမနွေ့ကို ချစ်ချင်သလို ချစ်ပြီး ပစ်သွားစေဦး။ ကြည်ဖြူမယ်၊ ခွင့်လွှတ်မယ်။ ရှိန်းရဲ့ ဒုတိယ အချစ်နဲ့ အိမ်ထောင်အတွက် လိုအပ်တယ် ဆိုရင်လည်း ခုလို အစေခံ ပုံစံမျိုးနဲ့ပဲ ဖြစ်ရပါစေ၊ မမနွေ့ ကြည်ကြည်ဖြူဖြူနဲ့ လာလုပ်ပေး နေမယ်။ အဲဒါက ရှိန်းကို စွန့်လွှတ်ရသည့်တိုင်အောင် ချစ်နေမယ့် မမနွေ့ရဲ့ ရင်ထဲက မိခင်ဆန်တဲ့ ချစ်ခြင်းမေတ္တာ..."

"အမယ်လေး...မမနွေ့ရယ်၊ ရှိန်းပေါ်မှာ ဒီထိအောင်ပဲလား၊ ဒီလောက်ထိအောင်ပဲ ချစ်တယ်လားဗျာ။ ရှိန်းယုံတယ်၊ သိပ် ယုံကြည်ပါတယ်"

ရှိန်းအသံလေးများ တုန်နေသည်။ မခင်နွေ့၏ မျက်နှာလေးကို မလွှဲတမ်း ကြည့်နေရှာသော သူ့မျက်ဝန်းလေးရော သူ့နှုတ်ခမ်း လေးပါ ပြုံးနေသည်။ သူ့ရင်ထဲက အသည်းနှလုံးလေးသည်း ပြုံး နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမနွေရဲ့ မေတ္တာတရားကိုသာ ရှိန်း ယုံကြည်လက်ခံထားနိုင်ပါ။ ဒါပေမယ့် မမနွေရဲ့စကားကိုတော့ ရှိန်းနားထောင်ရမယ်"

"ပြောပါ...မမနွေ၊ ရှိန်း ဘာမဆို နာခံပါ့မယ်"

"ရှိန်းနဲ့ မမနွေနဲ့ ချစ်သူအဖြစ်နဲ့ မနေပါရစေနဲ့ဦး"

"ဟင်"

"ဟုတ်တယ်...ရှိန်းက သိပ်ငယ်သေးတယ် ကလေးရယ်။ ဒီနှစ်စာကြိုးစား၊ ရှိန်းအောင်မှာပါ။ ဆရာဝန် ဝါသနာမပါတဲ့ ရှိန်းဟာစက်မှုတက္ကသိုလ်မရောက်တောင် ဝိဇ္ဇာသိပ္ပံတော့ နောင်နှစ်ရောက်မှာပါ"

"ဟုတ်ကဲ့"

"အဲဒီမှာ လေးနှစ်နေ၊ ဘွဲ့ရပြီးတဲ့အခါကျတော့မှ ရှိန်းနဲ့ မမနွေချစ်သူလိုနေကြမယ်"

"ဟာ...အဲဒီလို ဘွဲ့ယူပြီးရင်တော့ တစ်ခါတည်း လက်ထပ်ရုံပေါ့"

"အဲဒီအချိန်ကျတော့မှ ရှိန်းကြိုက်သလို ဆုံးဖြတ်တာကို မမနွေလိုက်လျောမယ်"

"ကောင်းပါပြီတဲ့ မမနွေရယ်"

"ရှိန်း တက္ကသိုလ်ကျောင်းသားကြီး ဖြစ်သွားတော့လည်း ရွယ်တူ အချောအလှလေးတွေကို စိတ်ဝင်စားပြီး ချစ်သွားချင်လည်း ချစ်သွားမယ်လေ။ အဲဒီလိုဖြစ်ရင်လည်း စောစောက ပြောသလို စွန့်လွှတ်နိုင်တဲ့ အချစ်မျိုးနဲ့ ရှိန်းကို မမနွေ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်မယ်။ ချစ်မြဲချစ်နေမယ်။ ရှိန်းစိတ်ပြောင်းချင်လည်း ပြောင်းသွားပါစေတော့"

"ကြည့်ပါဦးဗျာ။ ရှိန်းကသာ မမနွေရဲ့ မေတ္တာကို ယုံကြည်ရတယ်။ ရှိန်းသိပ်ချစ်ရတာတွေကိုတော့ မမနွေက မယုံကြည်နိုင်သေးပါလား"

"ရှိန်းက သိပ်ငယ်သေးတယ်ကွယ်"

"ဒီမှာ...မမနွေ၊ ဒီကောင့် ရင်ထဲမှာ ရှိနေတဲ့ အခု အသည်းနှလုံးတွေ ပြောင်းလဲခွဲထုတ်မခံရသမျှ မမနွေကို ချစ်နေမယ်သိရဲ့လား၊ ရှိန်းအချစ်ကို သံသယစကား မပြောနဲ့ဗျာ"

"ကောင်းပါပြီရှိန်းရယ်။ ဒါဖြင့် မမနွေစကားကို နားထောင်ရမယ်နော်"

"ဘာကိုလဲ"

"တို့မောင်နှမချစ်အဖြစ်နဲ့ပဲ ဘယ်သူမှ မရိပ်မိအောင် အရင်လိုပဲ နေကြမယ်နော် မောင်လေး"

"ရှိန်းဘွဲ့ရတာနဲ့ လက်ထပ်ရမှာနော်"

"ပြောပြီးပါပကော။ ရှိန်းဘွဲ့ရပြီးရင် ရှိန်း ဆုံးဖြတ်သလို နာခံပါ့မယ်လို့"

"ရှိန်းသိပ်ပျော်ရပြီ မမနွေရယ်"

"မောင်နှမလိုပဲ အရင်အတိုင်းနေကြမယ်ဆိုမှ မမနွေ ပြန်လိုက်မယ် သိရဲ့လား"

"အင်းပါ...ဘယ်လိုပဲ နေရနေရ၊ မမနွေနဲ့နေရရင် ရှိန်း ကျေနပ်ပြီ"







www.burmeseclassic.com

www.burmeseclassic.com



မခင်နွေမှာ အချစ်ဆုံးရှိန်းကို အလှဆုံး အပြုံးလေးနှင့် ကြည့်လိုက်မိသည်။

"ရှိန်း ကျူရှင်ပဲ တက်မယ်။ ဘယ်မှ မလည်ဘူး။ အချိန်ပြည့် မမနွေနားမှာ စာကျက်မယ်၊ မမနွေနားမှာ နေမယ်"

"ဦးလေး မရိပ်မိအောင် နေပါနော်။ အရင်အတိုင်းနေရမှာနော်"

"ဟုတ်ကဲ့ပါ။ အဲဒီ လေးနှစ်ကျော်လုံးလုံး မမနွေနေစေချင်သလို ရှိန်းနေပေးမယ်လို့ ကတိပေးတယ်။ မမနွေ ကတိသာတည်ပါနော်"

"ကတိပေးပါတယ် ရှိန်း၊ ရှိန်း ဘယ်သူ့ကိုပဲ ယူယူ၊ မမနွေ ဘယ်သူ့ကိုမှ လက်မထပ်ဘူး။ နောက်ဆုံး မဆုံဖြစ်ရသည့်တိုင် မမနွေရဲ့ အချစ်ဆုံး ချစ်သူဟာ..."

"မပြောနဲ့၊ ရှိန်းမကြားရဲဘူး၊ မဆုံရတဲ့ အဖြစ်ကို မကြုံပါရစေနဲ့ဗျာ"

"ရှိန်း မခွဲသမျှ ဘယ်တော့မှ ကွဲကြမှာတဲ့လဲ ရှိန်းရယ်"

"မမနွေ၊ အို...ရှိန်းရဲ့ အချစ်ဆုံး မမနွေ"

ရှိန်းက မခင်နွေ၏ ပခုံးနှစ်ဖက်ကို ကိုင်ညှစ်ပြီး မချင့်မရဲ မျက်နှာလေးနှင့် မခင်နွေကို အနီးကပ်ကြည့်နေပြီးမှ...

"မမနွေ"

"ဟင်"

"ရှိန်း မမနွေကို နမ်းချင်တယ်"

"အို..."

"ဒါပေမယ့်...မနမ်းရက်ပါဘူး မနမ်းဝံ့ပါဘူး မမနွေ၊ မောင်နှမလို နေရဦးမယ်ဆိုတဲ့ ကတိကို ရှိန်းတည်အောင်နေမယ် မမနွေ"





"ရှိန်းလေးရယ်"

"ဒါပေမယ့် ရှိန်း မမနွေကို တစ်ခု တောင်းပန်ပါရစေ"

"ဘာလဲ ရှိန်း"

"ရှိန်း ငယ်စဉ်ကတည်းကစပြီး မကြာသေးခင် အချိန်ထိ ရှိန်းရဲ့ အိပ်ရာကို ခင်းပေးပြီး ရှိန်းအိပ်ပျော်သွားရင် ရှိန်းရဲ့ နဖူးလေးကို နမ်းပြီးမှ မမနွေ ခြင်ထောင်ကို ယပ်ခါချပေး၊ ဖိပေးသွားတာတွေ ရှိန်းအိပ်ချင်ယောင်ဆောင်နေတဲ့ ညတိုင်း ကြုံရတယ်"

"ကြည့်စမ်း...သူခိုးလေး"

"အဲဒီလို အနမ်းမျိုးလေး ရှိန်းကို နမ်းစမ်းပါလား မမနွေရယ်"

မခင်နွေမှာ ချစ်သူအဖြစ်နှင့် ရှိန်းကို မမြင်တော့ပါဘဲ ရင်ထဲမှာ ပွေ့သိပ်ခဲ့ရသော အရွယ်လေးက ချစ်ခြင်းမေတ္တာမျိုးအတိုင်း ရင်မှ သန့်စင်သော ချစ်ခြင်းများစွာဖြင့်...

ရှိန်း၏ ပါးလေးနှစ်ဖက်ကို မိမိ၏ လက်ဝါးနှစ်ဖက်ဖြင့် ဖိကပ်ရင်း ရှိန်း၏ မျက်နှာလေးကို မော့ယူလိုက်သည်။

ပြီးတော့ ရှိန်း၏ နဖူးပြင်လေးကို အားပါးတရ ရှိုက်မွှေးရင်း မျက်စိလေး မှိတ်ပစ်လိုက်မိသည်။

နဖူးပြင်လေးကို ရှိုက်၍ နမ်းယူလိုက်သော ရှိန်း၏ ကိုယ်ရနံ့လေးသည် နှာခေါင်းမှတစ်ဆင့် အသည်းနှလုံးသို့တိုင် စိမ့်အေး စီးသွယ်ကျလာသည်။

"မမနွေရယ်"

ရှိန်းက မခင်နွေ၏ ရင်ခွင်တွင်းသို့ မျက်နှာလေး ဖိအပ် ချင်း မြှုပ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

"ရှိန်း ရင်ထဲမှာ၊ ရှိန်း အသည်းနှလုံးထဲမှာ နှင့်သွားအောင်ထိ မွှေးမြအေးစိမ့်သွားရပါလား ချစ်မမနွေးရယ်"

"ရှိန်းရယ်…ဖယ်ပါတော့ကွယ်"

"ကောင်းပါပြီ မမနွေးရယ်၊ အဲဒါ မမနွေးကို မပိုင်ဆိုင်ရသေး ကာလပတ်လုံး ရှိန်းရဲ့ ပထမဆုံးနဲ့ နောက်ဆုံး တောင်းဆိုတဲ့ အခွင့်အရေးပါဗျာ"

"ရှိန်းလေးရယ်…"

"မမနွေးနဲ့ ရှိန်းတို့ရဲ့ ရင်ထဲက မေတ္တာတွေကို တစ်ယောက်နဲ့ တစ်ယောက် မြင်သာအောင် ဖွင့်လှစ်ခွင့် ရခဲ့ကြပါပြီ မမနွေး။ ခုချိန်က စပြီး မမနွေးကို လက်ထပ်ခွင့်ရတဲ့ အချိန်ထိ ရှိန်း မမနွေးရဲ့ စကားကို အသေအချာနားထောင်ပြီး မောင်နှမလိုပဲ အရင်တိုင်း နေပါတော့ မယ် မမနွေး"

"အို…လိမ္မာလိုက်တဲ့ မမနွေးရဲ့ အချစ်ရဆုံး အသည်းနှလုံးလေး ရယ်"

*



## အခန်း (၂၆)

မခင်နွေးတို့ မရောက်လာမီကတည်းက ချိန်းထားမိသော ထမင်းနှင့် အရက်ဝိုင်းသို့ သွားတောင်းပန်ကာမှ နည်းနည်း သောက် ဘားလာခဲ့ရကြောင်း ဦးအောင်ငြိမ်းက တောင်းပန်စကားဆိုရင်း ပေါင်းတည်မြို့ဘက်သို့ ပြန်လည်မောင်းနှင်လာခဲ့ကြသည်။

စွယ်တော်ပွဲပင် စတင်လှည့်လည်နေပါပြီ

သေနတ်များ ပစ်ဖောက်လိုက်၍ ရှိန်းရော မခင်နွေးတို့ပါ လန့်သွားကြသည်။

"မြတ်စွယ်တော် တင်လာတဲ့ ဆင် ရပ်နားဖို့ သတ်မှတ်ထားတဲ့ နေရာရောက်ရင် ဒီလိုပဲ သေနတ်ဖောက်တယ်။ စစ်တပ်ရော ရဲတွေပါ လိုက်တယ်လေ"

ဦးအောင်ငြိမ်းက ရှင်းပြသည်။

"ကဲ…ဒီနေရာက ကြည့်ရအောင်။ ဆင် လာတော့မယ်။ ဒါတို့ ဇီးကုန်းက ပြောင်းလာတဲ့ 'ဒေါ်ရွှေမှည်'အိမ်ပေါ့။ ခင်နွေးတို့ အသား လေး တော်မလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက် ၂ နားမှ ပျဉ်ထောင်အိမ်ကြီးတစ်ခုကို ညွှန်ပြ၍ ပြောပြီး ဦးအောင်ငြိမ်း ဝင်သွားသည်။ ကလေးများ သွားခေါ်မည်ဟု ဆိုပါ၏။ ကားမောင်း၍ မရတော့။ လမ်းများ ပိတ်ထားပြီ။

"ဟော...လှည့်လာပြီ ရှိန်း"

ပထမ မဟာစည်တော် ယွန်းလာသည်။

ဆင်၏ရှေ့မှ သဒ္ဓမ္မဝေပုလ္လအသင်းသည် ကနုတ္တဒါန် ထီးဖြူ ရွှေထီး၊ သ ား၊ ကျိုင်းနှင့် သာသနာ့အလံတော်များ ကိုင်ဆောင်လှည့် လည်လာကြသည်။

ကလပ်ပေါ်တွင် မြတ်စွာဘုရား၏ စွယ်တော်စစ်ကို ဇ နှံ့လန့် ဖြတ် မြှင့်တင်ထားသည်။

ရွှေ၊ စိန်များ၊ ကျောက်သံပတ္တမြားနှင့် အဖိုးအနဂ္ဃထိုက်တန်လှ သော စွယ်တော် ကိန်းဝပ်ရာ ကလပ်ကို အနီးကပ် ဖူးမြော်ရသည်။

"ဟော...ဟိုမှာ ဆင်ကို အစာကျွေးနေကြတယ်နော်... မမ နွေ"

"ခုလို ဆင်ရပ်နားဖို့ သတ်မှတ်ထားတဲ့ နေရာတိုင်းမှာ ဆင်ကို ကျွေးလှူဖို့ အစားအစာတွေ အဆင်သင့်ထားရှိကြတယ်ရှိန်း..."

ဆယ့်ငါးမိနစ်မျှ ရပ်နားပြီးနောက် ထပ်သတ်မှတ်ရာသို့ ထွက် ခွာခါနီးလည်း သေနတ်များ ပစ်ဖောက်ပြန်သည်။

စွယ်တော် နောက်မှ သိမ်ကြီးဘုရားကြီး ဝတ်အသင်းမှ ဝိတ်ဖြူ စင်ကြယ်ဖြင့် ဖိနပ်မစီးကြဘဲ လိုက်ပါကြ၏။ အမျိုးသားအမျိုးသမီး အသင်းအဖွဲ့များကလည်း တူညီဝတ်စုံဖြင့် ဖိနပ်မပါဘဲ ရှိသေစွာ လိုက်ပါလှည့်လည်ကြပါ၏။





ရှုမျှော်လိုက်ကြည့်၍ မဆုံးနိုင်အောင် ဇာတ်နိပါတ်အဖွဲ့များ၊ သရုပ်ဖော်မှုများ၊ ရုပ်သေများကို တခမ်းတနား ဝတ်စား၍ လှည်း ပေါင်းများစွာ၊ အလှပြကားများစွာဖြင့် အကအခုန်၊ အဆို အတီး၊ ပြဇာတ်၊ ဟာသစသော ရှုမငြီးစရာ ကကွက်၊ ပြကွက်များက ဘမျှော်တတန်းကြီးပါ။

ကျားပျံမကောက်၊ နဂါးခေါင်းနှင့် ပဲခူးဆေးလိပ်ခုံတို့မှ အလှ ပြကားများကို အပြိုင်အဆိုင်မွမ်းမံ၍ ကြော်ငြာဆိုင်းဘုတ်များ ကပ် ချိတ်ထားသည်။

ဒုဋ္ဌကုမာရဇာတ်၊ ဝိဓူရဇာတ်နိပါတ်၊ ကမျိုးဟန်ကြွယ် ရှုချင် ဖွယ်၊ ရခိုင်ယိမ်း၊ ခေတ်ဆန်းပျော်နှင့် သစ်ဆန်းသော အလှ၊ တစ်ပင်တိုင်အကများ၊ ယိမ်းမျိုးစုံများ၊ ရွာစားစိန်တင်မိုး ဆိုင်း အပြင် ရန်ကုန်မှ စတီရီယိုခေတ်ပေါ် တီးဝိုင်းများ၊ အဆိုတော်များပါ လိုက်ပါသီဆိုကြသည်။

မီးသက်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များက ကူညီပြီး ရက်ကန်း စက်ရုံ အမျိုးသမီးအဖွဲ့များပါ မကျန်...

ပေါင်းတည်တစ်မြို့လုံး အုံးအုံးကျက်ကျက်ဖြင့် စည်ကား သိုက်မြိုက်လှပါပေသည်။ ငွေအင်အား လူအင်အားများဖြင့် ခမ်းနား ကြီးကျယ်လွန်းသော မြန်မာပြည်၏ ဂုဏ်ထူးဆောင်ဘာသာရေးပွဲ ကြီးပါပင်တည်း။

"မခင်နွေ"

ဦးအောင်ငြိမ်း ပြန်ရောက်လာပြီး နောက်က ခေါ်သည်။ အကြာ အလှပြကားများက မဆုံးသေး။



www.burmeseclassic.com

www.burmeseclassic.com



“အကြီး မရွှေမှည့်က နင့်ကို တွေ့ချင်လို့တဲ့”

“ဟင်...”

“သွားလိုက်ဦး၊ အဘွားကြီးက လေကရှည်နဲ့”

“ဒါဖြင့် ခဏသွားမယ်။ ရှိန်း ကြည့်နေခဲ့ဦးနော်”

“ဟုတ်ကဲ့...မမနွေ”

ဒေါ်ရွှေမှည့်ကို ငယ်စဉ်က တွေ့မြင်ဖူးသည်။ သိပ်ပင် မမှတ်မိ ချင်။ အဘွားကြီးက အသက် ခုနစ်ဆယ်ကျော်ရွယ် ရှိနေပြီ။

“ဟယ်...မိလှမြင့် သမီးလေး ခင်နွေ လှလို့ပါလားအေ။ ယ ထိုင်စမ်းပါ ငါ့မြေးရယ်။ အသက်ကြီးတော့လည်း အမျိုးကို ခ တွယ်တယ်ဟဲ့”

“ဟုတ်ကဲ့...”

“နို့...ညည်းနဲ့ မြမြသားလေးလည်း ပါလာဆို”

“ဟုတ်ပါတယ်”

“ဘယ်အရွယ်ရှိပလဲ။ ခေါ်လိုက်ဦးလေ၊ ဒါလည်း အမျိုးပဲ”

“သူ လူအုပ်ထဲမှာ ရောကြည့်နေတယ် အဘွားမှည့်။ ကောင် လေးက ငယ်ပါသေးတယ်”

“အေး...အေ၊ သူ့အမေအကြောင်း ကြားရတာ မကြားဝံ့မနာ သာ။ မြမြက ငယ်ငယ်ကတည်းက ခပ်နှံ့နှံ့ရယ်”

မခင်နွေ စိတ်ညစ်လာပြီ။ အဘွားကြီးနှင့် ဘယ်နည်းဖြင့် လေ ဖြတ်၍ ရှိန်းထံပြန်ရပါမည်လဲဟု စဉ်းစားနေဆဲ...

“နေပါဦး၊ မောင်ထွန်းနဲ့ မြမြသားလေးနဲ့ရော သင့်သင့်တင့်တင့် ရှိကြရဲ့လား”





“ရှင်...”

“မောင်ထွန်းကလည်း တို့မျက်စိအောက် ကြီးတာပဲ။ မြမြတို့ ...ဘအိမ်က အလုပ်သမားလေ။ ဒီကောင်က ရိုးတယ်။ ဒါကြောင့် သူတို့ စီးပွားမပျက်တာပေါ့”

“ဟုတ်ကဲ့”

“နို့...ကလေးနာမည်က ဘယ်သူတဲ့တုံး”

“ရှိန်းတဲ့၊ ကျောင်းနာမည်က ဇော်ဇော်ရှိန်းပါ”

“သြော်...သြော်...မောင်ထွန်းနဲ့ အဆင်ပြေကြရဲ့လား။ မြမြ ...ထွက်သွားတော့”

“ပြေပါတယ်အဘွားမှည့်၊ သူတို့သားအဖ ချစ်ကြပါတယ်”

“အေးလေ... သူ့ရှေ့မှာ ကြီးတော့လည်း ချစ်ရှာပေမပေါ့။ မောင်ထွန်းက မဆိုးရှာပါဘူး”

“ရှင်...အဘွားမှည့် ဘာပြောတာလဲ ဟင်”

“အဲဒီကောင်လေးက မြမြသားပဲ၊ မောင်ထွန်းနဲ့ ရတာမှ မဟုတ် င်”

“ရှင်...အို...ဟုတ်...ဟုတ်လို့လား အဘွားရယ်”

“သြော်...ခက်ပါဘိ ခင်နွေ့နှယ်။ ဒီဇာတ်ကြောင်းတွေ ညည်း အမေတောင် သိကောင်းသိမှာ”

“အမေက မပြောပါဘူး၊ ဟို ရှိန်း...ရှိန်းဟာ ဦးလေး ဦးသက် ထွန်းရဲ့သား မဟုတ်ဘူး။ ဟုတ်လားဟင် အဘွားမှည့်”

“အေးလေ”



www.burmeseclassic.com

www.burmeseclassic.com



"အို…ဘုရားရေ…"

"မြမြတို့မိဘက လယ်ပိုင် မြေပိုင်ရှင်ကြီးတွေ၊ ဇီးကုန်းတစ်
လုံးမှာ အချမ်းသာဆုံး၊ သမီးလေးက တစ်ယောက်တည်း၊ အဲ
သူတို့အိမ်က သူရင်းငှားနဲ့ လိုက်ပြေးတယ်လေ။ ဟိုကောင်ကလည်း
ဖြူဖြူနွဲ့နွဲ့နဲ့ မင်းသဟန်လေး"

"အင်း…ပြော…ပြောပါဦး အဘွားရယ်"

"ဒီတော့ ဘာရမလဲ ခွဲပစ်ကြတာပေါ့။ ဟိုကောင်ကိုလည်း နှင်
လွှတ်လိုက်တယ်လေ။ သူတို့ကတော့ ကျိတ်လုပ်ပြီး ဖုံးဖိထား
တာပဲ။ ဒါပေမယ့် ကိုယ်ဝန်က ပါလာပြီ။ ကိုယ်ဝန်ကို လေး
လောက်ရမှ မောင်ထွန်းနဲ့ ပေးစားကြတာ"

"ဟာ…ဒါ…ဒါဖြင့် ရှိန်းရဲ့ အဖေအရင်းရော်ဟာင် အဘွားမှည့်"

"ဆုံးသွားပါပြီ။ တောမှာ ငှက်ဖျားမိလို့တဲ့"

"အို…"

"ဒါနဲ့ သူတို့လည်း ရှက်ပြီး မြေတွေ တိုက်တွေရောင်းပြီး ရန်
ကုန်ပြောင်းသွားကြတယ်။ ဟိုမှာ ခေါင်းချကြတယ်ပေါ့။ သြော်…
မြမြ…မြမြ…ဖြစ်ရလေ။ မိဘက သိပ်ချမ်းသာတော့ ရွှေပေါ်မြတင်
ထားတာ။ သင်းက ဒီအရွယ်ထိ မိုက်လုံးကြီးတုန်းကို"

မခင်နွေ၏ ရင်မှာ လှိုက်ခုန်ဆူဝေလာသည်။

"မိခင်ပစ်သွားသော ရှိန်းလေးမှာ ဖခင်ရင်းလည်း မရှိရှာပါ
လား။ ရှိန်းက မသိသော်လည်း ဦးလေးတို့ အဘတိုးတို့ကတော့
သိကြမှာပဲ"





"အို…ဒီမြေမှာ ကြာကြာနေမိရင် ရှိန်းဟာ ဒေါ်မြမြခင်သား
ဆိုရင် တိမ်မြှုပ်နေတဲ့ အတိတ်ဆိုးဟာ ပြန်ပေါ်လာမှာပဲ"

"ဒီသတင်း ရှိန်းဆီရောက်လာရင် အခက်၊ ရှိန်းသိသွားရင် ဒုက္ခ၊
နေ့တိုမြလက်ထက်ကတည်းက ဇီးကုန်းကို ဘယ်တော့မှ ပြန်တာ
မဟုတ်ဘူး။ ရှိန်းဆိုလည်း ရောက်တောင် မရောက်ဖူးဘူး"

"ငါ့ကြောင့်…ငါ့ကြောင့် ရှိန်းလေး လိုက်လာရရှာတာ"

မခင်နွေမှာ အဘွားကြီးစကားအပြီးတွင် အမြန်နှုတ်ဆက်ပြီး
မှားယွင်းသော ခြေလှမ်းများဖြင့် ရှိန်းနားသို့ ပြန်လာရသည်။

"ရှိန်း…"

သူ့လက်ကို အလန့်တကြား ဆုပ်ကိုင်ရင်း ခေါ်မိသည်။ သူလေး
ကဖြင့် ဘာမှ မသိရှာ။

"ဦးလေး အောင်ငြိမ်း၊ ခင်နွေတို့ ပြန်ကြပါစို့ရှင်"

"ဆုံးအောင် မကြည့်တော့ဘူးလား"

"အို…တော်ပြီ၊ တော်ပြီ။ ပြန်ချင်ပြီ"

မခင်နွေမှာ ပေါင်းတည်မှ ဇီးကုန်းသို့ ပြန်ရမည်ကို ပြန်ချင်ရုံ
သာ မဟုတ်သေး။ ဒီမြေတစ်ဝိုက်မှာကို မနေချင်တော့ပါ။ သတင်း
စကားများ ရှိန်းထံ ရိုက်ခတ်လာမှာ စိုးရွံ့လှပါဘိ။

"ပြန်ကြမယ် ရှိန်း"

"မမနွေတို့ ရန်ကုန်ကိုလည်း အမြန်ဆုံးပဲ ပြန်ကြရအောင်ပါ
ကွယ်"

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ရှိန်းနှင့် မခင်နွေ့တို့မှာ စိုးကြောက်ရွံ့ထိတ်ခြင်းများနှင့်အတူ မိမိတို့အဖြစ်ကို မလုံမလဲနှင့် ပြန်လည်ရောက်ရှိခဲ့ကြပါသော်လည်း အိမ်ဝမှ ဆီး၍ ဦးသက်ထွန်းက…

"ငါ့သားနှယ်ကွာ၊ ကိုယ့်အစ်မ တစ်ခါတလေ ပြန်တာလေးများ အေးအေးဆေးဆေး ပြန်ပါစေတော့။ တကယ့်ကောင်ပဲ။ မင်းလိုက်သွားပြီး မနွေ့ကို ပြန်ခေါ်လာခဲ့တာ မဟုတ်လား"

"အဟဲ…သား လိုက်သွားတယ်လို့ ဖေဖေ ဘယ်လိုလုပ်သိလဲ"

"သီဟမင်းဆီ ဖုန်းဆက်ကြည့်တာပေါ့။ မလာဘူးတဲ့။ ဒေါ်စော မေးတော့ ဇီးကုန်းကို ဘယ်လိုသွားရလဲ၊ မမနွေ့တို့အိမ် ဘယ်လို မေးရမလဲ ဆိုပြီး ထွက်သွားကတည်းက ဖေဖေက သိလိုက်ပါပြီ။ ဒီကောင်တော့ သူ့အစ်မကို သွားနှောက်တော့မယ်လို့"

"အဟဲ…ဟဲ…"

"အဲဒါသာ ကြည့်တော့ မနွေ့ အစ်မကို သူ့အမျိုးမျိုး ဆိုးမယ်





ခိုင်းမယ်၊ စိတ်ကောက်ပြမယ်။ အစ်မ တစ်နေ့ မရှိတာနဲ့ သူမနေ ဘတ်တော့ဘူး။ ဩော်…သားလေးမှာလည်း မောင်နှမအရင်းက မရှိတဲ့အပြင် အင်း…ဒီအစ်မကိုပဲ သူ့မှာ အမေလို အစ်မလို ချစ်စရာ ရှိတော့ ဆိုးနေရှာတာပါကွယ်။ သားကို ထုံးစံအတိုင်း မနွေ့ ခွင့် လွှတ်ပါ"

"ဟာ…ရပါတယ် ဦးလေးရယ်"

ရှိန်းနှင့် မခင်နွေ့တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကျယ်ဝန်းသော အမိပွာယ်နှင့် ပြုံးပြမိကြသည်။

"ဩော်…ဦးလေးဟာ ရှိန်းကိုလည်း သူ့သားလေးလို ချစ်ရှာ ပါတယ်။ ငါနဲ့လည်း တကယ့်မောင်နှမရင်းလို နေကြတယ်ပဲ ထင် ရှာတယ်၊ တော်ပါသေးရဲ့"

မခင်နွေ့၏ ရင်မှာ သယ်ယူတင်ရှိလာရသော စိုးရွံ့မှုဝေဒနာ အစိုင်အခဲကြီး ပြယ်လွင့်သွားရပါတော့သည်။

"ဩော်…ဒါနဲ့ မနွေ့အစ်မ နေကောင်းသွားပြီလား"

"ဟုတ်ကဲ့ စိုးရိမ်စရာတော့ မရှိတော့ပါဘူး။ ဒါပေမယ့် ဆေးရုံ က မဆင်းရသေးပါဘူး ဦးလေး"

"ဒီကောင် လိုက်ခေါ်လို့ ပြန်လာရတာလား"

"ဟို…ဒါကြောင့်ချည်း မဟုတ်ပါဘူး။ မနွေ့လည်း အိမ်ကို စိတ် မချလို့ပါ"

"အေးကွယ်…ပြောသာ ပြောရတယ်။ မနွေ့မရှိတာ အိမ်မှာ ဘာတစ်ခုမှ အဆင်မပြေပါဘူးလေ။ ဒေါ်စောကလည်း အသက်ကြီး ပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကဲ ကဲ…ခရီးပန်းလာတယ်။ သွားနားကြ"

"မပင်ပန်းပါဘူး ဦးလေးရယ်"

"သား…ရှိန်း"

"ဖေဖေ"

"မင်းအစ်မကို ဆိုးလို့ရတိုင်း သိပ်မဆိုးနဲ့ကွာ။ တစ်အိမ်လုံးကိစ္စ၊ သူ့တာဝန်ချည်းဖြစ်နေတော့ အားရတယ်ကို မရှိဘူး။ ဒီထဲမှာမင်းက ဒီဟင်းမကြိုက်ဘူး၊ ဟိုဟာချက်ပေးဦးနဲ့ လုပ်နေတာတွေဖေဖေ သိတယ်။ သားလည်း ကြီးလာပြီပဲ။ သိတတ်တော့ကွာ"

"စိတ်ချ ဖေဖေ…မမနွေကို သား ဘာမှ မခိုင်းဘူး။ ဝိုင်းကူတောင် လုပ်ပေးဦးမှာ"

"တွေ့လား မနွေ၊ အပြောနဲ့ စားနေတဲ့ကောင်"

ဦးသက်ထွန်းက ချစ်စနိုးဟန်နှင့် ပြောလိုက်သော်လည်း မခင်နွေမှာ ရှိန်း၏ ရင်ထဲမှာ သည်ဆန္ဒများ အမှန်တကယ် ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း သိလိုက်ရပါပြီ။

"ကဲ ဖေဖေ အပြင်သွားဦးမယ် သား၊ မနွေလည်း ခရီး ရောက်မဆိုက် နားပါဦး၊ အလုပ်တွေ သိပ်လုပ်မနေပါနဲ့"

"ဟုတ်ကဲ့ပါ ဦးလေး"

ဦးသက်ထွန်းက သံသယလေး တစ်စွန်းတစ်စမျှ တစ်ခွန်းတစ်ပါဒ မလှစ်ဟပါဘဲ နှုတ်ဆက်လျက် ထွက်သွားတော့သည်။

အဘတိုးနှင့် ကြီးစောတို့သည်လည်း အရင်အတိုင်း။





ရှိန်း၏ မျက်ဝန်းလေးများ၏ နောက်ကွယ်ရှိ နှလုံးသားတွင်းမှ ခံစားမှု များစွာ ကျယ်ဝန်းနေပါကြောင်း ဖော်ပြနေတတ်သည်က လွဲ၍လည်း…

ရှိန်းသည် အရင်အတိုင်းပါ။

မခင်နွေ မှာကြားထားသည့်အတိုင်း အစွန်းထွက်စေမည့် ချစ်ခွန်းလေး တစ်မြွက်မျှ မဆိုပါဘဲ နေရှာသည်။

ဤအိမ်၊ ဤအရိပ်အာဝါသသည် အရင်အတိုင်းပင်။ ဘာမှ မပြောင်းလွဲ၊ မခင်နွေအတွက် အေးမြငြိမ်းချမ်းဆဲပါတကား။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ရှိန်း စာသွားကျက်လေ"

"ဟာဗျာ...မမနွေကလည်း တစ်မနက်လုံး ကျူရှင်တက်၊ ဖြ လာကတည်းက တစ်ချိန်လုံး ကျက်နေတာ။ ခဏလေး နားပါရစေ ဦး"

မှန်ပါသည်။ ရှိန်း စာသိပ်ကြိုးစားနေရှာပါ၏။ သူ တစ်ချိန်လုံး စာကျက်နေသည်မှာ ယခု နေ့လယ်နှစ်နာရီလောက် အထိပါ။ မခင် နွေက ခွင့်လွှတ်စွာ ပြုံးလိုက်ရင်း...

"ကဲ... နားမယ်ဆိုလည်း အိမ်ရှေ့မှာ သွားနားလေ။ ဒီမှာ ရေတွေ စိုကုန်လိမ့်မယ်"

မခင်နွေမှာ မီးဖိုဆောင်၏ ပြင်ပရှိ အုတ်ကန်ကြီးဘေးတွင် အဝတ်များ လျှော်နေသည်မို့ပါ။

"မမနွေနားမှာ နေရတာထက် နားလို့ ကောင်းတဲ့နေရာ ရှိန်း အတွက် ဘယ်မှာမှ မရှိဘူး"





"ကဲ ဒါဖြင့် ဟိုနားမှာထိုင်၊ ရေတွေ စဉ်ကုန်လိမ့်မယ်"

မခင်နွေကလည်း နှစ်သိမ့်ကြည်နူးစွာ ကြည့်ရင်း ရှိန်းကို း‌ဘေးမှာ ထိုင်ခိုင်းပါသော်လည်း...

ရှိန်းက မလုပ်စဖူး လုပ်၍လားမသိ။ သူခါးတောင်းကျိုက် ်ကျိုက်သည်က မသေမသပ်နှင့်။ မခင်နွေက ရယ်ရင်း...

"ဘာလုပ်မှာလဲ"

"မမနွေကို ကူလုပ်ပေးမလို့"

"သွားစမ်းပါ၊ မဟုတ်တာတွေ"

"မသွားပါဘူး၊ အဝတ်မလျှော်တတ်ပေမယ့် ရေတော့ ဆေး တတ်ပါတယ်။ ဒါ လျှော်ပြီးသားတွေနော်"

"နေပါစေ ရှိန်းရာ...ဖယ်ပါ...မလုပ်ရဘူး"

"လုပ်မှာပဲ"

မခင်နွေ လျှော်ပြီးသား ဆပ်ပြာရေ စင်အောင် မဆေးရသေး သော ပုဆိုးများ၊ စောင်များကို ဇလုံကြီးထဲ ထည့်လိုက်သည်။ ပြီး တော့ ကန်ထဲမှ လျှံပြည့်နေသော ရေများကို သူ ခွဲထည့် ဖြည့် လောင်းနေပါ၏။ မခင်နွေမှာ ယခုလို စောင်၊ ခြင်ထောင်စသော အထည်ကြီးများ လျှော်ဖွတ်သည့်အခါတိုင်း ရေချိုးခန်းမှာ မလျှော်ပါ ဘဲ အပြင်တွင် အားပါးတရ ထွက်လျှော်လေ့ရှိသည်။

"ရှိန်းရာ...သွားစမ်းပါ၊ လုပ်လည်း မလုပ်တတ်ဘဲနဲ့"

ခါးတောင်းကြီး ကျိုက်ပြီး ပုံမကျပန်းမကျ အဝတ်များ ရေညှစ် နေသော ရှိန်း၏ အဖြစ်ကို မခင်နွေ ရယ်မောရင်း ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျကျနန လုပ်တတ်သည့် အရာလေးကို မြင်လျှင်လည်း ချီးမွမ်း
နှင့် ချစ်မိသည်။ ယခုလို မလုပ်တတ် လုပ်တတ် လုပ်နေသည်
မြင်ရပြန်တော့လည်း ကရုဏာစိတ်လေးနှင့် ချစ်ရပြန်သည်။

ရှိန်းက ရေစက်လက်နှင့် အဝတ်များကို ရေတွင်းဘောင်
တင်ရင်း...

"မသွားပါဘူး။ လုပ်တတ်အောင်ကို သင်တန်းတက်ထား
မယ်။ တော်ကြာ... ကလေးအနှီးလျှော်ရမယ့် ကောင်ပဲဟာ"

"ဟင်းနော်"

မခင်နွေက ပါးစပ်က ပြောရင်း ရေတစ်လက်ခုပ်နှင့် ရှိန်း
မျက်နှာကို လှမ်းပက်လိုက်သည်။ ရှိန်းက ဟက်ဟက်ပက်ပက် ရယ်
မောရင်း မခင်နွေကို ရေနှင့် ပြန်ပက်သည်။

တစ်ယောက်တလှည့် ပက်ကြရင်း နှစ်ယောက်လုံး ရွှဲရွှဲစို ကု
တော့သည်။ တိမ်းရင်းရှောင်ရင်း အော်ဟစ်ရင်း ကြည်နူးစွာ ရယ်မော
မိကြသည်။

"တော်ပြီ...တော်ပြီ၊ ရှိန်းအရှုံးပေးတယ်။ မမနွေ အအေး
ကုန်လိမ့်မယ်"

ရှိန်းက ပြောပြီး ဟန်ကြီးတစ်ခွဲသားနှင့် အဝတ်များကို အားပါး
တရ ဆေးပြီး အနီးမှ ကြိုးတန်းမှာ သွားလှန်းသည်။

ရေမစင်ဘဲ လှန်း၍ ရေက စက်လက်။ မခါဘဲ လှန်း၍ အဝတ်
တွေက တွန့်ကြေပူးကပ်နေသည်။ ခင်နွေ မပြောတော့။ ပြီးမှ ပြင်ရ
ပါတော့မည်။





ရှိန်း အနားမှာရှိနေသည်ကိုပင် အလိုလိုနေရင်းပျော်နေမိသည်။

"မမနွေ"

"ရှင်"

"လူ့စွမ်းအားတွေနဲ့ အရာရာကို ပြုပြင်ဖန်တီးလို့ ရနေပြီနော်"

"အဲဒါ ဘာဖြစ်လဲ"

"ရှိန်း သိပ်ဖြစ်ချင်တာ တစ်ခုကျတော့ သိပ္ပံပညာရှင်တွေ ဘာလို့ မလုပ်နိုင်ကြတာလဲဗျာ"

"ရှိန်းက ဘာဖြစ်ချင်လို့လဲ"

"အချိန်ကို လျှော့ချင်တယ်"

"ဘာ..."

"နှစ်ကာလတွေကို ဆွဲချပစ်ချင်တယ်"

"ရှိန်းနော်"

"တကယ်ဗျာ...ရှိန်းနဲ့ မမနွေနဲ့ကြားမှာ ဘာလို့ လေးနှစ်လောက် ခြားနေရတာလဲ။ ဘွဲ့ဆိုတာလည်း ဘာအတွက် ဒီလောက် အရေးကြီးနေရတာလဲဟင် မမနွေရယ်"

"ဘွဲ့တွေ အချိန်တွေကြောင့် မဟုတ်ဘူး ရှိန်း။ ကိုယ့်အရွယ် လည်း ကိုယ်ပြန်ကြည့်ဦး၊ ကလေး စိတ်ပျောက်တာ ဘယ်နေ့ကမှ ဆိုတာရော ကိုယ့်ကိုယ်ကို သိရဲ့လား"

"မသိပါဘူး၊ ဘယ်နေ့ကမို့လဲ"

"ပေါင်းတည် စွယ်တော်လှည့်တဲ့နေ့က"

"အဲ...သိပြီ၊ မြို့ကြီးရွာရဲ့ လယ်ကွင်းပြင်ဘောလေးမှာ မမနွေနဲ့ ပြေလည်မှုရတဲ့အချိန်က"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့လည်း သိသားနဲ့"

"အဲဒီနေ့ကမှ လူကြီးစိတ် တကယ်ဝင်တာလို့ ပြောမလို့ မဟုတ်လား"

"ဒါပေါ့"

"ဒီရင်ထဲက မမနွေကို ချစ်နေတာပဲ"

"ဒါဆို ရောထွေးနေတဲ့ အချစ်တွေနဲ့ ကလေးလိုလို၊ လူကြီးလိုလို ချစ်ခဲ့တာ။ မမနွေ ခွဲထွက်လာတော့မှ မမနွေကို ပိုင်ဆိုင်ချင်တဲ့စိတ်နဲ့ ချစ်တာ မဟုတ်လား"

"အေးဗျာ...ရှိန်း သရုပ်တော့ မခွဲတတ်ဘူး၊ ဒါပေမယ့် ရှိန်းရင် ထဲမှာ မမနွေကို ဘယ်လိုချစ်မှန်း မသိဘူး။ သိပ်ချစ်တာပဲ။ မမနွေ ကရော ဟင်"

"ရှိန်းရယ်"

"ပြောစမ်းပါ မမနွေရယ်၊ မမနွေရဲ့ ရင်ထဲမှာလည်း ရှိန်း လောက် နီးနီး ရှိနေမှာပါ"

"ရှိန်းလောက်နီးနီး"

"အင်းပေါ့"

"မဟုတ်ဘူး ရှိန်း"

"ဗျာ...မမနွေ"

"ဒီကမ္ဘာပေါ်က လူသားတွေရဲ့ အချစ်တတ်နိုင်ဆုံး နှလုံးသား ဆိုတာကို စံတင်ထားနိုင်ကြရင် မမနွေရဲ့ ရင်ကို ခွဲပြီး ယှဉ်ရပါတယ် ရှိန်းရယ်"

"မမနွေ"





"မမနွေ ရှိန်းကို ချစ်တာလေ ပိုင်ဆိုင်ခွင့်မရလည်း ချစ်မယ်။ ခွဲလွှတ်ရလည်း ချစ်မယ်။ ရှိန်းက မုန်းသွားလည်း ချစ်မယ်။ ပစ်သွား လည်း ချစ်မယ်။ ပြီးတော့လေ ရှိန်း..."

"ဗျာ..."

"အမေ ပစ်သွားပြီး အဖေကလည်း...အို...ဘာပဲဖြစ်ဖြစ် မိခင် ကိုယ်စား သနားစိတ်မျိုးနဲ့ မမနွေရဲ့ ရင်ထဲမှာ ခွဲပြီး ထည့်ထားချင် လောက်အောင် ချစ်ပါတယ် ကလေးရယ်။ ပြီးတော့... ဒီလောက် ကြီးမားတဲ့ အကြင်နာ မေတ္တာတွေဟာလည်း မမနွေရဲ့ နှလုံးခုန် ရပ်သွားတဲ့နေ့မှပဲ ရပ်ဆိုင်းသွားမယ်ဆိုတာလည်း ရှိန်းယုံထားပါ"

"ယုံပါတယ် မမနွေ။ ရှိန်း ယုံပါတယ်ဗျာ"

"တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ထိ အသည်းခိုက် အောင် ချစ်ကြရင်းနဲ့ အချိန်တွေ စောင့်ကြပါစို့ကွယ်။ မောင်လေးက ငယ်လွန်းသေးလို့ပါ။ ပြီးတော့လည်း တစ်အိမ်တည်း တူတူနေကြရ တာပဲ"

"အတူနေရတယ်ဆိုပေမယ့် ဝေးကွာ သီးခြားထားသလိုကြီးမို့ ရှိန်းတော့ မရောင့်ရဲနိုင်ဘူး။ ဒါပေမယ့် မမနွေရဲ့ စကားကို နား ထောင်တဲ့အနေနဲ့ ရှိန်းမမနွေ ပြောသလိုနေပါ့မယ်"

"မမနွေလည်းလေ...အို...မမနွေ ကိုယ်တိုင်က ရင်က ပွင့်ကျ နေမိပြီ။ မမနွေတို့ ပြန်ထိန်းသိမ်းကြပါစို့လား အချစ်ဆုံးရယ်"

"အချစ်ဆုံးရယ်တဲ့လား မမနွေ"

"တော်ကြပါစို့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ရှိန်းက ဘာမှ မပြောရှာတော့ပါဘဲ မခင်နွေကိုသာ မချင့်မရဲ မျက်ဝန်းလေးနှင့် စိုက်ကြည့်နေသည်။ မခင်နွေကလည်း နုပျိုသော အသည်းလေးရဲ့ မျက်နှာကို ငေးကြည့်နေမိသည်။

တစ်ယောက်ရင်ခွင်မှာ တစ်ယောက် ခိုနားချင် ထွေးပွေ့ချင်စိတ်များကို မျိုသိပ်နေရကြောင်း အသည်းနှလုံး နှစ်စုံချင်း နားလည်နေကြသည်။

"ဒီ့ဘာတိုးလည်း မမြင်ပါလား"

မခင်နွေကပင် စတင်၍ စကားလွှဲပစ်ရသည်။

"ဧည့်ခန်းထဲမှာ မမနွေရဲ့ ဖေဖေရော ကြီးစောပါ ဘာတွေ ပြောနေကြလဲ မသိဘူး"

"အေး...ခုတလော ကြီးစောနဲ့ အဘတိုးလည်း မကြာခဏ တိုင်ပင်နေကြတာ မမနွေ တွေ့တယ်"

"အလှူလုပ်မလို့လား မသိဘူး"

"ဟုတ်လို့လား"

"မသိပါဘူး၊ ဖိတ်ဖို့ဆိုလား၊ ပြောနေသံ ကြားတယ်၊ ရှိန်းထွက်လာတော့ မပြောတော့ဘူး"

"တို့နဲ့ မဆိုင်လို့ ထင်ပါရဲ့"

"ဟုတ်မှာပေါ့။ မေမေ့အကြောင်းလား မသိပါဘူး၊ မေမေထွက်သွားတာလည်း မနှစ်က ဒီလိုအချိန်ပဲ။ ရှိန်း စာမေးပွဲဖြေခါနီး"

မခင်နွေ၏ ရင်မှာ ရှိန်းစကားကြောင့် နင့်သွားအောင် သနားမိသည်။ အမေပစ်ရုံမက အဖေကလည်း သားအရင်းမဟုတ်ဘူး ဆိုပါလား





"ဖေဖေ့ကို မုန်းသွားဦး...ရှိန်းဆီကိုတောင် လုံးဝမဆက်သွယ်ဘူး။ မေမေဘယ်ရောက်နေလဲ မသိဘူးနော်"

မိခင်ပျောက်နေသော ကလေးငယ်တစ်ယောက်၏ အသွင်သဏ္ဌာန်အတိုင်း ရှိန်း၏ မျက်နှာလေးမှာ ချက်ချင်းညှိုးလျော်သွားရှာသည်။

"ဒီမှာလေ၊ အမေကိုယ်စားလည်း ချစ်မယ့် မမနွေ"

မခင်နွေက ရှိန်းရွှင်ပျလာစေရန် သူ့ရင်သို့ လက်ညွှန်၍ ဆက်ပြောသည်။

"အစ်မ ကိုယ်စားလည်း ချစ်မယ်၊ ပြီးတော့ လူဆိုးလူနဲ့လေးချစ်စေချင်သလိုလည်း ချစ်မယ့် မမနွေတစ်ယောက်လုံး ရှိနေပြီပဲ။ မပြည့်စုံသေးဘူးလား လို့"

"ပြည့်စုံပါပြီတဲ့ဗျာ။ မမနွေဟာ ရှိန်းဘဝအတွက် အရာအားလုံး အစအဆုံး ပြီးပြည့်စုံစေနိုင်တဲ့ မေတ္တာအရှင်သခင်မဆိုတာ ရှိန်းသိပါပြီ မမနွေ"

✻



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၉)

"ခင်နွေ"

"ရှင်...ကြီးစော"

"ညည်းကိုတိုင်ပင်စရာရှိလို့တဲ့"

"ဘယ်သူကလဲ"

"ညည်း ဦးလေးကရော၊ ညည်း အဘတိုးကရော၊ ငါပါပေါ့အေ လာ...အိမ်ရှေ့ကို"

"ဘာများပါလိမ့်"

ဟူသော ပေါ့ပေါ့တန်တန် စိတ်နှင့်ပင် မခင်နွေ အိမ်ရှေ့ ထွက်လာရသည်။

လူကြီးဝိုင်းမှာ မိမိပါ ပါဝင်ခွင့် ရသည်ဆိုပါ၍ ရှိန်းအကြောင်းပင် ဖြစ်ရမည်ဟု မခင်နွေ တပ်အပ်တွေးပြီးသားပါ။

"ထိုင် သမီး"

အဘတိုးက ဖိတ်ခေါ်သည်။ ဦးလေးက တည်ငြိမ်စွာ ကြည့်နေ





သည်။ မခင်နွေနှင့် ကြီးစောတို့ ဆိုဖာဆက်တီပေါ်တွင် ထိုင်လိုက်ကြရသည်။

"မနွေ"

"ရှင်...ဦးလေး"

"ဦးလေးမှာ အဖေဘုန်းကြီးကလွဲလို့ ဘယ်သူမှ အရင်းအခြာမရှိဘူး။ ဒီတော့ အခု ဒီအိမ်သား သုံးယောက်ဟာ ဦးလေးအတွက် အရင်းနှီးဆုံး တိုင်ပင်ပြောကြားရမယ့် သူတွေပဲ"

"ဟုတ်ကဲ့ပါ ဦးလေး"

"အဘတိုးက ဦးလေးရဲ့ အဘိုးလေးမို့ အဖေပဲဆိုပါတော့။ ဒေါ်စောဆိုလည်း အမေလို အဒေါ်သဘောထားပြီး ဦးလေးရဲ့ ဆန္ဒကို ဖွင့်ပြောတိုင်ပင်ပြီးပါပြီ"

"ဘာကိုပါလဲ ဦးလေး"

"မနွေကို ဦးလေး လက်ထပ်ပါရစေ"

"ရှင်...ရှင်"

မခင်နွေ၏ တစ်ကိုယ်လုံး ခြောက်ခြားတက်သွားသလို ထွင်လိုက်ရသည်။ ပြီးတော့လည်း လျှပ်စစ်ဓာတ်နှင့် ထိတွေ့လိုက်ရသည်သို့ပင် တစ်ကိုယ်လုံး တုန်ခါသွားမိသည်။ မူးမိုက်သွားမတတ်ဖြစ်ရပါ၍ ကြီးစော၏လက်ကို ဖက်ဆွဲလှမ်းကိုင်လိုက်ရသည်။

"ဦးလေး အကြိမ်ကြိမ်အခါခါ စဉ်းစားပြီးမှ ဖွင့်ပြောတာပါ။ အသက်လေးဆယ်ကျော် ရှိသေးတဲ့ ဦးလေးဟာ အိမ်ထောင်နဲ့ နေသင့်ပါသေးတယ်။ ဒီအိမ်ကို တခြားမိန်းမတစ်ယောက် ဝင်ကြ...



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အစစအရာရာ အဆင်ပြေမှာမဟုတ်ဘူး မနွေရယ်။ ...
တော့ တို့မိသားစုလေးအဖြစ်နဲ့ ဆက်နေသွားလို့ ရတယ်။ အဓိ...
တော့ သားလေးအတွက်ပါ"

"အို..."

"မနွေကို သူသိပ်ချစ်ရှာတယ်။ တခြားမိန်းမတစ်ယောက်...
လာရင် သူ့ခမျာ အမေရော အမေရော ဆုံးသလို ဖြစ်သွားရှာမယ်..."

"ဒါတော့ ဟုတ်တယ် သမီး"

အဘတိုးက ဝင်ထောက်ခံသည်။

"မနွေနဲ့သာ လက်ထပ်လိုက်ရရင် သူ့အတွက်လည်း သိ...
အဆင်ပြေသွားရှာမယ်။ အဖေနဲ့လည်း မခွဲရ၊ သူချစ်တဲ့ အစ်...
လည်း မခွဲရတော့ဘူးပေါ့"

"အမယ်လေး..."

မခင်နွေ ရင်ဘတ်ကို ဖိပြီး ခေါင်းငုံ့ပစ်လိုက်ရသည်။ ရှိ...
အတွက် ဆိုသည်ကို မကြားရဲပါ။

"ခင်နွေ"

ကြီးစောက ငုံ့သွားသော မခင်နွေ၏ ပခုံးကို ကိုင်ပြီး...

"ပထမ ကိုသက်ထွန်းက ပြောတော့ ငါဖြင့် သိပ်မယုံချင်ဘူး...
အိမ်ဖော်မိန်းကလေးနဲ့ သူဌေးတို့ရဲ့ ဇာတ်လမ်းတွေ ဒုနဲ့ဒေးမဟုတ်...
လား။ ဒါပေမယ့် အခုလို တင့်တင့်တယ်တယ် တရားဝင် လက်ထပ်...
ယူပါမယ်လို့ တို့ကို ဖွင့်ပြောလာတော့ ငါဖြင့် ဝမ်းသာလိုက်တာ
အေရယ်"





"အဘတိုးလည်း ဝမ်းမြောက်တယ် သမီး၊ မောင်ထွန်းအတွက်
...ည်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်မယ်။ ကလေးလည်း ပျော်
...ယ်"

"ဟာ..."

"ပြီးတော့ ငါ့သမီးအတွက်လည်း သူဌေးကတော်အဖြစ်နဲ့ ဝင့်
...ဝင့်ထည်ထည် ဒီအိမ်မှာ နေနိုင်ပြီ"

"ဟုတ်တယ်၊ ကြီးစောတို့ ဦးတိုးတို့လည်း ညည်းနဲ့ဆိုတော့
...အံကျပြီးသား။ အားလုံးအဆင်ပြေတယ်။ ကိုသက်ထွန်းကိုလည်း
...ကျေးဇူးတင်မိတယ်။ အမြန်ဆုံး ရက်ကောင်းရက်သာ ရွေးပြီး တရား
...ရုံးမှာ လက်ထပ်၊ မင်္ဂလာဆွမ်းလောင်းကျွေး၊ ပြီးရောပေါ့။ တရားဝင်
...ဖို့သာ အရေးကြီးတာပါ"

"နေပါဦး ဒေါ်စောရယ်၊ မနွေဆန္ဒအတိုင်း ကျွန်တော်လုပ်ပေး
...ချင်တယ်။ မင်္ဂလာအခမ်းအနားဖြစ်ဖြစ် ဧည့်ခံပွဲဖြစ်ဖြစ် သူလုပ်
...ချင်တာ လုပ်ပေးပါရစေ"

"ကဲ...ကြားလား ခင်နွေရယ်၊ ညည်းကံကတော့ ရှားပါပေ
...တယ်။ ဟဲ့...အို...ဘာလို့ ငိုနေတာလဲ"

"မနွေ ရှက်နေသလားကွယ်၊ ကိုယ့်အိမ်သားတွေချည်းပါ။
...ဦးလေး မနွေကို လက်ထပ်ယူမှာ ယူသင့်လို့ချည်း မဟုတ်ဘူး။ မေတ္တာ
...လည်း ရှိလို့ပါ မနွေ"

ဦးသက်ထွန်း၏ တည်ငြိမ် ညင်သာသော စကားအဆုံးတွင်
...မျက်ရည်များစွာနှင့် မခင်နွေက ခေါင်းကို သွက်သွက်ခါ ရမ်းလိုက်
...ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးရဲ့ စေတနာကို မနွေ ကျေးဇူးတင်ပါတယ်။ ဒါပေမ မနွေ ငြင်းပါတယ်။ ဦးလေးကို လက်မထပ်ပါရစေနဲ့။ မနွေ တောင်း ပန်ပါတယ် ဦးလေးရယ်။ မနွေကို ဘယ်လိုနည်းနဲ့မှ လက်ထပ် မယူ ပါနဲ့ရှင်"

မခင်နွေမှာ လှိုက်လှဲစွာ ငို၍ ဧည့်ခန်းတွင်းမှ ပြေးထွက်လာ သည်။

လုံးဝမမျှော်လင့် မထင်မှတ်သော ဖြစ်ရပ်များကြောင့် ရှက် ကြောက်ခြင်း ကြီးစွာဖြင့် အိပ်ခန်းတွင်း ဝင်၍ မခင်နွေမှာ ရင်နာ လွန်းစွာဖြင့် လှိမ့်၍ငိုပစ်လိုက်မိသည်။

"ရှိန်းများ သိသွားရင်..."

မတွေးရဲတော့။ ဆက်မတွေးရဲတော့ပါ။ သူကျူးရှင်သွားနေ၍ တော်ပါသေးသည်။

"ဟဲ့...ခင်နွေ"

ကြီးစော အခန်းတွင်း ဝင်လာသည်။

"ညည်းကလည်း ပြောင်းပြန်အေ၊ ငိုစရာမှ မဟုတ်တာ။ ငါက ညည်းကို သမီးလေးလိုချစ်တော့ ဝမ်းသာလိုက်တာမှ ရင်ထဲမှာ အလုံးကြီးကို ဆို့နေတာပဲ"

ဒေါ်စောက မခင်နွေ၏ ခုတင်မှာ ထိုင်၍ ရယ်မောရင်း ပြော နေသည်။

"မောင်သက်ထွန်းက ညည်းကို တကယ်မေတ္တာရှိရှာတာ။ သူ ညည်းကို စိတ်ဝင်စားနေတာ ကြာပြီ။ ဒါကြောင့် ညည်းကို ငါ စိတ်





ချလို့ အိမ်တောင်မပြန်ဘူး။ မတော် ကြောရုံများ ကြဲသွားမလားလို့ ငုလို တို့ကို ဖွင့်ပြောပြီး တရားဝင်လက်ထပ်မယ်၊ ညည်းဆန္ဒရှိရင် မင်္ဂလာဧည့်ခံပွဲတောင် လုပ်ပေးဦးမယ်ဆိုပဲ။ ငါဖြင့် ဝမ်းသာလိုက် တာအေ။ ငိုမနေစမ်းပါနဲ့"

"ကြီးစောရယ် ကြီးစော မသိပါဘူး"

"ငါ အကုန်သိပါတယ်အေ။ အပျိုလေးအရွယ်လေးဆိုတော့ ဒီ ကိစ္စမျိုး မကြားရဲဘူး၊ ရှက်တာပေါ့။ နောက်တော့လည်း ပြီးသွား မှာပါ။ အဟား...ဟား သူဌေးကတော်မကြီး၊ ကျုပ်တို့ကိုလည်း ဆွေပါ၊ မပဟောက်ပါနဲ့တော်။ ဟား...ဟား...ဟား...ကဲပါ ထိတ် စမ်းပါ။ အမြန်ဆုံး မင်္ဂလာကိစ္စ စီစဉ်ကြရအောင်"

❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"မမနွေ့ သိပ်နေမကောင်းဘူးလားဟင်၊ ဆရာဝန်ခေါ်မှ ထင်တယ်"

မခင်နွေ့နှင့် ရှိန်း ညက မတွေ့ဖြစ်တော့။ နေမကောင်း၍ အိပ်သွားပြီဟု ကြီးစောက ပြောပြီး တံခါးပိတ်ထားလိုက်သည်။

သည်နေ့ မနက်တော့ ရှိန်းက မခင်နွေ့၏ ခုတင်ဘေးမှာ လာရပ်၍ လက်ကလေးဆွဲရင်း မေးနေရှာသည်။

"ရှိန်း...မောင်လေးရယ်"

"ဟင်...မမနွေ့...မမနွေ့ ငိုနေတယ်။ ဟာဗျာ... ဘာဖြစ်လို့လဲဟင်။ ဘာဖြစ်လို့လဲ မမနွေ့ရယ်။ ရှိန်းကို ပြောစမ်းပါဦး"

ရှိန်း ပျာယာခတ်သွားရှာသည်။ နီမို့နေရှာသော မခင်နွေ့၏ မျက်ဝန်းများ၊ တုန်နေသော မခင်နွေ့၏ နှုတ်ခမ်းလေးများကို ရှိန်းက အလန့်တကြား ကြည့်လိုက်သည်။

"ရှိန်းကို ပြောစမ်းပါတဲ့"



"ငါ ရှိန်းကို ဖွင့်ပြောလိုက်ရမလား"

"ဒါဆို ရှိန်းလည်း ငါ့လိုပဲ အံ့ဩစိတ်နဲ့ သိပ်လန့်သွားရှာမယ်"

"ဒါဆို သူ ငါ့ကို ဒီအိမ်မှာ ထားရဲမှာ မဟုတ်တော့ဘူး"

"ဟုတ်တယ်။ ရှိန်းကို ငါဖွင့်ပြောပြပြီး တို့ထွက်ပြေးကြမယ်။ အိမ်က ပြေးကြမယ်"

မခင်နွေ့က သည်ဆုံးဖြတ်ချက်များဖြင့် အိပ်ရာမှ ထပြီး လန့်ကြောက်လာသူ တစ်ယောက်လို ရှိန်းကို အားကိုးတကြီး ဖက်ထားလိုက်မိသည်။

"ရှိန်း"

"မမနွေ့...ကိုယ်တော့ မပူဘူး။ ဘယ်နေရာက နေမကောင်းတာလဲ...ဟင်"

"နေကောင်းပါတယ်"

"ဟင်...ဦးကုန်းက ဘာသတင်းကြားရလို့လဲ"

မခင်နွေ့ ခေါင်းခါပြမိသည်။

"ဒါဖြင့် ဘာဖြစ်တာလဲ။ မမနွေ့ ငိုတော့ ရှိန်းလည်း ငိုချင်လာပြီ။ ဘာဖြစ်လို့လဲ မမနွေ့ရဲ့"

မခင်နွေ့က ရှိန်း၏ ပခုံးပေါ်မှာ မျက်နှာကပ်၍ ပါးချင်းအပ်ပြီး ခေါင်းခါ၍သာ ပြနေမိသည်။ သူဘာကစ၍ ပြောရမှန်းမသိ။ ရင်ထဲတွင်လည်း ကြေကွဲခြင်းများဖြင့် ဆို့ပိတ်နေသည်။ ဘာစကားလုံးမှ ထွက်ပြူနိုင်စွမ်းအားမရှိတော့။

"နေလည်းကောင်းတယ်။ ဦးကုန်းကလည်း ဘာမှမဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဒီအိမ်နဲ့ ဖြစ်တဲ့ ပြဿနာပဲ။ ဖေဖေနဲ့ပဲ ဖြစ်ရမယ်။ ဟုတ်တ
မဟုတ်လား မမနွေ"

မခင်နွေ ခေါင်းညိတ်ပြမိသည်။

"မမနွေကို ဘာပြောလို့လဲ။ ဘယ်လိုဆူလို့လဲ။ ငွေပျော
တယ်တို့ အသုံးကြီးတယ်လို့ ပြောသလား၊ သူဌေးနဲ့ အိမ်စေဆို
စိတ်မျိုးနဲ့ မမနွေကို ဆူရင် စိတ်ဆင်းရဲအောင် လုပ်ရင် ကိုယ့်အ
ပေမယ့်လည်း ရှိန်း မခံဘူး၊ မမနွေဘက်က ရှိန်းအမြဲ ရှိနေတယ်
အားမငယ်နဲ့။ မငိုနဲ့နော် မမနွေ...အဘိုးကြီးကို ရှိန်း ချဲပစ်မယ်
မမနွေကို ဘာအတွက် ဆူတာလဲသာ ပြောစမ်းပါ"

"အို...ရှိန်းရယ်"

"ဖအေကလည်း မနွေ သူ့ကို လက်ထပ်ရင် သူ့သားပျော်မှာ
ပါတဲ့"

"သားကလည်း အိမ်စေအနေနဲ့ သူ့အဖေဆူလို့ ဖြစ်ရမယ်တဲ့"

"တစ်ယောက်နဲ့ တစ်ယောက် အထင်ကြီးနေကြပါလား
မတွေးအပ်တာကို မတွေးတတ်ကြပါလား။ မတွေးမိကြလားနော်..."
ဟု ရင်တွင်းမှာ မြည်တမ်းရင်း...

"ပြောမယ်ရှိန်း...ဒါပေမယ့် မနွေ ဘာပြောလို့မှ မရသေးဘူး
ရင်ထဲမှာ..."

မခင်နွေ တကယ်ပင် ဆက်မပြောနိုင်ရှာတော့...

"ဘာမှ မပြောချင်နေ။ ဖေဖေ့ကြောင့်ဆိုတာတော့ ဟုတ်တယ်
မဟုတ်လား"





မခင်နွေ ခေါင်းညိတ်ပြမိပြန်သည်။

"ဒါဆို တိတ်ပါတော့ မမနွေရာ၊ အဘိုးကြီးကို ရှိန်းပိုင်ပါတယ်။
မမနွေ ဖြစ်စေချင်သလို ဖြစ်ရမယ်။ ဝမ်းမနည်းပါနဲ့တော့နော်..."

"ဪ...မသိလေခြင်း ရှိန်းရယ်"

စကားသံများ တိတ်ဆိတ်သွားကြသည်။ မခင်နွေမှာ ရှိန်းကို
အားပါးတရ ဖက်ထားမိကြောင်း သတိပင် မထားမိ...

ရှိန်းက မခင်နွေ၏ လက်အောက်မှ လျှိုလျက် ပြန်ဖက်ပြီး သူ့
မမနွေ၏ ပခုံးသားများကို သူ့နှုတ်ခမ်းလေးနှင့် မွှမွှလေး လိုက်
ကိုက်ရင်း...

"မမနွေက စ စည်းဖောက်တာနော်"

"ဟင်"

"ရှိန်းကိုတော့ မထိရ...မကိုင်ရဆို"

"အို"

"ခု မမနွေက စဖက်တော့ ရှိန်းလေ...မမနွေကို ကြေသွား
အောင် ဖက်ညှစ်ပစ်လိုက်ချင်တယ် သိလား။ ပြီးတော့..."

"ရှိန်းရယ်"

သတိတရားရသွားသလို မခင်နွေက ကပ်ထားသော ရင်ခွင်
ချင်း ခွာလိုက်ရသည်။ ရှိန်း၏ ပခုံးနှစ်ဖက်ကို တွန်းထားသလို ဆုပ်
ကိုင်ရင်း ရှိန်း မျက်နှာကို ကြည့်လိုက်မိသည်။

"ငါ့နှယ်နော်၊ မပြောမိအကောင်းသား၊ စောစောက ခိုးနမ်း
လိုက်မိလည်း သူ့သိမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက ပြုံးလို့...

ကလေးအတွေး ကလေး အပြော...ကလေးအမြင်နှင့် သူ့မမ နွေ၏ ရင်ကို မြင်နိုင်စွမ်းမရှိ။

အဖြစ်မှန်ကို မရိပ်မိ မသိရှိလေခြင်း ရှိန်းရယ်...

အခန်း၀မှ ကြီးစော ဖြတ်သန်း၍ လှမ်းကြည့်သွားပါသဖြင့်...

ထိုနေ့ ထိုအချိန်က ထိုမျှနှင့်သာ နိဂုံးချုပ်ကာ ရှိန်းနှင့် သူ့ မမနွေတို့ လူချင်း ခွဲခွာလိုက်ရပါတော့သည်။

❋



## အခန်း (၃၀)

ကြီးစော၏တူမ အတော်နေမကောင်းဟု ဆိုကာ ညနေက ကမာရွတ်အိမ်မှ လာခေါ်သွားသည်။

ရှိန်းလည်း ပြန်မလာသေး၍ မခင်နွေ အိမ်ရှေ့ခန်းမှာပင် ထိုင်လျက် စောင့်နေမိသည်။

"မနွေ သားကို စောင့်နေတာလား"

"ဪ...ဟုတ်...ဟုတ်ကဲ့ဦးလေး"

အပေါ်ထပ်မှ ဦးသက်ထွန်း ဆင်းလာ၍ မခင်နွေစကားပင် ထစ်သွားရသည်။ သူ့ကို အရင်လို ရင်မဆိုင်ရဲတော့...

"မနွေ သွားနားနေလေ...အိပ်ချင်လည်း အိပ်ပါ။ ဦးလေးပဲ သားကို စောင့်ပါ့မယ်"

"ရှိန်း...ရှိန်း...ဘယ်သွားတာလဲ"

"ဦးလေး စိန်ထည်တစ်ခု ပို့ခိုင်းလိုက်လို့ပါ"

ခင်နွေ ထိုင်သည်နှင့် မနီးမဝေးမှာ ရောက်လာရပ်၍ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသော ဦးသက်ထွန်းအနားမှာ လာမထိုင်ဖြစ်မီ မခင်နွေ
လိုက်ရသည်။

သူကိုယ်တိုင် ခွင့်ပြု၍ မခင်နွေမှာ သူ့ရှေ့မှ ကိုယ်လေး
ခေါင်းငုံ့၍ ဝင်လာခဲ့ရသည်။

မိမိ၏ အခန်းလေးတွင်းရောက်မှ အသက်ဝအောင် ရှူရဲ
သည်။ ဦးသက်ထွန်းနှင့် နှစ်ယောက်တည်းမို့ သူဆွေးနွေး မြူ
လာမည့်စကားကို မခင်နွေ မကြားချင်။

ဦးသက်ထွန်းသည် ချမ်းသာသော သူဌေးဖြစ်ရုံမကပါဘဲ က
တစ်ခုလုံးကို ပိုင်ဆိုင်သော သူကြွယ်ကြီး၊ အာဏာရှင်ကြီးဖြစ်ပါ
မခင်နွေ လက်မထပ်လိုပါ။

ဒီကမ္ဘာပေါ်မှာ ရှိသော အဖိုးတန်အရာများ၊ ဂုဏ်ဒြပ်မျာ
ရာထူးဂုဏ်သိမ်များစွာတို့နှင့်လည်း မိမိ၏ အချစ်ကို မလဲလှယ
နိုင်ပါ။

မခင်နွေအတွက် ရှိန်းသည်သာ အဖိုး အနှုန်းထိုက်တန်လှသော
ရတနာပါ။ ဘယ်အရာနှင့်မှ မလဲလှယ်နိုင်သော မိမိ၏ အသည်း
နှလုံးလေးပါ။

ဒီအသက်နှင့် ဒီခန္ဓာ မြဲနေသမျှ မိမိ၏ ရင်ထဲမှ အချစ်နိုင်ဆုံး
သော ချစ်ခြင်းမေတ္တာတရားအားလုံးသည် ရှိန်းတစ်ဦးတည်းမှ လွဲ
၍...

"မနွေ"

"အို..."





ရှိန်းအတွက် အတွေးမဆုံးသေးမီ မိမိ၏ ပခုံးကို ညင်သာစွာ
တိုင်ရင်း တိုးညင်းစွာ ခေါ်လိုက်သော မခင်နွေ၏ အခန်းတွင်းရောက်
ဦးသက်ထွန်း။

"ဟင်...ဦးလေး...အို..."

"ဦးလေးအတွက် မနွေ စဉ်းစားပြီးပြီလားဟင်"

"ဟုတ်ကဲ့...ဟုတ်ကဲ့...စဉ်းစားပြီးပါပြီ။ မနွေ ဘယ်နည်းနဲ့မှ
ဦးလေးကို မယူနိုင်ပါဘူး။ ဦးလေး အပြင်ထွက်ပါရှင်"

"ဦးလေးကတော့ မနွေ ဝမ်းပန်းတသာ လက်ခံလိမ့်မယ်လို့
ထင်မိတာ"

"ဟင့်အင်း...ဟင့်အင်း"၊

"ဦးလေး မနွေအတွက် ဘာတွေ လုပ်ပေးရမလဲကွယ်။ မနွေကို
တကယ်ချစ်တာပါ"

ဦးသက်ထွန်းက မခင်နွေ၏ အနီးကို ကပ်လာပြီး ပခုံးကို လှမ်း
ဖက်လျက် မျက်နှာချင်း အပ်မတတ် ကပ်၍ ပြောလာသည်။

အချိန်က အစောကြီး ရှိပါသေးသည်။ ညခုနစ်နာရီလောက်ပါ။
အကာလ ညသန်းခေါင်လည်း မဟုတ်ပါ။

အိမ်တွင်းမှာ မီးများ လင်းနေသည်။

အပြင်တွင် လရောင်ကလည်း ရွှန်းမြစွာ ထွန်းထွန်းပပ သာနေ
ဆဲ အချိန်မျိုးမှာပင်...

မခင်နွေ၏ အခန်းလေးအတွင်းမှာ ကွက်၍ အမှောင်သည် ပိတ်
ဖုံး အုပ်လွှမ်းသွားခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရှန်းကန် ထွန်းလှန်နိုင်စွမ်းရှိသမျှ အင်အားကို သုံး၍ ရှန်းထွ
ပါသော်လည်း...

အင်အားကြီးသော တဏှာမုဆိုးကြီး၏ ရင်ခွင်မှာ အင်အာ
နည်းသော သားကောင်ငယ်လေးမှာ မရှန်းသာ မလွန့်သာတော့
ချေ။

တစ်ဘဝစာလုံး ဘယ်သောအခါမှ ပြန်လည်၍ ထွန်းလင်းနိုင်
ခွင့် မရှိတော့သော အမှောင်သည် မခင်နွေ၏ ဘဝပေါ်သို့ ခြုံလွှမ်း
ဖုံးအုပ်လိုက်ချေပါပြီတကား။

*



## အခန်း (၃၂)

"ကြီးစော မကောင်းဘူး၊ ကြီးစော မကောင်းဘူး"

မခင်နွေမှာ ကိုယ့်ကြီးကြီး အရင်းအချာလို အပြစ်တင်၍ ကြီးစောကိုယ်ကို လှုပ်ကိုင်ခါရမ်းရင်း အော်ငိုလိုက်မိသည်။

"တမင်ရှောင်ပေးတာတော့ မဟုတ်ရပါဘူးအေ၊ တိုက်ဆိုင်သွားတာပါ။ ငါသွားနေတဲ့ နှစ်ညလုံးလား"

မခင်နွေ ဘာမှ မဖြေတော့။ ဆက်၍သာ ငိုနေမိသည်။

"ခုနေခင်း ငါပြန်လာတော့လည်း ညည်းအခန်းထဲမှာ သူရှိနေတော့ ညည်းတို့ ပြေလည်မှု ရနေကြ..."

"တော်...တော်တော့ ကြီးစော"

မခင်နွေ ကြုံးအော်ပစ်လိုက်မိသည်။

"လှောင်အိမ်ထဲမှာ မိနေတဲ့ ငှက်ကလေး တစ်ကောင်လို ပျံနိုင်စွမ်းမရှိတာ သိလျက်နဲ့ အတောင်တွေချိုး၊ ရင်ကိုခွဲ၊ အသည်းနှလုံးကို အရှင်လတ်လတ်ကြီး ထုတ်ယူခြင်းခံနေရတာ ကြီးစောရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါလား ခင်နွေရယ်"

"ခင်နွေ သေချင်တယ်၊ ဒီလောက်တောင် အခါခါ နွမ်းသွားရတဲ့ ဘဝနဲ့ လူဆက်မလုပ်ချင်တော့ပါဘူး၊ ခင်နွေတော့ ကိုယ့်ကိုယ်ကို သတ်သေချင်တော့တာပဲ"

"ဟဲ့…အို…မဟုတ်တာအေ၊ ဘာကြောင့် သတ်သေရမှာလဲ၊ ဒီအဖြစ်မျိုး တွေ့ကြုံဖူး ကြားဖူးပါတယ်။ ဘဝအနွမ်းခံရရုံသက်သက် ဆိုရင်တော့ ထားပါတော့။ တချို့ဆို ကိုယ်လေးလက်ဝန်ရှိမှ ရှောင်ပြေးကြတယ်။ ဒီလိုပဲ တစ်နည်းနည်းနဲ့ ဖြေရှင်းလိုက်ကြရတာပဲ၊ ဘာလို့ ကိုယ့်ဘဝ အဆုံးခံရမှာလဲ။ အခုဟာက သူ့လက်ထပ်ပါ့မယ် လို့ ပြောဆိုဆုံးဖြတ်ပြီးသားပဲ။ ဘာထူးတော့မှာလဲ ခင်နွေရယ်"

"ခင်နွေ မယူဘူး။ ဦးသက်ထွန်းကို ခင်နွေ ဘယ်နည်းနဲ့မှ လက်ထပ်လို့ မဖြစ်ဘူး"

ဒေါ်စောက ဘာမှ မပြောတော့ပါဘဲ မခင်နွေ ငိုနေသည်ကိုသာ သူ စိုက်ကြည့်နေသည်။

ဒေါ်စောသည် အပျိုကြီးဆိုပါသော်လည်း လူငယ်တို့၏ သဘာဝ၊ လူ့လောက၏ ဖြစ်ရပ်များ၊ အိမ်ထောင်ရေး၏ ရှုပ်ထွေးမှုများစွာ တို့ကို သူနားလည်နိုင်စွမ်း ရှိပါသည်။

အိမ်မင်းစပြုနေသော အရွယ်နှင့် ရင့်ကျက်လွန်းသော အတွေ့အကြုံများကြောင့် ဒေါ်စောသည် မခင်နွေ၏ ရင်တွင်းမှ ဝေဒနာ အရပ်ရပ်ကို သူမြင်နိုင်စွမ်း ရှိသွားပြီ။

"ခင်နွေ…"





မခင်နွေ မထူး၊ ဆက်ငိုနေသဖြင့်…

"ခင်နွေ၊ ဒီမှာကြည့်စမ်း ကြီးစောကို"

"ဘာလဲ ကြီးစောရယ်"

"ညည်းကို ကိုသက်ထွန်းနဲ့ယူဖို့ ငါတရားမချပါဘူး။ ဒါပေမယ့် ငါ စကားပြောချင်တယ်။ ငါပြောမှာကို နားဝင်အောင် ထောင်စမ်းပါလား တူမရယ်"

"မိခင်နွေ သူ့ဒွေးကတော်ဖြစ်ရေးတရားကို မကြားနာနိုင်ဘူး"

"မဟုတ်ဘူး။ ငါပြောမှာ ညည်းနဲ့ ကိုသက်ထွန်းကိစ္စမဟုတ်ဘူး။ ညည်းဘာတွေ ခံစားနေရတယ်ဆိုတဲ့ ညည်းရင်ထဲက ဝေဒနာတွေအကြောင်း"

"ဟင်…"

"ညည်းနဲ့ ဟိုကောင်လေးအကြောင်း"

"ဘာ…"

"ခင်နွေနဲ့ ရှိန်းအကြောင်း"

"ရှင်…"

မခင်နွေမှာ စိုလူးနေဆဲ မျက်ရည်မျက်နှာနှင့် ဒေါ်စောကို လန့်သလို ကြည့်မိသည်။ သူ ပြောမည်ဆိုသော ခေါင်းစဉ်ကို စိတ်ဝင်စားသွားရသည်နှင့် နောက်ထပ် မျက်ရည်များလည်း စီးသွယ် ဆင်းလာတော့။

"ခင်နွေ…ညည်းနဲ့ ဟိုကောင်လေးဟာ မောင်နှမချစ်လည်းမကြ၊ သမီးရည်းစားလည်းမကျဘဲ တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါတွေ လွန်နေကြတာ ကြီးစော သိခဲ့တာ ကြာပြီ"

"ဟင်..."

"ရှေးလူကြီးများစကားရှိတယ်၊ သဒ္ဒါလွန်တော့ တဏှာကျွံ တတ်သတဲ့။ ဒီတိုင်းသာ ဆက်နေသွားရင် ခင်နွေ ညည်းကျွံဖို့ပဲ ရှိ တော့တယ်"

"အာ...မ...ဟုတ်ရပါဘူး ကြီးစောရယ်"

"ကြီးစောပြောတာ နားထောင်စမ်း။ ညည်း ဒီကောင်လေး ကြောင့် ဒီလောက်ဖြစ်နေတယ်ဆိုတာ ငါသိပါတယ် ခင်နွေ။ ဟိုနေ့က လည်း ညည်း သူ့ကို ဖက်ငိုနေတာ ငါမြင်ပါတယ်။ သူ့ကို ပြောပြလိုက် ပြီလား"

"ဟင့်အင်း...ဘာ...ဘာမှ မပြောရသေးပါဘူး"

"ကောင်းပါလေရဲ့အေ၊ ကိုသက်ထွန်းကတော့ ဘာမှ မသိရှာ ပါဘူး"

ဒေါ်စောသည် မခင်နွေ၏ ပခုံးလေးကို ကိုင်သည်။ မျက် ရည်များ သုတ်ပေးသည်။ ရေတစ်ခွက် ခပ်တိုက်သည်။ မခင်နွေ၏ စိတ်တည်ငြိမ်သွားအောင် သူကူညီပေးပြီးမှ ရှည်လျားသော စကား များကို ဆက်လက်ပြောကြားပါတော့သည်။

"ပထမဆုံး စပြောချင်တာက ဒီကလေးဟာ ကိုသက်ထွန်း သားမဟုတ်ဘူး။ မြမြ တခြားလူနဲ့ရခဲ့တာ"

"သိပါတယ်။ ဒါကြောင့် ပိုသနားတာပေါ့"

"ဒီမှာ ကြီးစောပြောမယ်၊ ကိုသက်ထွန်း ခုလို မပြောခင် သူ





ကိုယ်တိုင်က ညည်းကို ဇနီးအဖြစ်ယူဖို့ မဆုံးဖြတ်ခင်က ဒီကောင် လေးနဲ့ ညည်းနဲ့ယူသွားရင် နည်းနည်း တော်ဦးမယ်။ ခုလို သူက ချည်မှန်းထားပြီးကာမှ ညည်းနဲ့ ရှိန်းနဲ့ ခိုးပြေးသွားကြရင် ကိုသက် ထွန်းက ရှိန်းကို စွန့်ပစ်လိုက်မှာ။ နဂိုကတည်းက သူ့သားမှ မဟုတ်ပဲ၊ ပြီးတော့ သူချည်မှန်းထားတဲ့ မိန်းမကို..."

"တော်ပါတော့ ကြီးစော၊ ဒီလိုဘဝမျိုး ရောက်ပြီးမှတော့ ခင်နွေ ရှိန်းကို မယူရက်တော့ပါဘူး"

"ဒီစကားကို ကြားရတာ ငါဝမ်းသာတယ် ခင်နွေ။ ရှိန်းကို မယူ ရက်ပေမယ့် ညည်း သူ့ကို သနားတယ်၊ ချစ်တယ်၊ စေတနာရှိတယ် မဟုတ်လား"

"မခင်နွေ အသက်နဲ့အမျှ ရှိန်းအပေါ် စေတနာရှိနေမယ်"

"ဟုတ်ပြီ၊ ဒါဆို ဆက်တွေးလိုက်စမ်းပါခင်နွေရယ်။ ညည်းနဲ့ ကိုသက်ထွန်းနဲ့ရမှသာ ဒီကောင်လေး ဒီအမွေတွေ ခံစားနိုင်ခွင့်ရှိမှာ။ ညည်းစေတနာရှိသလောက်လည်း ပေးလို့ ဖြစ်လာမှာပဲ။ ကိုသက် ထွန်းဟာ သူ့လက်ပေါ်မှာ ကြီးတဲ့ ရှိန်းကိုတော့ ချစ်ရှာပါတယ်"

"ဒါပေမယ့် ခင်နွေရယ် စဉ်းစားစမ်းပါ။ တခြား မိန်းမ တစ် ယောက်ကို ကိုသက်ထွန်းယူကြည့်၊ ဒီကလေး ကပ်လို့ရတော့မှာ မဟုတ်ဘူး"

"ညည်းနဲ့ ရှိန်းနဲ့ ယူဖြစ်ကြရင်လည်း ဒီအိမ်ရိပ်မှာ ကပ်ခွင့်မရလို့ ဆင်းရဲကြမယ်"

"ညည်း ကိုသက်ထွန်းကို မယူဘူးဆိုရင်လည်း ရှိန်းရဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ရေးဟာ ချမ်းသာလောက်အောင် အမွေရဖို့ လမ်းမရှိတော့ဘူး

"ဒီတော့ ခင်နွေ့ရယ်၊ ကိုယ့်အတွက်သာ ကိုယ်ကြည့်မယ်ဆိုရင် ညည်းသိပ်ချစ်တဲ့ ရှိန်းဟာ သူ့ဘဝတစ်ခုလုံး ပင်ပန်းဆင်းရဲရမယ် ဒီအိမ်ရိပ်က လွင့်ခွာသွားရမှာပဲ"

"ရှိန်းအတွက် ဟုတ်လား"

"ဟုတ်တယ် ခင်နွေ့။ သူရော ညည်းရောအတွက်ပါ"

"မနွေ့ဘဝက မထူးတော့လို့ ဘာပဲဖြစ်ရဖြစ်ရ ရှိန်းသာ ကောင်းစားချမ်းသာမယ်ဆိုရင် မနွေ့ အရာအားလုံးကို စွန့်လွှတ်နိုင်ပါတယ်"

"အဲဒါ ညည်း ကိုသက်ထွန်းကို လက်ထပ်မှ ညည်းပြောသလို ဖြစ်မှာပေါ့။ ညည်း ပေးချင်သလို ပေးလို့ရမှာပေါ့"

"ပစ္စည်းကိစ္စကတော့ ထားပါတော့ ကြီးစောရယ်။ သူ မနွေ့ကို သိပ်ချစ်ရှာတယ်။ သိပ်မျှော်လင့်ရှာတယ်။ မနွေ့နဲ့ သူ့အဖေနဲ့ ယူသွားတယ်ဆိုရင်...အို...သူ သိပ်ခံစားရမှာ။ မနွေ့ သိပ်သနားတယ် မနွေ့ပဲ ရင်ကွဲလို့ အသည်းတွေ ကြေရပါစေ။ သူ့ကို ဘာမှ မခံစားရစေချင်ဘူး။ ကူးပြောင်းယူလို့သာ ရရင် မနွေ့ တစ်ယောက်တည်း ခုလိုမျိုး နှစ်ဆ ခံစားပါတယ် ကြီးစောရယ်"

"ဒီမှာ ခင်နွေ့"

"ရှင်..."

"ရှိန်းဟာ ခုမှ ဆယ့်ရှစ်နှစ်ကျော်ကျော်လေးပဲ ရှိသေးတယ်။ ဒီအရွယ်ဟာ စိတ်ကစားဆုံးအရွယ်။ ညည်းကိုလည်း နီးစပ်လို့ ကြိုးချင်း ငြိသွားတဲ့ သဘောပါ"





"ညည်းပြောသလို သူခံစားရကောင်း ခံစားရမယ်။ ဒါပေမယ့် ကြာရှည်ပါဘူး၊ ခဏပါ၊ ခဏလေးပါ။ တော်ကြာ သူ့ရွယ်တူ တစ်ယောက်ယောက်နဲ့ တွေ့ကြချစ်ကြမှာ"

"ရှိန်းက ဒီလိုမဟုတ်ပါဘူး"

"အမယ်လေး... ယောကျ်ားတွေများ၊ အထင်မကြီးစမ်းပါနဲ့အေ၊ မိန်းမတွေလို သူတို့စွဲစွဲမြဲမြဲ မခံစားတတ်ပါဘူး။ မိုက်ရူးရဲအရွယ်လေး။ ရှုးရှုးဒိုင်းဒိုင်းဖြစ်ပြီး တော်ကြာခဏလေးနဲ့ပြေပျောက်သွားမှာ"

"ပြီးတော့ ညည်းနဲ့လည်း အရွယ်ချင်းက သိပ်ကွာတာ။ မိန်းမနဲ့ ယောကျ်ားဆိုတာ မိန်းမက ငယ်မှ တော်ကာကျတာ ခင်နွေ့။ ညည်း သူ့ကို ယူမိရင် ညည်းတို့ဘဝလည်း ဆင်းရဲမယ်။ ဒီတော့ ရှိန်းကို ညည်းတကယ်ချစ်တယ်၊ တကယ် စေတနာထားတယ်ဆိုရင် စွန့်လွှတ်လိုက်ပါ။ မကြာခင် သူ့ရွယ်တူ ချစ်သူကို တွေ့သွားမှာပါ။ ခင်နွေ့ မယုံရင် ကြည့်ပါအေ၊ နောက်ပိုင်းမှာ ညည်းကြိုက်သလောက် သူ့ကို ပေးလို့ရတယ်"

"ဒီတော့ စိတ်ကူးမလွဲပါနဲ့ တူမရယ်...၊ ကိုယ့်ဘဝလည်း မထူးတော့ဘူးလေ၊ သူနဲ့ အကြိမ်ကြိမ်ဖြစ်ပြီးမှတော့ သူ့ကိုပဲ အမြန်ဆုံး လက်ထပ်လိုက်ပါတော့"

"ကြီးစော"

"ဟေ..."

"ရှိန်းရော..."



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေ မန္တလေး ခိုင်းထားတယ်"

"ဟင်..."

"တမင် ရှောင်ခိုင်းတာပါ။ သူပြန်မလာခင်သာ လက်ထပ်လိုက်ပါတော့ ခင်နွေ့ရယ်"

"ညည်းဘဝအတွက်..."

"ညည်းချစ်တဲ့ ရှိန်းအတွက် အားလုံးကောင်းစေဖို့ ကိုသက်ထွန်းနဲ့သာ လက်ထပ်လိုက်ပါတော့လို့။ ကြီးဒေါ်ပြောတဲ့ စကားကို နားထောင်စမ်းပါနော် သမီး။ ညည်းကို ချစ်လွန်းလို့ ပြောတယ်ဆိုတာလည်း ကြီးဒေါ်ပေါ်မှာ နားလည်ပါ ခင်နွေ့ရယ်"

❋



## အခန်း (၃၃)

ငပလီ၏ ပင်လယ်တွင်းသို့ နေလုံးနီကြီး ဆင်းနေသော ဆည်းဆာချိန်မှာ လှပလွန်းလှသည်။

ခရမ်းရောင် ကောင်းကင်ပြင်၊ ပြာလွင်သော ပင်လယ်၊ စိမ်းသန်းနေသော အုန်းပင်တန်းနှင့် ပင်လယ်ကမ္ဘးပင် ဖြာဖြာလေးများ...

စိုသိပ်နေသော သဲသောင်ခုံပေါ်သို့ ပင်လယ်ပြင်မှ လှိုင်းများသည် ပြေးလာ ဦးခိုက်လိုက်၊ ပြန်လည် ဆင်းပြေးသွားလိုက်နှင့်...

အကြိမ်ကြိမ် အထပ်ထပ် မရပ်မနား ပြေးလွှားနေသော လှိုင်းလေးများလို မိမိ၏ ဘဝသည်လည်း ဘယ်သောအခါမှ ငြိမ်သက်အေးချမ်းသော အဖြစ်မျိုးကို ရရှိနိုင်တော့မည် မဟုတ်ပါ။

ထာဝရ ပြေးလွှားနေသော လှိုင်းလေးများလိုပင် နာကျင်ကြေကွဲခြင်းဟူသော လှိုင်းတို့သည် မိမိ၏ နှလုံးသား အသည်းမြေကို ထာဝရ ရိုက်ခတ်လျက် ရှိနေလေမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"နွေ"

အေးနေသော လက်ချောင်းလေးကို ဆုပ်ကိုင်ရင်း ဦးသက်ထွန်းက မခင်နွေကို ခေါ်လိုက်သည်။

"နေတောင် ဝင်သွားပြီ နွေ။ အေးလာတော့မယ် ပြန်ကြစို့နော်..."

အင်အားမဲ့သူ တစ်ယောက်လို ဖြစ်နေရသော မခင်နွေ၏ ပခုံးကို ဖက်လျက် ဦးသက်ထွန်းက သူတို့တည်းခိုရာ သီးသန့် လုံးချင်း ဘန်ဂလိုလေးသို့ တွဲခေါ်သွားသည်။

"နွေ ရွှင်ရွှင်ပျပျနေတာကိုပဲ အစ်ကိုကြီး မြင်ချင်တယ်ကွယ်"

မခင်နွေမှာ ဘန်ဂလို လှေကားထစ်လေးထိပ်မှ လှမ်းတွဲဆွဲခေါ်သော ဦးသက်ထွန်းကို အားခဲ၍ မနည်း ပြုံးပြလိုက်ရသည်။

ယခုတော့ မခင်နွေသည်...

"ရှိန်းရဲ့ မမနွေ" မဟုတ်တော့။

"အစ်ကိုကြီးရဲ့ နွေ"

ဖြစ်သွားရပါလေပြီတည်း။

❋

"နွေ တော်ပြီလား၊ စားမကောင်းဘူးလား"

"ကောင်းပါတယ်၊ ပင်လယ်ငါးတွေ စားစမရှိလို့ပါ။ ခရုတို့၊ ဘဝဲတို့လည်း မစားရဲဘူး"

"ဒါဖြင့် ညအတွက် နွေစားဖို့ တစ်ခုခု ချက်ခိုင်းမယ်။ ဘာစားချင်လဲဟင်"





"နေပါစေ အစ်ကိုကြီးရယ်၊ နွေ ဆာမှ မဟုတ်ပါဘူး"

"မစားကာမှနေ၊ တစ်ခုခုတော့ ထမင်းချက်တွေကို လုပ်ခိုင်းရမယ်။ တော်ကြာ...အစ်ကိုကြီး မိန်းမလှလှလေး ပိန်သွားပါဦးမယ်"

ဦးသက်ထွန်းက မခင်နွေ၏ ပါးလေးကို မနာအောင် လိမ်ဆွဲရင်း ပြောလိုက်သည်။

ကျီစယ်စကားလေးများ ကြားရပြန်တော့ ရှိန်းကို ဖျတ်ခနဲ သတိရလာသည်။

"ခုဆို ရှိန်းတစ်ယောက် မန္တလေးက ပြန်ရောက်ရောပေါ့။ သူ မရောက်ခင် ငါတို့ လက်ထပ်၊ လက်မှတ်ထိုးပြီး ဒီပေလီကို ထွက်လာကြတာ"

"နွေ ဘာတွေ စဉ်းစားနေလဲဟင်"

"သြော်...ရန်ကုန်အိမ်အကြောင်းပါ"

"ဟဲ...ဟဲ...သူ့အိမ်ကို စိတ်မချတော့ဘူးထင်တယ်။ ခုပြန်သွားရင် နွေဟာ တိုက်ကြီးရဲ့ အရှင်သခင်မနော်"

"အစ်ကိုကြီး"

"နွေ"

"ဘယ်တော့လောက် ပြန်ကြရမှာလဲဟင်"

"နွေက ဘယ်တော့ ပြန်ချင်လို့လဲ"

"အစ်ကိုကြီး အလုပ်တွေက ထားလို့ရမ၊ ဲဆိုရင်တော့ နွေ ဒီမှာ နေချင်သေးတယ်"

"အို...ရရမှာပေါ့။ နွေပျော်  သလောက်နေလေ။ နွေပြန်ချင်



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

မခင်နွေ ရန်ကုန်ကို မပြန်ချင်။ ဖြစ်နိုင်ပါလျှင် ရှိန်းနှင့်မဆုံဖြစ်နိုင်သော ကမ္ဘာ့အပြင်ဘက်သို့ပင် ထွက်ပြေးချင်ပါပြီ။

"တစ်ခုတော့ ရှိတယ်နော် နွေ"

"ရှင်"

"နွေ နေချင်တဲ့နေရာမှာ နေရရင် ပျော်ပျော်ရွှင်ရွှင်လေး နေစမ်းပါ နွေရယ်နော်"

"ဟုတ်...ဟုတ်ကဲ့၊ နွေ...နွေ ကြိုးစားပါ့မယ် အစ်ကိုကြီးရယ်"

*

နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျသွားပြီဖြစ်သော ဦးသက်ထွန်း၏ ရင်ခွင်မှ မခင်နွေ ညင်သာဖြည်းညင်းစွာ ထလိုက်သည်။

အိပ်ခန်း၏ အပြင်ဘက်သို့ ရွရွလေး နင်းလျက် ထွက်လာသည်။

တည်းခိုရိပ်သာ ဘန်ဂလို၏ ပြင်ပလေသာဆောင်သို့ ထွက်လာပြီး ဝရန်တာတွင် မတ်တတ်ရပ်နေမိသည်။

မျက်နှာမူထားရာ ပင်လယ်ပြင်ဘက်ဆီမှ လေသည် ညင်းညင်းလေးတိုက်လိုက်၊ ပြင်းပြင်းလေး တိုက်ခတ်လိုက်နှင့်ပါ။

ထုံးဖွဲ့မှုမှ ပြေလျော့သွားခဲ့ရသော ခင်နွေ၏ ရှည်သွယ်သော ဆံပင်များသည် သူ့နောက်ဘက်တွင် လွင့်မြောနေသည်။





မခင်နွေ၏ မျက်နှာစာဘက်တွင် နက်မှောင်သော ပင်လယ်ပြင်သည် အဆုံးမရှိအောင် ကျယ်ပြန့်နေသည်။ နက်ရှိုင်းနေသည်။

သန်းခေါင်ကျော်သွားပြီမို့ လဆန်းရက်၏ ငွေလမင်းသည် အပြာရောင် ကောင်းကင်ပြင်ကို ငွေဖြူရောင်စဉ်တန်းများဖြင့် ဖြန့်ကား၍ အလင်းရောင်စွမ်းအားကို ထုတ်လွှင့်ထားသည်။

ကြယ်လေးများကလည်း သူ့စွမ်းအားရှိသမျှ ဖြိုးဖြိုးဖျတ်ဖျတ် လင်းလက်နေပေသည်။

ထာဝရ လှုပ်ရှားရုန်းကန်ရခြင်းများဖြင့် ဖြစ်တည်နေသော ပင်လယ်ပြင်ဆီမှ ဘောင်ဘင်ခတ်နေသော လှိုင်းညွှန့်ထိပ်ဖူးများပေါ်မှာ ငွေလရောင်လေးတွေ လက်နေသည်။

နိမ့်နေသော ရေပေါ်တွင် ငွေရောင်မတင်၍ ပြာမှောင်နေပါ၏။ မြင့်နေသော လှိုင်းပေါ်တွင်သာ လရောင် ကျဆင်းနေသည်။ ကန့်ရေပြင်လို တစ်ပြေးတည်း မညီညာဘဲ လှိုင်းကြောင့် အနိမ့်အမြင့်ဖြစ်နေသော ပင်လယ်ပြင်မှာ ပြာတချို့...ဖြူတချို့။

ကောင်းကင်ပြင်မှာလည်း လင်းလက်ခြင်းတစ်ဝက်၊ မပြာခြင်းတစ်ဝက်ပါတကား။

မခင်နွေမှာ လွင့်မြောနေသော ဆံပင်များကို စုသိမ်း၍ ဖြစ်သလို ထုံးဖွဲ့လိုက်ပြီး ကြိမ်ကုလားထိုင်လေးပေါ်မှာ လေးတွဲ့စွာ ထိုင်လိုက်မိသည်။

အဆုံးမရှိ၊ အစမသိနိုင်အောင် ကျယ်ပြန့်လွန်းသော ကောင်းကင်ပြင်အောက်မှာ...



www.burmeseclassic.com

www.burmeseclassic.com



အဆုံးနေရာကို မမြင်ရနိုင်အောင် ဝေးကွာ ကျယ်ဝန်း... ပါသော ပင်လယ်ပြင်ကြီး၏ အနီးမှာ ရှိနေရသော မိမိဘဝ... ချုပ်နှောင်ခြင်း ခံနေရသည်သို့ပင် ကျဉ်းမြောင်းကျပ်တည်းလှ... ပါဘိတော့သည်။

"ဖျတ်...ဖျတ်...ဖျတ်"

ဟူသော စက္ကူကို လေတိုက်သံကြောင့် စားပွဲပေါ်သို့ ... ကြည့်မိသည်။ ဆေးလိပ်ပြာခွက်နှင့် ဖိထားသော...

"သတင်းစာ"

မခင်နွေမှာ အလန့်တကြားပင် သတင်းစာကို ဆွဲယူလိုက်သည်... ပြီးတော့ ကိုင်လျက် ငိုင်သွားရသည်။ သူ မဖတ်ဖြစ်တော့။ ဖတ်... ရနိုင်လောက်အောင်လည်း သူ့နေရာတွင် အလင်းရောင်က မရှိ...

သို့ပါသော်လည်း နေ့လယ်ဆီမှ ဦးသက်ထွန်း၏ စကားသံများ... ကို ပြန်ကြားလာမိသည်။ သတင်းစာထဲမှ စာလုံးလေးများကို ပြန်... လည်မြင်တွေ့လာရသည်။

"ဟား...ဟား၊ တကယ့်ကောင် နွေရေ့ ဒီကြော်ငြာ ဖတ်ကြည့်... စမ်း"

"ရှင်...ဘာများပါလိမ့်"

"နွေ့မောင်ပေါ့။ အဖေနဲ့ အစ်မကို အားကျလို့ပဲလား၊ အရွဲ့... တိုက်ချင်လို့ပဲလား။ သူ့ကိုယ်တိုင်ရဲ့ ဆန္ဒနဲ့ပဲလားတော့ မသိဘူး"

"ဟင်...ရှိန်း...ရှိန်း ဘာဖြစ်လို့လဲ"

"ဒီမှာ ဖတ်ကြည့်လေ"





*ကျွန်တော်နှင့် ကျွန်မတို့သည်*
*ရန်ကင်းမြို့နယ်*
*ပြည်သူ့တရားရုံးတွင်*
*နှစ်ဦးသဘောတူ*
*လက်ထပ်ပြီးစီးပါကြောင်း...*

ဇော်ဇော်ရှိန်း (ရှိန်း)
ရီဝေဦး

မခင်နွေ၏ မျက်လုံးများ ပြာမိုက်ခဲ့ရသည်။ ဦးသက်ထွန်း၏ ရှေ့မှာ နေ့လယ်က မနည်းဟန်ဆောင်ခဲ့ရသော အဖြစ်များသည် ယခုည သန်းခေါင်ယံတွင် ပြန်လည် အသစ်ဖြစ်လာရသည်။

"ရှိန်း...မောင်လေးရေ"

သတင်းစာကို ဆုပ်ချေဖျစ်ညှစ်၍ ရင်မှာအပ်ရင်း မခင်နွေမှာ ကျိတ်၍ ရှိုက်ငိုလိုက်မိသည်။

"မမနွေ သဘောမတူနိုင်ခဲ့တဲ့..."

"ရှိန်း မချစ်တော့ပါဘူးဆိုတဲ့..."

"ရီဝေဦးကို..."

"ရှိန်း တမင် လက်ထပ်လိုက်တာ မဟုတ်လားကွယ်..."

"မမနွေကို မခံချင်စိတ်နဲ့ တမင် လက်ထပ်လိုက်တာလား"

"ကြီးဒေါ ပြောသလို ဖြစ်လွယ်ပျက်လွယ် အရွယ်လေးမို့ ရီဝေဦးကို ချစ်ပစ်လိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မမနွေကို မုန်းသွားပြီပေါ့နော်"

"ဒါမှမဟုတ် မမနွေကို လက်စားချေတာလားဟင်"

"ရှိန်းရယ်...မမနွေရဲ့ အချစ်ဆုံး အသည်းလေးရဲ့"

"မင်းလေးရဲ့ ရင်ထဲမှာ ဘာတွေ ရှိနေသလဲ။ ဘယ်လို ခံစားနေရမလဲ"

"မမနွေပေါ်မှာ မုန်းသွားပြီလား၊ အချစ်ဆုံးလေး မမနွေကို ချစ်တုန်းပဲလားကွယ် ဟင်"

"မမနွေအတွက် သိပ်ခံစားရလို့များ ရီဝေဦးကို ချက်ချင်းကြီး လက်ထပ်လိုက်တာလား အသည်းလေးရယ်"

"မမနွေ အသည်းခိုက်အောင် ချစ်ရလွန်း၊ ကြင်နာရလွန်း၊ မြတ်နိုးရလွန်းတဲ့ မောင်လေးရှိန်းရဲ့ ရင်မှာ ဘယ်သို့ ရှိနေသလဲကွယ်"

"မမနွေတို့လည်း ပြန်လာရတော့မယ်"

"ရှိန်းအဖြစ်ကို သိပ်မြင်ချင်တယ်၊ ရှိန်း ခံစားရတာတွေကို သိပ်သိချင်တယ်"

"ဒါပေမယ့် မမနွေ မတွေ့ရဲဘူး၊ အချစ်ဆုံး ရှိန်းကို မမနွေ မတွေ့ရဲပါလားကွယ်"

"ရှိန်းရေ..."

"မမနွေရဲ့ ရှေ့မှာ မြင်နေရတဲ့ ပင်လယ်သမုဒ္ဒရာပြင်ကြီးရဲ့ ဟိုမှာဘက်နဲ့ ဒီမှာဘက်ကမ်းလောက် ဝေးကွာရတဲ့ အဖြစ်မျိုးသာ မကတော့ဘူး"

"ဟိုး...အပေါ်မှာ မြင်နေရတဲ့ အဆုံးအစ ရှာမရတဲ့ အနန္တ စကြဝဠာကြီးရဲ့ တစ်ဖက်စွန်းဆီမှာ..."





"ရှိန်းနဲ့ မမနွေ ရှိနေကြရပြီ"

"မမနွေရဲ့ ရှေ့မှာ ဦးသက်ထွန်း"

"ရှိန်းရဲ့ ရှေ့မှာ ရီဝေဦး"

"သမုဒ္ဒရာ ခြားတာကမှ ကူးလာလို့ ရဦးမယ်"

"ခုတော့ ပိတ်ဆီး ကွယ်ကာထားပြီးတဲ့ ဒီနှစ်ယောက်လုံးကို ဘယ်လို အင်အားမျိုးနဲ့မှ တွန်းလှန်လို့ မရနိုင်တော့ပါဘူး"

"ရှိန်းဆီကို မမနွေ လာလို့ မရတော့ဘူး"

"မမနွေ ဘဝထဲကိုလည်း အချစ်ဆုံးလေး ဘယ်လိုနည်းနဲ့မှ ဝင်လာလို့ မဖြစ်နိုင်တော့ဘူး"

"ဘယ်လိုနည်းနဲ့မှ ဆုံစည်းလို့ မရနိုင်တော့အောင်..."

"ဝေးသွားကြပြီ"

"ခြားသွားကြပြီ၊ အချစ်ရယ်"

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

အရက် ၂၀ကျော် ကြာအောင် နေခဲ့ပြီးမှ ပေလီမှ ပြန်ရောက်၍ ခုနစ်ရက်မြောက်သောနေ့ ဖြစ်ပါ၏။

"ကဲ...တွေ့လား၊ အစ်ကိုကြီး ရွေးပေးတဲ့ အပြာရောင် ဖောင်းကြွ ဘရိုကိတ်လေးက ဘယ်လောက်လှလဲ။ မင်္ဂလာဆောင်လာတဲ့ လူတွေ အားလုံးက သိပ်လှတဲ့ သူ့ငွေးကတော်လေးကိုပဲ ဝိုင်းကြည့်နေတာ နွေ့ရဲ့"

မင်္ဂလာဆောင်မှ ပြန်လာသော မခင်နွေ့မှာ မှန်ရှေ့တွင် ထိုင်နေဆဲ နောက်ဘက်ဆီမှ ဦးသက်ထွန်းက ရွှန်းရွှန်းဝေသော အကြည့်များဖြင့် နှစ်သိမ့်ကျေနပ်စွာ ပြောနေသည်။

ဆံပင်နှင့် မိတ်ကပ်ကို အိမ်မှာ ခေါ်ပြင်စေခဲ့သည်။ မိုးပြာရောင် လက်တိုလည်ဟိုက် ဘရိုကိတ်ဝမ်းဆက်၏ လက်လက်ပြောင်နေမှုက မခင်နွေ့၏အလှကို ပိုမိုရပ်လုံးကြွစေသည်။

ဇာနိုင်လွန်ပဝါ ပြာပြာကော့ကော့လေးကို ပခုံးထက်မှ ဖယ်





ချပြီး ရင်ညွှန့်ပေါ်မှ နီလာတာကွက် အကောင်းစား လည်ဆွဲ ကြိုးလေးကို ဖြုတ်နေဆဲ...

"တစ်နေ့ကမှ ဆိုင်မှာတင်ဖို့ မိုးကုတ်နီလာကို လုပ်ခိုင်းလို့ ပြီးလာရော။ အပြာရောင်လေးနဲ့ နွေ့က သိပ်လိုက်တာပဲ။ ဆွဲကြိုးရော လက်ကောက်ရော မချွတ်နဲ့တော့နွေ့။ ဝတ်ဖို့ပဲ ထား။ မရောင်းတော့ဘူး"

နဂိုက သိပ်လှသော မခင်နွေ့မှာ မွှမ်းမံခြယ်သမှုများစွာ ပေါင်းစပ်လိုက်သည့်အခါ ကြည့်ရှုမဝနိုင်လောက်အောင် ပီတိဖြာသော အကြည့်များဖြင့် မခင်နွေ့ကို ဦးသက်ထွန်း စိုက်ကြည့်နေပြီး...

"နွေ့ တစ်ရေးအိပ်ပြီး နားလိုက်ဦးနော်...။ အစ်ကိုကြီး ဆိုင်ပြေးလိုက်ဦးမယ်"

"တစ်ခုခု စားသွားဦးမလား၊ နွေ့ ဘာလုပ်ပေးရမလဲ အစ်ကိုကြီး"

"နေပါစေတော့ဗျာ။ မင်္ဂလာဆောင်က စားလာခဲ့ပြီပဲ။ ဒီမှာ ုံးခံသေတ္တာသော့နော်။ ကဲ...အစ်ကိုကြီး သွားမယ်။ ညနေ ရုပ်ရှင်ကြည့်မလားဟင်"

"နေပါစေ၊ နွေ့ မကြည့်ချင်ပါဘူး"

"ဒါဖြင့် အစ်ကိုကြီး ဆိုင်သိမ်းလာပြီးရင် အပြင်မှာ ညနေစာ ားကြရင်း ကားလျှောက်စီးကြမယ်။ လျှောက်လည်ကြမယ်နော် နွေ့"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



မခင်နွေ၏ အလှလေးများ ပျက်သွားမှာ စိုးရိမ်သ... ဖြစ်သော... နမ်းပြီးမှ ဦးသက်ထွန်း ထွက်သွားတော့သည်။

ဦးသက်ထွန်းသည် မခင်နွေကို ပိုင်ဆိုင်ခွင့်မရမီကြေ့နွမ်းအောင်... ကြံစည်ခဲ့သည်က လွဲ၍ ယခု နောက်ပိုင်းတွင် အရေးပေးလွန်း အ... ထားလွန်းရှာပါသည်။

မြင့်မြတ်၍ ဂုဏ်ရှိန် ကြီးမားသောသူ၏ အသိုက်ဝန်းထဲ... မခင်နွေကို မြတ်နိုးစွာ ထည့်သွင်းရှာသည်။

ဂုဏ်ရှိန်မြင့်သော ခင်ပွန်းသည်တို့၏ ချစ်မြတ်နိုးခြင်းခံရသော ဇနီးသည်တို့၏ ထုံးစံအတိုင်း မခင်နွေကို အားလုံးက တ... တစားနှင့် ဟိုလူက 'နွေ' သည်လူက 'နွေ' ဖြစ်ကုန်ကြလေပြီ။

ဆိုင်တွင် တင်ရောင်းသော စိန်ရွှေ ရတနာများနှင့် ဦးသက်ထွန်း... ပိုင်ဆိုင်သမျှ ငွေများ သိမ်းဆည်းထားသော မီးခံသေတ္တာ၏ သော့... ကိုင်မှာ မခင်နွေ ဖြစ်နေပါပြီ။

မခင်နွေမှာ မင်္ဂလာဆောင်သွားသည့် အဝတ်အစားများ... ချွတ်ပြီး ဖော့ရှန်အဝါနှင့် ပါတိတ်ညိုဝါရောင်လေးကို လဲဝတ်လို... သည်။ ပြီးမှ လက်ဝတ်ရတနာများကို ချွတ်ဖြစ်သည်။ လှပလွန်းသော... နီလာနစ်ဆင့် လည်ဆွဲကြိုးလေးနှင့် လက်ကောက်ကို ဥမ်းခံ က... ထူဘူးငယ်လေးတွင်းမှာ ထည့်သွင်း၏။

ကြီးမားသော စိန်တစ်လုံး နားကပ်ကြီးကို ချွတ်လိုက်သည်... နီလာတစ်လုံး စိန်တစ်လုံးစီ စီခြယ်ထားသော လေးဆင့်တန်း... လက်စွပ်ကို ချွတ်ပြီး မီးခံသေတ္တာကို ဖွင့်လိုက်သည်။





အိမ်နေရင်း ဝတ်သည့် စိန်ခြယ်နားကပ်ကြီးနှင့် စိန် လော့ကက်သီးပါ ရွှေဆွဲကြိုးကို ပြန်ယူဝတ်လိုက်ရသည်။ လေးဆင့်တန်း ...း လက်စွပ်ကိုပါ ပြန်စွပ်ဝတ်လိုက်ရပါ၏။ အိမ်နေရင်းလည်း စိန်များ ဝတ်ထားမှ ဦးသက်ထွန်းက သဘောကျသည်ဆို၍ပါ။

မင်္ဂလာဆောင်သို့ ဝတ်သွားသော ရတနာများကို အံဆွဲထဲ ထည့်အုံ့ဆဲဆဲ အချိန်တွင်မှ မခင်နွေမှာ နီလာနှင့် စိန်လက်စွပ်ကြီးကို အမှတ်မထင် ကြည့်လိုက်မိသည်။

ချက်ချင်းပင် စိန်လက်စွပ်၏ အတွင်းဘက် အောက်ခြေ ရွှေ နေရာကို အမြန်ကြည့်လိုက်မိရာ...

"M.N"

"ဟင်..."

မခင်နွေ၏ အဘွား ဒေါ်မြနှစ်က အန်တီမြတို့ထံမှာ ငါးရာလား တစ်ထောင်လားနှင့် ပေါင်ထားရင်း အဆုံးခံသွားခဲ့သည့် ငါးသောင်းကျော်တန် စိန်နှင့် နီလာလက်စွပ်ကြီး။

"အို...ဒါ...ဒါ...အန်တီမြ လက်စွပ်ပဲ။ ငါ့ကို တစ်ခါက ပြခဲ့ဖူးတဲ့ လက်စွပ်။ တို့ တစ်မျိုးလုံးကို နှိမ်ပြီး အပြောခံခဲ့ရတဲ့ လက်စွပ်"

"ဒီလက်စွပ်ကို သူသိပ်မြတ်နိုးတယ်။ သိပ်လည်း တန်ဖိုးရှိတယ်လို့ ပြောတယ်"

"အတွင်းပစ္စည်းတွေအားလုံး ယူသွားတယ်လို့ ပြောပါလျက်နဲ့ ဒီ လက်စွပ်က ဘာလို့ ကျန်ခဲ့ရတာလဲ။ ဘာလို့ ကျန်ခဲ့ရမှာလဲ"

"ဟင်...ဒီစိန်တစ်လုံး နားကပ်ကြီးရဲ့ နောက်ပိတ်မှာလည်း M



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စာလုံး နှစ်ဖက်လုံး၊ ဒါရော 'မြ' ဆိုတဲ့ သူသုံးလေ့ရှိတဲ့ အန် မြရဲ့ အမှတ်အသားများလား"

ဒေါ်မြမြခင် ထွက်ခွာသွားသည်၏ တစ်နှစ်ကျော်ကာလ အန်တီမြအတွက် မခင်နွေ ပထမဆုံး စိုးရိမ်မိသော နေ့။

သို့မဟုတ်…

ဦးသက်ထွန်း ဘယ်လိုနည်းနှင့် ဒီပစ္စည်းတွေ ပြန်ယူထား လိမ့်ဟူသော ပထမဆုံး သံသယဝင်ရသော နေ့ပါပင်တည်း။'

မခင်နွေမှာ နွမ်းလျစွာ ခုတင်ပေါ်တွင် လှဲအိပ်လိုက်မိသည် ဖုံး ရာဘာမွေ့ရာသည် အိဝင်သွားပါ၏။ ဤအခန်းသည် အစ အန်တီမြနှင့် ဦးသက်ထွန်းတို့၏ အခန်း ဖြစ်ခဲ့သည်။

ယခု သည်အခန်းမှာ ပြန်အိပ်ကြသော်လည်း ခန်းဝင်ပစ္စည် များအားလုံးမှာ အသစ်စက်စက်ချည်းသာ။

ခေါင်းထဲတွင် အန်တီမြအကြောင်း ရောက်လာသည်။ သူ မြင်ယောင်လာသည်။ ကြာမြင့်စွာ စဉ်းစားနေမိသည်။

"အန်တီမြတို့ ဘယ်ရောက်နေကြပါလိမ့်"

အိပ်ချင်စိတ်လည်း မရှိပါ၍ ခုတင်မှ ပြန်ထပြီး တွန့်ကြေ သော အိပ်ရာဖုံးကို ဆွဲဖန့်သည်။ ပုံသွင်းထားသော ကော်ရည်သုတ် ဆံခွေလေးများ ပိပြားသွားသေးသလားဟု မှန်ရှေ့မှ ထိုင်ရင်း ကြည် မိသည်။

မျက်နှာရော ဆံပင်ပါ အိမ်ခေါ်ပြင်၍ တစ်ရာကျော် ပေးရသော ငွေကို နှမြောစိတ်ကြောင့် မခင်နွေ မဖျက်ပစ်ရက်သေး။ ဤဆံပင်





ဤမျက်နှာကြောင့် အိမ်နေရင်း အဝတ်များနှင့်လည်း မခင်နွေ၏ အလှမှာ သစ်လွင်တောက်ပနေသည်။

ယခု အိမ်နေရင်း အဝတ်ဆိုသည်မှာ ယခင်က မဝတ်ခဲ့ရဖူး သော သစ်လွင်သည့် အဝတ်များသာ ဖြစ်ပါ၏။

ဆံပင်လေးကို သပ်တင်နေစဉ် မှန်ထဲမှတစ်ဆင့် မိမိ၏ နောက် ဘက်တွင် လူရိပ်တစ်ခု ထင်လာသည်။ သေချာအောင် မှန်ထဲမှ တစ်ဆင့်ပင် ကြည့်လိုက်မိရာတွင်…

"အို…ရှိန်း…"

"ဟုတ်ကဲ့၊ သူဌေးကတော်နဲ့ တွေ့ချင်လို့ တမင်လာခဲ့ရပါတယ်"

သူ ရပ်နေသော အခန်းဝဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီးမှ ဖြည်းညင်းစွာထ၍ သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာမိသည်။

ရှိန်း သိပ်ပိန်သွားသည်။ မယုံကြည်နိုင်လောက်အောင်ပင် အသားတွေ မည်းခြောက်နေပါ၏။

မခင်နွေမှာ ရှိန်း၏ ယိုယွင်းသွားသော ရုပ်သွင်ကြောင့် ကြင်နာ ခြင်းများနှင့်အတူ စိုးရွံ့ကြောက်လန့်သော အကြည့်များနှင့်သာ ရှိန်း ကို ကြည့်နေမိသည်။ နှုတ်က ဘာမှ မပြောရဲပါ။

အိပ်ခန်း၏ ပြင်ပတွင် ဆုံမိကြသည်။

ရက်စက်မှုများနှင့် စူးရှလွန်းနေသော ရှိန်း၏ အကြည့်ဒဏ်ကို ခံရ၍ မခင်နွေ ခေါင်းငုံ့ပစ်လိုက်ရသည်။

အသည်းနှလုံးသားတို့က ပွင့်ကွဲမတတ် ခုန်ပေါက်နေကြသည်။ ျက်ရည်တို့က တစ်ပေါက်ချင်း ကြွေလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိခင်ဆန်တဲ့ ချစ်ခြင်းမေတ္တာမျိုးနဲ့ ချစ်တာပါတဲ့။ ဟား… ဟား…ဟား…ဟုတ်လိုက်လေဗျာ"

ရှိန်း၏ ရယ်သံက ခြောက်သွေ့အက်ကွဲနေပါ၏။

"ကျုပ်အဖေကို လိုချင်လို့ ကျုပ်ကို သားလေးလို ချစ်ပါတယ်ဆိုတဲ့ မိန်းမကြီး"

"ရှိန်း…ရယ်…"

"လုပ်မနေနဲ့၊ မျက်ရည်လည်း ကျပြမနေစမ်းပါနဲ့ဗျာ။ စိန်ရွှေတွေ ဆင်ပြီး ကြော့နေအောင် ပြင်ထားတဲ့ ခင်ဗျားရဲ့ မိတ်ကပ်မျက်နှာနဲ့ မျက်ရည်နဲ့က သဟဇာတ မဖြစ်ပါဘူး"

မခင်နွေ ဘာမှ ရှင်းပြမနေချင်တော့ပါ။ ရှိုက်သံမထွက်ဖြစ်အောင် နှုတ်ခမ်းကို ဖိငုံကိုက်ထားရသည်။ မျက်ရည်များကမူ အဆီးအတားမဲ့ သွန်ကျလာသည်။

"ကျုပ် ခင်ဗျားကို မေးခွန်းနှစ်ခု မေးချင်လွန်းလို့ တမင်လာခဲ့တာ။ ဒီအိမ်ရိပ်ကို နင်းချင်လို့ မဟုတ်ဘူး"

မခင်နွေ မကြည့်ရဲတော့ပါ။ ရှိန်းအသံက ဟိန်းထွက်လာပြီး ငိုသံပါလာသည်။

"ကျုပ်အဖေကို ဘာကြောင့် ယူရတာလဲလို့ မေးချင်တဲ့ ပထမမေးခွန်းကိုတော့ မေးစရာ မလိုတော့ပါဘူး"

အဖြေရှိပြီးသား မေးခွန်းကို ရှိန်းက မမေးတော့ဘူး ဆိုပြန်တော့လည်း မခင်နွေ မဖြေရဲတော့ပါ…

"ဘာဖြစ်လို့ မေးစရာမလိုလဲဆိုတော့ အဖြေက ရှင်းနေလို့။ ခင်ဗျား ခုလို အလှတွေ ပြင်ပြီး ဇိမ်ခံသူဌေးကတော်ကြီး လုပ်ချင်လို့"

"အမယ်လေး"

မခင်နွေ နားကို ပိတ်ပြီး ခေါင်းရမ်းပစ်လိုက်ရသည်။ မျက်ရည်တို့က ဝန်းကျင်သို့ပါ ပြန့်ကြွေလွင့်စဉ်ကုန်သည်။

"ဒုတိယမေးခွန်းကိုပဲ ကျုပ်မေးမယ်"

ရှိန်း၏ အသံက မာကြောလွန်းသော်လည်း အက်ကွဲမှုများဖြင့် တုန်ခိုက်နေသည်။

"ခင်ဗျား ကျုပ်ကို ဘာဖြစ်လို့ ရက်ရက်စက်စက်ကြီး လိမ်ညာခဲ့ရတာလဲဗျာ"

ဆယ်ကျော်သက်ကလေး ရှိန်း၏ မျက်နှာမှာ အိုမင်းလာသည်။ မျက်ဝန်းများ နီလာသည်။ မျက်ရည်တွေ ဝိုင်းနေသည်။

"ခင်ဗျားကို သေမလောက် ချစ်ခဲ့တဲ့ ကျုပ်ရဲ့ အသည်းတွေကို တစ်စစီ ခြွေပြီး ချနင်းခဲ့တယ်။ ပြီးတော့…ပြီးတော့…"

ရှိန်းငိုလေပြီ…

"ကျုပ်ရဲ့ ဘဝပျက်အောင် ဒီကောင်တစ်သက်လုံး လူညွန့်တုံးအောင် ခင်ဗျားဘာလို့များ လုပ်ရက်ရတာလဲဗျာ…"

"အမယ်လေး…ရှိန်းရယ်"

မခင်နွေမှာ ယိုင်လဲကျသွားတော့မလောက် ညွတ်ခွေသွားသည်။ အပေါ်ထပ်မှ တယ်လီဖုန်းစင်ကို လှမ်းကိုင်လိုက်ရသည်။ အားယူ၍ ရှိန်းရှိရာသို့ တစ်လှမ်းချင်း တိုးလိုက်မိသည်။

ရှိန်းက နောက်ဆုတ်သွားရင်း…







www.burmeseclassic.com

www.burmeseclassic.com



"ဖြေစမ်းပါ...ကျွန်တော့် မေးခွန်းကို ဖြေစမ်းပါ"

"ဟင်"

"ဒီကောင်ရဲ့ ရင်ကို ဘာကြောင့်ခွဲရတာလဲ။ ဒီကောင်ရဲ့ အသ... ပျက်အောင် ဘာကြောင့် နင်းချေရက်တာလဲဗျာ...ဟင်"

ရှိန်းက ရှိုက်ငိုရင်း ဆက်ပြောသည်။

"ဖြေစမ်းပါ...သူဌေးကတော်ကြီးရဲ့"

ရှိန်းသည် သူပြောသလိုပင် သူ့ရင်ထဲမှာ အသည်းတွေ ကြေ... မတတ် ကြေကွဲနေရသည်။ ခံပြင်းလွန်းစွာ နာကြည်းနေမိသည်။ မရှုဆိတ်နိုင်စွာ ဒေါသဖြစ်နေသည်။

ဤခံစားမှုများ အားလုံးသည် ရှိန်းရင်ထဲမှ အသည်းနှလုံးလက် လက်ကလေးနှင့် မတန်တဆ ခံစားနေရှာသည်။

တုန်ရီစွာ အံကြိတ်၍ ငိုရှိုက်နေသော ရှိန်းကို မခင်နွေ ကြည့် လိုက်မိသည်။

အရှင်လတ်လတ် မိမိ၏ ရင်ကို ထက်သော လက်နက်နှင့် ခွဲ၍ အသည်းနှလုံးကို လှီးဖြတ်ခြင်းခံရလျှင်ပင် ရင်မှာ သည်လောက် နာကျင်လိမ့်မည်မထင်။

ယခု မြင်နေရသော ရှိန်းအဖြစ်ကို မခင်နွေ ဘယ်လိုနည်းနှင့်မှ ဆက်လက်၍ မြင်ရက်နိုင်စွမ်းမရှိတော့။ ရင်တွေ ပွင့်ကွဲ၍ အသည်း နှလုံးတွေ တစ်စစီ ကြေလေပြီ...နှလုံးသွေးတို့မှ ရင်မှ ယိုဆင်းလာ သည်သို့ပင် နာကျင်လွန်းပါဘိ။

ရှိန်း၏ ရင်မှာ...





တမ်းတ ကြေကွဲရသော ခံစားမှုထက်...

နာကြည်းမုန်းတီးရသော ခံစားမှုက...

သူ့အတွက် ပိုမိုသက်သာပေလိမ့်မည်ဟု မခင်နွေ တွေးနိုင်စွမ်း ရှိလာသည်နှင့်...

"ရှိန်း"

ရှိန်းက အံကို ကြိတ်ခဲ၍ မခင်နွေကို ကြည့်လိုက်သည်။

"မင်းနဲ့ ပြေလည်မှုရအောင် ချစ်ဟန်ဆောင်မှ..."

အသံက ပိတ်ဆို့ ရပ်ဆိုင်းသွားသဖြင့် ထပ်လောင်းအားခဲ၍ အော်ပြောပစ်လိုက်ရသည်။

"ချစ်ဟန်ဆောင်လို့ မင်းအဖေက သူ့သားနဲ့လည်း အဆင်ပြေ တယ်ဆိုပြီး ငါ့ကိုယူ..."

"ဘာ"

"မင်းအဖေ ငါ့ကိုယူအောင်...နင့်...နင့်ကို ငါဟန်ဆောင်ချစ် ခဲ့တာ"

"ဟင်...မိန်းမယုတ်"

"မင်း...မင်း...ဘာဖြစ်ဖြစ် ငါ အရေးမစိုက်ဘူး။ ငါအစေခံမ ကနေ သူဌေးကတော်ဖြစ်ချင်လို့ နင့်ကို...နင့်ကို...တမင်..."

"ဟင်...ဟင်...ခင်ဗျား...ခင်ဗျား...ယုတ်မာလှချည်လား"

ရှိန်းက အံကြိတ်၍ပြောလိုက်ရင်း လက်သီးဆုပ်၍ မျက်နှာကို တစ်ဟုန်ထိုး တိုးလာပြီး...

"ဖြန်း..."

"ဖြန်း..."



www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသံများ နှစ်ချက်ဆင့်ထွက်လာသည်။

မျက်လုံးထဲမှာ မီးများပွင့်သွားလောက်အောင် မခင်နွေ့ အရိုက်ခံလိုက်ရသော ပါးနှစ်ဖက်က ထူပူသွားသည်။

"အို..."

"ဟင်...အလိမ်အညာမကြီး။ သစ္စာမရှိတဲ့ မိန်းမယုတ်ကြီး။ ကျုပ်ခင်ဗျားကို အရူးစ်ကြီး ချစ်လွန်းခဲ့သလောက် အခု အမုန်းကြီး မုန်းပြီ"

"သွားပါတော့ ရှိန်းရယ်"

"လူတွေက ပြောကြတယ်မဟုတ်လား။ လမ်းဆုံးရင် ရွာတွေ့သတဲ့။ ခုတော့ ကျုပ်က ခင်ဗျားကို..."

"ချစ်လမ်းဆုံးတော့ အမုန်းရွာ တွေ့ပြီ ဗျ"

"သွား...သွား...မင်း...ကို...လည်း မုန်း...ဟုန်း...မုန်းတယ်...မုန်းတယ်"

"ကျုပ်ကလည်း သေအောင် မုန်းတယ်။ ကဲ..."

"ဝုန်း..."

"အမယ်လေး..."

ဆိုသော အော်ဟစ်သံများ၊ လဲပြိုသံများ၊ အလန့်တကြား အော်လိုက်သော မခင်နွေ့၏ အသံများကြောင့် ကြီးစော ပြေးတက်လာသည်။

ကျုပ်ကလည်း သေအောင် မုန်းတယ်ဆိုပြီး မခင်နွေ့ကို ရှိန်းက လက်ဖျံနှင့် တအားဖြတ်ရိုက်ချလိုက်သည်။





မခင်နွေ့နှင့်အတူ သူမှီထားသော တယ်လီဖုန်းခုံနှင့် စင်လေးပါ ပြိုလဲကျကွဲ၍ သွားခဲ့ရပါပြီ။

ရှိန်းက ကြီးစောကို တွန်းဖယ်ပြီး လှေကားပေါ်မှ ဝုန်းဒိုင်းနှင့် ပြေးဆင်းသွားသည်။

သွေးစများနှင့် လဲကျနေသော မခင်နွေ့ကို ကြီးစော မထူဖြစ်မီ...

မခင်နွေ့က အားယူ၍ ထပြေးသည်။ အပေါ်ထပ် လသာဆောင်သို့ သူထွက်ပြေးလာသည်။

နေပူကြီးထဲမှာ အမြန်လျှောက်လှမ်းသွားနေသော ရှိန်း၏ နောက်ကျောပိုင်းကို မြင်နေရသည်။

ခံစားမှုပေါင်းစုံထဲမှ ဒေါသခံစားမှုက အမြင့်မားဆုံးဖြစ်သွားပါ၍ ရှိန်းမှာ ဒေါနှင့် မောနှင့် ဤတိုက်ကြီးကို ကျောခိုင်းလျက် သွက်လွန်းသော ခြေလှမ်းများဖြင့် ထွက်သွားနေပါပြီ။

"ရှိန်း...မောင်လေးရေ..."

မခင်နွေ့က တမ်းတမ်းတတဖြင့် ဖွင့်ဟိုလိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲကွယ်၊ ပါးစပ်မှာလည်း သွေးတွေနဲ့ပါလား သမီးရယ်"

"ကြီးစော...ကြီးစော..."

မခင်နွေ့က ကြီးစော ရင်ခွင်ပေါ်သို့ ပျော့ခွေကျလာသည်။

"ရှိန်းအဖြစ်ကို ကြည့်လိုက်ပါဦး၊ မြင်ရက်စရာ ရှိသေးရဲ့လား ကြီးစောရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကဲ...လာပါကွယ်၊ အခန်းထဲကို"

"ရှိန်းကို သနားတယ်၊ ရှိန်းကို သိပ်သနားတယ်။ အမယ် လေး... ခင်နွေ့ရင့်တွေ ကွဲထွက်တော့မယ် ကြီးစောရဲ့"

"မိခင်နွေ့ကြောင့် ရှိန်း...ရှိန်းလေး ဒုက္ခတွေ ရောက်နေရပြီ"

"ကဲပါ...သမီးရယ်၊ ရှိန်းနဲ့ ပတ်သက်ပြီး သမီး ဘာလုပ်ချင် သလဲ။ ဘာဖြစ်ချင်သလဲ ပြောပါကွယ်"

"သူ...သူငိုတာ မြင်ရတာ ခင်နွေ့ သေတော့မယ် ရှင်"

"ဟုတ်ပါပြီကွယ်၊ ရှိန်းကို ဘာဖြစ်စေချင်သလဲ။ ပြောစမ်း ကြီးစော ကူညီမယ်"

"သူ...သူ စိတ်ချမ်းသာစေချင်တယ်"

"အေး...အေး...အေးပါကွယ်"

"ပြီးတော့...ပြီးတော့..."

မခင်နွေ့က အိပ်ရာကြီးပေါ်သို့ မိမိကိုယ်ကို မှန်းတီးစွာ ပစ်လှဲချ လိုက်ရင်း...

"ပြီးတော့ ဒီပစ္စည်းတွေ၊ စည်းစိမ်တွေ အားလုံးရှိန်းကို ရစေ ချင်တယ်။ ရှိန်းကို ပေးပစ်ချင်တယ်"

"ဟင်..."

❋



## အခန်း (၃၅)

ချစ်မြတ်နိုးလွန်းသော ရင်သွေးတစ်ဦးကို အပြီးတိုင် စွန့်လွှတ်ရ ခြင်းမျိုး၊ သေဆုံးသွားသည့် အဖြစ်မျိုးလို စိတ်တွင် ခံစားနေရမှု ကြောင့် ရှိန်း၏ အခန်းကို မကြည့်ရဲ၊ မကြည့်ရက်၍ သော့ပိတ်ထား ခဲ့သည်မှာ ကြာပြီ။

ယနေ့တော့ ရှိန်းအခန်းထဲသို့ မခင်နွေ့ ရောက်နေရသည်။

ရှိန်းကို ပွေ့သိပ်ခဲ့ရဖူးသော၊ ရှိန်းအိပ်နေချိန်မှာ သူ့မျက်နှာ လေးကို ချစ်မြတ်နိုးစွာ နမ်းခဲ့ရဖူးသော ရှိန်း၏ အိပ်ရာလေး။

မခင်နွေ့မှာ ရှိန်း၏ ကိုယ်ရနံ့လေးသဲ့သဲ့မျှ ရနေသေးသော ရှိန်း ၏ ခေါင်းအုံးလေးကို မျက်နှာနှင့်တစ်ချက်အပ်နမ်းပြီး ရင်မှာ ပိုက် ပွေ့ထားလိုက်မိသည်။

"ရှိန်းလေးရယ်..."

မခင်နွေ့မှာ ခေါင်းအုံးကို ပိုက်လျက်နှင့်ပင် ရှိန်း၏ စန္ဒရားပုံ စာကြည့်ခုံလေး၏ စားပွဲကို ဖွင့်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း ဆယ်တန်းစာအုပ်များစွာကို မြင်လိုက်ရပြန်တော့ ရင်မှာ နှမြောတသမှုများက ဆို့တက်လာသည်။

"မနှစ်က သူ့အမေကြောင့်"

"ဒီနှစ် ငါ့ကြောင့်"

ရှိန်း ဆယ်တန်း မဖြေဖြစ်တော့ပေ၊ မခင်နွေ မျှော်မှန်းခဲ့သော ဘွဲ့တစ်ခုခုလည်း ရှိန်း ဘယ်သောအခါမှ ရရှိနိုင်မည် မဟုတ်တော့ပေ။

"ကျုပ်ရဲ့ဘဝ ပျက်အောင်...ဒီကောင် တစ်သက်လုံး လူညွန့်တုံးအောင် ခင်ဗျား ဘာလို့များ လုပ်ရက်ရတာလဲဗျာ"

လို့ ရှိန်းပြောသွားတဲ့ စကားတွေဟာ ရှိန်းဘက်က ကြည့်ရင် သိပ်မှန်နေတဲ့ စကားတွေပါ။

မခင်နွေမှာ မျက်စိစုံမှိတ်ပြီး ရှိန်း၏ စာကြည့်စားပွဲလေးကို ဝိတ်ပစ်လိုက်ရသည်။ မျက်ရည်များက တစ်ပေါက်ချင်း ရင်ခွင်တွင်းမှ ခေါင်းအုံးလေးပေါ်သို့ လိမ့်ဆင်းလာသည်။

အံဆွဲတစ်ဖက်ကို ဆွဲကြည့်လိုက်တော့ သားရေကွင်းများ၊ အရုပ်ကတ်ပြားလေးများ၊ ကာတွန်းစာအုပ်များနှင့် စားလက်စ အချဉ်ထုပ်တွေ၊ စက္ကူစုတ်တွေနှင့် ရှုပ်ပွနေသည်။

"ဩော်... ကလေးရယ်၊ ဒီလောက် နုသေးတဲ့ အသည်းလေးကို ကြေကွဲစရာ ရင်နာစရာ များစွာက မွမွကြေစေခဲ့ရပါပေါ့လား ကွယ်..."

ခါတိုင်းဆို ရှင်းပေးဖြစ်မည်။ အခုတော့ မရှင်းရက်၊ သူ့လက်ရာလေးများကိုပင် တစ်စမကျန် ကြည့်နေချင်သည်။





အလွမ်းပြေမဟုတ်ပါ။ အလွမ်းတွေ ဝေချင်လို့ပါ။ ရှိန်းကို တသအောက်မေ့စိတ်များ မပျောက်မသွားရက်၍ပါ။

တစ်ဖက် အံဆွဲမှာတော့ စာအုပ်လေးတွေ အစီအရီ။ သူ့အောက်မှ ခင်းထားသော စက္ကူကတ်ပြားပေါ်မှ စာတစ်စွန်းတစ်စများ တွေ့လိုက်ရ၍ အပေါ်မှ စာအုပ်များကို ဖယ်၍ ကြည့်မိသည်။

*နှဖူးမှာ ဒဏ်ရာလေး ရထားတယ်။*
*ဒီနှစ် အပြတ်ကြိုးစားမယ်။*
*M.C မဝင်ချင်ဘူး။*
*R.I.T လည်း မရောက်ချင်ဘူး။*
*ရာဖူးရဲ့ လေးနှစ်ကို အမြန်ကျော်ဖြတ်မယ်။*
*မြို့ကြီးရွာ လယ်ကွင်းဘေးမှာ...*
*အချစ်ဆုံး မမနွေ ပေးခဲ့တဲ့...*
*နှဖူးပြင်ပေါ်က အနမ်းဒဏ်ရာလေး။*

"အို...ရှိန်းရယ် မမနွေရဲ့ အသည်းလေးရဲ့၊ မင်းရည်မှန်းချက်ကလေးတွေ ပျက်လို့ အက်ကွဲသွားရတဲ့ မောင်လေးရဲ့ ရင်ထဲက အသည်းဝေဒနာတွေကို မမနွေ ပြောင်းယူလိုက်ချင်စမ်းပါဘိတော့ တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



*"ရှိန်း"*

*မမခင်နွေရဲ့ နှလုံးသည်းပွတ်ကလေးရယ်။*

*မမနွေရဲ့ ရင်ထဲမှာ...*

*အသည်းနှလုံး ရှိနေသမျှ...*

*အချစ်ရဆုံးသူဟာ...*

*ရှိန်းလေးသာပဲ ဖြစ်ရမယ်။*

*ဖြစ်နေစေရမယ်။*

တုန်ရီသော လက်ကလေးများဖြင့် ရှိန်းရေးထားသည့် အောက်က စိတ်ထဲရှိသမျှ ဆက်၍ ရေးပစ်လိုက်မိသည်။

စာရွက်ပေါ်သို့မျက်ရည်တို့ ကြွေရပြန်သည်။

မခင်နွေ ပြန်မဖတ်...ပြန်မကြည့်တော့ပါဘဲ စာရွက်ဖြူကတ်ကို မှောက်ပြီး ပြန်ခင်းလိုက်သည်။ ပြီးတော့ သူ့စာအုပ်ကလေးတွေ ပြန်တင်၍ ထားလိုက်မိသည်။

"ခင်နွေ"

အခန်းဝမှ ကြီးစော ခေါ်သံကြောင့် စားပွဲအံဆွဲကို တွန်းပိတ်ပြီး ထရပ်လိုက်ရသည်။ ရင်ထဲမှ ရှိန်း၏ ခေါင်းအုံးကလေးကို ခုတင်ပေါ် ပြန်တင်နေဆဲ...

"ဟင်း..."

ကြီးစော၏ သက်ပြင်းချသံကို ကြားလိုက်ရပါ၏။

"တွေ့ခဲ့လားဟင်"

"အေး...တွေ့ခဲ့ပါတယ် ခင်နွေရယ်"

သူဌေးကတော်ဖြစ်လာသဖြင့် 'မခင်နွေ'ဟု ကြီးစောက ပြောင်းခေါ်ခဲ့သည်ကို လက်မခံခဲ့။ 'မစိမ်းစမ်းပါနဲ့'ဟု ပြောပါ၍ ဒေါ်စောမှာ ယခင်လိုပင် 'ခင်နွေ'ဟု ခေါ်နေရခြင်းပါ။

"ငွေရော လက်ခံလိုက်လား။ သူတို့ ဘယ်မှာ နေကြလဲဟင်။ သူက ဘာတွေ ပြောလိုက်သေးလဲ ကြီးစောရယ်"

မျက်ရည်စက်လက်နှင့် အားတက်သရော မေးနေရှာသော မခင်နွေကို အပြင်မှ ပြန်လာစ ဒေါ်စောမှာ နွမ်းလျ ရင်နင့်စွာ ကြည့်လိုက်ပြီး...

"လာပါ ခင်နွေရယ်၊ အပြင်မှာ ပြောကြရအောင်"

မခင်နွေကို ရှိန်း၏ အခန်းတွင်းမှာ ဆက်လက်၍ မနေစေချင်သော ဆန္ဒနှင့် ဒေါ်စောက အပြင်ခေါ်ထုတ်ပြီး ထိုင်မိကြသည်နှင့်...

"သူတို့ ဗဟိုရ်စည်ကွက်သစ်ထဲမှာ နေကြတယ်"

"ဟင်...အိမ်က ကောင်းရဲ့လား"

"ဘယ်ကောင်းမှာတုံးအေ...၊ အခန်းလေးကလည်း ကျဉ်းကျဉ်းလေး"

"ငွေယူလိုက်သလားဟင်"

"သားအဖေက ပေးခိုင်းလိုက်တာပါ ဆိုတာတောင် ရှိန်းက လက်မခံဘူး။ သူ့မိန်းမကတော့ သိပ်လိုချင်ပုံရတယ်။ ညည်းက လည်း ရအောင် ပေးခဲ့ပါဆိုလို့ ငွေသုံးထောင်ကို သူ့မိန်းမ လက်ထဲ ထည့်ခဲ့တယ်"







www.burmeseclassic.com

www.burmeseclassic.com



"သူတို့ အဲဒီနေရာမှာ ဘာလို့ နေတာလဲ၊ ရှုပ်ပေပွ ကျဉ်းကျပ်
နေရာပဲ"

"စျေးနဲ့ နီးအောင်လေ"

"ဘာစျေးနဲ့လဲ"

"စိန်ဂျွန်း လေဟာပြင်တဲ့…အခု ရှိန်းတို့ လင်မယားက စိန်ဂျွန်း
စျေးမှာ ဆေးမှောင်ခိုရောင်းနေကြတယ်"

"အို…သူ…သူတို့…ကားရောင်းလိုက်ပြီဆို…အဲဒါတွေရော"

"မိန်းကလေးကလည်း မဟန်ပါဘူးအေ၊ အသုံးအစွဲကကြီးကြီး
ရှိန်းယူသွားတဲ့ ကရိုလာကား ရောင်းပြီး ညီကိုမောင်နှမတွေလည်း
ပေးရကမ်းရနဲ့ တူပါတယ်။ ရီဝေဦးတို့က မချောင်လည်ကြဘူးလေ
ကားရောင်းတဲ့ငွေလေး မကုန်ခင် ရန်ကင်းကနေ အဲဒီကွက်သစ်ထဲ
ပြောင်းပြီး ရှိန်းက စျေးထွက်ရောင်းနေရတာ…"

"အမယ်လေး…ရှိန်းရယ်…ဖြစ်မှဖြစ်ရလေခြင်းကွယ်"

❋



အခန်း (၃၆)

ပြည်လမ်းဆုံးတော့ ဘုန်းကြီးလမ်းမှတစ်ဆင့် ကျုံးကြီးလမ်း
ဘက် ချိုးကွေ့လိုက်ပြီး ကီလီလမ်းမှတစ်ဆင့် ဗိုလ်ချုပ်လမ်း ပြန်
ဆင်းကာ ဗဟိုရ်စည် ကွက်သစ်ထိပ်တွင် ကားရပ်လိုက်သည်အထိ…

မခင်နွေမှာ 'ပစ္စုပ္ပန်ဖြစ်နေသောအတိတ်' ဖြစ်ရပ်စဉ်များကို
တွေးနေတုန်း မဆုံးသေး…

ကိုဖေအေးမှာ ကားကြီးရပ်ပြီး နောက်ကြည့်မှန်မှတစ်ဆင့် သူ့
သခင်မ သူဌေးကတော်ချောချောလေးကို ခိုးကြည့်လိုက်သည်။ မခင်
နွေက တွေတွေလေး ငေးနေဆဲ…

သူ့လင်ပါသားက သူ့ကိုလည်း မကြည့်ဘူး၊ အရင်တစ်ခါတုန်း
ကလည်း အိမ်ပေါ်တက်ချပြီး ပါးရိုက်သွားတာ၊ အဘိုးကြီး မသိ
အောင် တို့တွေ ဝိုင်းအုပ်ထားရတယ်၊ ဒါနဲ့တောင် သူ့မောင်လေး
တော်တယ်ဆိုပြီး သူက ခွင့်လွှတ်တယ်၊ လာတွေ့တယ်။ တို့တွေပေါ်
လည်း ကောင်းရှာတယ်။ တကယ့်သဘောထားကြီးတဲ့ မိန်းမပဲ"



www.burmeseclassic.com

www.burmeseclassic.com



မခင်နွေ၏ ရင်ထဲမှ ဝေဒနာများကို သိခွင့်မရှိသော ထို အေးက တွေးရင်

"ဗဟိုရ်ရိစည် ရောက်ပါပြီမမ...လမ်းထဲ ကားဝင်လိုက်ရမလား

"အင်...သြော်...ရောက်တောင် ရောက်ပြီလား၊ နေပစေ နေပစေ...ဒီမှာပဲ ရပ်စောင့်နေနော်"

ကားပြင်နေသော ဝပ်ရှော့များနှင့် ရေခဲသေတ္တာ၊ လျှပ်စစ် ဆိုင်၊ ဈေးဆိုင်တို့ ရှုပ်ထွေးနေသည့်ကြားမှ ရှောင်တိမ်းကျော်လွှား ရှိန်းနှင့် ရီဝေဦးတို့ နေထိုင်ရာ အခန်းကျဉ်းလေးဆီသို့ ဒုတိယအကြိမ် မြောက် မခင်နွေ ရောက်ခဲ့ရပြန်သည်။

ပထမအကြိမ်က ကြီးစောနှင့်။

"လာ...မမနွေ၊ တစ်ယောက်တည်းလား"

"အေးကွယ်...ရှိန်း ရှိလား"

"မမမောင် ဆိုင်မသိမ်းသေးဘူး"

မခင်နွေ စိတ်အေးသွားရသည်။ ရှိန်းနှင့် ရင်ဆိုင်၍ မဖြစ်။ ရီဝေ ဦးက ကုလားထိုင်ပေါ်မှ တိုးလို့တန်းလန်း အဝတ်များကို ကြုံးယူ အိပ်ခန်းနှင့် ကန့်ထားသော ပိတ်ကန့်လန့်ကာပေါ် တင်လိုက်သည် အဝတ်ဟောင်းနှင့် တစ်ခါမှ မလျှော်သော ကန့်လန့်ကာဆီမှ လှုပ် မှုကြောင့် အနံ့ဆိုးက ထွက်လာသည်။ တစ်အိမ်လုံးလည်း မသ မရပ်နှင့်။

ရှိန်းနေရသော အခန်းမှာ ရှိန်းတို့ပိုင် တိုက်ကြီး၏ ဒရိုင်ဘာ အတွက် အခန်းထက်ပင် များစွာ နိမ့်ကျ စုတ်ချာနေပေသည်။





"အို...ရီဝေဦးမှာ..."

သေးတိုက် မြင်လိုက်ရသည့်အတွက် ရီဝေဦး၏ ကိုယ်ဝန်ရှိစ သဏ္ဌာန်လေးကို မြင်လိုက်ရသည်။

"သြော်... ရှိန်းမှာ ခိုင်မြဲတော့မယ့် သံယောဇဉ် ကြိုးလေး စ်မျှင် တိုးဦးတော့မှာပါလား"

ယခုပင် ဇနီးသည်အတွက် စီးပွားရှာနေရပြီဖြစ်သော ရှိန်းမှာ ခင်သောအခါတွင် သား၏ တာဝန်၊ သမီး၏ တာဝန် တိုးလာပေ မည်။

"သြော်...ငါ့ကြောင့် အသက်နှစ်ဆယ် မပြည့်မီမှာ တာဝန်တွေ ားပြီး ပင်ပန်းဆင်းရဲရှာတော့မယ့် မောင်လေးရယ်"

"မမနွေ မောင်ကို စောင့်ဦးမှာလား"

"အင်..."

ရင်တွင်းဝေဒနာများကို ရုတ်တရက် ပိတ်ဖုံးလိုက်ရပြီးမှ...

"မစောင့်ဘူး ရီဝေ၊ မမနွေ ပေးစရာရှိလို့ တမင် သူပြန်မလာခင် ာခဲ့တာ"

ရီဝေဦး၏ မျက်ဝန်းများ ရွှန်းတောက်လာသည်။ ကြီးစောမှ စ်ဆင့် သူ့အဖေ ပေးခိုင်းခဲ့သည်ဟု လိမ်ညာပြီးပေးခဲ့သည်များ ူးနေကျ။ ယခု မိထွေးဖြစ်သူကပါ ပေးမည်ဆို၍ ရီဝေဦးက သာဘမျက်ဝန်းများဖြင့် မျှော်လင့်ကြည့်လေး ကြည့်နေသည်။

"ကမာရွတ် သုခလမ်းထဲမှာ သီးသန့်အိမ်လေးတစ်လုံး ငှားပြီး ကားဂိုဒေါင်လည်း ပါတယ်။ ကြီးစောတူမက ကမာရွတ်မှာနေ ာ့ ရှာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"ရီဝေနဲ့ ရှိန်းတို့ နေဖို့ပေါ့"

"ဟင်..."

"စပေါ် မပေးရဘူး တစ်လ နှစ်ရာနဲ့ နှစ်နှစ်နေဖို့ စာချုပ်ခဲ့ပြီးပြီ ဒီနေ့ကစပြီး ပြောင်းချင်တဲ့အချိန် ပြောင်းလို့ရပြီ၊ ရော့...ဒီမှာ အိမ်သော့"

"နှစ်နှစ်နေပြီးတော့ ရီဝေတို့က ဘယ်ပြေးရမှာလဲ မမနွေရဲ့"

"ဒီအချိန်ကျတော့လည်း သည့်ထက်ကောင်းဖို့ ဖြစ်လာဦးမှာပေါ့ကွယ်"

"ဟုတ်ကဲ့...ဒါကတော့ ကောင်းပါတယ်၊ ဒါပေမယ့်... ဈေးထွက်ဖို့ ဝေးလွန်းလို့ မမနွေ မောင်က နေချင်ပါ့မလား မသိ..."

"ရှိန်း ဈေးမထွက်ရတော့ပါဘူး"

"ဟုတ်လား...ဘာလုပ်စားရမှာလဲ"

"ရော့...ဒီမှာ ကားလိုင်စင်နဲ့ ကုန်ဝယ်စာအုပ်ရယ်၊ စာချုပ်ရယ်။ ရှိန်းနာမယ်နဲ့ ဝယ်တာ။ ပြီးမှ ပိုင်ရှင်နဲ့ချိန်းပြီး နံမယ်ပြောင်းကြပေါ့"

"လေးဘီးပစ်ကပ်တက္ကစီကြီးပါလား"

"ဟုတ်ပါတယ် ရီဝေ၊ ပြောထားပြီးပြီ၊ ဒီညနေမှာပဲ ကားဆားဗစ်(စ်)မှာ ကားသွားယူလို့ ရပါပြီ။ ဒီမှာ လိပ်စာ"

"တက္ကစီက ဘာလုပ်ဖို့လဲ"

"တစ်နေ့ခြောက်ဆယ် ခုနစ်ဆယ် ရတယ်။ ငှားစားဖို့ပါ။ ညပြန်





လာပို့ရင်လည်း ထားစရာ ဂိုဒေါင်ရှိတယ်။ ဟိုအိမ်ကို ပြောင်းပြီး ကားငှားစားကြပေါ့။ ရှိန်းဈေးထွက်ဖို့ မလိုတော့ဘူး"

"ဒါဆို မမနွေ မောင် တစ်နေကုန် အားနေမှာပဲ။ ညဘက် ကားထွက်မောင်းရင်လည်း ဟန်ကျမှာပဲ"

"ညဘက် ကားမောင်းရတာ အန္တရာယ်များလှပါတယ်ကွယ်၊ ညီမလေးရယ်၊ ရှိန်းကို မခိုင်းပါနဲ့တော့ကွယ်"

ရီဝေဦးက သူ့မောင်ပေါ်မှာ အဖြစ်သည်းလှချည်လားဟူသော အကြည့်ဖြင့် ကြည့်နေသည်။

"မမနွေ"

"ပြောပါ ရီဝေ"

"မောင့်ဖေဖေက သူ့သားကို ချစ်သားပဲ။ ငွေတွေလည်း ခဏခဏပေး၊ ခုလည်း အိမ်ရော ကားရော ပေးပြန်ပြီ"

အမှန်တော့ မခင်နွေ၏ စေတနာချည်းပါ။ သုံးလေးငါးထောင် အထိ သုံးခွင့်ရှိသဖြင့် ဦးသက်ထွန်း မသိစေရအောင် ကြီးစောကို ပို့ခိုင်းခဲ့သည်။ ရှိန်းကိုဖြင့် သူ့အဖေက ပေးခိုင်းသည်ဟုသာ သိစေသည်။ ယခု ကားကိစ္စကိုဖြင့် မခင်နွေ ပူဆာရသည်။ စိန်ပွန်းဈေး နေပူထဲမှာ ဈေးထွက်နေရသည်။ တစ်နေ့ မြတ်လှမှ ငါးဆယ်ဟု ဆိုပါ၍ ရှိန်းကို ကားတစ်စင်း ဝယ်ပေးပါရစေဟု မနည်း ပြောယူရသည်။

ဦးသက်ထွန်းမှာ သားအရင်း မဟုတ်၍ လိုက်လှဲသော စေတနာ မရှိပါသော်လည်း ရှိန်းကိုဖြင့် သူ သံယောဇဉ် ရှိရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မမနွေ။ မောင့်အဖေကလည်း စေတနာရှိတယ်။ မမနွေနဲ့ကလည်း မောင်နှမပဲ။ ရီဝေတို့ ၇မိုင်ခွဲ အိမ်မှာပဲ လိုက်နေရရင် မကောင်းဘူးလားဟင်"

ဘာမှ မသိရှာသော ရီဝေဦး မေးခွန်းအတွက်...

"ရှိန်းကို ပြောကြည့်လေ"

ဟူ၍ လှည့်ပေးလိုက်ရသည်။

ရီဝေဦး၏ ရင်ခွင်ထဲမှ ရှိန်းကို မခင်နွေအနေနှင့် ကြီးမားသော မေတ္တာများဖြင့် ခွင့်လွှတ်စွာ ကြည့်မြင်နိုင်မည်ဖြစ်ပါသော်လည်း ဦးသက်ထွန်း ရင်ခွင်ရောက် မခင်နွေကိုဖြင့် ရှိန်း ဘယ်နည်းနှင့်မှ ကြည့်နိုင်မည်မထင်။

"ရီဝေရော နေကောင်းရဲ့လား၊ ဆရာဝန်ပြကြည့်နော်"

"ဟုတ်ကဲ့ နေကောင်းပါတယ်၊ ကိုယ်ဝန်ရှိပြီးကတည်းက ဈေးလိုက်မထွက်တော့ဘူး"

"အိမ်မှာပဲ နားနေတာ ကောင်းပါတယ်လေ။ ခုဆို ကားငှားစားရင် နှစ်ယောက်စာ ဖူလုံပါပြီ"

"ဟုတ်ကဲ့..."

"ဒါနဲ့ ဘာချက်ကြလဲ"

"ဘာမှ မချက်ဘူး၊ ရီဝေချက်တာ သူက မစားနိုင်ဘူးဆိုတော့ ရီဝေလည်း မချက်ဘူး။ ချက်မှ မချက်တတ်တာ။ လိုက်အပြစ်ပြောနေတယ်။ ထမင်းတစ်လုံးပဲ တည်ထားတယ်။ သူပြန်လာမှ အသုပ်ဝယ်လာပြီး စားကြမယ်"





"သြော်...ညီမလေးရီဝေရယ်။ ရှိန်းက အကောင်းသိပ်ကြိုက်တတ်တာ။ ချက်တတ်နိုင်အောင် ကြိုးစားပါလားကွယ်"

"ဟာ... မမနွေမောင်က ဂျီးကိုများတာ၊ ရီဝေက စိတ်မရှည်ဘူး"

"ဘာပဲဖြစ်ဖြစ်၊ တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာနေကြပါ။ ရှိန်းကို စိတ်ချမ်းသာအောင် ထားပါ ရီဝေရယ်။ မမနွေ ကောင်းပန်ပါတယ်။ ငွေလိုရင် သူ့အငွေ့မရှိတဲ့ အချိန် မမနွေဆီ ဖုန်းဆက်ပါ။ ရှိန်းကိုသာ ဂရုစိုက်ပါလို့ မမနွေ အနူးအညွတ်ပဲ တောင်းပန်ခဲ့ပါရစေ ရီဝေရယ်နော်"

"ဟင်...မမနွေကက ပြန်တော့မလို့လား"

"တော်ကြာ သူနဲ့ ဆုံနေမှာစိုးလို့။ သူက မမနွေကို မိထွေးဖြစ်သွားတော့ မုန်းသွားပြီလေ"

"ဟုတ်တယ်။ သူ မမနွေကို စိတ်နာနေသလိုပဲ"

"မမနွေကတော့ ရှိန်းပေါ်မှာ အရာအားလုံးအတွက် ခွင့်လွှတ်ပြီးသားပါကွယ်။ သြော်...ဒီမှာ ရီဝေ"

"ဟုတ်ကဲ့...မမနွေ"

"ဒါတွေကို မမနွေ လာပေးတယ်မပြောနဲ့နော်"

"ရီဝေ သိပါတယ်။ သူနဲ့ဆုံတောင် ကြည့်ပြောမှာပါ။ ဖေဖေက ကြီးစောကို ပေးခိုင်းလိုက်တာလို့ ပြောပါ့မယ်"

"အေးကွယ်...ကောင်းတယ်။ ကဲ...မမနွေ ပြန်မယ်နော်"

"ဟုတ်ကဲ့...မမနွေ။ နောက်ဆို မမနွေ သုခလမ်းကိုပဲ လာ



www.burmeseclassic.com

www.burmeseclassic.com

တော့ပေါ့။ ရီဝေတို့ ချက်ချင်းပဲ ပြောင်းကြမယ်လေ"

"ကောင်းပါပြီ ရီဝေ၊ သုခလမ်းအိမ်မှာ စိတ်သုခနဲ့ ပြည့်စုံ ပါစေလို့ မမနွေ့ အမြဲမေတ္တာပို့ ဆုတောင်းပေးနေပါ့မယ်။ ပြန်ပြီနော် ရီဝေ"

"ကောင်းပါပြီ...မမနွေ့"

ရှိန်း၏ ဘဝလေးကို အနည်းငယ်မျှ သက်သာခွင့် ရရှိသွား အောင် ကူညီပေးကမ်းနိုင်ခဲ့ပြီ ဖြစ်သည့်အတွက် မခင်နွေ့၏ ရင်မှာ ပေါ့ပါးလာသည်။

အဆင်သင့် ကြိုဖွင့်နေသော တစ်သိန်းခွဲတန် ပိုးသျှိုးဖိုက်အိုး ကားကြီးပေါ်သို့ တက်ခါနီးဆဲဆဲတွင် ကိုဖေအေးက...

"ဟော...ရှိန်းက ဟိုမှာပါမမ။ သူက ခုမှ ပြန်လာတယ်"

"ဟင်"

ပလတ်စတစ် ဂုံအိတ်အဖြူကြီးကို ဆွဲလျက် ရှိန်းက နေပူကြီး ထဲမှာ လမ်းဖြတ်ကူးလာသည်။ ဈေးသိမ်းပြီး မှောင်ခိုဆေးများ သယ် မ၍ ပင်ပန်းစွာ ပြန်လာရရှာသော ဈေးသည်လေးရှိန်း၏ အဖြစ်ကို မခင်နွေ့မှာ ကြည့်နေရင်း နေမင်းကြီး ရင်တွင်းသို့ ကျရောက်လာပြီ ထင်မိသည်။

"ရှိန်းလေးရယ်"

ရင်မှာ မြည်တမ်းရင်း လှမ်းကြည့်နေသော ကားကြီးဘေးမှ လှပစွာ ဝတ်စားထားသော မခင်နွေ့ကို သူမြင်သွားသည်။ ရှိန်း မြင်သွားပြီ။





သူသည် မခင်နွေ့ရှိရာသို့ သွက်လက်သော ခြေလှမ်းများဖြင့် ခေလေး ငါးဆယ်လှမ်း လျှောက်လှမ်းလာသည်။

ပြီးတော့ ခြေစုံရပ်ပြီး မခင်နွေ့ကို တစ်ခုခုပြောလိုက်တော့မည့် ဟန်ပြင်ပြီးမှ သူရပ်သွားသည်။ နှုတ်ခမ်းကို တင်းတင်းကြီး စေ့လိုက် ပြီးမှ...

စူးရှရက်စက်လွန်းသော အကြည့်များဖြင့် စိုက်ကြည့်သည်။ ပြီးတော့ ချာခနဲပြန်လှည့်ပြီး မခင်နွေ့ကို ကျောခိုင်းလျက် လမ်းထဲ သို့ ဝင်သွားတော့သည်။ သူ ဘာမှ ပြောမသွားဖြစ်။

သူပြောချင်သော ရင်တွင်းမှ စကားလုံးများစွာသည် ဒေါသ တရား၊ နာကြည်းမှုများနှင့် ရောထွေးရစ်ပတ်လျက် လေးလံစွာ သူ့ ရင်မှာ သယ်ပိုးသွားရကြောင်း မခင်နွေ့ မြင်လိုက်ရပါပြီ။

မျက်ရည်ဝေနေသော မခင်နွေ့မှာ ကားပေါ်သို့ တက်ထိုင်ပြီး အိမ်သို့သာ အမြန်ပြန်မောင်းခိုင်းလိုက်ရပါတော့သည်။

ငြိမ့်နေသော ကားနှင့် အိမ်သို့ပြန်လာရပါလျက် မခင်နွေ့မှာ နွေ့လယ်ကန္တာရခရီးရှည်ကြီးမှ ပြန်လာရသည်သို့ပင်။ လှိုက်မော နွမ်းနယ်စွာ ဆိုဖာပေါ်တွင် မှီထိုင်နေလိုက်မိသည်။

"အေးကွယ်...ကျေးဇူးပဲ"

တဲန်း(Tang) လိမ္မော်မှုန့်ကို ဖျော်၍ ရေခဲတုံးလေးများ၊ ပေါ လောပေါ်နေသော ဖန်ခွက်ကို ရှေ့မှာ ရိုသေစွာ လာချပေးသော မစိန်လှကို ကျေးဇူးတင်စကားပြောပြီး ဘာရယ်မဟုတ် တိပ်ခွေ နှစ်ခွေ တစ်ပြိုင်တည်း ထည့်၍ အချင်းချင်းသွင်း၍ရသော၊ နှင့်၍



www.burmeseclassic.com

www.burmeseclassic.com



ရသော ရှပ်(ပ်)(Sharp) စတီရီယို ကက်ဆက်ခလုတ်ကို နှိပ်လိုက်မိသည်။

မခင်နွေ ထွက်ခွာမသွားမီက ဖွင့်ထားခဲ့သော ကုံကော်တောမျိုးအောင်၏ သီချင်းတစ်ပိုင်းက ဆက်လက်ထွက်ပေါ်လာသည်။

မခင်နွေမှာ သီချင်းတစ်ပုဒ်လုံးကို နားထောင်နေသော်လည်း သူကြားချင်သော စာသားလေးများကိုသာ ရွေး၍ မှတ်သားကြားနာနေလိုက်မိသည်။

*

ကံညှဉ်းတဲ့ အပြစ်ဒဏ်...အားတင်းလို့ခံ...
မာန်ဆယ်ဖြာမိုး...
ဘယ်သူ့ကိုမှ အငြိုးမထားပါ...
...
ဪ...ရက်စက်အမုန်းတွေ ပေးမယ့် မျက်နှာလေး
မချိုတဲ့ နှလုံးကို ကြည့်ပါဦးတော့ အရှက်ပြေလေး
ရန်သူလို ထင်ရက်သော
သွေးမျက်ဖွယ် လက်ညှိုးပေါင်းတစ်ထောင်...
မတန်သလို...နှိမ်ကြည့်သော...
ရက်စက်တဲ့...မျက်လုံးပေါင်း...တစ်သိန်းထဲမှာ...
သေစေချွန်း...ထားရက်လေတယ်လား...
သေအောင်...သတ်လိုက်ပါတော့လား...





"ဪ...သေအောင်ပဲသတ်လိုက်ပါတော့လား ရှိန်းရယ်၊ မမနွေရဲ့အပြစ်က လက်ညှိုးပေါင်းတစ်ထောင်၊ မျက်လုံးပေါင်းတစ်သိန်းဆိုတဲ့ ဒီသီချင်းလေးအတိုင်းပါလေ"

သီချင်းက ထပ်ကျော့လာနေသည်။ မခင်နွေ မကြားတစ်ချက်၊ ကြားတစ်ချက်။

သူကြားမိသော နေရာလေးများမှာတော့...

နွေမဟုတ်ဘဲလည်း...သစ်ရွက်ကလေးတွေ ကြွေတတ်ပါတယ်
...
ကံညှဉ်းတဲ့ အပြစ်ဒဏ်...
အားတင်းလို့ခံ...
မာန်ဆယ်ဖြာမိုး...
ဘယ်သူ့ကိုမှ...အငြိုးမထားပါ။
...
ဪ...ရက်စက်အမုန်းတွေ...ပေးမယ့် မျက်နှာလေး...
...
မတန်သလို နှိမ်ကြည့်တော့...
ရက်စက်တဲ့...မျက်လုံးပေါင်းတစ်သိန်းထဲမှာ...
သေစေချွန်း ထားရက်လေတယ်လား...
သေအောင်ပဲ သတ်လိုက်ပါတော့လား...
...



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း၏ ပင်ပန်းနေသော ရုပ်သွင်၊ ရက်စက်သောအကြည့်များနှင့် ကျောခိုင်းသွားသော မြင်ကွင်းများကိုသာ မြင်ယောင်ရင်း...

မခင်နွေ့ ရှိုက်ကြီးတငင် ငိုကြွေးမိလာသည်။

Tang လိမ္မော်မှုန့် ဖျော်ရည်ကိုလည်း မသောက်ဖြစ်တော့...

*



## အခန်း (၃၇)

"ဪ...တို့လို လူကြီးတွေကတော့ လောကကြီးကို သုံးသပ်ပြီး မြင်တဲ့ အမြင်နဲ့ ကောင်းစေချင်လို့ ပုံစံချပေးခဲ့တာပါ...သမီးလေးလို ချစ်တဲ့ စေတနာကောင်းနဲ့ပါ ခင်နွေ့ရယ်"

"ဒါပေမယ့် ညည်းတို့ လူငယ်တွေရဲ့ ချစ်ခြင်းမေတ္တာနဲ့ နှလုံးသားရေးရာဆိုတဲ့ ပြဿနာဟာ တကယ်နက်ရှိုင်းပါလားဆိုတာ ငါကိုယ်တိုင်လည်း ခုမှပဲ ယုံကြည်လက်ခံရပါပြီ"

"ခင်နွေ့ရယ်...ညည်းနဲ့ ရှိန်းနဲ့ ခံစားနေရတာတွေကို ငါက နှစ်ဖက်လုံးမှာ မြင်နေရတော့ ငါ့ရင်ထဲမှာလည်း ဆို့ဆို့နင့်နင့်ကြီး ဖြစ်အောင် သနားရပါတယ်အေ"

"လူငယ်တွေရဲ့ တကယ့်မေတ္တာစစ်ဆိုတာ ရွှေတွေ၊ ငွေတွေ စည်းစိမ် ဥစ္စာတွေနဲ့ ဘယ်လိုမှ ဖုံးအုပ်ပြောင်းလဲယူလို့မရပါလား ဆိုတာ ငါကိုယ်တိုင် ခုမှ သဘောပေါက်ရပါပြီ မနွေ့...သမီးရယ်"

"ခုတော့ အရာအားလုံးဟာ နောက်ကျသွားခဲ့ပြီ၊ ဘယ်နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



မှ ပြန်စလို့ မရနိုင်အောင် ပြီးဆုံးသွားခဲ့ပါပြီလေ"

"ညည်းဒီလောက်ထိအောင် အသည်းကွဲမတတ် ခံစား… လိမ့်မယ်လို့ ငါမထင်ခဲ့မိလို့ တိုက်တွန်းမိခဲ့တာပါ"

"ဟိုခမျာလည်း…ညည်းကို စိတ်နာတယ်ဆိုပေမယ့် သူမှာ… ကြည်းတာက တစ်ဝက်။ တမ်းတတာက တစ်ဝက်နဲ့ ငါ့ကို ညည်း… အကြောင်းတွေ မေးလိုက်တာ၊ ရှိန်းဟာလည်း တကယ် သနား… လေးပဲ သူ ရီဝေဦးကို မချစ်ပါဘူး၊ ညည်းပေါ်မှာ"

"တော်ပါတော့ကြီးစောရယ်…တော်ပါတော့၊ ခုနပြောသလို… အရာအားလုံးဟာ ဘယ်နည်းနဲ့မှ ပြန်စလို့ မရနိုင်တော့အောင် ပြီး… ဆုံးသွားခဲ့ရပါပြီလေ"

"ကဲ… မျက်ရည်တွေ သုတ်လိုက်စမ်းပါသမီးရယ်၊ ဟိုမှာ ဧ… လာနေကြပြီ"

ကြီးစောစကားအတိုင်း မျက်ရည်သုတ်ရုံမဟုတ် အစ်ကိုကြီး… မရိပ်မိပါစေရန် ကရင်(မ်)ပတ်(ဖ်)နှင့် မျက်နှာကို တို့လိမ်း လျှော်… ပွတ်နေပြီးမှ အိမ်ရှေ့ဘက် ထွက်ခဲ့ရပါသည်။

"ဆရာဝန်က ဘာပြောလိုက်သလဲ အစ်ကိုကြီး"

"ဆေးတော့ ထိုးပေးလိုက်တယ်။ ဒါပေမယ့် အဖျားဝင်နေလို့… ဆေးရုံတင်ရင် ကောင်းမယ်လို့ ပြောလိုက်တယ်"

"ဆေးရုံမတက်ချင်ပါဘူးကွာ။ တက်စရာလည်း မလိုပါဘူး၊ တို့… တောမှာတော့ သံစူးတာတို့၊ ခွေးကိုက်တာတို့ကို ရေးကြီးခွင်ကျယ် လုပ်မနေပါဘူး၊ အနာကျက်တော့လည်း ပြီးသွားတာပဲ။ မင်းတို့…





ဆရာဝန်တွေသာ ရေးကြီးခွင်ကျယ် လုပ်နေကြတာပါ။ ငါ့ဟာငါ ချွေးထုတ်ဆေးသောက်မယ်။ ချွေးထွက်သွားရင် အဖျားကျမှာပဲ"

ဝေဒနာရှင် အဘတိုးက သူ့စိတ်မှာ မရှည်သော်လည်း စကားကို ရှည်လျားစွာ ပြောကြားပြီး ထော့နင်းထော့နင်းနှင့် ကားပေါ်မှဆင်းပြီး သူ့အခန်းသို့ ပြန်သွားသည်။

တစ်နေ့က ခြံရှင်းရင်း အဘတိုး သံစူးသည်။ အေ-တီ-အက်(စ်) ခေါ် မေးခိုင်ပိုး ကာကွယ်ဆေးထိုးရအောင်ဟု ဦးသက်ထွန်းက ခေါ်သည်။ မရ။

သည်နေ့မှ အဖျားဝင်လာ၍ ဆရာဝန်ဆီ သူလိုက်ပြပြီး ထိုစကားများ ပြောကြား၍ ထွက်သွားခြင်း ဖြစ်ပါ၏။

"နွေ…ထမင်းဆာနေပြီလား"

"မဆာသေးပါဘူး အစ်ကိုကြီး"

"ယဉ်ဦးဆွေမှာ သွားစားကြမလား"

"နေပါစေ"

"ဘဲန်ဘူးဟောက်(စ်)ရော"

"နွေ့ကို မမေးပါနဲ့၊ ဒီညနေစာ နွေ ဟင်းတွေ စီမံထားပါတယ်။ အစ်ကိုကြီး လိုက်ကြည့်ပါဦး၊ မကြိုက်ဘူး၊ မစားချင်ဘူးဆိုမှ အပြင် သွားစားကြရအောင်ပါ"

"နွေ"

"ရှင်"

"နွေ့လက်ရာ အစ်ကိုကြီးခံတွင်းတွေ့နေကျပါ။ ခု နွေမချက်



www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် နွေ့ကိုယ်တိုင်စီမံတာမို့ အစ်ကိုကြီးက စားနိုင်ပါတယ်။ ငွေ
ကို ကျွေးချင်လို့ တမင်ခေါ်တာပါ"

"ဒါဖြင့် နေပါစေအစ်ကိုကြီးရာ၊ အိမ်မှာပဲ စားကြရအောင်ပါ
အလကား ပိုက်ဆံကုန်ပါတယ်"

"သဘောဗျား...ဒါပေမယ့် နွေ့က ငွေကို ဘယ်တော့မှ မယူ
ဘူး၊ အစ်ကိုကြီး လိုက်ပို့မှပဲ အဝတ်ဝယ်ဖြစ်တယ်။ အစား စားဖြစ်
တယ်။ ဗိုလ်ချုပ်ဈေးသွားပြီး ဆန်းတာတွေ ဝယ်စမ်းပါ နွေ့ရယ်"

"သြော်...အဝတ်တွေလည်း နွေ့မှာ တစ်ပုံတစ်ပင်ကြီး ရှိနေ
ပါပြီ အစ်ကိုကြီးရယ်။ အလကား ပိုက်ဆံကုန်ပါတယ်"

"ဒီအလကား ပိုက်ဆံကုန်တာပဲ ပြောနေ၊ အစ်ကိုကြီးရှာတာ
နွေ့အတွက်၊ အစ်ကိုကြီးမှာ သိန်းပေါင်းများစွာ ချမ်းသာနေတာ ဘာ
လုပ်ဖို့လဲ"

"သြော်... နွေ့က နွေ့မောင်လေးကိုလည်း ပေးချင်သေးတယ်
အစ်ကိုကြီးရယ်"

"ကြိုက်သလောက် ပေးပါလို့ ပြောထားသားပဲနွေ့ရယ်၊ အစ်ကို
ကြီးရဲ့ သားအရင်းမဟုတ်ဘူးဆိုတာ နွေ့သိလာပေမယ့် ဒီကလေးကို
အစ်ကိုကြီး သံယောဇဉ် ရှိပါတယ်။ အစ်ကိုကြီးရဲ့ လက်ပေါ်မှာ ကြီး
လာတာလေး မဟုတ်လား"

"ဝမ်းသာပါတယ် အစ်ကိုကြီး။ နွေ့ကတော့ ဒီမြို့မှာ သွေးသား
ရင်းခြာဆိုလို့ ရှိန်းတစ်ယောက်တည်း ရှိတာမို့ ရှိန်းကို ပေးခွင့်ရရင်
နွေ့သုံးရတာထက်တောင် ဝမ်းသာလှပါတယ်"





"ပေးစမ်းပါဗျာ...၊ အစ်ကိုကြီး မီးခံသေတ္တာထဲမှာ ငွေတွေ
သိန်းချီရှိနေတာ နွေ့အသိပဲဟာ"

"ဒါပေမယ့် အနည်းအပါးကလွဲလို့ အစ်ကိုကြီး မသိဘဲ နွေ့ဘယ်
တော့မှ မသုံးပါ။ မပေးပါဘူးရှင်"

"အစ်ကိုကြီးမယား အလိမ္မာမလေး။ ကဲ...လာ...ဒါဖြင့် ထမင်း
စားကြမယ်"

ဦးသက်ထွန်းက ထမင်းစားရင်း ပြုံးရွှင်စွာ စကားတွေ ဝေနေ
အောင် ပြောကြားသည်။ အလိုက်သင့် ပြုံစုနေရသော်လည်း မခင်နွေ့
၏ စိတ်ထဲတွင်...

"သိန်းပေါင်းများစွာ"

ဆိုသော စကားသံက ထပ်မံကြားယောင်လာမိသည်။ မီးခံ
သေတ္တာထဲတွင် လေးငါးသိန်းခန့် အဝင်အထွက် အမြဲရှိသည်။ ဆိုင်
တင်မည့် စိန်ရွှေရတနာတွေက အပြည့်။

"အန်တီမြ ထွက်သွားတုန်းက ကားနှစ်စင်းနဲ့ တိုက်တစ်လုံးသာ
ကျန်ခဲ့တယ်။ အတွင်းပစ္စည်း ရှိသမျှ ရွှေတစ်ရွေးသား မကျန် ယူသွား
တယ်လို့ ဆိုခဲ့တယ်"

"ဒါပေမယ့် ဗောက်(စ်)ဝက်ဂွန်း ကားတစ်စင်းသာ ရောင်းရ
တယ်။ ကရိုလာကလည်း ရှိန်းယူသွားပြီး ရောင်းစားလိုက်ပြီ"

"ဒီကားတစ်စင်းရောင်းရငွေနဲ့ အရင်းတည်ပြီး တစ်နှစ်ကျော်
အတွင်းမှာ သိန်းပေါင်းများစွာ ပြန်ပြီး စီးပွားဖြစ်နိုင်ပါ့မလား"

"အန်တီမြ အကုန်ယူသွားတယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား
မသိ"



www.burmeseclassic.com

www.burmeseclassic.com



"နီလာနဲ့ စိန်လက်စွပ်ကြီးလည်း ငါကိုယ်တိုင် ဝတ်ခဲ့ရတာ"

"ဦးသက်ထွန်းဟာ အန်တီမြတို့ဆီက တစ်နည်းနည်း... လှည့်ယူထားလိုက်လေသလား။ ဥပမာ အစစ်နဲ့ အတုတွေ လဲ... လို့ ဖြစ်ဖြစ်ပေါ့။ သူက ပန်းတိမ်ဆိုင်လည်း ပိုင်တာပဲ"

"အန်တီမြတို့ သတင်းအစအနလည်း မကြားရဘူး။ ... အန်တီမြဘဝက ဓာတ်မြှုပ်နေရမယ့် ဘဝပဲလေ"

"ငါနဲ့ မဆိုင်တာတွေ ငါဘာကြောင့်များ တွေးနေမိပါလိမ့်"

❋

## အခန်း (၃၈)

ဒုတိယနေ့ အဘတိုးကို ဆေးခန်းသွားပြသည့်အခါ ဆေးရုံသို့ ...င်မှ ဖြစ်တော့မည်ဟူသော ဆရာဝန်၏ မှတ်ချက်ကြောင့် အဘ...းကို ဆေးရုံသို့ တန်းတင်လိုက်ရသည်။

ထိုနေ့ ညနေက ဦးသက်ထွန်း၊ မခင်နွေနှင့် ဒေါ်စောတို့ပါ ဆေး...ာ ကြာမြင့်စွာ နေခဲ့ကြသည်။

ဦးသက်ထွန်းက ပြုစုဖို့ စပါယ်ရှယ်(လ်)နပ်(စ်) ငှားပေးချင်...ကြောင်း ပြောရှာသည်။

တာဝန်ကျ ဆရာဝန်က အခြေအနေမဆိုးလှသေးပါ။ ငှားသင့်မှ ...ာမှ အဆင်သင့်ရှိရင် ငှားပါဟု ဖြေသိမ့်သည်။

မခင်နွေတို့ ဆေးရုံမှ ပြန်လာသည်အထိ အဘတိုး၏ အဖျားက ...ျသေး။ လူကြီးမို့ မေ့မေ့လျော့လျော့ဖြစ်နေသည်။ သူ့စကား...းက တောင်ရောက် မြောက်ရောက်နှင့်။

"ဦးတိုးအဖျားက ငန်းဝင်ချင်တယ်ထင်တယ်။ ငန်းဖျားဆိုရင်





www.burmeseclassic.com

www.burmeseclassic.com



ကယောင်ကတန်း ပြောတတ်တယ်"

ဒေါ်စောက ရှေးရိုးတွေးဖြင့် မဝေဖန်ချက်ပေးသည်။

ဦးသက်ထွန်း အဘတိုးအတွက် သူနာပြုတစ်ယောက်ကို ညစောင့်ရန် ငွေပေး မှာကြားခဲ့ပြီး မခင်နွေတို့ ပြန်လာခဲ့ကြသည်။ အကြောင်းထူးလျှင် အရေးကြီးလျှင် အိမ်သို့ အချိန်မရွေး လှမ်း ဖုန်းဆက်ပါဟု သူ့အဘိုးလေးကို စိတ်မချစွာ ဦးသက်ထွန်းက မှာကြားခဲ့ပါသော်လည်း...

ထိုတစ်ညလုံး ဖုန်းမလာ။ မနက်ပိုင်းတွင်မှ အဘတိုး ညက ကောင်းစွာ မအိပ်ရကြောင်း၊ ယခုမနက်တွင် နေကောင်းစွာ အိပ်ပျော်နေကြောင်းများ သတင်းရသည်။ စိတ်ပူစရာ မရှိပါဟု ဆိုပါ၏။

"ကဲ...ဒါဖြင့် ဒေါ်စောပဲ မနက်စာ ထမင်းသွားပို့ပေးပါ"

"ကောင်းပါပြီ"

"အစ်ကိုကြီး ညနေပိုင်းအားတဲ့အချိန်မှာ လှည့်ဝင်ကြည့်ခဲ့မယ်။ နွေမလိုက်နဲ့တော့နော်။ အဲဒီ မေးခိုင်ရောဂါပိုးဝင်တဲ့ အခန်းက စိတ်ညစ်စရာကြီး။ နွေ့ကို မသွားစေချင်တော့ဘူး"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး။ အဘတိုးစားဖို့တော့ နွေလုပ်ပေးလိုက်ပါ့မယ်"

"စိမ်ပေးလိုက်ပါ။ မစိန်လှတို့ ချက်လိမ့်မပေါ့။ နွေမီးဖိုချောင် မဝင်ပါနဲ့"

မခင်နွေ ပြုံးပြီး ခေါင်းညိတ်ပြလိုက်ရသည်။

"ကဲ...ဒါဖြင့် အစ်ကိုကြီး ရွှေဘုံသာလမ်းဆိုင် သွားတော့မယ်။ ဩော်...ဒေါ်စော၊ ကျွန်တော် ဆယ်နာရီမထိုးခင် ကားပြန်လွှတ်လိုက်မယ်။ ဆေးရုံကို သွားပါ။ ဆေးရုံမှာ နေခဲ့ပြီး ကား ကျွန်တော့်ဆီ ပြန်လွှတ်လိုက်။ ဟိုမှာ အဆင်ပြေသလိုနေပြီး ဒေါ်စောဘာသာ ကြည့်ပြီး ပြန်ခဲ့ပေါ့"

"ကားမလွှတ်လည်း ဖြစ်ပါတယ် ကိုသက်ထွန်း"

"လွှတ်ပေးလိုက်ပါ့မယ်၊ ကဲ...နွေ၊ အစ်ကိုကြီး သွားမယ်နော်..."

"ဟုတ်ကဲ့ပါအစ်ကိုကြီး"

ဦးသက်ထွန်းက မခင်နွေ၏ ခေါင်းကို ကလေးတစ်ယောက်လို ချစ်စနိုး ပုတ်ပြီးမှ ထွက်သွားပါတော့သည်။

"ကိုသက်ထွန်းလည်း ညည်းနဲ့ရမှ ဟို ၂၀လမ်းက မိန်းမဆီ သိပ်မသွားတော့ဘူး ထင်တယ်။ ညည်းကိုတော့ အတော်မြတ်နိုးရှာသား"

"သွားသွား မသွားသွား ကြီးစောရယ်။ ဒီကိစ္စတွေ ခင်နွေနဲ့ မဆိုင်သလိုပါပဲ"

"အင်း..."

"ဝန်တိုခြင်းဆိုတာက ချစ်ရခြင်းကြောင့် ဖြစ်လာရတဲ့ ခံစားမှုပဲ"

"အေး...ဟုတ်တယ်"

"အချစ်ကြီးလေ မမျှဝေနိုင်လေပဲ။ မမျှဝေနိုင်လေ ဝန်တိုခြင်းကြီးမားလေပေါ့။ ခင်နွေ့အတွက်တော့ ဘယ်မှာ ဝန်တိုစရာရှိမှာလဲ ကြီးစောရယ်၊ ခင်နွေ့ရင်ထဲမှာ အစ်ကိုကြီးအတွက် အချစ်ဆိုတာ မရှိပဲ"







www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ ညည်းကို ချစ်ရှာပါတယ်"

"အသစ်ကိုး ကြီးစောရဲ့။ ဒါပေမယ့် ကြီးစောသိတဲ့အတိုင်း ခင်နွေ့ရင်ထဲက လောင်မြိုက်ခြင်းများနဲ့ ကြေကွဲနေရမှုတွေကို အစ်ကိုကြီး မမြင်စေရပါဘူး။ ဇနီးသည်တစ်ယောက်ရဲ့ ဝတ္တရား မပျက်စေရအောင် အစစအရာရာ ပြုစုပေးနေတာ ကြီးစော အမြင်ပါ ပဲလေ"

"အေးအေး၊ ငါလည်း ငါတိုက်တွန်းမိခဲ့တဲ့ ဖာတ်လမ်းမို့ ညည်းကို သနားစိတ်နဲ့ ဒီအိမ်က ခွဲမသွားရက်တာပါ"

ဒေါ်စောက သနပ်ဖက် ဆေးလိပ်ကို ဖွာရင်း ဆိုဖာပေါ်တွင် ခြေတင်လျက် ညည်းညည်းညူညူ ပြောနေရှာသည်။ သူနောင်တ ရလေပြီ။

ဘာပဲဖြစ်ဖြစ် ယခုအချိန်မှာ မခင်နွေ့က ရေမို့ ဒေါ်စောက ကြာပွင့်ဖြစ်ရချေပါပြီ။ မခင်နွေ့က အခြေတင့်လေ သူမြင့်လေပါ။

ဒေါ်စောမှာ မီးဖိုချောင်တာဝန် မရှိတော့။ တစ်ခါတလေ မခင် နွေ့နှင့် နှစ်ယောက်သား ကားနှင့်ဈေးဝယ်သွားပြီး မစိန်လှတို့ကို ပါးစပ်နှင့် စေခိုင်းလိုက်ရုံပါ။

ဤအိမ်တွင် ဒေါ်စောသည် သူဌေးကတော်၏ မိခင်လို၊ အဒေါ် တစ်ယောက်လို တာဝန်မဲ့ဖြင့် ချမ်းသာစွာနေရှာပါပြီ။

"ဆေးရုံထမင်းပို့ပြီး သွားစရာရှိတာ သွားလိုက်ဦးမယ်။ အပြန် နောက်ကျရင် ကျမယ်နော် ခင်နွေ့"

"ကြီးစော မရှိရင် ခင်နွေ့နေရတာ သိပ်ပျင်းတာ။ ဒါပေမယ့်





သွားပါလေ။ အဘကိုးကိုလည်း ဂရုတစိုက် အခြေအနေကို ကြည့်ခဲ့ ပြီး ကြီးစောရာ"

"အေးပါအေ၊ ငါလည်း အဘိုးကြီးကို သနားပါတယ်။ တစ်အိမ် တည်းသားချင်းပဲဟာ"

"ကြီးစော..."

"ဟေ..."

"ဒီစကား ရှိန်းသာကြားရင် စဦးမှာ"

"အင်း... ခင်နွေ့ရယ်၊ ညည်းမှာလည်း ဘာစကား၊ ဘာ အကြောင်းအရာပဲပြောပြော ရှိန်းအကြောင်းနဲ့ပဲ နိဂုံးဆုံးတာပဲ"

"ပါးစပ်စကားအဖြစ်နဲ့ နိဂုံးဆုံးသွားပေမယ့် ခင်နွေ့ရဲ့ ရင်ထဲ မှာတော့ ရှိန်းအတွက် နိဂုံးဆိုတာ မရှိဘူး"

"ခင်နွေ့ရဲ့ ရင်ထဲမှာ၊ အသည်းနှလုံးထဲမှာ အချစ်ဆုံးရှိန်းဟာ အဆုံးမရှိတဲ့ မရပ်နားတဲ့ လှုပ်ရှားမှုတွေနဲ့ ထာဝရ ရှင်သန်နေပါတယ် ကြီးစောရယ်"

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"သား တစ်ယောက်တည်းလား"

"ဟာ...ကြီးစောပါလား"

ဒေါ်စော ဝင်လာသည်ကိုပင် မသိ။ ငေးငေးငိုင်ငိုင် ထိုင်နေသော ရှိန်းက အားရဝမ်းသာ ဆီးကြိုရှာသည်။

"ဟုတ်တယ်ကြီးစော၊ ဒီနေ့ တက္ကစီဒရိုင်ဘာ ကားနားလို့၊ ရီဝေမောင်က ယူမောင်းတယ်။ သူတို့မောင်နှမတစ်တွေ လျှောက်လည်ကြမလို့တဲ့"

"သား ဘာလို့ လိုက်မသွားလဲ၊ အိမ်စောင့်မရှိလို့လား"

"အိမ်က စောင့်နေရလောက်အောင် ဘာပစ္စည်းမှ မရှိပါဘူး။ သူတို့မောင်နှမတစ်တွေ စုမိရင် စိတ်ကုန်လွန်းလို့ နားပူတာနဲ့ လိုက်မသွားတာ။ ကားပဲ ပေးလိုက်တယ်။ ဒါနဲ့ ကြီးစော ရှိန်းဆီ သက်သက်လာလည်တာလား၊ ဖေဖေက လွှတ်လိုက်လို့လား"

"မင်း အဘတိုး ဆေးရုံတင်ထားရတယ်၊ သားနာမည်လည်း





ခေါ်ခေါ်နေတယ်။ ဒါကြောင့် သွားကြည့်နိုင်ရင် ကြည့်လိုက်ပါဦးလို့ လာပြောရင်း..."

"ဟာ...အဘတိုး ဘာဖြစ်လို့လဲဟင် ကြီးစော"

"သွေးတိုး ဖျားတာပဲ။ မေးနိုင်ပိုးဝင်လို့တဲ့"

"ဟာ...ဒါဆို အရေးကြီးတာပဲ၊ ရှိန်း သွားတော့ ကြည့်ချင်ပါတယ် ကြီးစော။ ဟို သူဌေးကတော်ကြီးနဲ့ ဆုံနေမှာ စိုးတယ်"

ဒေါ်စောက မဆုံးသေးသော သူ့စကားကို ဆက်ရန် သက်ပြင်းချ၍ အားယူလိုက်ရသည်။

"ပထမတော့ ထမင်းပို့ပြီး ကြီးစောတူမဆီ သွားဖို့ပဲ။ ဒါပေမယ့် ဆေးရုံက ပြန်လာတော့ ကြီးစောစိတ်တွေ တစ်မျိုး ဖြစ်လာတယ် သားရယ်"

"ဟင်..."

"တရားရလာတယ်ဆိုပါတော့။ မင်း အဘတိုးရဲ့ အခြေအနေဟာလည်း စိတ်ချရတယ်မဆိုနိုင်ဘူး။ သေချင်သေသွားနိုင်တယ်။ ဒီနေ့ ပိုဆိုးလာတယ်"

"ဟုတ်လား"

"သူက ခြောက်ဆယ်ကျော်၊ ကြီးစောက ငါးဆယ်ကျော် အဘိုးအဘွားအရွယ်တွေမို့ သေချင်လည်း ဗျတ်ခနဲ သေသွားနိုင်ပါလားလို့ တွေးမိလာတာနဲ့ သားဆီကို ကြီးစော တမင်သက်သက်လာခဲ့တာ သား"

"ရှိန်း အဘတိုးကို သွားကြည့်ပါ့မယ် ကြီးစော၊ တစ်အိမ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



သားချစ်လျက်ပါဗျာ။ ဖေဖေရဲ့ စေတနာတွေကိုလည်း ရှိန်း ဝမ်းနည်းစွာနဲ့ ခံယူနေပါတယ်။ ဖေဖေပေးနေတာတွေလည်း များလှပါပြီ။ ရှိန်းကို ဆိုင်ထွက်ရတာ ပင်ပန်းတယ်ဆိုပြီး အိမ်ငှားပေး၊ ကားဝယ်ပေးခဲ့တာတောင် ရှိန်း ဖေဖေနဲ့ သွားမတွေ့ဖြစ်ဘူး၊ ဆိုင်လည်းမသွားချင်ဘူး။ အိမ်လာရင်လည်း ဟိုစည်းစိမ်ရှင် သူဌေးကတော်ကြီးနဲ့ တွေ့ရမှာ ကြောက်လွန်းလို့"

"ရှိန်း...လူလေး..."

"ဗျာ...ကြီးစော"

"ကြီးစော တရားရလာခဲ့တယ်ဆိုတာ အဲဒါ သား"

"ဘာလဲ ကြီးစောရဲ့"

"ဩော်...မတော် ငါများ ရုတ်တရက် သေဆုံးသွားခဲ့ရင် ရှိန်းဟာ ခင်နွေ့အပေါ်မှာ တစ်သက်လုံး မုန်းနေတော့မယ်။ အမြင်မှန်လေး ရသွားပါစေ၊ အဖြစ်မှန်လေး ကြားသိရစ်ခဲ့ပါစေတော့လို့ ကြီးစော စိတ်ပိုင်းဖြတ်ပြီး လာခဲ့တာပါ လူလေးရယ်"

"ဟင်..."

"အခြေအနေတွေကတော့ အားလုံး လွန်ကုန်ပြီ။

ဘာမှ ပြုပြင်လို့ မရနိုင်တော့ဘူး။ ဒါပေမယ့် ခုလိုနေမြဲဘဝတွေမှာပဲ ဆက်လက်နေကြပြီး ငါ့သားရင်ထဲက ခင်နွေ့ကို မုန်းတီးနေတဲ့ စိတ်တွေကို ကြီးစောမသေခင် ဖယ်ထုတ်ပေးခဲ့ချင်လွန်းလို့ပါ သားရယ်"

မခင်နွေ၏အကြောင်းကို ရှိန်းက ကြားနာချင်စိတ်မရှိသော်လည်း 'ဘာများပါလိမ့်'ဟူသော သိချင်စိတ်ကလေးဖြင့် ဒေါ်စော၏ စကားကို စောင့်နေသည်။

"သားနဲ့ ခင်နွေ မောင်နှမ မကအောင် ချစ်နေကြတာ၊ ကြီးစောပဲ ရိပ်မိတယ်။ ကိုသက်ထွန်းက လုံးဝ မသိပါဘူး"

"ဟုတ်တယ်"

"ဒါကြောင့် ခင်နွေ့ကို သူလက်ထပ်ယူချင်တယ်လို့ ကြီးစောနဲ့ အဘတိုးကို တိုင်ပင်တော့ ကြီးစောတို့ကလည်း ဝမ်းသာကြတာပေါ့။ ဒါနဲ့ အားလုံး စုံညီရှေ့မှာ ခင်နွေ့ကို မေးတော့ အို... သူသိပ်ငြင်းတယ်၊ သိပ်ငိုတယ် သားမှတ်မိမလား"

"ဘာကိုလဲ ကြီးစော"

"မင်းအဖေ သားကို မန္တလေး မခိုင်းခင် တစ်နေ့က ခင်နွေ နေမကောင်းဘူးဆိုပြီး အခန်းထဲမှာ အိပ်နေတော့ သား ဝင်သွားခဲ့တယ် မဟုတ်လား"

"အင်း...ဟုတ်တယ်"

"ဒီတုန်းက...သားကို သူဖက်ငိုနေတာ ကြီးစော တွေ့လိုက်ပါတယ်။ မင်းကို ဒီအကြောင်း ဖွင့်ပြောပြီး ပြေးကြမလို့တဲ့။ ဒါပေမယ့် ငိုရုံနဲ့ ပြီးသွားတယ်၊ မပြောဖြစ်ခဲ့ဘူး"

ရှိန်း မျက်စိထဲတွင် မခင်နွေဖက်၍ ငိုစဉ်က သည်မျှ ကြီးမားသော ပြဿနာကြီးတစ်ရပ် ဖြစ်ပေလိမ့်မည်ဟု အနည်းငယ်လေးမျှ မတွေးထင်တတ်ခဲ့မိ။ မမနွေ၏ အငိုမျက်ဝန်းမှတစ်ဆင့် ရင်ထဲ ဝေဒနာကိုလည်း သတိမထားမိခဲ့။







www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွေး၊ ကလေးအပြောများဖြင့်သာ မခင်နွေ့ကို တတ်တွယ်ရင်း ရယ်ရွှင်ဖွယ် စကားလေးများဖြင့် စခဲ့၊ နောက်ခဲ့ ပြောင်ခဲ့မိသည်များကို ပြန်လည်၍ သတိရလာမိပါပြီ။

နောက်တစ်နေ့ နံနက်စောစောတွင် ဦးသက်ထွန်း ခိုင်းသဖြင့် မန္တလေးရှိ သူ့မိတ်ဆွေထံသို့ ပစ္စည်းသွားပို့ခဲ့ရသည်။

သို့သော်နောက် မခင်နွေ့နှင့် တစ်ကမ္ဘာစာ ဝေးကွာခဲ့ရသည်။

"ရှိန်း..."

"ခင်ဗျာ"

"ခင်နွေ့ ဘာဖြစ်လို့ ကိုသက်ထွန်းကို လက်ထပ်ပြီး ပေလီကို ထွက်သွားရလဲ သိလား...ဟင်"

ရှိန်းမှာ မှုန်မှိုင်းနေသော မျက်ဝန်းလေး၊ ပိုင်းစက်လာရင်း ကြီးစော၏ စကားများကို ဆက်လက်၍ အသက်မရှူရဲလောက်အောင် နားထောင်နေရှာပါသတည်း။

✻

ဒေါ်စောကိုပါ ပထုတ်ပြီး နှစ်ညနှင့် တစ်နေ့လုံးလုံး မခင်နွေ့မှာ ဦးသက်ထွန်း၏ 'ရဲရင့်ခွင်'ဝယ် ထွန်းလှန်ရှန်းကန်နိုင်ဖြင်း ကင်းမဲ့စွာဖြင့် ကျရောက်ခဲ့ရရှာသည့် အကြောင်းမှာ...

မခင်နွေ့ သတ်သေတော့မည်ဟု ဒေါ်စောကို ပြောပြခဲ့ပုံများ...

နှလုံးသွေးများ ယိုစီးကျလာပြီလား ထင်မှတ်ရအောင် မခင်နွေ့ လှိုမ့်၍ ငိုခဲ့ရရှာသည့်အဖြစ်များအပြင်...





ဒေါ်စော ကိုယ်တိုင်က ရှိန်းသည် ကလေးသာဖြစ်၍ ကောက်ရိုးမီးရှို့သည့်ပမာလို ခဏတာ လောင်မြိုက်ပြီး ငြိမ်းသေသွားပေမည်။

သူနှင့် ရွယ်တူတန်းတူလေးကို ယူဖြစ်လိမ့်မည်။ အနေနီး၍ အစွဲကြီး စွဲနေခြင်းပါဟု လူကြီးတစ်ယောက်၏ အမြင်၊ လောကကြီးနှင့် အိမ်ထောင်ရေးစည်းစိမ်သုခကို သုံးသပ်ရှုမြင်သော အကြည့်များဖြင့် ကြီးစောကိုယ်တိုင်က တိုက်တွန်းမိခဲ့ခြင်းအကြောင်းများ ပြောပြအပြီးတွင်...

ဦးသက်ထွန်းသည် မခင်နွေ့ကို တရားဝင် မယူလျှင်လည်း တခြားသော မိန်းမတစ်ယောက်ကို ယူဖြစ်ပေလိမ့်မည်သာ။

သည်အခါတွင် ရှိန်းအတွက် မိထွေးပြဿနာ တက်ပေလိမ့်မည်။ ရှိန်း အနေခက်ပေလိမ့်မည်။

မခင်နွေ့နှင့်ဆိုလျှင် ရှိန်းဘဝ လွှင့်စရာမရှိ၊ ယခု စည်းစိမ်များကို ပေးချင်သလောက် ပေးနိုင်မည်ဖြစ်ကြောင်း ရှိန်းကောင်းစားရေးများကို တရားဟောခဲ့သည်များ၊ မှားရပြီဖြစ်ကြောင်းများ ပြောအပြီးတွင်...

မခင်နွေ့ ခမျာ...

သူ၏ နွမ်းကြွေသွားရသော ဘဝကိုလည်း ရှိန်းကို ဘယ်နည်းနှင့်မှ မအပ်ရက်တော့ပါကြောင်း၊ ရှိန်း၏ ကောင်းစားရေး၊ သည်အမွေများကို တခြား မိထွေး ဝင်မလာစေဘဲ ရှိန်းရရှိစေရေးများအတွက် သဘောပေါက် လက်ခံလာပြီး...



www.burmeseclassic.com

www.burmeseclassic.com



လှောင်အိမ်တွင်းမှ ထွက်မပြေးနိုင်သော ငှက်ကလေး ...ကောင်ကို အလွယ်တကူ ဖမ်းယူသွားသည်သို့ပင်...

ဦးသက်ထွန်းမှာ မခင်နွေ့ကို တရားဝင်လက်မှတ်ရေးထိုး... ပေလီသို့ ရှိန်းပြန်မလာမီ ထွက်ခွာသွားကြကြောင်းများ ပြော... အပြီးတွင်...

✻

"သူတို့ ပြန်မလာခင် ရှိန်း ရီဝေဦးကို လက်ထပ်သွားပြီ။ ... မေးပွဲလည်း မဖြေဖြစ်တော့ဘူးဆိုပြီး ပြန်လာတဲ့နေ့က ခင်နွေ့ ...တာများ သားမြင်ရရင် ရင်ကွဲမယ်"

ပြီးတော့...

"သား သူ့ကို ပြောဆိုပြီး ပါးကိုချ၊ လဲသွားအောင် ရိုက်ပြီး... ထွက်သွားတဲ့နေ့တုန်းကလေ သူ့ဒဏ်ရာတွေ သတိမရနိုင်ဘဲ ကျုံး... ထပြီး သားလေးကို ပြေးထွက်ပြီး ကြည့်တဲ့နေ့ကများ ကြီးစော... တောင် မျက်ရည်ကျမိတယ်"

"အဲဒီနေ့ကလည်း မင်္ဂလာဆောင်က အပြန်မို့ ကိုသက်ထွန်းရဲ့ အမိန့်နဲ့ ပြင်ဆင်ထားရှာတာပါကွယ်။ သားက ဒီလိုရုပ်သွင်နဲ့ မြင်... တော့ ပိုပြီး တစ်မျိုး ထင်သွားတာပေါ့"

"ခင်နွေ့ ခများမှာလေ...

"သား အခန်းကိုဖွင့်၊ သားရဲ့ ခေါင်းအုံးလေးကို ဖက်ပို၊ စာကြည့် စားပွဲလေး ကြည့်ပြီး... သူ့ကြောင့် ပညာရေးပျက်ရှာပြီ ဆိုပြီး





ရှုးမတတ်ဖြစ်နေရှာတဲ့ အဖြစ်တွေ"

"အို...ကိုသက်ထွန်း ရှေ့မှာ ဟန်လုပ်နေရတာတွေက ပိုပြီး သနားစရာကောင်းပါတယ်။ ရှိန်းနဲ့ ပတ်သက်ပြီး တကယ့်ကို ရင်ကွဲနာကျမတတ် လှိုက်လှိုက်လှဲလှဲ အမြဲငိုနေရှာတာ နေ့တိုင်းပါသားရယ်၊ ခုပဲ ဘာပြောလိုက်တယ် မှတ်သလဲ"

"ရှိန်းနဲ့ သူ့ဘဝ နိဂုံးချုပ်သွားရပြီဆိုပေမယ့် ခင်နွေ့ရဲ့ ရင်ထဲမှာ...အသည်းနှလုံးထဲမှာ အချစ်ဆုံးရှိန်းဟာ အဆုံးမရှိတဲ့၊ မရပ်နားတဲ့ လှုပ်ရှားမှုတွေနဲ့ ထာဝရ ရှင်သန်နေပါတယ်ကြီးစောရယ်ဆိုပြီး ခုပဲ ငိုကျန်ရစ်ခဲ့သေးတယ်။ ခင်နွေ့လေ ရှိန်းအတွက် ငိုခဲ့ရှာတဲ့ မျက်ရည်တွေဟာ..."

"ဟာ...တော်ပါတော့၊ တော်ပါတော့ ကြီးစောရယ်။ ရှိန်း မကြားရက်တော့ပါလားဗျာ"

"အိုကွယ်...သားမှာလည်း..."

ဟုတ်ပါရဲ့၊ ရှိန်းမျက်ဝန်းမှာလည်း မျက်ရည်များစွာ သွယ်စီးကျဆင်းလျက်ပါလား။

"ရှိန်းကတော့ သူ့ကို စိတ်နာနာနဲ့ ပါးရိုက်ပစ်ခဲ့မိတယ်။ သူကျတော့ ရီဝေကိုယူတာ ရှိန်းပေါ် စိတ်မနာဘူးတဲ့လား ကြီးစောရယ်...ဟင်"

"သူဟာ သားအပေါ်မှာ အားလုံးကို ခွင့်လွှတ်နိုင်ပါတယ်။ ရီဝေနဲ့ သူနဲ့က ပြေလည်တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းမရှိချိန်မှာ ခင်နွေနဲ့ ရီဝေနဲ့ တွေ့နေကျ"

"ဟင်..."

ရှိန်း စဉ်းစားမိလာသည်။ ဗဟိုရုံစည်မှာ နေစဉ်က လမ်းဆုံ တွင် ဆုံကြသည်။ ရီဝေ့ကို မေးတော့ သူ့ဆီ မလာပါဘူး ဆိုသော စကားကို ယုံခဲ့မိသည်။

"ဟိုတစ်ပတ်ကပဲ ရီဝေငွေလိုတယ်လို့ ဖုန်းဆက်တော့ မြ လက်ထက်က ခင်နွေ့ကို ပေးခဲ့တဲ့ ရွှေဆွဲကြိုးလေး ကြီးစောပဲ ရောင်း ပြီး လာပေးခဲ့သေးတယ်"

"အို...ရီဝေက မမနွေဆီကို ငွေတောင်းတယ် ဟုတ်လား"

"ဒါ သူတို့ချင်း ဒီလိုဆက်သွယ်နေကျပဲ"

"ဟာ..."

"ဒီမှာ ရှိန်း၊ ကြီးစောလာပေးသမျှ ငွေတွေ၊ ကားဝယ်တာတွေ ဟောဒီအိမ်ငှားတာတွေဟာ ရှိန်းအဖေ ပေးတယ်များ မှတ်သလား"

"ဗျာ..."

"ကဲ...တစ်ခါတည်းပဲ အားလုံးကို ဖွင့်ပြောလိုက်ပါရစေတော့ ရှိန်းရေ"

"ဘာကိုလဲ ကြီးစော"

"ကိုသက်ထွန်းဟာ ရှိန်းရဲ့ အဖေရင်း မဟုတ်ဘူး"

"ဗျာ..."

ဒေါ်စောမှာ မခင်နွေသိလာခဲ့ရသော ဦးတိုးဆီမှ ကြားဖူးခဲ့ရ သော ဒေါ်မြမြခင်၏ ငယ်စဉ်မှ ချစ်ဇာတ်လမ်းလေးကိုလည်း ရှိန်း အား ပြန်ပြောပြသည်။





"အမေကလည်း ပစ်သွား၊ အဖေအရင်းမဟုတ်တဲ့သူနဲ့လည်း နေရတယ်ဆိုပြီး ခင်နွေဟာလေ ရှိန်းကို ရင်ထဲ ခွဲထည့်ထားမတတ် ချစ်ခဲ့တယ်၊ သနားခဲ့တယ်၊ ဒါကြောင့် သူ့မှာ ခုလို ခံစားနေရရှာတာပါ သားရယ်"

"မမနွေ...အို... ရှိန်းရဲ့ မမနွေရယ်"

ကလေးငယ်တစ်ယောက်လို ရှိန်း လှိုက်လှဲစွာ ရှိုက်ငိုရှာသည်။

"ကိုသက်ထွန်းက သူ့မယားငယ်ငယ်လေးကို ကြိုက်သလို သုံးပါလို့ သော့အပ်တော့ ရှိန်းရဲ့ မမနွေက ဘာပြောလဲ ဆိုတော့...

"သူ့ ဘာမှ မသုံးပါရစေနဲ့။ သူ့မောင်လေးကိုသာ ပေးပါရစေလို့ တောင်းပန်ရှာတယ်။ ခင်နွေရဲ့ ရင်ကွဲရတဲ့ အဖြစ်တွေကို သားရယ်... အမေ ကိုယ်တိုင်တောင် မကြည့်ရက်နိုင်အောင်ပါကွယ်"

"သူဟာလေ မင်းပေါ်မှာ တကယ့်ကို မိခင်ကောင်းတစ်ယောက် ရဲ့ ချစ်ခြင်းမေတ္တာမျိုးနဲ့ ခွင့်လွှတ်နိုင်ပြီး ချစ်တဲ့ အချစ်မျိုးပါ"

"ပြီးတော့... အစ်မကြီး တစ်ယောက်လိုလည်း အလိုလိုက်ပြီး အကြိုက်တွေ လုပ်ပေးနိုင်တဲ့ အချစ်မျိုးနဲ့လည်း ချစ်နိုင်တဲ့ မိန်းမ..."

"ပြီးတော့...ရှိန်းက ချစ်ပါတယ်၊ လက်ထပ်လိုပါတယ် ဆိုတော့ လည်း မငြင်းရက်နိုင်ခဲ့ရှာဘူး"

"သူတာလေ ရှိန်းပေါ်မှာ...ရှိန်းက မုန်းတီးသည်ဖြစ်စေ ချစ်နေ မယ့်သူ"

"စွန့်လွှတ်လိုက်ရပေမယ့်လည်း ချစ်နေမယ့်သူ၊ ပြီးတော့..."

"တော်ပြီ... တော်ပြီ ကြီးစော၊ ရှိန်း ရင်ထဲမှာ မမနွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



အသည်းတွေ ကြွေတော့မယ်ဗျ"

ရှိန်းက ဝုန်းဆို မတ်တတ်ရပ်ပြီး ငိုသံပါကြီးနှင့် အော်ငို လိုက်သည်။ သူ့မျက်နှာမှာ မျက်ရည်တွေ အပြည့်။

"ဩော်...ဟိုမှာ ခံစားနေရရှာလွန်းလို့ သားရဲ့ မုန်းတီး စိတ်တွေ ပြေပေးပါလို့ လာတောင်းပန်ကာမှ ဒီတစ်ယောက်ကလည်း သူ့မမနွေလိုပဲ ခံစားရပြန်ပါပေါ့လားကွယ်"

"မင်းတို့နှစ်ယောက်ရဲ့ အံ့မခန်းလောက်တဲ့ အချစ်မျိုးတွေ ဒီကမ္ဘာပေါ်မှာ ရှိမယ်တောင် မထင်တော့ပါဘူး"

"အို...သားတို့ရယ်၊ ကြီးဇောကိုသာ ခွင့်လွှတ်ကြပါတော့ကွယ်"

ဒေါ်ဇောလည်း အိုကြီးအိုစနှင့် ငိုရှာလေပြီ။

"ကြီးဇောရဲ့ စေတနာကို မမနွေလက်ခံသလို ရှိန်းလည်း နား လည်ပါတယ် ကြီးဇော"

"အို...ရုတ်တရက်ကြီး ဘယ်သွားမလို့လဲ"

"ကျွန်တော့်အသက်ထက် ပိုပြီး တန်ဖိုးထားခဲ့ရတဲ့၊ မြတ်နိုး ရတဲ့ မမနွေရဲ့ ဘဝသစ်ကလေးကို ရက်ရက်စက်စက် ချေဖျက်ပ ခဲ့တဲ့ ရှိန်းရဲ့ အဖေဆိုတဲ့ ဟိုကောင်ကြီးဆီကို"

"ဟဲ့...အို၊ အမယ်လေး...ဒုက္ခပါပဲ"

"ရှိန်း...သား၊ မသွားနဲ့လေ၊ လူလေး"

ဒေါ်ဇော အော်သည်၊ ခေါ်သည်။ မမီတော့...။

တစ်ချိန်က အိမ်ဖော်မ အဘွားကြီးတစ်ဦးသည် အချစ်ကြီး လွန်းစွာ ချစ်ခဲ့ကြသော ချစ်သူနှစ်ဦး၏ကြားတွင်...





အမုန်းတွေ ပြေပါစေဟု စေတနာတွေ ဝေခဲ့မိကာမှ...

ပိုမို၍ ရှုပ်ထွေးစရာများ ဖြစ်ပေါ်လာရပေတော့မည်တကား။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

ဆိုင်သို့ လိုက်သွားသည်။ မတွေ့...

အိမ်သို့ ဖုန်းဆက်သည်။ ဦးလေးရော မမနွေပါ အပြင်သို့ သွားကြပါသည်ဟု ပြန်ကြားခြင်းခံရပါ၍...

ရှိန်းမှာ ဆောက်တည်ရာမရနိုင်လောက်အောင် ဖြစ်နေမိသော စိတ်များကို မျိုသိပ်လျက်၊ ရှိန်း မမွေးမီကပင် ရှိနေနှင့်သော သံယောဇဉ် တွယ်မိခဲ့ဖူးသော...

အဘတိုးရှိရာ ဆေးရုံကြီးသို့ ရောက်ဖြစ်ခဲ့ရသည်။

ညှို့ချိန်ထက် စောနေ၍ လူသူရှင်းနေသည်။ တမင်စောစော ဝင်ချင်၍လည်း တံခါးစောင့်သူကို လက်ဖက်ရည်ဖိုးပေး၍ တက်ခဲ့ရသည်။ အချိန်က သုံးနာရီထိုးခါနီး...

"အဘတိုး နေကောင်းလား၊ ရှိန်းပါ"

"သတိကောင်းကောင်းမရဘူး အစ်ကို၊ အဖျားလည်း မကျဘူး၊ နည်းနည်း စိုးရိမ်ရတယ်တဲ့၊ ပြောချင်တာတွေလည်း လျှောက်ပြော





နေတာပဲ။ အစ်ကိုခေါ်ကြည့်ပါ။ အစ်ကိုလာတုန်း ကျွန်တော် အောက်ခဏ ဆင်းဦးမယ်နော်..."

ရှိန်း အိမ်မှာနေစဉ်ကပင် ခင်မင်ခဲ့ရသော ဦးသက်ထွန်း၏ တပည့်လေးက ပြောပြီး ရှိန်းကို ထားရစ်ခဲ့သည်။

"အဘတိုး... အဘတိုး ရှိန်းလေ ရှိန်း အဘကို လာကြည့်တယ်..."

ရှိန်းက သူ့ကို လှုပ်ခါ၍ ခေါ်လေသောအခါ သူက မျက်လုံးဖွင့်လာသည်။ သူ့အကြည့်က မှုမမှန်၊ လေသံက မပီသ...

"ဟင့်...ရိမ်း...ရိမ်း...လား"

"ဟုတ်ပါတယ် အဘဘတိုး။ ရှိန်း အဘတိုးကို လာကြည့်တာ၊ နေကောင်းတယ် မဟုတ်လား ဟင်..."

"ဟင့်အင်း...ဟင့်အင်း...အီး...ဟီးဟီး...ဟင်း"

အဘတိုးက မေးစေ့သွားသံကြီးနှင့် အော်ငိုပြီးမှ...

"ဟင်း...ဟင်း...ဟ မေရဲ့ အရောင်း"

"ဟင်...ဘာလဲ အဘတိုး"

"ဟင်း...ဟင်း"

"သြော်...'ဟင်း' ဆိုတာ 'မင်း'လို့ ရှိန်းကို ပြောတာလား"

အဘိုးကြီးက ခေါင်းညိတ်သည်။ ဓာချွေးများ ပြန်လာသည်။ မျက်လုံးကြီး ပြူးပြီး ဂဏှာမငြိမ်လျက်နှင့် ကြိုးစား၍ ပီသအောင် ယောင်ရင်း ယမ်းရင်း ပြောလာသည်။

"ဟင်း...မင်း...မင်းအမေရဲ့ အရောင်း...အလောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟိုကောင်...တင်ရောင်...တင်ရောင်ပါ"

"ဟာ...မေမေနဲ့ ကိုတင်မောင်၊ ဟုတ်လား၊ ဟုတ်လား ဟင်၊ အဘ...ဘာ...ဘာဖြစ်လဲ"

"သူတို့အရောင်းတွေ အလောင်းတွေ... အုတ်ကန်ကြီးအောက် ဟာ"

"ဗျာ...အုတ်ကန်ကြီးအောက်မှာ ဟုတ်လား အဘဟင်... ဟုတ်လား

"ငါ...ငါ ကြောက်တယ်"

ရှိန်း မှန်းဆလာမိပြီ...အဖြစ်မှန်ကို အခြေခံတွေးနိုင်ပြီမို့...

"မေမေ ဒေါ်မြမြခင်နဲ့ ကိုတင်မောင်တို့ အလောင်းတွေ အုတ်ရေကန်ထဲမှာ မြှုပ်ထားတယ်၊ ဟုတ်လား...ဟုတ်လားဟင်၊ အဘတိုး ပြောစမ်းပါ။ ပြောစမ်းပါ"

"ဟီ...ဟီ ဟင်း"

"မငိုနဲ့၊ မကြောက်နဲ့၊ ရှိန်းပါ၊ ပြောပါ။ အဲဒီအလောင်းတွေ ရေကန်အောက်မှာ ရှိတယ်နော်...ဟုတ်...ဟုတ်လားဟင်၊ အဘတိုး ပြောစမ်းပါ၊ ပြောစမ်းပါ"

"ဟင်း...ဟင်း...ဟုတ်...ဟုတ်..."

"အမယ်လေး အဘတိုးရယ်၊ ဘယ်သူ ဘယ်သူ မြှုပ်ထားတာလဲ"

"ငါ...ငါဟာ မှတ်မိတယ်"





"အို...အဘတိုး မြှုပ်ထားတယ်လား"

"ဟင်း"

"အင်း"ကို သူမငြီး။ ရှိန်းမှာ မူးမေ့မသွားဖြစ်အောင် မနည်းကြိုးစား၍ အဘတိုးကို လှုပ်ခါပြီး...

"အဲဒါ အဘတိုး သတ်တာလား ဟင်...ဟင်"

"ဟင်း...ဟင်း...ဟင်း...ဟင်း ငါကြောက်တယ်"

မထင်တာ တမင်မေးပြီးမှ...

"မကြောက်နဲ့အဘ၊ မကြောက်နဲ့၊ ရှိန်းသိတယ်။ ဖေဖေ သတ်တာ မဟုတ်လား ဟင်..."

"အား"

"ပြောပါ... ဖေဖေဦးသိက်ထွန်းက မေမေနဲ့ တင်မောင်ကို သတ်ပစ်လိုက်တာ မဟုတ်လား"

"ဟင်း...ဟင်း...တနုတ်နဲ့ ပစ်သတ်"

ပွေ့ထားသော အဘတိုးကို ပစ်ချခဲ့မိပြီး ရှိန်း ဆေးရုံပေါ်မှ ဆင်းပြေးလာသည်။

"ဟာ...အစ်ကိုပြန်တော့မလို့လား"

ရှိန်း ဘာမှ မပြောဖြစ်တော့ ..

လှုဆင်းသွားသော သုံးဘီးကားကို အတင်းတားပြီး...

"၇ မိုင်ခွဲကို အမြန်ဆုံး မောင်းပို့ပေးစမ်းပါခင်ဗျာ"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"အဘတိုး စကားမေးမရတော့ဘူး။ နွေစိတ်ပူလိုက်တာ အစ်ကိုကြီးရယ်"

"ဆရာဝန်ကတော့ ကြိုးစားနေဆဲပါပဲလို့ ပြောတာပဲ"

ပိုးသျှိုးဖိုက်အိုဖိုး ကားသစ်ကြီးကို ဦးသက်ထွန်းကိုယ်တိုင် မောင်း၍ အိမ်သို့ပြန်လာကြရင်း ပြောလာကြခြင်း ဖြစ်ပါ၏။

"ဒီလို သတိလစ်ပြီး ပြန်ကောင်းသွားတဲ့ လူတွေလည်း ရှိမှာပါပဲ။ အစ်ကိုကြီးလည်း စိတ်တော့ ပူတာပေါ့။ အစ်ကိုကြီးမှာလည်း ဒီအဘိုးလေးတစ်ယောက်နဲ့ပဲ အနီးကပ်နေရတာ မဟုတ်လား"

"ဟုတ်ကဲ့"

"သြော်... ဒါနဲ့ ရှိန်းတောင် ခပ်စောစောက လာကြည့်သွားသတဲ့"

"ဟင်..."

"အစောင့် မြင့်ခင်လေးက ပြောတယ်။ ရှိန်း ခဏလေးနေပြီး





ပြန်ပြေးဆင်းသွားတယ်တဲ့။ အစ်ကိုကြီးတို့လိုပဲ အဘတိုးက မေးမရ၊ ခေါ်မရဖြစ်နေလို့ နေမှာပေါ့"

"အင်း..."

"ရှိန်းနဲ့တောင် မတွေ့တာ ကြာပြီ။ ဒီကောင် အိမ်ကို မလာဘူး"

ရှိန်းအကြောင်းရောက်လာ၍ ရင်မှာ မတည်ငြိမ်တော့။ စကားသံတို့ပင် ဂုန်ခါလာသည်မို့ မခင်နွေမှာ တခြားစကားများဆီသို့ ဦးတည်လွှဲပြောင်းပစ်လိုက်ရသည်။

မခင်နွေတို့ ပြည်လမ်းပေါ်မှတစ်ဆင့် ဂုမိုင်ခွဲတွင်းသို့ ချိုးကွေ့ဝင်လာချိန်မှာ ၆ နာရီကျော်ပေပြီ။ မှောင်ရီပြိုးဖျအချိန်ပါ။

"ဟင်...ခြံထဲမှာ"

မခင်နွေက အရင်မြင်နှင့်သည်။

"ဟာ...ဘယ်...ဘယ်သူတွေလဲ။ အလို...မြတ်စွာဘုရား"

ဖွင့်ထားပြီးသော တံခါးမှတစ်ဆင့် ကားကို တအားမောင်း၍ ဦးသက်ထွန်း ဝင်လာသည်။

အုတ်ကန်ကြီးမှ ရေများ ဖောက်ထုတ်ထား၍ ရေများ ခြံတွင်းအနှံ့ ပြန့်မြောနေသည်။ အုတ်ကန်ကြီး ဖြိုပြီးပြီ။ လူလေးငါးယောက်က အင်္ဂတေကွာနေပြီဖြစ်သော မြေကြီးကို စတင် တူးဖော်နေလေပြီ။

"ဟေးကောင်တွေ၊ ဒါ...ဒါ...ဘာလုပ်ကြတာလဲ။ ဘာ... ဘာလုပ်ကြတာလဲ ဟင်"

ဦးသက်ထွန်းက သူရူးတစ်ယောက်လို ပြေးလွှားသွားရင်း ကြိုးအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွက်သွားကြ၊ မင်းတို့ ဂူခြံထဲက ထွက်သွားကြ"

ဦးသက်ထွန်းက အသံကုန် အော်သည်။ တူးနေသူထဲမှ တစ်ယောက်က…

"ကျုပ်တို့ကို ရှိန်းက ခိုင်းတာဗျ"

"ဟင်…ဟင်…ဘယ်မလဲ၊ ဘယ်မလဲ ခွေးမသား"

"ဟိုမှာ…"

အိမ်ဝမှ ရှိန်းကို လက်ညှိုးညွှန်ပြကြသည်။

"မင်းတို့ရပ်ကြ၊ ဆက်မတူးကြနဲ့"

ဦးသက်ထွန်း၏ အသံများမှာ ကြောက်လန့်လွန်းအားကြီးသူ တစ်ယောက်လို ပြာနှမ်းနေသည်။

"မင်း ဘယ်က သိလာလဲဟင် နွေးကောင်"

အပေါ်ထပ်သို့ တက်၍ ပြေးနှင့်သွားသော ရှိန်း၏ နောက်မှ ဦးသက်ထွန်းက တစ်ဟုန်ထိုးတက်ပြေးလိုက်သည်။

ကြောင်နေသော မခင်နွေမှာ ဘာဖြစ်မှန်း မသိသော်လည်း ရှိန်းအတွက် ပူပန်စိတ်ဖြင့် နောက်မှ အမီလိုက်၍ တိုက်ပေါ်သို့ တက်ပြေးလာခဲ့ရသည်။

"ရှေ့မတိုးပါနဲ့ ဦးသက်ထွန်း"

"ဟာ…"

ရှိန်း၏လက်မှာ ဦးသက်ထွန်း၏ သေနတ်က ရောက်နှင့်နေလေပြီ။

ရှိန်းက အခန်းတွင်းဝင်နှင့်၍ အဆင်သင့်ထားတတ်သော ဗီရို





အံဆွဲထဲမှ သေနတ်ကို ယူပြီး တံခါးကွယ်မှ စောင့်နေသည်။ ဦးသက်ထွန်းလည်း ခုတင်ခေါင်းရင်းရှိ ဗီရိုဆီသို့ပြေးသည်။ သေနတ်ထားရာ အံဆွဲက ပွင့်နေလေပြီ။ သူ သေနတ်ကို စမ်းနေစဉ်မှာ ရှိန်း၏ အသံက ပေါ်ထွက်လာခဲ့သည်။

"မမနွေ ဖယ်နေပါ"

အခန်းဝမှာ မခင်နွေ။ တံခါးကွယ်မှာ ရှိန်း။ အခန်းဝတည့်တည့် ခေါင်းရင်းဘက်တွင် ဦးသက်ထွန်း။

သုံးယောက်လုံး အံ့အားသင့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးထိတ်ခြင်းများနှင့် ရှိနေစဉ်အတွင်း ရှိန်းအသံက ဟိန်းထွက်လာသည်။

"ခင်ဗျား ကျွန်တော့်အမေကို သတ်ပစ်ခဲ့တယ်"

"ကျွန်တော် သိပ်ချစ်ရတဲ့ မမနွေကိုလည်း မတရား ကျင့်ကြံပြီး အရယူခဲ့တယ်"

"ပြီးတော့ ခင်ဗျားဟာ ကျွန်တော့်အဖေ မဟုတ်ဘူး"

"အဲဒါတွေအတွက် ကျွန်တော့်လက်ချက်နဲ့ ခင်ဗျားသေစေရမယ်"

ရှိန်းက သေနတ်ကို မောင်းတင်ပြီး ရင်ဝတည့်တည့်သို့ ချိန်ရွယ်ထားစဉ်မှာ ဦးသက်ထွန်းက လက်ကာရင်း…

"ဟင်…"

"ဟာ…မ…မလုပ်…"

"ဒိုင်း…"

ဦးသက်ထွန်းမှာ ရင်ဘတ်ကို နှိပ်ပြီး အိပ်ရာပေါ်သို့ ယိုင်လဲကျ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး လူးလွန့်နေစဉ်မှာပင် ကြောင်နေသော မခင်နွေ့ သတိတရား ဝင်လာခဲ့သည်။

ရှိန်းဆီသို့ ခုန်သွားပြီး သူ့လက်မှ သေနတ်ကို ဆွဲယူလိုက်သည်။ ရှိန်းက လွှတ်ပေးလိုက်ပြီး မခင်နွေ့ကို ကြည့်နေဆဲမှာပင်...

"ရှိန်း...သွား...သွား"

မခင်နွေ့က အသံကုန်အော်လိုက်သည်။

သူ့လက်တွင်းရောက် သေနတ်ကို လက်နှစ်ဖက်ဖြင့် ကိုင်၍ တုန်တုန်ရီရီပင် ဦးသက်ထွန်းကို ထပ်မံချိန်ရွယ်လိုက်ပြီး ရှေ့သို့ တိုး သွားသည်။

ရှိန်းက ကြောင်ငေးလျက် ကြည့်နေမိဆဲမှာ...

မခင်နွေ့က ဦးသက်ထွန်းရှိရာသို့ သေနတ်ကို တည့်တည့်ချိန်ပြီး မျက်စိကို စုံမှိတ်ကာ သေနတ်မောင်းကို အဆက်မပြတ် ဆွဲပစ်လိုက် တော့သည်။

လူးလွန့်နေဆဲ ဦးသက်ထွန်းမှာ ဆတ်ခနဲ တွန့်သွားပြီး ငြိမ် ကျသွားတော့သည်။

အဖြစ်အပျက်က စက္ကန့်ပိုင်းလေးအတွင်းမှာပါ။ မခင်နွေ့က ထပ်အော်သည်။

"သွား...သွား...ရှိန်း ထွက်သွား"

သေနတ်သံကြောင့် ပထမဆုံး ရောက်လာသော မစိန်လှက အသံကုန်အော်လိုက်သည်။

"အမယ်လေး... လာကြပါဦး၊ မမနွေ့က ဦးလေးကို သေနတ်နဲ့ ပစ်နေတယ်"





တွင်းတူးနေသူများ ပြေးတက်လာချိန်နှင့် မစိန်လှ အော်လိုက် ချိန်က အံကိုက်ပါ။

"မမနွေ့...မမနွေ့"

ရှိန်းကလည်း အလန့်တကြား ကြုံးအော်လိုက်သည်။

လူတွေ ဝိုင်းလာပြီ။

"ရှိန်း သွား...သွား...ဟား..."

"သူ...သူနဲ့ မဆိုင်ဘူး။ ကျွန်မ...ကျွန်မ ယောကျ်ားကို ကျွန်မ သတ်တာ၊ ကျွန်မ သတ်လိုက်တာပါရှင်"

မခင်နွေ့မှာ ကြုံးအော်နေရာက အသံလေးများ တိမ်ဝင်သွား သည်။ သွေးချောင်းစီးလာသော ဦးသက်ထွန်း၏ အလောင်းကြီးကို ကြည့်ပြီး... သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက်ကပင် ပျော့ခွေကာ မေ့မြောလဲကျသွားပါတော့သည်။

"ဟာ...မမနွေ့...မမနွေ့ရယ်"

ရှိန်းက မခင်နွေ့ကို ပြေး၍ ပွေ့ယူလိုက်ပြီး...

"မဟုတ်ဘူး...မဟုတ်ဘူး။ ကျွန်တော် သတ်တာ။ သူ...သူ... တမင်သက်သက်"

"အို... မမနွေ့ ပစ်လိုက်တာ ကျွန်မ မြင်တယ်၊ ကျွန်မ မြင် တယ်"

မစိန်လှက ကြောက်လန့်တကြားနှင့် သူမြင်လိုက်ရသည့် မြင် ကွင်းကိုပင် ဝင်၍ အော်ပြောလိုက်သည်။

"မဟုတ်ဘူး...မဟုတ်ဘူး မမနွေ့။ အို...မမနွေ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေ လူသူတွေ ရှုပ်ထွေးကုန်လေပြီ။ ရှိန်းရင်ခွင်တွင်းမှာ မခင်နွေမှာ ရှိန်း၏ အဆမတန် လှုပ်နိုးအော်ခေါ်မှုကြောင့် ပြန်လည်သတိရလာသည်။

ပထမ ဝေဝေဝါးဝါး။

ပြီးတော့ အရာအားလုံးကို သူပြန်လည်သိရှိလာချိန်မှာ တွင်းတူးသမားများထံမှ အသံကြားရသည်။

"ပလတ်စတစ် စ ကြိုးနဲ့ ထုပ်လို့ လူသေအလောင်းနှစ်လောင်း ပေါ်လာတယ်။ ယောက်ျားနဲ့ မိန်းမနှစ်ယောက်၊ သေတ္တာတွေရော ပစ္စည်းတွေပါ ပေါ်လာပြီ"

မခင်နွေမှာ ရှိန်း ရင်ထဲမှ ကြုံးထလိုက်ပြီး...

"ရှိန်း မင်းပါးစပ်ကို ပိတ်ထား၊ ဘာမှ မပြောနဲ့။ မောင်လေး ဘာမှ ဝင်မပြောပါနဲ့နော်"

မခင်နွေမှာ ရှိန်းသို့ အရေးတကြီး အကြည့်များနှင့် ပိတ်ပင်တားမြစ်လိုက်ရင်း...

ဘာမှန်းမှ သူအသေအချာ မသိရသေးပါသော စကားရပ်များကို မှန်းဆရင်း...

"ဟုတ်တယ်...ဟုတ်တယ်။ အဲဒါကြောင့် ကျွန်မယောက်ျားကို ကျွန်မ သတ်တာ၊ ကျွန်မသတ်တာ။ သူမြင်ပါတယ်နော်..."

မစိန်လှကို သက်သေတည်လိုက်သည်။ တကယ်မြင်ရသော မစိန်လှကလည်း ခေါင်းညိတ်ပြသည်။

"သူနဲ့ ဘာမှ မဆိုင်ဘူး"





"ကျွန်မ မောင်လေးနဲ့ ဘာမှ မဆိုင်ဘူး"

"ကျွန်မ သတ်တာပါ"

"ကျွန်မ သတ်တာပါရှင်"

"ရဲကို ခေါ်ပါ"

"ကျွန်မကို ဖမ်းကြပါ"

"ကျွန်မ တစ်ယောက်တည်းကိုပဲ အပြစ်ပေးကြပါ"

သွေးရူးသွေးတန်းဖြင့် အဆက်မပြတ် အော်ပြောနေသော မခင်နွေကို ရှိန်းက ပြေးဖက်လိုက်ရင်း...

"မမနွေ၊ ရှိန်းတွက် အနစ်နာခံနိုင်လွန်းတဲ့၊ ချစ်နိုင်လွန်းတဲ့ ရှိန်းရဲ့ မမနွေရယ်၊ မမနွေ၊ မမနွေရယ်...မမနွေရဲ့..."

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

မခင်နွေ မည်သို့ပင် ကာကွယ်ပြောဆိုစေကာမူ...

အခင်းဖြစ်ချိန်၊ လူသတ်မှုဖြစ်နေဆဲကာလက အခန်းတွင်း၌ ရှိန်းပါရှိနေပါ၍ လူသတ်မှုဖြင့် မခင်နွေရော ရှိန်းကိုပါ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

အချုပ်တွင် ရှိန်း ၂၁ရက်တိတိ ကြာအောင် နေခဲ့ရသည်။

ပြီးတော့မှ အာမခံရခဲ့သည်။

ဖြောင့်ဆိုချက် ပေးပြီးသား မခင်နွေကိုဖြင့် လူသတ်မှုပုဒ်မ ၃၀၂ အရ လူသတ်သမားအဖြစ်နှင့် အာမခံ မရခဲ့။

မခင်နွေ အာမခံ ရရှိရေးအတွက်ပါ ရှိန်းက ကြိုးစားပါသော် လည်း မခင်နွေက ငြင်းခဲ့သည်။ လူသတ်မှုကြီး၏ တရားခံကိုယ်တိုင် က အာမခံ မရလိုပါ ဆိုလာသဖြင့် ရှိန်းတို့ ကြိုးစားသော်လည်း အချည်းနှီးပါ။

မခင်နွေ၏ ကျည်ဆန်များကြောင့် ဦးသက်ထွန်း သေဆုံးရ





သည်ဆိုသော်လည်း ပထမဆုံး ပစ်သူမှာ ရှိန်းပါ။

သည်အတွက် ရှိန်းမှာ အချုပ်တွင် ရမန်နှင့် နေခဲ့ရသည်။

သို့ပါသော်လည်း အခင်းစတင်ဖြစ်ချိန်က အခန်းတွင်း၌ လူသုံး ယောက်သာ ရှိခဲ့သည်။

ဦးသက်ထွန်း။

ပြီးတော့...

ရှိန်းနှင့် သူ့မမနွေ။

ဤသုံးယောက်အနက် ဦးသက်ထွန်းမှာ သေဆုံးခဲ့လေပြီ။ သူ့ အမှန်တရားကို တင်မပြနိုင်တော့။

ဒုတိယဖြစ်သော မခင်နွေသည် သူသတ်တာပါ။ ရှိန်းနှင့် ဘာမှ မဆိုင်ပါဟု အထပ်ထပ် အခါခါ ဝန်ခံနေသူဖြစ်ပါ၏။ မခင်နွေ သေနတ်နှင့် ပစ်နေသည်ကို မျက်မြင်သက်သေ မစိန်လှ ရှိပါ၏။

ရှိန်း စတွင်ပစ်ခတ်ချိန်က မခင်နွေမှ လွဲ၍ ဘယ်သူမှ မမြင်ကြ၊ မသိကြ။

'သက်သေ'ဟူသည် တရားဥပဒေ၏ သော့ချက်ဖြစ်ပါ၏။

သည့်အတွက် မျက်မြင်သက်သေ တစ်ယောက်မှ မရှိသော ရှိန်း ၏ ပြစ်ချက်အတွက် ရှိန်း သက်သာရာ ရစေခဲ့သည်။ အာမခံ ရခဲ့ သည်။ တရားရှင် လွှတ်ခဲ့သည်။

ဥပဒေဘောင်၏ ပြင်ပသို့ ရောက်ခဲ့သည်ဆိုပါသော်လည်း ရှိန်း မှာ သူ့မိခင်ရင်းကို သတ်ခဲ့သော လူသတ်သမားအား သေနတ်နှင့် ဝင်၍ ပစ်ခဲ့မိသည့်အတွက် အချုပ်ခံဘဝနှင့် တစ်လနီးပါးမျှ ကြာ



www.burmeseclassic.com

www.burmeseclassic.com



မြင့်အောင် နေခဲ့ရသည်။

သူ ပြုမိခဲ့သော အပြစ်တစ်စွန်းတစ်စအတွက် ထိုက်တန်သော ချုပ်နှောင်မှုကိုဖြင့် ခံခဲ့ရပါသေးသည်သာ။

*



## အခန်း (၄၃)

ဘာပဲပြောပြော ရီဝေဦးကဖြင့် ကျေနပ်နေလေသည်။

မမျှော်လင့်ပါဘဲ အဘတိုးလည်း အသက်ချမ်းသာရာရ၍ ဆေးရုံမှ ဆင်းလာနိုင်ခဲ့သည်။

ကြီးစောနှင့် အဘတိုးက ရှိန်းနှင့် ရီဝေဦးကို ခေါ်လာခဲ့ကြသည်။

အမှန်တော့လည်း တစ်ဦးတည်းသော အမွေဆက်ခံပိုင်ခွင့်ရှင် ရှိန်းသည်သာ ဤအိမ် ဤယာ၏ အရှင်သခင်ဖြစ်ရမည်ပင်။

အရင်ကပင် သည်တိုက်ကြီးမှာ နေချင်သော ရီဝေဦး ရွှင်မြူးနေပါ၏။

သူ သရဲကြောက်တတ်၍ လူသုံးယောက်လုံး အသတ်ခံခဲ့ရသော အပေါ်ထပ် အိပ်ခန်းကြီးကို သည်အတိုင်း နေရာမပျက် သော့ပိတ်ထားလိုက်သည်။ သူတို့ အောက်ထပ်မှာပင် နေကြသည်။

ဤအိမ်သို့ ရောက်ပြီးခါမှ ရှိန်း၏ ရင်သွေး ရီဝေဦး၏ သား လေးကို မွေးဖွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချစ်နွေ"

ဟု ခေါ်ပါသတည်း။

"ရီဝေရယ် မောင်ရဲ့ မမနွေကို တမ်းတတဲ့အနေနဲ့ သားကို ဒီနံမယ်တော့ ပေးပါရစေ"

ဟု ရှိန်း ဖွင့်ဟ ဝန်ခံတောင်းပန်စဉ်က…

"ကြိုက်သလို မှည့်ပါလေ၊ ဒါပေမယ့် မောင့်မှာက အရာရာမှာ မမနွေမှ မမနွေ ဖြစ်နေလွန်းတယ်"

"ဩော်…ရီဝေရယ်၊ မောင့်ပေါ်မှာ ဒီလောက် ချစ်နိုင်တဲ့ အစ်မမျိုး ဒီကမ္ဘာပေါ်မှာ ရှိနိုင်ပါဦးမလား။ ရီဝေလည်း အကြောင်းစုံ သိနေသားနဲ့"

"ဟုတ်ပါတယ်"

"မမနွေသာ မောင့်သေနတ်ကို ,မလုဖြစ်ခဲ့ရင် ဦးသက်ထွန်း တစ်ချက်နဲ့ မသေတောင် မောင် ထပ်ပစ်မိမှာ"

"အင်းနော်"

"မမနွေဟာ ဦးသက်ထွန်းကို သတ်စရာအကြောင်း မရှိပါဘူး။ သိပ်နူးညံ့တဲ့ မမနွေဟာ လူမသတ်ရဲပါဘူး ရီဝေရယ်၊ မောင့်ကိုယ်စား သူဝင်ပြီး ခံယူပေးသွားရှာတာပါ။ သူသာ ခုလို ထောင်ထဲမှာ ရှိမနေရင် မောင် ထောင်ထဲမှာ ရှိနေရမှာပေါ့"

"ရီဝေသိပါတယ်"

"ဒါကြောင့် မမနွေနဲ့ ပတ်သက်သမျှ ကြုံတွေ့လာရင် မောင့်ကို ခွင့်လွှတ်ပါလို့ မောင် တောင်းပန်ထားပါရစေ ရီဝေ"





မျက်ဝန်းမှာ မျက်ရည်များ ပြည့်လွှမ်းလာသော ရှိန်းကို ရီဝေဦးက စိုက်ကြည့်ရင်း သက်ပြင်းချလိုက်သည်။ သူဘာမှ မပြောတော့။

သူဌေးကတော်လေး ချက်ချင်းဖြစ်လာရသော ရီဝေဦးမှာ ထမင်းချက်နှင့်၊ အစေခံနှင့်။ ကြီးကြပ်ပေးမည့် ကြီးစောနှင့်၊ အဘဘိုးနှင့်။ နောက်နှ သူ အလွန်ကားစီးချင်သည့် ဆန္ဒအတိုင်း သိန်းကျော်တန် ကားကြီးနှင့်။ ဒရိုင်ဘာနှင့်မို့ ရီဝေတို့ ပျော်နေသည်။

ရီဝေသာမက ရီဝေဦးတို့ မိသားတစ်စုလုံး သူဌေးယောက္ခမ၊ သူဌေးယောက်ဖ၊ သူဌေး မရီး၊ သူဌေးခယ်မတို့အဖြစ်နှင့် အိမ်သို့ တစ်ပြုံကြီး လာလိုက်ကြ၊ စားလိုက်ကြ၊ သွားလိုက်ကြနှင့် ကားလည်း နားရသည်မရှိ။

"ရီဝေက ငယ်သေးတယ်သား၊ ကြည့်ထိန်းဦးနော်"

"ရှိန်းသိပါတယ် ကြီးစော၊ မမနွေ သော့အပ်ပြီး ပေးခဲ့တဲ့ ငွေတွေ၊ စိန်ရွှေရတနာတွေကို သူမမြင်အောင် ထားပါတယ်၊ သူသုံးဖို့ ငွေပဲ ကြည့်ပြီး ပေးပါတယ်။ အိမ်ရဲ့ စားသောက်ရေးကလည်း ကြီးစောပဲ စီမံပေးနေတော့…"

"အေးပေါ့၊ သူတို့ မိသားစုကြီး အသုံးအဖြုန်းကြီးပုံနဲ့ ကုန်သွားမှာ စိုးလို့ပါ။ တစ်နေ့ သူလိမ္မာရင် သူ့ဖို့ပဲပေါ့"

"သူ့ဖို့ မဖြစ်စေရဘူး"

"ဟင်…"

"ရှိန်းလည်း မယူပါဘူး"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မမနွေအတွက် ထားမယ်"

"အို..."

"မမေရဲ့ အတွင်းပစ္စည်းတွေ ဆိုပေမယ့် ဦးသက်ထွန်းရဲ့ အကြံအဖန်နဲ့ ရှာဖွေခဲ့တာတွေလည်း ပါတယ်။ ဦးသက်ထွန်းဟာ မမနွေရဲ့ ယောက်ျားအဖြစ်နဲ့ သေဆုံးသွားခဲ့တယ်။ ဒီအတွက် မမနွေ ရထိုက်ရုံမကဘူး။ ရှိန်းကိုယ်တိုင်လည်း သူ့ကို အကုန်လုံး ပေးချင်တယ်။ မမနွေပဲ အားလုံး ရစေချင်တယ် ကြီးစောရယ်"

"အင်း...ဟိုကလည်း ကိုသက်ထွန်းနဲ့ယူခါစက ဒီလိုပဲ ပြောရှာပါတယ်။ အားလုံးပဲ ရှိန်း ရစေချင်ပါတယ်တဲ့။ သြော်...ခင်နွေ... ခင်နွေ၊ သူဟာ ရှိန်းပေါ်မှာ သူ့ဘဝအဆုံးခံပြီး အသက်နဲ့ လဲပြီး ချစ်ရဲတဲ့ မိန်းမမျိုးပါလားကွယ်...၊ ကြီးစော သနားတယ်။ ခင်နွေကို အောက်မေ့တယ် သားရယ်"

ကြီးစော မျက်ရည်ကျတော့ ရှိန်းက ပို၍ ငိုဖြစ်သည်။

အဘတို့၏ လက်တွင်းမှာတော့ သားကလေး မောင်ချစ်နွေက ခုန်မြူးနေသည်။ ကလေးက လေးလသားလေး ရှိနေပြီ။

ရီဝေကတော့ ကားတစ်စင်းနှင့် ရန်ကင်းသွားမည်ဆိုပြီး မနက်ကတည်းက ထွက်သွားသည်။ ရီဝေဦးမှာ ရှိန်းကိုလည်း ချစ်ပါသည်။ သူ့သားကိုလည်း ချစ်ပါသည်။ သို့ပါသော်လည်း ဆယ်ကျော်သက်ကလေးမို့လားမသိ၊ ရင်ထဲတွင် လှိုက်လှဲခြင်းဆိုသည်များ သူ့တွင်မရှိ၊ အပူအပင် အကြောင့်အကြ ကင်းသည်။ ကလေးကို စိတ်မရှည်တတ်။

'မောင်လေးချစ်တဲ့ မမနွေ'ဟူသော အဓိပ္ပာယ်နှင့် မှည့်ထားခဲ့သည့် သားလေး 'မောင်ချစ်နွေ'ကိုဖြင့် ရှိန်းမှာ ဖခင်တို့၏ မေတ္တာ ရာနှုန်းပြည့်မီစွာ ချစ်ရှာပါသည်။

ရွှေဘုံသာလမ်း ရွှေဆိုင်ကို သူ ဆက်လက် ထွက်သည်။ ဆိုင်သိမ်းသည်နှင့် အိမ်ပြန်လာခဲ့ပါ၏။ ဘယ်မှလည်း မလည်ပတ်ဖြစ်။ ရုပ်ရှင်ပင် မကြည့်ချင်။ မမနွေက သူ့ကိုယ်စား အုတ်နံရံများ ကြားမှာ ဒုက္ခများ ခံစားနေရှာသည်မို့ ဘာအပျော်အပါးမှ ရှိန်း မခံစားရက်။

ရီဝေဦးအတွက်ကလည်း မလို။ သူ့မှာ အဖော်များစွာနှင့် ကားတစ်စင်းရနေပါ၍ ရှိန်း လိုက်ပို့စရာမလို။

ထာဝရ ငေးငိုင်တွေဝေ၍ 'ဆွေး'နေတတ်သော သူ့ခင်ပွန်းကို သူအားမရသော်လည်း သူ့စိတ်ကြိုက်နေခွင့်ရ၍ ရီဝေဦး ပျော်နေရှာပါသည်။

မမနွေအပေါ်တွင် "ချစ်လမ်းဆုံးတော့ အမုန်းရွာ" ရောက်ခဲ့စဉ်က တစ်ဖက်လှည့်နှင့် မမနွေ ဝယ်ပေးခဲ့သော လေးဘီးကားလေးကိုဖြင့် သည်တိုင်းထား၍ ဌားစားသည်။

ရှိန်းတို့၏ တစ်သက်တာ စားသုံးစရာက လုံလောက်ရုံမကပါ။

သို့ပါသော်လည်း ရှိန်း၏ ရင်မှာ ချစ်သော သားလေးမှ လွဲ၍ ဘာကိုမှ စိတ်မဝင်စားတော့။ ပျော်ရွှင်ကြည်နူးစိတ်များသည်လည်း မမနွေ နေနေရသော အုတ်နံရံတွင်းသို့ လိုက်လံ၍ ထည့်ထားလိုက်ပြီးသလိုပါ။

"တကယ်အေးတဲ့ကောင်ကြီးကွာ၊ ကြည့်စမ်း... အဘ လက်ပေါ်မှာ အိပ်သွားပြီ"

အဘတို့က သူ့ရင်ခွင်ထဲမှ တစ်တုံးတစ်ခဲနှင့် ဝဝတစ်တစ် ချစ်






www.burmeseclassic.com

www.burmeseclassic.com



စရာကြီး မောင်ချစ်နွေကို ငုံနမ်းပြီး နိုင်ငံခြားဖြစ် ပလတ်စတစ် ကြိုး ပုခက်တွင်းသို့ ညင်ညင်သာသာ ထည့်သိပ်လိုက်သည်။

ဒေါ်စောက ကလေး၏ ရင်ဘတ်ပေါ်သို့ အနီးလေးဖင်ထား ပေးသည်။ မလန့်စေရအောင်ပါ။ ဤအဘိုးကြီး အဘွားကြီး နှစ်ဦး အတွက် ဤအိမ်ကြီးတွင် နောက်ထပ် သံယောဇဉ်ကြိုးလေး တစ်မျှင် တိုးခဲ့ရပြန်ချေပြီတည်း။

"မယ်စော...ရှိန်းကို ကြည့်လိုက်စမ်း"

အဘတိုးက တိုးတိုးလေး ပြောပြီး မေးဆတ်ပြသည်။ တစ်နေ ရာတည်းသို့သာ စိုက်ကြည့်ရင်း မျက်ရည်အဝိုင်းသားနှင့် ဖြစ်နေရှာ သော ရှိန်းကို သူတို့ မကြည့်ရက်အောင် ဖြစ်နေကြသည်။

အဘတိုးနှင့်ကြီးစောတို့ ရှိန်းနားမှာ အားပေးသလို လာထိုင် လိုက်ကြသည်။

"အဘတိုး"

"ဟေ"

"မမနွေကို စွဲချက်တင်သင့် မတင်သင့် အပြီးသတ် လျှောက်လဲ ပြီးပြီနော်"

"အေး လူလေး"

"မမနွေ လွတ်နိုင်မှာလားဗျာ"

မလွတ်နိုင်ပါဘူးဟူ၍ အားလုံးက သိကြပါသော်လည်း တစ် ယောက်နှင့် တစ်ယောက် ဖြေသိမ့်နေကြရသည်။

"တို့ငှားတဲ့ ရှေ့နေကလည်း သိပ်တော်တာပဲ သားရယ်"





"အဘလည်း ကိုယ့်မြေးပေမယ့် သေဆုံးပြီးလေစေ့ာ့ သူ့ဘက် က အကောင်းမထွက်ပါဘူး။ တင်မောင်နဲ့ မြမြကို သတ်ထား ကြောင်း၊ လူကောင်းမဟုတ်ကြောင်း အဘ အစစ်ခံခဲ့တာ သားလည်း အကြားသားပဲ"

ဟုတ်ပါသည်။

အဘတိုးမှာ ဦးသက်ထွန်း၏ လှည့်ကွက်များအကြောင်းကို အသေးစိတ် အစစ်ခံခဲ့သည်။ အိမ်သားစုရှေ့မှာ ဒေါ်မြမြခင် ကိုယ် တိုင် အတွင်းပစ္စည်းများ ယူဆောင်၍ ဤအိမ်မှ ထွက်ခွာသွားမည့် အကြောင်း ဝန်ခံစေရအောင် တစ်ကွက်လှည့်ပေးခဲ့သည်။ တင် မောင့်အမေထံ ပြည်မြို့က ပို့ခဲ့ဟန်ဖြစ်အောင် ဦးသက်ထွန်း ကိုယ် တိုင် လုပ်ခဲ့ကြောင်း။

ပြီးတော့ တရားရုံးမှာ ကွာရှင်းကြသည်။ ကိုတင်မောင်နှင့် လက်ထပ်ဖြစ်ခဲ့ကြသည်။ တစ်နေ့တည်း...

ထိုနေ့ညတွင် သူတို့နှစ်ယောက် ထွက်ခွာသွားဖို့ အထုပ်အပိုး ပြင်နေကြသည်။

အကြံသမား ဦးသက်ထွန်းမှာ မခင်နွေနှင့် ဒေါ်စောကို ကမာ ရွတ်သို့ သွားနေစေခဲ့သည်။

ဒေါ်မြမြခင်တို့ နှစ်ယောက်ကို သူတို့ အိပ်ခန်းတွင်းမှာ ပစ္စည်း များ အပ်နှံသည်။ ထိုအချိန်မှာ အောက်ထပ်မှ စတီရီယိုကက်ဆက် ကို အသံတုန်ဖွင့်ထားခဲ့သည်။

ပြတင်းတံခါးများကိုလည်း အလုံပိတ်ထားခဲ့ပြီးပြီ။ ခြံကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျယ်၍ တော်ရုံတန်ရုံ အသံကို အပြင်က မကြားသာ။

ယင်းအချိန်မှာ ပထမဦးစွာ ကိုတင်မောင်၏ နောက်စေ့ကို အနီးကပ် ယခုသေနတ်နှင့်ပင် ပစ်ထည့်လိုက်သည်။

ဦးနှောက်နှင့် သွေးများ ပြန့်ကြဲထွက်ပြီး လဲသေသွားသော ကိုတင်မောင်ကို ကြည့်ပြီး ဒေါ်မြမြခင် မေ့လဲသွားသည်။

ဒေါ်မြမြခင်ကိုဖြင့် ရင်ဝသို့ အနီးကပ်၍ ပစ်ထည့်လိုက်သည်။ အပြင်က ဘာသံမှ မကြား၊ ဘယ်သူမှ မသိလိုက်ကြ။

"အဘတိုး...အဘတိုး၊ ကျွန်တော်တော့ မခံနိုင်လွန်းလို့ လုပ်လိုက်မိပြီ၊ ကျွန်တော့်ကို ကူညီပါ အဘတိုးရယ်"

ဟုပြောလာသဖြင့် မတတ်သာသည့်အဆုံး ဦးသက်ထွန်းက အကြံနှင့် တူးခိုင်းထားခဲ့သော ရေတွင်းကြီးထဲသို့ ၎င်းအလောင်းနှစ်လောင်းကို ပလပ်စတစ်စကြီးနှင့် ပတ်ပြီး ပစ်ထည့်လိုက်ရသည်။ ဒေါ်မြမြခင် ယူသွားမည့် ပစ္စည်းများကို ရောမြှုပ်ခဲ့သည်။

ဦးသက်ထွန်းက သွေးများကို သန့်စင် ဆေးကြောပြီး အဘတိုးကို လာကူသည်။ ဝိုင်း၍ မြေဖို့သည်။ ပြီးတော့...နောက်နေ့ အလုပ်ဆင်းလာသော အလုပ်သမားများကို ပြန်လွှတ်ပြီး သူတို့ မြေးအဘိုးပင် အင်္ဂတေ အသေကိုင်ခဲ့ကြသည်။

ယင်းသို့သော တစ်သက်မမေ့နိုင်စရာ သွေးပျက်ဖွယ် လှို့ဝှက်လူသတ်မှုကြီးကို အဘတိုးသည် သူ့ရင်မှာ ထာဝရ ထိန်ချန်ထားနိုင်ခဲ့ပါသည်။ ၎င်းအတွက် အဘတိုးလည်း ကူညီအားပေးမှုဖြင့် စစ်ဆေးခံနေရဆဲ၊ အာမခံနှင့် နေနေရဆဲပါ။

ကောင်စာအုပ်တိုက်



အဘတိုး ဆေးရုံမှာ ရှိစဉ်က သူ့ကိုယ်မှာ သိစိတ်နှင့် မသိစိတ်တို့ ရောထွေး ယှက်ပူးလာသည့်အခါ ရှိန်းကို သူဘာတွေ ပြောပြလိုက်သည်ကိုပင် မမှတ်မိ တော့...။

"မယ်စော"

"ပြော...ဦးတိုး"

"ငါက မသိစိတ်နဲ့ ပြောမိတယ်။ နင်က သိစိတ်နဲ့ ခင်နွေ့ရဲ့ အကြောင်းတွေ ရှိန်းကို သွားဖွင့်ပြောပြမိခဲ့တယ်"

"ဟုတ်တယ်။ အဲဒီအတွက် ကျွန်မမှာ ငါ့ကြောင့်ဆိုပြီး နောင်တရလို့ မဆုံးနိုင်အောင် ဖြစ်နေရတာပေါ့"

"အေး...ငါလည်း ငါပြောမိလို့ ဒီလိုဖြစ်ကြရတယ်ဆိုပြီး မစားနိုင်၊ မအိပ်နိုင်ဖြစ်ခဲ့ရတယ်"

"ကျွန်မလည်း ဒီလိုပါပဲ ဦးတိုးရယ်"

"အမှန်တော့ ရှိန်းနဲ့ ခင်နွေ့ကို တို့က သိပ်ချစ်ကြတာပါဟာ၊ ဒီကလေး နှစ်ယောက်လုံးဟာလည်း တကယ့်ကို ဖြူဖြူစင်စင်နဲ့ အပြစ်မဲ့လေးတွေပါ။ ကံကြမ္မာကြောင့်ပဲလား၊ တို့ကြောင့်ပဲလား ကွယ်"

ကြီးစောက အဖြေမပေးနိုင်တော့။ ရှိန်းရှေ့မှာ ငိုနေလေပြီ။

သည်တော့မှ ရှိန်းက အိပ်ရာမှ နိုးထလာသူတစ်ယောက်လို သတိမှန် ပြန်ဝင်လာသည်။

"အို...မငိုပါနဲ့ ကြီးစော။ ဒီလိုမပြောပါနဲ့ အဘတိုးရယ်၊ ကံကြမ္မာကြောင့်ပါ၊ ကံဆိုးလွန်းတဲ့ ရှိန်းနဲ့ မမဇနွေ့တို့ရဲ့ ကံကြမ္မာကြောင့်ပါဗျာ"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ… အဘထွက်ချက်ကတော့ မောင်ထွန်းဟာ လူနှစ်ယောက်ကို သတ်ထားတယ်။ အဲဒါကို ရှိန်းကို ဂယောင်ဂတမ်းနဲ့ ပြောမိလို့ ဖော်ကြည့်တော့ အလောင်းတွေ တွေ့ရတာနဲ့ မောင်ထွန်းက သေနတ်နဲ့ ယူပြီး ရှိန်းနဲ့ ခင်နွေကို ပစ်မလို့။ အဲဒါကို သူတို့က လုယူပြီး ရှန်းရင်းဆန်ခတ်ဖြစ်ကြလို့ သေနတ်ထွက်သွားတာ ဖြစ်မှာပါလို့ ပြောပေမယ့်…"

"ဟုတ်တယ် မမနွေက…"

ရှိန်း၏ စကားကို ဖြတ်ပြီး ဒေါ်စောက…

"ခင်နွေက ဖွတ်အတင်းကြီး ဖြောင့်ချက်ပေးနေတယ်။ ခက်တာက မျက်မြင်ဖြစ်သွားတဲ့ အိမ်ဖော်မစိန်လှကလည်း ခင်နွေ ပစ်လိုက်တာ မြင်တယ်လို့ ဝန်ခံတယ်"

"တော်ကြပါတော့ အဘတိုးရယ်၊ မနွေ ကိုယ်တိုင်က ရှိန်းအပေါ် အပြစ်မကျအောင် သူသတ်တာပါ။ သူပစ်တာပါလို့ အတင်းဝန်ခံဖြောင့်ချက်တွေ ပေးနေတော့ မမနွေအတွက် မလွယ်ဘူး ထင်ပါရဲ့ဗျာ"

"အေးကွာ။ ခွဲချက်တော့ တင်မှာပဲ။ စီရင်ချက်ချရင်သာ နှစ်တိုတိုလေး ဖြစ်ပါစေလို့ တို့ဆုတောင်းပေးကြရအောင်ပါသားရယ်"

"ဟုတ်ပါတယ်လူလေး၊ ကြီးစောလည်း ဘုရားရှိခိုးပြီးတိုင်း ခင်နွေ့အတွက် သီးသန့်မေတ္တာပို့ပါတယ်"

"ကျွန်တော့်အပြစ်က ဒီအပြစ်ထဲကို ဘယ်လိုမှ ဝင်မရတော့တာမို့ မမနွေအတွက် အသည်းကြွေမတတ် ခံစားနေရပါတယ် ကြီးစောတို့ရယ်"



"မမနွေကို သနားတယ်၊ ကျွန်တော့်အတွက် ဇွန့်လွှတ် အနစ်နာခံနိုင်လွန်းတဲ့ မမနွေကို ရှိန်း သိပ်သနားတယ်။ ကြီးစောရဲ့"

ရှိန်းငိုသည်ကို အဘိုးကြီး အဘွားကြီးတို့က ငိုင်း၍ ချော့ရမည့်အစား သူတို့လည်း မနှစ်သိမ့်နိုင်အားတော့ပါဘဲနှင့် ထိုနေရာတွင် ငိုင်း၍ ငိုကြသည်။

သော့ခတ် ပရိဒေဝတို့နှင့် ဖွဲ့စည်းထားသော လောကကြီး အတွင်းသို့ ဝင်ရောက်စ မောင်ချစ်နွေလေးသည်သာ ငြိမ်းချမ်းစွာ အိပ်မောကျနေရှာပါသတည်း။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ရှိဝေနေခဲ့ပါလား"

"ဟာ...ဒီနေ့ အရေးကြီးတဲ့နေ့ပဲ လိုက်မယ်"

"အဘတိုးရော ကြီးစောရောလည်း လိုက်ကြမယ်ဆိုတော့ သားကို စိတ်မချဘူး"

"အမယ်လေး မောင့်သားက လူလည်ပါ။ ထိန်းတဲ့ ကောင်မလေးနဲ့ သူတည့်အောင် နေမှာပါ"

သားကို စိတ်မချသော်လည်း ရှိန်း ဘာမှ ထပ်ပြောမနေတော့ပါ။ ညကတည်းက မအိပ်နိုင်။ ဒီနေ့မနက်ထိ ရင်မှာ ပူပန်ခြင်းများစွာဖြင့် လှိုက်မောနေမိသည်။

"ဒီနေ့ မမနွေကို စိရင်ချက်ချမှတ်မည့်နေ့"

"မမနွေ ကွင်းလုံးကျွတ် လွတ်ပါစေ"

"မလွတ်သည့်တိုင်အောင် အပြစ်ပေါ့ပါစေ"

"ထောင်ဒဏ်နည်းပါစေ"





ဆိုသော ဆန္ဒဆုတောင်းများသည်သာ ရင်မှာ ထပ်တလဲလဲ ရွတ်ဆိုနေမိသည်။

သူတို့အားလုံး အစောကြီးကတည်းက တရားရုံးသို့ ရောက်နှင့်နေကြသည်။

ကြာမြင့်စွာ စောင့်ဆိုင်းနေပြီးခါမှ မခင်နွေကို တင်ဆောင်လာသော အချုပ်ကား ပြာပြာကြီး ဆိုက်လာသည်။

"မမနွေရယ်"

"ရှိန်းရဲ့ အချစ်ဆုံး မမနွေရေ"

ရှိန်း၏ရင်မှာ ခေါ်မြည်ရင်း မခင်နွေကို စောင့်မျှော်ကြည့်နေသည်။

များစွာ ပိန်ကျသွားသော မခင်နွေမှာ ရှိန်းတို့ အုပ်စုကို တမင်မကြည့်ပါဘဲ တည်ငြိမ်အောင် မနည်းကြိုးစားထားသော မျက်နှာနှင့်ပင် တရားရုံးတွင်းသို့ ဝင်သွားသည်။

"ဒီလောက်လှတဲ့ မိန်းမက လူသတ်တရားခံတဲ့"

"သူ့ယောက်ျား သူသတ်တာတဲ့"

"သူ့ကို ဗလက္ကာရ လုပ်ယူထားတာတဲ့"

"သူ့အဒေါ်ကို သတ်ထားတာတဲ့"

"သနားပါတယ်...နော်"

"တကယ် ရက်စက်တဲ့ မိန်းမပဲနော်"

စသော...စသော သတင်းစကားများစွာတို့ ရိုက်ခတ်လာသည်။ လူတို့သည် သိပဲ သိနိုင်လွန်း၊ စပ်ပဲ စပ်စုနိုင်လွန်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းတစ်ခုသည် တောမီးလို ပြန့်နှံ့လွယ်ပြီး တောင်ဂ ရေလို ခရီးတွင်တတ်သည်။

"စီရင်ချက်ချတော့မယ်"

မခင်နွေကို လက်ထိပ်ခတ်မထားပါ။ ဝက်ခြံလေးအတွင်းမှာ အားတင်းလျက် ရပ်နေသော မခင်နွေ၏ အဖြစ်ကို ရှိန်းမမြင်ရက်တော့...

ဖြစ်များ ဖြစ်နိုင်ပါလျှင်...

ယခုပင် မခင်နွေကို ဤနေရာမှ ထုတ်နှုတ်ဆွဲယူပြီး သူဝင်ရပ်လိုက်ချင်ပါပြီ။ ချုပ်သမျှ အပြစ်ဒဏ်ကို သူခံရပါသည်။

ယခုတော့...

မခင်နွေ၏ စေတနာက ဦးသွားခဲ့လေပြီ။

ရှိန်းသည် မခင်နွေနှင့် ပတ်သက်၍ အရာရာအတွက် နောက်ကျခဲ့လေပြီသာတည်း။

❋

"အနှစ် နှစ်ဆယ်တဲ့"

"အလုပ်ကြမ်းနဲ့ ထောင်ဒဏ် အနှစ်နှစ်ဆယ်တဲ့"

တရားသူကြီး၏ အမိန့်ဖတ်ကြားမှု ပြီးဆုံးသွားချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး "ဟယ်"ခနဲ ဖြစ်သွားကြပြီး မကြားရသူမှ ကြားရသူထံ မေးသံ ပြောသံတို့ ဆူညံနေချိန်တွင် မခင်နွေကို ဝက်ခြံလေးအတွင်းမှ ဆင်းလာစေခဲ့ပြီး...

"အမယ်လေး...မမနွေရယ်"





ရှိန်းက မိခင်ပျောက်သော ကလေးငယ်တစ်ယောက်လို အော်ငိုရင်း မခင်နွေကို ပြေးဖက်သည်။

လူမှုရေး ရှုထောင့်အရ သက်ဆိုင်ရာများကလည်း သက်ညှာစွာ စောင့်နေကြရှာပါသည်။

"ရှိန်း...မမနွေ ရှိန်းငိုတာ ကြည့်မသွားပါရစေနဲ့ ကလေးရယ်"

"မမနွေ...အို...အမေ၊ အမေထက် မေတ္တာထားနိုင်တဲ့ မမနွေ၊ ရှိန်းရဲ့ မိခင်ထက် ပိုချစ်နိုင်တဲ့ အမေ...အမေ၊ မမနွေ"

ရှိန်း လက်များ လျှောပြေသွားသည်။ ရှိန်းသည် မခင်နွေ၏ ဒူးဆစ်နေရာမှ ခြေအစုံကို သိုင်းဖက်ရင်း ဒူးထောက်လိုက်သည်။ သူ့နဖူးကို မခင်နွေ၏ ခြေများပေါ်မှာ တင်ထားသည်။ ရှိန်း၏ မျက်ရည်ပူများက မခင်နွေ၏ ခြေခုံဖြူဖြူလေးများ ပေါ်သို့ ယိုဆင်းလာသည်။

"ရှိန်း...မောင်လေး"

မခင်နွေက ရှိန်း၏ လက်မောင်းမှ ဆွဲမ၍ ထူပြီး ရှိန်းကို ထစေသည်။

မခင်နွေမှာ မျက်ရည်တစ်စက်မှ မထွက်ဖြစ်အောင် မနည်းအံခဲ၍ ထားသည်။ တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

"မမနွေ အဖြစ်စုံကို သိရတော့ မမနွေကို ရှိန်း သနားသလားဟင်"

ရှိန်းမှာ နှုတ်က ဖြေနိုင်စွမ်းမရှိတော့။ ခေါင်းညိတ်ပြရသည်။

"ဒါဖြင့် မမနွေရဲ့ စကားတွေကို နားထောင်စမ်းပါလား ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှိန်း ခေါင်းညိတ်ပြမိပြန်သည်။

"ရီဝေဦးရယ်၊ ရှိန်း သားလေးရယ်ကို ရှိန်းချစ်မြတ်နိုးပါ"

"ဟုတ်ကဲ့ပါ...မမနွေ"

"ပြီးတော့ မမနွေကို ဘယ်တော့မှ ထောင်ဝင်စာ လာမတွေ့နဲ့"

"ခင်ဗျာ"

"မမနွေဆိုတဲ့...ရှိန်းကို ချစ်မြတ်နိုးလွန်းတဲ့ မိန်းမတစ်ယောက်ကို ရှိန်း ရင်ထဲက မေ့ဖျောက်လိုက်ပါတော့"

"မရဘူး...ဘယ်တော့မှ မရဘူးဗျာ"

"အနှောင်အဖွဲ့နဲ့ ဆင်းရဲဒုက္ခထဲမှာ အနှစ်နှစ်ဆယ်လုံးလုံး နေသွားရမယ့် မမနွေ စိတ်ဖြောင့်သွားပါရစေလား ရှိန်း"

"ရှိန်း...ရှိန်း ကြိုးစားပါ့မယ် မမနွေ"

"ရှိန်းလေး"

"ခင်ဗျာ"

မခင်နွေက ရှိန်း၏ မျက်နှာမှ မျက်ရည်များကို သုတ်ယူလိုက်သည်။

"မမနွေကို ပြုံးပြစမ်း မောင်လေး"

ရှိန်း၏မျက်ဝန်းမှာ မျက်ရည်များ ပြန်လည် ပြည့်လျှံလာသည်။

ရှိန်း မပြုံးနိုင်ရှာပါလား၊ ဟန်ဆောင်လေးတောင် ပြုံးမပြနိုင်ရှာပါလားကွယ်။

"ရှိန်း..."

"မမနွေ..."





"ရီဝေနဲ့ သာယာအောင်နေ၊ မမနွေကို မေ့နိုင်အောင် ကြိုးစား၊ ဒါပဲ ထပ်ပြောမယ်။ မမနွေ သွားရတော့မယ်ကွယ်"

"မမနွေရယ်"

ရှိန်းက ခရီးထွက်ခါနီး မိခင်ကို အတင်းဖက်ငိုနေသော သုံးနှစ်သားရွယ်လေးပမာ။

ရှိုက်ကြီးတငင် ငိုနေသော ရှိန်း၏ မျက်နှာလေးကို မခင်နွေက မော့ယူလိုက်သည်။ ရှိန်း၏ ပါးနှစ်ဖက်ကို သူ့လက်ဝါးများဖြင့် ကတ်လျက်...

မြို့ကြီးရွာလမ်း၊ လယ်ကွင်းဘေးက မြင်ကွင်းလေးလိုပင်...

ရှိန်း၏ နဖူးပြင်လေးကို မခင်နွေ မျက်စိလေး စုံမှိတ်ပြီး အားပါးတရ နမ်းရှိုက်လိုက်သည်။

သူ့မျက်ဝန်းမှ မျက်ရည်များ ကြွေကျမလာခင် မခင်နွေမှာ ရှိန်းနားမှ ရုတ်တရက် ထွက်ခွာ ကျောခိုင်းသွားသည်။ သက်ဆိုင်ရာများ ဦးဆောင်သွားနေသည့် အချုပ်ကားဆီသို့ သူ့ခြေလှမ်းသွက်သွက်နှင့် ထွက်သွားသည်။

အဘတိုး၊ ကြီးစောနှင့် ရီဝေတို့ကို မျက်ရည်မျက်ဝန်းများဖြင့် တစ်ချက်သာ လှည့်ကြည့်ပြီး အံကို တင်းတင်းကြိတ်လျက် အချုပ်ကားပေါ် တက်ခါနီးတွင်...

"မမနွေ...မမနွေရေ"

ရှိန်းက ပြေးလာရင်း အော်ခေါ်သည်။

မခင်နွေမှာ ခြေလှမ်းတစ်ချက် တန့်သွားပြီးမှ သူ့ ဆုံးဖြတ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကို ပိုင်ပိုင်ချုလိုက်နိုင်သလိုပင် သွက်လက်စွာ ကားပေါ် တက်သွားသည်။

တစ်ချက်မျှ ပြန်မကြည့်တော့...

"မမနွေ...မမနွေရယ်ဗျာ"

ရှိန်းက ဝိတ်သွားသော အချုပ်ကားကို မှီအပ်ရင်း ခေါ်သည်။

သံတိုင်လေးများ ကြားသို့ မော့မျှော်ကြည့်သည်။ မခင်နွေကို မမြင်ရတော့။

အချုပ်ကား စတင်ထွက်ခွာပြီ။

"မမနွေ"

ရှိန်းက ဘာကိုမှ ဂရုစိုက်ရမှန်း မသိတော့၊ ဝေးသွားသော အချုပ်ကားကို လှမ်းကြည့်ပြီး အော်ခေါ်နေသည်။

"ရှိန်း...လူလေး အဘတို့ ပြန်ကြပါစို့ကွယ်"

"ဟုတ်ပါတယ် သားရယ်၊ သူ့ကို ခေါ်သွားကြပြီပဲ"

မျက်ရည်များ တစ်ပေါက်ချင်း လိမ့်ဆင်းရင်း တောင့်တောင့်ကြီး ရပ်နေသော ရှိန်းကို...

ငိုနေသော ကြီးဒေါနှင့် အဘတိုးတို့က ပြန်လည် ချော့မော့နေကြသည်။

သူတို့၏ ရှေ့နေကလည်း ရောက်လာပြီး တရားရုံးချုပ်သို့ အယူခံဝင်မည့်အကြောင်း၊ နှစ်သိမ့်သည်။

ရှိန်း ဘာမှ မကြားတော့ ရှိန်း ဘာမှ မမြင်တော့၊ သူ့ရင်ထဲတွင် ရှိနေသည့်အတိုင်း ရှိန်းနှုတ်က ပွင့်ကျလာသည်။





"မမနွေ၊ ရှိန်းအတွက် အနစ်နာခံသွားတဲ့ မမနွေရေ"

"ရှိန်းနဲ့ ဘဝချင်း လဲသွားတဲ့ မမနွေ"

"ရှိန်းကို သိပ်ချစ်ရှာတဲ့ မမနွေရယ်"

"ရှိန်းကလည်း ဗမနွေကို သိပ်ချစ်တယ်"

"သိပ်သနားတယ်။ အို...မမနွေ၊ မမနွေအတွက်..."

"ကဲပါ သားရယ်။ လာ...လာ...ကားပေါ် တက်ကြပါစို့"

သေဆုံးမှုဖြင့် ခွဲခွာလိုက်ရသူ၏ ကျန်ရစ်သူတစ်ယောက်လို အပူသည် ရှိန်းကို မနည်း ကားထဲ ဆွဲသွင်းကြရသည်။ ကားထဲ ရောက်ပြန်တော့လည်း ရှိန်းမှာ မျက်နှာကြီး မှောက်ပြီး တစ်ကျောပြင်လုံး သိမ့်သိမ့်ခါအောင် ရှိုက်၍ ရှိုက်၍ ငိုနေပါတော့သည်။

ရီဝေဦးသည် ဘေးလူတစ်ယောက်လိုပင် ငေးကြည့်နေသည်။

မထင်မှတ်သော မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည့်သူလို အံ့ဩသော မျက်ဝန်းဖြင့် သူ့ခင်ပွန်းကို ရီဝေဦး တစ်လမ်းလုံး စိုက်၍ ကြည့်လာပါတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

"ဒါကြောင့် အဖြစ်သည်းလှချည်လားလို့ အောင်းမေ့တာ"

"ဘာကိုလဲ"

"ရီဝေကို ဘာလို့ လက်ထပ်ပါရစေလို့ လာပြောလဲ။ ယူ့ မမနွေကိုပဲ ယူလိုက် ပြီးရော"

"စိတ်ညစ်ရတဲ့အထဲ ရီဝေရယ်...၊ ဘာတွေ လာပြောနေတာလဲ"

"ယူတို့ မောင်နှမ ဆိုတာရော တကယ်ဟုတ်ရဲ့လား"

"မင်းကို ဘာလို့ ညာရမှာလဲ"

"သြော်...ဒီကလည်း တကယ်ပဲ မှတ်ခဲ့တာ။ သူ့အစား သနားတောင် သနားပေးခဲ့မိ တာ။ လက်စသတ်တော့ ဒေါ်ခင်နွေဆိုတဲ့ မိန်းမဟာ ရီဝေ့ယောကျ်ားကို တိတ်တိတ်ခိုးချစ်နေတဲ့ မိန်းမကြီးပါလား"

"ဘာ...ဘာပြောတယ်"





"ယူတို့ မောင်နှမမှ မဟုတ်ပဲ"

"ဟုတ်လား၊ မဟုတ်လား အဘတိုးတို့ ကြီးစောတို့ မသေသေးဘူး။ မေးကြည့်ပါလား"

"မောင်နှမဆိုလည်း ဘာဂ်လား မောင်နှမပဲ"

"ရီဝေနော် ငါ့မမနွေကို စော်ကားနဲ့"

"ဒီက ပါးစပ်နဲ့ စော်ကားတာ မဟုတ်ဘူးရှင့်၊ လက်တွေ့ပြမလို့"

"ဘာ လက်တွေ့ပြမှာလဲ"

"ဟောဒီမှာ ကြည့်စမ်း၊ ဒါလား မောင်နှမ ရေးထားတဲ့စာ။ နမ်းလိုက်ရတဲ့ နမ္ဗူး။ တရားရုံးရဲ့ လူတွေ ရှေ့မှာ သူမယား ကျူပ်ရှေ့မှာတောင် ရှင့်ဟာမက ရှင့်နဖူး နမ်းသွားသေးတယ် မဟုတ်လား"

ရီဝေ...၁ ကက်ကက်လန်အောင် ရန်တွေ့နေသည်များကို ရှိန်းမကြားတော့။

ပေါင်းတည် ဇီးကုန်းတို့မှ ပြန်လာစ ချစ်ရောဂါ ကြွချိန်တွင် ရေးချင်ရာ ရေးထားခဲ့သော ကတ်ပြားလေး။

မမနွေက သည့်အောက်မှ မသေသပ်လှသော လက်ရေးလေးနှင့် ဆက်၍ ရေးထားသည်။ ရက်စွဲပါ ရေးထိုးထားပါ၍ ရှိန်းနှင့် ရီဝေတို့ လက်ထပ်ပြီး အတော်ကြီးကြာမှ ရေးထားကြောင်း တွက်၍ ရသည်။

ရှိန်းမှာ ရီဝေ သူ့စာကြည့်စားပွဲထဲမှ ဆွဲထွက်လာသော ကတ်။



www.burmeseclassic.com

www.burmeseclassic.com



ကတ်ဖြူပေါ်မှ စာများကို ဖတ်ကြည့်လိုက်မိသည်။

*နဖူးမှာ ဒဏ်ရာလေး ရထားတယ်။*
*ဒီနှစ်အပြတ် ကြိုးစားမယ်။*
*M.C မဝင်ချင်ဘူး။*
*R.I.T လည်း မရောက်ချင်ဘူး။*
*ရာဇူး၏ လေးနှစ်ကို အမြန်ကျော်ဖြတ်မယ်။*
*မြို့ကြီးရွာ လယ်ကွင်းလေးမှာ...*
*အချစ်ဆုံး မမနွေ ပေးခဲ့တဲ့...*
*နဖူးပြင်ပေါ်က 'အနမ်းဒဏ်ရာလေး'*

*ရှိန်း...*
*မမနွေရဲ့ နှလုံးသည်းပွတ်ကလေးရယ်၊*
*မမနွေရဲ့ ရင်ထဲမှာ...*
*အသည်းနှလုံး ရှိနေသမျှ...*
*အချစ်ရဆုံးသူဟာ...*
*ရှိန်းလေးသာပဲ ဖြစ်ရမယ်။*
*ဖြစ်နေစေရမယ်*

✻





"မမနွေရဲ့ နှလုံးသည်းပွတ်ကလေးတဲ့။ ဟင်း... မပြောလိုက်ချင်ဘူး"

"လူရှေ့တော်င နမ်းနေကြသေးတာ။ ကွယ်ရာမှာဆို ဘယ်နေအထိများ နမ်းနေကြ..."

"ရီဝေ တော်စမ်း"

"မတော်ဘူး...၊ ခုမှ စဉ်းစားကြည့်မိတယ်။ ချက်ချင်းကြီးလက်ထပ်ပါရစေလို့ လာပြောတာ မိရီဝေကို ချစ်လို့မှ မဟုတ်ပဲ"

"မောင်တောင်းပန်တယ် ရီဝေ။ တော်ပါတော့"

"မတော်နိုင်ပါဘူး။ သူဌေးသားနဲ့ မမနွေတို့ ဇာတ်လမ်းက ဆန်းလွန်းလို့ရှင့်"

"တောက်"

"ဟိုက ရှင်နဲ့ ဖြစ်ပြီးမှ ရှင့်အဖေကို ကောက်ယူလိုက်လို့ ရှင်ဆွေးပြီး ရွာဆီ ပြေးလာတာ မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် ရီဝေ။ အားလုံး ပြီးဆုံး ပြေငြိမ်းခဲ့ပြီပဲ။ ဟိုကလည်း ထောင်ထဲမှာ အနှစ်နှစ်ဆယ်လုံး နေရမှာပါ ရီဝေရယ်။ ဝန်တိုမနေစမ်းပါနဲ့"

"အနှစ်နှစ်ဆယ် မကျလို့ လွတ်ရင် ရှင်က ပြန်ယူဦးမှာလား"

ရှိန်း ရန်မဖြစ်လိုပါ။ အတတ်နိုင်ဆုံး အေးအေးနေပြီး မမနွေအတွက် ဆွေးနေချင်သည်။

"အားလုံး ပြီးဆုံးခဲ့ပါပြီ ရီဝေရယ်"

"ဟုတ်ပါတယ်၊ ရှင်ကတော့ ပြီးဆုံးပြီပေါ့။ ရီဝေကသာ အခုစေခံမရဲ့ အကျကို လင်လုပ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မမိုက်ရိုင်းနဲ့၊ ငါ့မမနွေ့ကို မထိနဲ့"

"အောင်မယ်...နာတယ်ပေါ့"

"နာတယ်...ငါ့အဖေ အမေကို ပြောတာထက်တောင် ငါ့မမနွေ့ကို ထိရင် နာတယ်။ ရီဝေ...မင်းပါးစပ် ပိတ်ထားစမ်း"

"မပိတ်ဘူး၊ ကျုပ်ကို ဘာလို့ ယူလဲ။ ရှင့်ဟာမ ရှင်ယူပါလား"

"ယူချင်တာပေါ့။ ယူလို့မရလို့ပေါ့...သိလား"

"ဩော်...ဒါဖြင့် အနှစ်နှစ်ဆယ်လုံး ရှင့်ဟာမကို ရှင်စောင့်နေလေ"

"အနှစ်တစ်ရာ စောင့်ခွင့်ရရင်တောင် ငါစောင့်မယ်။ သိရဲ့လား"

"အောင်မယ်လေး...ဒါဖြင့် ရီဝေ့ကို ကွာလေ။ ဟင်း... အလကား တော့ မရဘူး။ ငွေတစ်သိန်းပေး၊ ကားကြီးလည်း ယူသွားမယ်၊ သားကို ထားခဲ့မယ်၊ ဘယ့်နှယ့်လဲ"

"ကဲ...တော်ပါရီဝေ၊ မဟုတ်တာတွေ မပြောကြပါစို့နဲ့။ မမနွေ့ကို မောင်သိပ်ချစ်တာ ဝန်ခံပါတယ်။ ဒါပေမယ့်...သူနဲ့က ဘယ်လိုဆုံစည်းလို့ ရတော့မှာလဲ။ ပြီးတော့ သားလေးတောင် လမ်းလျှောက်တတ်တဲ့ အရွယ်ရောက်နေပြီပဲ ရီဝေရယ်"

ရီဝေဦးလည်း ငြိမ်သွားပါပြီ။

"မမနွေ့ကလည်း မှာခဲ့ပါတယ်။ ရီဝေနဲ့ သားနဲ့ သာယာအောင်နေ၊ မမနွေ့ကို မေ့လိုက်ပါတဲ့။ ဒီမှာ...ရီဝေ"

"မောင် မမနွေ့ကို မမေ့နိုင်ဘူး။ သေတဲ့နေ့အထိ မောင် ချစ်နေ





မယ်။ မောင့်ရင်ထဲက ဝေဒနာတွေကိုတော့ ရီဝေလိုက်ပြီး မပိတ်[illegible] ပင်ပါနဲ့"

"သားလေးအတွက် ငဲ့ကွက်ပြီး မောင်တို့ ဒီလိုပဲ ဆက်ပြီး[illegible] နေသွားကြရအောင်ပါကွယ်"

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

တရားဥပဒေဘောင်အတွင်းမှ မြင်ရသော မြင်ကွင်းများသည် တစ်ခါတစ်ရံတွင် အပြင်နှင့် ဆန့်ကျင်ဘက် ဖြစ်တတ်သည်။ သက်သေ သက္ခာယ၊ သက်သေခံများ၏ ထွက်ချက်။ လျှောက်လဲချက်၊ တော်လွန်းသော ရှေ့နေ အာဘော်များသည် အမှုတစ်ခုကို ပိုမိုအပြစ်ကြီးနိုင်စွမ်းရှိသလို၊ အမှုကြီးတစ်ခုကိုလည်း သေးမှုန်သွားစေနိုင်သည်။

တရားရုံးချုပ်သို့တိုင် အဆင့်ဆင့်အယူခံဝင်ခဲ့သော မခင်နွေ၏ အမှုမှာ အခြေအနေကောင်းလာသည်။

ရှိန်းသည် မခင်နွေအတွက် အကောင်းဆုံး ဝတ်လုံကို ငှားခဲ့သည်။

ငွေများစွာ အကုန်အကျခံသည်။

အဘတိုး၏ ထွက်ဆိုချက်ကြောင့် အသတ်ခံရသူ ဦးသက်ထွန်းမှာ လူနှစ်ယောက်သတ်ထားသော လူသတ်သမားကြီးအဖြစ်နှင့်





တရားရုံးတော်က လက်ခံခဲ့သည်။

ရှိန်းငှားခဲ့သော ရှေ့နေက မခင်နွေ၏ ဖြောင့်ချက်ကိုချေဖျက်ပစ်၍ အသစ်လျှောက်လဲသည်။

မစိန်လှမြင်ရသော မခင်နွေ၏ လူသတ်မှုမြင်ကွင်းမှာ…

ရှန်းရင်းဆန်ခတ်ဖြစ်ရာမှ မခင်နွေ၏ လက်တွင်းသို့ သေနတ်ရောက်လာခြင်းပါဟု ရှိန်းက မျက်မြင်သက်သေအနေနှင့် အခိုင်အမာကြီးသော ထွက်ဆိုချက်ကို ထွက်ဆို အစစ်ခံခဲ့သည်။

မုသားစကားကို ရှိန်းက ကျမ်းကျိန်၍ ထွက်ဆိုပေးခဲ့သည်။

သေနတ်ကလည်း ဦးသက်ထွန်း၏ သေနတ်၊ အခင်းဖြစ်နေချိန်မှာလည်း ဦးသက်ထွန်း သတ်ထားခဲ့သော ရှိန်း၏ မိခင်နှင့် တရားခံမ မခင်နွေ၏ အဒေါ် ဒေါ်မြမြခင်နှင့် ကိုတင်မောင်၏ အလောင်းကို တူးဖော်၍ ပေါ်လာနေချိန်ဖြစ်၍…

ဦးသက်ထွန်းမှာ သူ့လူသတ်မှုအတွက် ဖြစ်သည့်နည်းနှင့် ဖုံးကွယ်ရန် ကြိုးစားပေလိမ့်မည်ဟု ရုံးတော်က ယုံကြည်လက်ခံခဲ့သည်။

သူ့အိမ်စန်းမှ သူ့သေနတ်ကို ယူ၍ ရှိန်းနှင့် မခင်နွေကို ပစ်သတ်ရန် ကြိုးစားပေလိမ့်မည်ဟု ယူဆဖွယ်ရာ အကြောင်းရှိလာသည်ဟု သုံးသပ်ကြသည်။

ရှိန်းတို့ မောင်နှမ သေနတ်လုရာမှ ရရှိခဲ့သော မခင်နွေမှာ ကြောက်အားလန့်အားနှင့် အချက်ပေါင်းများစွာ ပစ်ထည့်မိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသေနတ်သည် ဦးသက်ထွန်းပိုင် လိုင်စင်နှင့် ကိုင်ဆောင်သည့် သေနတ်ဖြစ်ပါ၍...

အထက်ပါ အကြောင်းအရာများသည် ဖြစ်နိုင်ဖွယ်ရာ များစွာရှိသည့်အတွက်...

တရားခံ မခင်နွေမှာ တင်ကူးကြံရွယ်ချက်နှင့် လူသတ်ခဲ့ခြင်း မဟုတ်နိုင်ကြောင်း ရုံးတော်က ယုံကြည်လက်ခံလာသည်။

အမှန်ကလည်း ရှိန်းက လက်ဦး၍ပါ...

ဦးသက်ထွန်းကိုယ်တိုင်လည်း အိမ်ပေါ်ထပ်ရှိ သူ့အခန်းတွင်းမှ သေနတ်ကို ပြေးယူခဲ့ကြောင်း မခင်နွေ မျက်မြင်ပါ။

ရှိန်းသာ မပစ်ဖြစ်ပါဘဲ ဦးသက်ထွန်း၏ လက်ထဲသို့ သေနတ်ဦးစွာ ရောက်ရှိခဲ့ပါလျှင်လည်း ရှိန်းရော မခင်နွေပါ သူ့လူသတ်မှုဖော်ထုတ်ခြင်းအတွက် ဦးသက်ထွန်း ပစ်သတ်မည်မှာ သေချာသည်။

တွင်းတူးသမားများပါ အဆစ်ပါနိုင်သေးသည်။

ဤသို့ ဖြစ်ထိုက်သည်၊ ဖြစ်လေမည်ဟု သမ္ဘာရင့်သော တရားရေးအဖွဲ့ဝင်များကလည်း တွေးဆမိကြသည်။

လူသတ်တရားခံတစ်ဦးနှင့် နူးညံ့သော အမျိုးသမီးတစ်ဦးတို့၏ နောက်ထပ် လူသတ်မှု ဇာတ်လမ်းများကို အသေးစိတ် တွေးဆကြဆွေးနွေးကြသည်။

ရှိန်းဗွားသော ရှေ့နေ၏ နောက်ဆုံး လျှောက်လဲချက်ကလည်း ကောင်းလွန်းသည့်အတွက်...

မိမိ၏ လင်ယောကျ်ားသည် သူ့အမှုကို ဖုံးကွယ်ရန် ကြိုးစား





ရာမှ တရားခံမနှင့် သူ့မောင်တို့နှင့် ရန်းရင်းဆန်ခတ် ဖြစ်ကြပေလိမ့်မည်။

သေဆုံးသူ ဦးသက်ထွန်း၏ ကိုယ်ပိုင်သေနတ် မခင်နွေ၏ လက်တွင်းသို့ လုယူနိုင်ခဲ့သဖြင့်သာ မခင်နွေ အသက်ချမ်းသာရာရခဲ့သည်ဟု ယူဆသည်။

ယင်းအတွက် "ကိုယ်ပိုင်ခုခံကာကွယ်နိုင်ခွင့်"ကို ခံစားထိုက်ရမည်ဖြစ်သည့်ပြင်...

တရားခံမ မခင်နွေသည် ဤအမှုအတွက် နှစ်နှစ်ကျော်မျှ ပြစ်ဒဏ်ခံခဲ့ရပြီးလည်းဖြစ်ပါ၍...

ယခုအချိန်မှစ၍ ဤအမှုမှ တရားရှင်နှင့် လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း၊ တရားရုံးချုပ်၏ တရားသူကြီးအဖွဲ့မှ စီရင်ဆုံးဖြတ်ပေးခဲ့ပါသည်။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

"မမနွေကို ရှိန်းတို့ လာကြိုကြတာ"

"ဟင်..."

"ဝမ်းသာရလွန်းလို့ ရှိန်းရင်တွေ ပွင့်ကွဲတော့မယ် မမနွေရယ်"

"ရှိန်း..."

"ခင်ဗျာ"

"ရှိဝေရော"

"ရှိပါတယ် မမနွေ"

ရှိန်း တက်ကြွလွန်းနေသဖြင့် ရှိန်း၏ အဖြေကို ရလေမှ မခင်နွေ သက်ပြင်းချလိုက်နိုင်သည်။

သြော်...ရှိန်းသည်လည်းကောင်း၊ မခင်နွေသည်လည်းကောင်း ဖြူစင်သန့်ရှင်းသော မေတ္တာများဖြင့်လည်း ချစ်နိုင်ကြသူများ မဟုတ်ပါလား...



BURMESE CLASSIC .com



"ဟယ်...ဘာဘတိုး...နေကောင်းတယ်နော်၊ ကြည့်စမ်း အရင် အတိုင်းပဲ"

"ဝမ်းသာလိုက်တာ သမီးရယ်"

"အို...ကြီးစော၊ လက်ထဲက ကလေးက ကြီးလှပြီ။ ဒါ...ဒါ"

"ရှိန်းရဲ့ သားလေးလေ မမနွေရဲ့"

"အို...ချစ်စရာကောင်းလိုက်တဲ့သားလေးရယ်...ကြီးကြီးဆီ လာပါဦးကွယ်"

ကလေးက သွေးပြောလေသလားပင်၊ မခင်နွေ၏ လက်သို့ ထိုးလိုက်လာသည်။

"သူ့အမေရော၊ ရှိဝေရော"

"အိမ်မှာ ရှိပါတယ် ခင်နွေရဲ့၊ ကဲလာ သွားကြစို့၊ ဝမ်းသာလိုက်တာ သမီးရယ်"

ကြီးစောက ပြောရှာသည်။

မခင်နွေ ရှိန်းအတွက် ဝယ်ပေးခဲ့သော လေးဘီး တက္ကစီ ကားလေးနှင့်ပင် လာကြိုကြသည်။

"သား...ဟော့ကောင် မင်းနာမည် ဘယ်သူလဲလို့ ပြောလိုက် စမ်း"

"ရှစ်နေ"

"ဘာ"

"ရှစ်နေ"

မခင်နွေ နားမလည်၍ ရှိန်းက အားပါးတရ ရယ်မောရင်း ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်နှစ်နှစ်ကျော်ပဲ ရှိသေးတယ်။ စကားမပီဘူး၊ သားနံမယ်က 'မောင်ချစ်နွေ'တဲ့ မမနွေရဲ့"

"ဟင်…မောင်ချစ်နွေ"

မခင်နွေက တောက်ရှန်းလွန်းသော ရှိန်း၏ မျက်ဝန်းများကို မသက်သာသလို လှမ်းကြည့်လိုက်မိသည်။

"ဪ…ရှိန်းရယ်…မင်းကို မမနွေက သားလေးလို ချစ်ရတော့…ဒီကလေးကိုလည်း မြေးလေးအဖြစ်နဲ့ အနှစ်လို ချစ်ရမှာပေါ့လေ"

"ဒါပေါ့…မမနွေရဲ့"

"ဒါပေမယ့် ခင်နွေ ဖိုးကုန်းကိုပဲ ပြန်မယ် ကြီးစောရယ်"

"ညည်းကလည်းအေ မဟုတ်တာ"

"မမနွေ စိတ်ချမ်းသာသလိုလုပ်၊ ပြန်ချင်လည်း ပြန်ပါစေ ကြီးစောရယ်။"

အဘတိုးရော ကြီးစောပါ ရယ်စရာမဟုတ်ဘဲ ရယ်ကြသည်။

အိမ်သို့ ရောက်ခဲ့ပါပြီ…

ဤအိမ်ကြီးကို မြင်ပြန်တော့လည်း မခင်နွေ၏ ရင်တွင်းမှ…

"ရောက်လေရာဘဝကနေပြီး နွေ့ကို ခွင့်လွှတ်နိုင်ပါစေ အစ်ကိုကြီးရယ်"

"အစ်ကိုကြီးရဲ့ လှို့ဝှက်လူသတ်မှုကြီးအတွက် တစ်ချိန်ချိန်မှာ တန်ပြန်ခံရမှာတော့ အမှန်ပါပဲ"

"ဒါပေမယ့် အဲဒီတန်ပြန်မှုကို ပြုလုပ်ရခဲ့သူဟာ နွေဖြစ်ခဲ့ရ





တယ်။ မမျှော်လင့်ဘဲ ဖြစ်သွားရတဲ့ အပြစ်တွေမို့ နွေ့ကိုသာ **ရောက်**လေရာဘဝကနေ ခွင့်လွှတ်နိုင်ပါစေရှင်"

မခင်နွေ၏ ဘဝကို နွမ်းကြေအောင် ခြေပြီးမှ ယူခဲ့သော်လည်း ယူပြီးသည့်အခါတွင်မူ ဤဘဝနွမ်းလေး လန်းဆန်းအောင် အမျိုးမျိုးထားခဲ့ရှာသော တစ်ခါက ခင်ပွန်းသည်အတွက် မချစ်သော်လည်း မမုန်းစိတ်နှင့် ခွင့်လွှတ်ပါရန် တမလွန်ရောက် ဦးသက်ထွန်းသို့ မခင်နွေ တောင်းပန်နေမိသည်။

"ရောက်ပြီလေ မမနွေရဲ့။ ငေးလှချည်လား။ ဘာတွေ စဉ်းစားနေလဲ။ မမနွေ ကြည့်ရတာ ရှိန်းတို့လို ဝမ်းမသာသလိုပဲ"

"မဟုတ်ပါဘူး ရှိန်းရယ်၊ ပေး ကလေး"

"မမနွေ"

"ဟင်…"

"ဒီကလေးကို မမနွေ ချစ်နိုင်လားဟင်"

"ဪ…ရှိန်းရယ်၊ သူများ ကလေးတွေတောင် ချစ်တတ်ခဲ့တဲ့ မမနွေဟာ ရှိန်းရဲ့ ရင်သွေးလေးကို 'အမြဲတေအချစ်'နဲ့ ရှိန်းရဲ့ ကိုယ်စား ဆင့်ပွားလေးအဖြစ် ချစ်မှာပေါ့"

"ဒါဆို ရှိန်း ဝမ်းသာလှပါပြီဗျာ…။ မမနွေ…ရှိန်း ရီဝေနဲ့ လက်ထပ်ခဲ့တာရော မမနွေ ခွင့်လွှတ်နိုင်လားဟင်"

"ရှိန်း ဘာတွေ မေးနေတာလဲ"

"ဖြေစမ်းပါ"

"ရှိန်းနဲ့ ပတ်သက်လာရင် ခွင့်မလွှတ်နိုင်တဲ့ အရာဆိုတာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး ရှိန်း။ ရှိန်းဟာ မမနွေအတွက် ထာဝရအပြစ်မဲ့တဲ့ ကလေးပါကွယ်"

"မမနွေရယ်"

"ရှိန်း မမနွေနားမှာ ကပ်မထိုင်နဲ့လေ။ ရီဝေကို မမနွေ တွေ့ချင်တယ် ရှိန်း"

"ရီဝေ မရှိတော့ပါဘူး မမနွေ။ မမနွေကို ညာပြောခဲ့ကြတာပါ"

"ဟင်...ဘာ..."

"သူ့ကို ချစ်လို့ ယူတာမဟုတ်ဘူး။ မမနွေကို လက်စားချေဖို့ လက်ထပ်တာတဲ့"

"အို...မမနွေကြောင့်..."

"ဒါချည်း မဟုတ်သေးဘူး။ သူကလည်း သူ့ဘဝက ဆင်းရဲလို့ ရှိန်းကို သူ့ငွေးသားမို့ လက်ထပ်နိုင်မလားလို့ စမေးခဲ့တာ၊ ချစ်တာ မဟုတ်ပါဘူးတဲ့"

"ဟင်..."

"နောက် ရှိန်းနဲ့ မမနွေ ချစ်နေကြတာလည်း သူသိသွားတယ်လေ"

"အိုကွယ်..."

"ရှိန်းတားပါသေးတယ် မမနွေ။ မရဘူး။ မမနွေ လွတ်တော့မယ့် အခြေအနေလည်း ရှိရော။ သူပြောထားတဲ့အတိုင်း ပိုးသျှိုးကားကြီး ၊ ငွေတစ်သိန်း ယူပြီး အိမ်ပေါ်က ဆင်းသွားပြီး ရှိန်းနဲ့ ကွာရှင်းလိုက်ပြီ"





"မမနွေကြောင့် ဒီလို မဖြစ်စေရဘူး၊ ရီဝေ့ကို မမနွေ လိုက်ခေါ်မယ်"

"ခေါ်လေ၊ အင်ဂျင်နီယာတစ်ယောက်နဲ့ ယူသွားပြီ။ အခု ကြေးစင်တောင် သတ္တုမိုင်းမှာ။ သူ့အိမ်သာ:တွေက ကားကြီးနဲ့ ငြိမ့်လို့ ဒီလို ပေးလိုက်ရပြီး သူ ဒီလိုခွဲထွက်သွားတာ ရှိန်းတော့ ဝမ်းသာတယ်"

"အို...ဒုက္ခပါပဲကွယ်"

"သုခပါပဲခင်ဗျာ"

ရှိန်း ရွှင်မြူးနေသလောက် မခင်နွေ၏ ရင်မှာ မတည်ငြိမ်နိုင် နှစ်နှစ်ကျော်မျှ ထောင်ထဲတွင် လူ့ဒုက္ခ၊ စိတ်ဒုက္ခများ ခံစားလာရသော မခင်နွေမှာ ပိန်ချုံးကျသွားသည်။

ထိုနေ့ ညနေစာကို ဖွယ်ဖွယ်ရာရာ ချက်ထားသော ကြီးစော၏ ထမင်းများကို မခင်နွေ မစားနိုင်သေး။

"ထမင်းဝိုင်းကြီးကို မြင်လို့ဟယ်။ ငါရော ညည်းတို့ အဘတို့ ရော၊ ရှိန်းနဲ့ ခင်နွေရော၊ တို့ကို သိပ်ချစ်အောင် လုပ်တတ်တဲ့ ယောဒိ မောင်ချစ်နွေငေ .ရော၊ တို့တွေ ခုမှပြန်စုမိကြပြီ။ ငါ ပျော်လိုက်တာ ခင်နွေရယ်"

ကြီးစောက အားပါးတရ ပြောနေသည်။ မခင်နွေက...

"အမှန်တော့ ရီဝေဒီလိုဖြစ်တာ မမနွေကြောင့်များလား ရှိန်းရယ်"

"သူ့ဟာသူ ချစ်လမ်းဆုံးလို့ အမုန်းရွာသွားတာ သွားပါစေ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ရှိန်းကလည်း ရီဝေအတွက် 'ချစ်လမ်းဆုံးတော့ အမုန်းရှာ'ပါပဲ"

"ဟင်း..."

မခင်နွေ ညနေစာ မစားနိုင်သဖြင့် ရှိန်းလည်း လိုက်၍ တော်လိုက်သည်။

အောက်ထပ်မှ ရှိန်းနှင့် ရီဝေဦးတို့၏ မင်္ဂလာအိပ်ခန်းကလည်း သော့ပိတ်လျက်။

အပေါ်ထပ်မှ ဦးသက်ထွန်းနှင့် မခင်နွေတို့၏ အိပ်ခန်းကိုလည်း အသေပိတ်ဆီးထားခဲ့လေပြီ။

"မမနွေ"

"ဟင်..."

"ရှိန်း ငယ်ငယ်ကတည်းက အိပ်ခဲ့တဲ့ အိပ်ခန်းလေးကို အရင်အတိုင်း ပြန်ပြင်ထားတယ်။ လာကြည့်..."

"ဘာလုပ်ဖို့လဲ"

"မမနွေရယ်၊ အားလုံးကို မေ့လိုက်ပါတော့ဗျာ၊ ရှိန်းကို ချစ်တယ်မဟုတ်လား။ သနားတယ် မဟုတ်လားဟင်၊ ဟင်...ချစ်မမနွေရယ်"

"ရှိန်းသိပါတယ်လေ"

"အသည်းတွေ ကွဲအက်ကြေမတတ် ခံစားခဲ့ကြရတဲ့ ရှိန်းတို့ရဲ့ ငရဲခန်းကြီး ပြီးဆုံးခဲ့ပါပြီ မမနွေ"

"ရှိန်းလေးရယ်..."

"ရှိန်းကို မမနွေ ပွေ့သိပ်ခဲ့တဲ့ ဟောဒီ အိပ်ရာလေးမှာပဲ မမ





နွေကို ရှိန်း ပြန်ပွေ့သိပ်မယ်။ ရှိန်းကို ချစ်ရလွန်းလို့ ဒုက္ခဒဏ်တွေ အမျိုးမျိုး ခံစားခဲ့ရတဲ့ ရှိန်းရဲ့ အချစ်ဆုံး မမနွေကို ရှိန်းသနားခဲ့ရတာ ရင်ကွဲမတတ်ပါပဲဗျာ"

"အို...ရှိန်းရယ်၊ မမနွေရဲ့ အချစ်ဆုံး နှလုံးသည်းပွတ်ကလေးရယ်..."

"မမနွေ"

"ရှင်..."

"ရှိန်းရင်ခွင်မှာ နားတော့နော်"

တစ်သက်တာ မဆုံစည်းနိုင်တော့ပါဟု ယုံမှတ်ထားခဲ့ရရာမှ တစ်ဖန့်ကျွဲပြန်၍ ကံကြမ္မာလေး မျက်နှာသာပေးခဲ့လေပြီမို့...

မခင်နွေမှာ ရှိန်း၏ ရင်ခွင်တွင်းသို့ နွမ်းလျစွာ လှဲမှီလျက် ဖက်တွယ်ထားလိုက်မိသည်။

"အို...ရှိန်း သိပ်ချစ်ရပါတဲ့ မမနွေရယ်"

"မမနွေလိုပဲ မမနွေရဲ့ နဖူးလေးကိုပဲ ရှိန်း ပြန်နမ်းမယ်နော်..."

ထိုညက...

ရမ္မက်တဏှာမပါပါဘဲ အဖြူသက်သက် မေတ္တာဖြင့်ဖက်ပွေ့ထားခဲ့သော ရှိန်း၏ ရင်ခွင်မှာ...

တစ်ဘဝစာလုံး နွမ်းလျ ရင်ပန်းခဲ့ရရှာသော မခင်နွေသည်...

ငြိမ်းအေး ချမ်းမြေ့ခြင်းများဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ရှာလေသည်။

မိမိပေါ်တွင် ချစ်မြတ်နိုးနိုင်လွန်းသော...

မိမိအတွက် အနစ်နာခံနိုင်လွန်းခဲ့သော...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘဝနှင့် သူ့အသက်ကိုစက် လဲပေးနိုင်စွမ်းခဲ့သော...

အတုမဲ့ မေတ္တာရှင်...

မမနွေ၏ ကျက်သရေ ပေါင်းဆုံရာ အပြုံစိမ့် မျက်နှာလေးကို...

ရှိန်းမှာ မလွှတ်တမ်း ငုံ့ကြည့်နေမိရင်း အိပ်ရာထက်သို့ပင် ချမသိပ်ရက်တော့။

မခင်နွေ၏ ညက်ပြေသော နဖူးပြင်လေးကို ဖွဖွလေး နမ်းပြီး...

ချစ်မြတ်နိုးခြင်း အထိမ်းအမှတ်ဖြင့် နဖူးပြင်ကို ရှိန်း၏ ပါးနှင့် အပ်ထားလိုက်သည်။

သူ့ရင်ခွင်မှာ သူ့အချစ်ဆုံး မမနွေကို ထိုတစ်ညတာလုံး ပိုက်ပွေ့သိပ်ထားပါတော့မည်ဟု ရှိန်းမှာ ဆုံးဖြတ်ချက်ချလိုက်ပါတော့သတည်း။

ပြီးပါပြီ

ကလျာ(ဝိဇ္ဇာ/သိပ္ပံ)
၁၈-၃-၁၉၈၀

BURMESE CLASSIC .com

www.burmeseclassic.com